# အပြစ်ဘေးကင်းလွတ်ရေး

## တရားတော်

(အရှင်သုန္ဒရ)

၁၂

မဟာစည် ဓမ္မကထိက

အမျိုးသား ပထမကျော်၊အစိုးရဓမ္မာစရိယ၊ (ဘိ ဓော)

ပြွန်တန်ဆာ အရှင်သုန္ဒရ

# ဒုစရိုက်

# အပြစ်ဘေး ကင်းလွတ်ရေး

# တရားတော်

**သီရိရတနာ စာပေတိုက်**

အမှတ်—၁၆၆၊ ၃၃—လမ်း၊

ရန်ကုန်မြို့။

၁ တေုဓ္ဓအကြိမ်

စတုတ္ထအကြိမ်
၁၉၈၂-ခုနှစ်၊ မေလ၊ အုပ်ရေ-၃၀၀၀။
မျက်နှာဖုံးရိုက်=မျိုးညွန့်
ဘလောက်-လွင်

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ် (၄၄၉)
မျက်နှာဖုံး ခွင့်ပြုချက်အမှတ် (၂၅)

တန်းဖိုး ၄ - ကျပ်

**ထုတ်ဝေသူ။** ။ဒေါ်တီ(မြဲ-၀၀၆၈)၊ သီရိစာပေဖြန့်ချီရေး
အမှတ် ၃၈၊ ၈၄-လမ်း၊ ကန်တော်ကလေး၊
ရန်ကုန်မြို့။

**ပုံနှိပ်သူ။** ။ဒေါ်တီ(မြဲ-၀၁၂၆၁)၊ မျိုးညွန့်စာပုံနှိပ်တိုက်၊
အမှတ် ၃၈၊ ၈၄-လမ်း၊ ကန်တော်ကလေး၊
ရန်ကုန်မြို့။

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ညောင်ကန် အရှင်ဣန္ဒက၏ စကားဦး | ၉ |
| ဒုစရိုက်အပြစ်ဘေး ကင်းလွတ်ရေး တရားတော် | |
| ပဏာမ .... .... | ၂၃ |
| ဗုဒ္ဓဝင် ပဏာမ | ၂၅ |
| ပဏာမ ဆန္ဒမွန် ဆောင်ပုဒ်ညွှန် | ၃၀ |
| ဒုစရိုက်အပြစ်ဘေး ကင်းလွတ်ရေး တရားတော် | ၃၁ |
| ဒုစရိုက်ဆိုတာ စိန်ပမာ | ၃၂ |
| မကောင်းမှုအကုသိုလ် သရုပ် | ၃၄ |
| ဒုစရိုက်သရုပ် | ၃၅ |
| အရက်နှင့် မူးယစ်ဆေးလဲ ဒုစရိုက်ထဲပါတယ် | ၃၆ |
| **၁။ သူ့အသက်သတ်က မကောင်းကျိုးရ** | ၃၇ |
| * စကားပြေ အဓိပ္ပါယ် | ၃၈ |
| * မဟာကာဠဝတ္ထု သာဓကရှု | ၃၈ |
| * ပူတိဂတ္တတိဿဝတ္ထု သာဓကရှု | ၄၃ |
| * ပဋိသန္ဓေကျိုးနှင့် ပဝတ္တိကျိုး | ၄၆ |
| * အပါယ်ငရဲနှင့် ယမမင်းဆိုတာ | ၄၇ |
| * ယမတမန် ငါးမျိုး | ၄၈ |
| * ငရဲကြီးရှစ်ထပ် သရုပ် | ၅၄ |
| * သဉ္ဇီဝငရဲဆိုတာ | ၅၅ |

* သိဥ္စိုးစိုးရဲ ခံရပုံ ဆောင်ပုဒ် ၅၆
* သူမကောင်းသမျှ ဒုစရိုက် မကင်းပ ၅၇
* အပြောမှန် ၅၈
* သဘောမှန် ၅၉
* မြင်ရာမှာ သက္ကာယဒိဋ္ဌိဝင်ပုံ ၅၉
* အသိသုံးမျိုး ၆၂
* အပါယ်ဆင်းရဲကင်းရန် ဆောင်ပုဒ်ညွှန် ၆၃
* အပါယ်မကျအောင် ဝိပဿနာက တားခဲ့ပုံ
တမ္ဗဒါဌိကဝတ္ထု ၆၄
* ဖြစ်ပြီး-ဖြစ်လတ္တံ့ ဒုစရိုက်များကို
ဝိပဿနာနဲ့ ပယ်ရတယ် ၇၀
* ဝိပဿနာဆိုတာ ဘာလဲ ၇၁
* ဝိပဿနာယောဂီ၏ ရှေးဦးပြုဖွယ် ၇၁
* ရှုမှတ်ပုံ ၇၂
* ပါဏာတိပါတ ဖြစ်ကျိုးပြကဗျာ ၇၈
၂။ သူ့ဥစ္စာခိုးက မကောင်းကျိုးရ ၇၉
* စကားပြေ အဓိပ္ပါယ် ၈၀
* နေမိမင်း ကြည့်ရှုခဲ့ရတဲ့ ခိုးမှုကြောင့်
ငရဲကျရပုံ သာဓကဝတ္ထု ၈၀
* နောက်ပြောင်ခိုးဝှက်ခဲ့၍
လုံးတီးနတ်ကြီး ဖြစ်ရပုံ ဝတ္ထု ၈၃
* ကာဠသုတ်ငရဲဆိုတာ ၈၆
* ကာဠသုတ်ငရဲ ခံရပုံ ဆောင်ပုဒ် ၈၇
* ကြားရာမှာ သက္ကာယဒိဋ္ဌိ ဝင်ပုံ ၈၈

* ခိုးမှုကြောင့် အပါယ်မကျအောင်
ဝိပဿနာက ကယ်တင်ခဲ့ပုံ ၈၉
* လုံးတီးနတ်ကြီးနှင့် တူမောင်ဝတ္ထု ၈၉
* ရုပ်နာမ်သိပုံ ၉၂
* အဒိန္နာဒါန ပြစ်ကျိုးပြကဗျာ ၉၄
၃။ **သူ့သားမယား ကျူးလွန်က**
**မကောင်းကျိုးရ** ၉၆
* စကားပြေ အဓိပ္ပါယ် ၉၇
* သူ့သားမယား ကျူးလွန်မှုကြောင့်
ငရဲကျရပုံ-အရှင်အာနန္ဒာလောင်းလျာဝတ္ထု ၉၈
* ဇော ၇-ချက်နှင့် အကျိုးပေးပုံ မှတ်ချက် ၉၈
* သံဃာတ ငရဲဆိုတာ ၁၀၁
* သံဃာတငရဲ ခံရပုံ ဆောင်ပုဒ် ၁၀၁
* သူ့သားမယား ကျူးလွန်မှုကြောင့်
အပါယ်ကျရပုံ အရှင်အာနန္ဒာ လောင်းလျာ
ဝတ္ထုအဆက် ၁၀၂
* နံရာမှာ သက္ကာယဒိဋ္ဌိဝင်ပုံ ၁၀၃
* ကာမေသုမိစ္ဆာစာရကြောင့် အပါယ်မကျ
အောင် ဝိပဿနာကကယ်တင်ခဲ့ပုံခေမကဝတ္ထု ၁၀၅
* ကြောင်းကျိုးသိမြင်ပုံ ၁၀၈
* ကာမေသုမိစ္ဆာစာရ ပြစ်ကျိုးပြကဗျာ ၁၁၀
၄။ **လိမ်ညာဖြောက မကောင်းကျိုးရ** ၁၁၂
* လိမ်ညာ စွပ်စွဲမှုကြောင့် ငရဲကျရပုံ
ဘုရားလောင်း အရက်သမားဝတ္ထု ၁၁၃

* ဇာလရောရုဝ ငရဲဆိုတာ ၁၁၄
* ဇာလရောရုဝ ငရဲခံရပုံ ဆောင်ပုဒ် ၁၁၅
* စားရာမှာ သက္ကာယဒိဋ္ဌိဝင်ပုံ ၁၁၆
* လိမ်ညာစွပ်စွဲခဲ့မှုကြောင့် မြတ်စွာဘုရားပင် အစွပ်စွဲခံရပုံ ၁၁၇
* လိမ်ညာမှုကြောင့် အပါယ်မကျအောင် ဝိပဿနာကကယ်ခဲ့ပုံ ၁၁၉
* မုသာဝါဒ ပြစ်ကျိုးပြကဗျာ ၁၂၃

၅။ ကုန်းချောက မကောင်းကျိုးရ ၁၂၅

* စကားပြေ အဓိပ္ပါယ် ၁၂၆
* ကုန်းချောခဲ့လို့ အပါယ်ကျပုံ ပူတိမုခဝတ္ထု ၁၂၆
* ဓုမရောရုဝဆိုတာ ၁၂၈
* ဓုမရောရုဝငရဲ ခံရပုံ ဆောင်ပုဒ် ၁၂၉
* တွေ့ထိရာမှာ သက္ကာယဒိဋ္ဌိဝင်ပုံ ၁၃၀
* ကုန်းတိုက်မှုကြောင့် အပါယ်မကျအောင် ဝိပဿနာက ကယ်ပုံ ၁၃၂
* ဖြစ်ပျက်မြင်ပြန် မှားမှန်သိပုံ ၁၃၅
* ပိသုဏဝါစာ ပြစ်ကျိုးပြကဗျာ ၁၃၇

၆။ ဆဲရေးတိုင်းထွာက မကောင်းကျိုးရ ၁၃၉

* စကားပြေအဓိပ္ပါယ် ၁၄၀
* ဆဲရေးတိုင်းထွာမှုကြောင့် အပါယ်ကျရတဲ့ ဝက်ခေါင်းပြိတ္တာ ဝတ္ထု ၁၄၁

* တာပနငရဲဆိုတာ ၁၄၂
* တာပနငရဲ ခံရပုံဆောင်ပုဒ် ၁၄၃
* တွေးတောကြံစည်ရာမှာ သက္ကာယဒိဋ္ဌိဝင်ပုံ ၁၄၄
* ဆဲမှုကြောင် အပါယ်မကျအောင် ဝိပဿနာ
က ကယ်တင်ခဲ့ပုံ ပုဏ္ဏား ၄-ဦးစတ္တု ၁၄၅
* ဖြစ်ပျက်ဆင့်ဆင့် ဉာဏ်မြင်ရင့်ပုံ ၁၄၉
* ဖရုသဝါစာ ပြစ်ကျိုးပြကဗျာ ၁၅၀

၇။ **ကျိုးမဲ့အနှစ်ကင်း စကားပြောက**
**မကောင်းကျိုးရ** ၁၅၂

* စကားပြောအဓိပ္ပါယ် ၁၅၃
* အကျိုးမဲ့အနှစ်ကင်း စကားကြောင့် အပါယ်
ကျနိုင်ပုံ ၁၅၄
* ပတာပနငရဲဆိုတာ ၁၅၆
* ပတာပနငရဲခံရပုံဆောင်ပုဒ် ၁၅၇
* သမ္ဖပ္ပလာပဝါစာကြောင့် အပါယ်မကျ
အောင် ဝိပဿနာက ကယ်တင်ခဲ့ပုံ ၁၅၈
* အမြင်မှန် လျင်မြန်တော့ အပျက်သာသိပုံ ၁၅၉
* သမ္ဖပ္ပလာပဝါစာ ပြစ်ကျိုးပြကဗျာ ၁၆၁

၈ [က]။ **မှုးယစ်သေစာ သောက်စားမှုးယစ်က**
**မကောင်းကျိုးရ** ၁၆၃

* စကားပြောအဓိပ္ပါယ် ၁၆၄
* အရက်ကြောင့် လူသတ်အပါယ်ကျခဲ့ပုံ ၁၆၅
* အဝီစိငရဲဆိုတာ ၁၆၆

* အဝီစိငရဲခံရပုံ ဆောင်ပုဒ် ၁၇၀
* အရက်ကြောင့် အပါယ်မကျအောင်
ဝိပဿနာက ကယ်မခဲ့ပုံဝတ္ထု ၁၇၁
* ကြောက်ဖွယ်အပြစ်ထင် ငြီးငွေ့မြင်ပုံ ၁၇၃
* သုရာမေရယ ပြစ်ကျိုးပြကဗျာ ၁၇၅
* မနောဒုစရိုက်သုံးပါး အပါယ်သွား ၁၇၆
၈ [ ၁ ]။ အဘိဇ္ဈာကြီးက မကောင်းကျိုးရ ၁၇၇
* စကားပြေ အမိပ္ပါယ် ၁၇၇
* အဘိဇ္ဈာကြောင့် အပါယ်ကျပုံဝတ္ထု ၁၇၈
၉။ ဗျာပါဒပွားက မကောင်းကျိုးရ ၁၈၁
* စကားပြေ အမိပ္ပါယ် ၁၈၁
* ဗျာပါဒကြောင့် ငရဲကျတဲ့သုပ္ပဗုဒ္ဓဝတ္ထု ၁၈၂
၁၀။ အယူမှားက မကောင်းကျိုးရ ၁၈၅
* စကားပြေ အမိပ္ပါယ် ၁၈၅
* တိရစ္ဆာန် ဆိုတာ ၁၈၆
* ပြိတ္တာ ဆိုတာ ၁၈၆
* အသူရကာယ်ဆိုတာ ၁၈၇
* မိစ္ဆာအယူကြောင့် အပါယ်မကျအောင်
ဝိပဿနာက ကယ်တင်ခဲ့ပုံဝတ္ထု ၁၈၇
* လွတ်ချင်ထပ်ရှု သိမ်မွေ့ဟု ငြိမ်းမှုရောက်ရပုံ ၁၉၀
* မနောဒုစရိုက်နှင့် ဝိပဿနာကဗျာ ၁၉၂
* နိဂုံး ဆန္ဒမွန် ၁၉၄
* ကလေးပညာပေး ဓမ္မကဗျာများ ၁၉၇

# စကားဦး

## ညောင်ကန် အရှင်ဇနက ရေးသည်

[နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။]

[၁]

စာရေးသူသည် ပြန်တန်ဆာ အရှင်သုန္ဒရနှင့် စတင် သိကျွမ်းခဲ့ရသောနှစ်မှာ ၁၃၃၇-ခုနှစ်၊ အခါကောင်းသည့် တပေါင်းလတုန်းက ဖြစ်၏။ သိကျွမ်းပုံကတော့ မြတ်သတိဝါဒီ မဟာစည်သတိပဋ္ဌာန် ဝိပဿနာ သာသနာပြု ဒေသနာခရီးဖော် အဖြစ်ဖြင့် သိကျွမ်းရ၏။

အရှင်မြတ် နေပုံ ထိုင်ပုံ ပြောပုံ ဆိုပုံမှာ ''စပါးနှံ အဆံပြည့်တော့ ငိုက်'' ဟူဘိသို့ ရိုးစင်း၍ စကားနည်းလှ၏။ ဣန္ဒြေရရဖြင့် စာကြည့်နေတတ်သည်။ ခရီးသွားလာယင်း ရထားပေါ်ကားပေါ်၌လည်းစာကြည့်နိုင်သည်။အခြားအဖော်များ စကားပြောနေကြသည့် စကားဝိုင်းနား၌လည်း စာကြည့်နိုင်သည်။ စာကြည့်တတ်သည်။ စာ သမာဓိရှိသူတပါးဟု ဆိုရသော်များအံ့မထင်ပေ။

''ဝါသနာဘာဂီ ဆက်တိုက်မို့ ဝသီဓလေ့ ဆည်းပူးလျှင်တွေ့'' ဟူဘိသို့ လူတိုင်း ရှင်တိုင်း၌ လွန်ကဲသော ဝါသနာ

ရှိကြ၏။ မည်သို့ပင် သိပ်သည်း တည်ငြိမ်သူ ဖြစ်ပါစေ၊ သူ၏ သွားလာ ပြောဆို ပြုမူပုံ အခြေအနေကို စောင့်ကြည့်က သူ၏ ဝါသနာသည် ထင်ပေါ်လာမြဲတည်း။

ပြန်တန်ဆာ အရှင်သုန္ဒရ၏ဝါသနာကို အကဲခတ်သော် အစ ပထမ၌ စာပေဝါသနာဟူ၍ ထင်ရ၏။ ဤအထင်သည် မှုကြမ်း အားဖြင့် မှန်၏။

အသေးစိတ် အကဲခတ်ကြည့်သော် ပြန်တန်ဆာ အရှင်သုန္ဒရ သည် စာပေကို အတ္တဟိတအတွက် သက်သက် ကြည့်ရှု သုံးသပ် ရုံမျှ၊ တတ်ကျွမ်းပြည့်ဝရုံမျှဖြင့် တင်းတိမ်ရောင့်ရဲသူ မဟုတ်ပေ။ ငါတတ်သူ ငါမြတ်သူဟူသော မာန်မာနမျိုး မွေးမြူရန် စိတ် ထားရှိသူလည်း မဟုတ်ပါချေ။ သူ သင်ကြားကြည့်ရှု လေ့လာ တတ်ကျွမ်းထားသော စာပေ ပညာသည် ပရဟိတ အတွက် ဖြစ်လေသည်။ အပြည့်အစုံဆိုရသော် အမျိုးဘာသာ သာသနာ ကြီးပွားရေးအတွက်ဟူ၍ ဆိုရပါမည်။

မှန်ပါသည်။ သူ တတ်သိထားသော စာပေနှင့် ကိုယ်တွေ့ အသိပညာများကို စာရေးသူတို့နှင့် အတူ မဟာသတိပဋ္ဌာန် ဝိပဿနာ တရားတော်များကို လိုက်ပါ ဟောကြားနေသူပင် ဖြစ်ပါ၏။

ဤအလုပ်ကား သူ အလုပ်ချင်ဆုံးအလုပ် မဟုတ်သေးသော် လည်း အလုပ်သင့်ဆုံး အလုပ်အဖြစ် အသိအမှတ်ပြုကာ လိုက်ပါ လုပ်ကိုင်နေရသော အလုပ်ဖြစ်၏။

သူ အလုပ်ချင်ဆုံး အလုပ်၊ သူ ဝါသနာအကြီးဆုံး အလုပ် ကား အဘယ်နည်း။ ဤအမေး၏ အဖြေကိုမူ ဒေသနာခရီး ရှည်လာသောအခါမှသာ သိလာရတော့သည်။

ပြန်တန်ဆာ အရှင်သုန္ဒရသည် မူလတန်းအရွယ်ကလေးငယ်များကို တွေ့ရသောအခါ သူ၏ ဝါသနာ စေတနာကို ထင်ရှားပြတော့၏။

စာရေးသူနှင့် ပေါင်းတည် ဝက်ပုတ်ရွာ မဟာစည်ရိပ်သာ ဆရာတော် ဦးပညာဒီပတို့က လူကြီးပိုင်း ဒကာ, ဒကာမများနှင့် တရားစကား ပြောကြားနေချိန်တွင် ပြန်တန်ဆာ အရှင်သုန္ဒရကား တနေရာရာတွင် ကလေးများနှင့်စုပေါင်း၍ သူ၏ဝါသနာ စေတနာကို အကောင်အထည် ဖော်နေတော့၏။

[ ၂ ]

"ဟေ့-လာကြ....လာကြ၊ ကလေးတို့။ "ဝါဆိုဝါခေါင် ရေတွေကြီးတော့၊ သပြေသီးမှည့် ကောက်စို့ကွယ်" ဆိုတဲ့ ကဗျာကို ရကြသလား"

"ရပါတယ် ဘုရား"

"ရယင် ဆိုပြစမ်းပါ"

ဤကား ပြန်တန်ဆာ အရှင်သုန္ဒရ၏ ကလေးများနှင့်ရင်းနှီး ကျွမ်းဝင်ရန် မိတ်ဖွဲ့ပုံ အစပေတည်း။

ထိုနောက် ကလေးများနှင့် ရင်းနှီးကျွမ်းဝင်လာသောအခါ ပြန်တန်ဆာ အရှင်သုန္ဒရက သူ့ဓမ္မဒါနအဖြစ် ရိုက်နှိပ်ထားသော "ကလေးပညာပေးစာအုပ်ငယ်" ကို တယောက်တအုပ် ပေးကာ....

"ကဲ....ဒါကို ခုနင်က သပြေသီးကောက် ကဗျာအလိုက် အတိုင်း ဆိုကြည့်ကြစမ်းပါ"ဟု သူ့ စာပေဗဟုသုတကို သင်ကြားပေးတော့၏။

သူ ကလေးများကို ဓမ္မဒါနပြုကာ သင်ကြားပေးသော "ကလေးပညာပေး"စာအုပ်ငယ်၏ မျက်နှာဖုံးအပြည့်အစုံမှာ-

**" ကလေးပညာပေး ဓမ္မကဗျာများ "**

စီစဉ်ရေးသားသူ

ပြွန်တန်ဆာ အရှင်သုန္ဒရ-(ဘီ-အေ)

အမျိုးသား ပထမကျော်၊ အစိုးရဓမ္မာစရိယ

ပြွန်တန်ဆာကျောင်း

အသယ်တောရကျောင်းတိုက်

ဘောင်ဒရီလမ်း၊ ရန်ကုန်မြို့။

ဓမ္မဒါန-ဟူ၏။

ဤ ဖော်ပြပါ ကလေးပညာပေး ဓမ္မကဗျာများကို ဤ စာအုပ်နောက်ဆက်တွဲ၌ ဖော်ပြထားပါသည်။

[ ၃ ]

ပြွန်တန်ဆာ အရှင်သုန္ဒရ၏ ဤ အပြုအမူကို တွေ့ရသောကြောင့် "ဤလို ကလေးပညာပေးအလုပ်ကို ဘယ်၍ဘယ်မျှ ဆောင်ရွက်ခဲ့ဖူးပါသလဲ" ဟု အရှင် သုန္ဒရအား စာရေးသူက မေးလျှောက်ကြည့်ပါသည်။

"တပည့်တော်တို့အလုပ်က အခမဲ့ စေတနာဖြစ် သင်တန်းပြ အလုပ်ပါ။ ၁၉၇၁-ခုနှစ်မှစပြီး ရန်ကုန်မြို့၊ ရွှေတိဂုံ အနောက်

မုခ် ဗုဒ္ဓဇယန္တိမမ္ဘာရုံကြီးတွင် ဓမ္မာစရိယ-ဘီအေ ရဟန်းတော်များ စုပေါင်း ဖွင့်လှစ်ထားကြတဲ့ ကုသိုလ်ဖြစ် စေတနာ သာသနာပြု အလုပ်ပါပဲ။"

"တပည့်တော်အနေနဲ့ အဲဒီ သင်တန်းကျောင်းမှာ ကျောင်းအုပ်အဖြစ် ဆောင်ရွက်နေရတာ ယခုအချိန်ထိပါပဲ။ ယနေ့အထိ သင်တန်းတက်ဖူးသော ရဟန်းတော်ပေါင်း ၆၀၀-ကျော်ရှိခဲ့ပြီး သင်တန်း အောင်မြင်သူပေါင်း ၂၄၀-ကျော်သွားခဲ့ပြီ။ ဒီသင်တန်းက ကျောင်းထိုင်ဘုန်းကြီးလောင်းများအား အလယ်တန်း ခေတ်ပညာနှင့် ဗုဒ္ဓဝိနည်း ကံကြီးကံငယ်များကို သင်ကြားပေးခဲ့ပါတယ်။ တပည့်တော်အနေနဲ့ အလယ်တောရကျောင်းတိုက်မှ ရွှေတိဂုံအနောက်မုခ်ကို နေ့စဉ် ခြေလျင်သွားပြန်ယင်း သင်တန်းဖွင့်ရပါတယ်။

ဤသို့လျှင် ဆရာတော် ဦးသုန္ဒရက အမိန့်ရှိတော်မူပါသည်။

[၄]

ဤမျှလောက်ဆိုလျှင် ပြွန်တန်ဆာ အရှင်သုန္ဒရ၏ ဝါသနာ, စေတနာကို စာရှုသူများ ရိပ်စားမိလောက်ပါပြီ။

ထို့ပြင် အရှင်သုန္ဒရ၏ ပညာအရည်အသွေး၊ ဘွဲ့ထူးဂုဏ်ထူးများကိုလည်း စာလုံးပေါင်းအနေဖြင့်တော့ ဖတ်ကြရ,သိကြရလေပြီ။ အတ္ထုပ္ပတ္တိအကျဉ်းကိုမူ ဤအမှာစာ၏ နောက်တွင် သီးခြား ဖော်ပြထားပါသည်။

ဤသို့သော ဘွဲ့ထူးဂုဏ်ထူးများနှင့် ပြည့်စုံသော ပြွန်တန်ဆာ အရှင်သုန္ဒရ၏ ဝါသနာ, စေတနာကိုလည်း စာရေးသူ စိတ်မဝင်စားပဲ မနေနိုင်ပါ။ အထူးပင် စိတ်ဝင်စားမိပါသည်။

ထို့ကြောင့်ပင် စာရေးသူနှင့်အတူ ဒေသနာ ခရီးစဉ်တွင် ပြန်တန်ဆာ အရှင်သုန္ဒရ ပါဝင်ဟောကြားခဲ့သော ''ဒုစရိုက် အပြစ်ဘေး ကင်းလွတ်ရေးတရားတော်''ကို စာတအုပ်ရေးသား ချီးမြှင့်ပါရန် အရှင်သုန္ဒရအား လျှောက်ထားခဲ့ရပါတော့သည်။

[၅]

ထိုအခါ ပြန်တန်ဆာ အရှင်သုန္ဒရကလည်း အချိုရှာ သကာ တွေ့သလို သူ့ဝါသနာ သူ့စေတနာမိုးကို သွန်းဖြိုးချကာ ရွှာသွန်းချီးမြှင့်တော်မူပါသည်။

ထို ပြန်တန်ဆာအရှင်သုန္ဒရ ရွာသွန်းလိုက်သော ''ဒုစရိုက် အပြစ်ဘေး ကင်းလွတ်ရေးတရားတော်''ရေကြည်ရေအေးကား ယခု စာရှုသူ၏ လက်ဝယ်တွင် ရောက်ရှိနေသော စာအုပ်ပင် ဖြစ်ပါသည်။

ဤစာအုပ်သည် ငယ်ပင် ငယ်သော်လည်း ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတွင်း လူကြီး၊ လူရွယ်၊ လူငယ်များ မှသည် ကမ္ဘာ့လူကြီး၊ လူရွယ်၊ လူငယ်များအထိ ကြည့်ရှုသင့် သော စာအုပ်ဖြစ်သည်ဟုဆိုသော် လွန်အံ့မထင်ပါ။

အဘယ်ကြောင့်ဆိုသော် ရှင်တိုင်း လူတိုင်းသည် ကမ္ဘာ့ ငြိမ်းချမ်းရေးကို လိုလားတောင့်တနေကြသောကြောင့် ဖြစ်ပါ သည်။

ဤစာအုပ်ငယ်တွင် ပါဝင်သည့် ဗုဒ္ဓမြတ်စွာ ဟောကြား တော်မူသော ဒုစရိုက်အပြစ်များ ရှောင်ရှား ပယ်သတ်နည်း တရားကောင်းများကိုသာ အကယ်၍ တကမ္ဘာလုံးက လိုက်နာ ကြမည်ဆိုလျှင် ကမ္ဘာ့ငြိမ်းချမ်းရေးကြီးကို မုချရရှိကြမည် မလွဲပါ။

ဤစာအုပ်ငယ်သည် ဒုစရိုက် ငြိမ်ဝပ်ပိပြားရေးကို ခုရော နောင်ပါ အောင်မြင်စွာဆောင်ရွက်နိုင်ရန် အခြေခံမှုစ၍ ဒုစရိုက် အပြတ်ရှင်းနည်းကိုပါ မဟာစည် ဝိပဿနာရှုနည်းဖြင့် တန်ဆာ ဆင်၍ ရေးထားသော စာအုပ်ဖြစ်ပါသည်။

[၆]

ဤစာအုပ်သည် နက်နဲ အဖိုးတန်သော အဓိပ္ပါယ်များကို စာဖတ်သူတိုင်း နားလည်လွယ်အောင် ရေးသားထားသော စာအုပ်ဖြစ်လေသည်။

ဤစာအုပ်တွင်လူသိနည်းသော "ဒုစရိုက်ကိုစိန်နှင့်ပမာတင်၍ ဟောပြချက်"မှာ စိတ်ဝင်စားဖွယ် ကောင်းပါသည်။

ပုံစံအားဖြင့် စာမျက်နှာ (၃၃)၌ "အဲဒီ ဒုစရိုက်တွေဟာ စိန်ရတနာနဲ့ တူတယ်တဲ့။ တူပုံက အဖိုးတန်တာချင်းတူတာတော့ မဟုတ်ပါဘူး။ ဖျက်ဆီးတတ်တဲ့ သတ္တိချင်း တူတာမျှသာ ဖြစ်ပါတယ်"စသည်ပင် ဖြစ်ပါသည်။

ထို့ပြင် အရက်သောက်စား မူးယစ်မှုသည် ဒုစရိုက် ၁၀-ပါး တွင် ပါ,မပါဆိုသော ပြဿနာကို အကျယ်အကျယ် အငြင်း မပွားစေပဲ တိုတိုနှင့် လိုရင်း ရှင်းပြချက်မှာလည်း စိတ်ဝင်စား ဖွယ် ကောင်းပါသည်။

အမြွက်မျှဆိုရသော် စာမျက်နှာ ( ၃၆ )တွင် "ဒုစရိုက်ကို ဆယ်ပါးအနေနဲ့ပြတဲ့နေရာမှာ အရက်သေစာ(မူးယစ်ဆေးဝါး) သောက်စား သုံးစွဲတာကို ကာမေသုမိစ္ဆာစာရထဲ ထည့်သွင်းပြီး ရေတွက်ရပါတယ်။ ဒါကို မသိယင် အရက်သောက်တာဟာ ဒုစရိုက်မဟုတ်ဘူးလို့ အထင်မှားတတ်ကြပါတယ်။ ဒါကြောင့် ဒီနေ့ တရားကတော့ အရက်သောက်တာကို နံပါတ် ၈-ဒုစရိုက်

အဖြစ်နဲ့ သီးခြား ဟောပြထားတဲ့ ဒုစ္စရိတ ဝိပါကသုတ်ကို အဓိကထားပြီး ဟောကြားမည့် တရားပါပဲ” စသည်ပင် ဖြစ်ပါသည်။

အချုပ်အားဖြင့် ဆိုရသော် ဤစာအုပ်သည် “ဒုစရိုက် အပြစ်ဘေး ကင်းလွတ်ရေး တရားတော်”ဟူသော အမည်နှင့် လျော်ညီစွာ....

၁။ ဒုစရိုက်အကြောင်း၊

၂။ ဒုစရိုက် ကျူးလွန်၍ အပြစ်ခံရပုံ၊

၃။ ဒုစရိုက်ကျူးလွန်ရခြင်း၏ အကြောင်းရင်း၊

၄။ ဖြစ်ပြီး၊ဖြစ်လတ္တံ့ ဒုစရိုက်များကို သတိပဋ္ဌာန်ဝိပဿနာဖြင့် ပယ်ရှင်းပုံ၊ မဂ်ဉာဏ်ဖြင့် အမြစ်ဖြတ်ပုံ၊

၅။ ငရဲကြီးရှစ်ထပ်တွင် ဒုစရိုက်ကျူးလွန်သူတို့ ခံကြရပုံ စသည်တို့ကို ဥပမာ သာဓကဝတ္ထုမှတ်စည်ဝိပဿနာအလုပ်ပေး တရားတို့ဖြင့် တန်ဆာဆင်၍ ရေးထားသောစာအုပ်ဖြစ်ပါသည်။

[၇]

စာဖတ်သူများသည် ကိုယ်တိုင် ဒုစရိုက်အပြစ်များကို ရှောင်ရှားပယ်ဖြတ်နိုင်ကြ၍ မိမိတို့၏ ပတ်ဝန်းကျင် လူသားတို့အားလည်း ဒုစရိုက်အပြစ်ဘေး ကင်းလွတ်ရေးတရားတို့ကို ပညာပေး ဟောကြားကြခြင်းတို့ဖြင့် အမျိုးဘာသာ သာသနာတော် ကြီးပွားအောင် ရှက်ဆောင်နိုင်ကြပါစေသော်။

ညောင်ကန်-အရှင်ဇနက

၂၅-၁၁-၇၇

မဟာစည် ဓမ္မကထိက

# ပြွန်တန်ဆာ အရှင်သုန္ဒရ

## { အတ္ထုပ္ပတ္တိအကျဉ်း }

### မွေးရပ်မြေ

အရှင်သုန္ဒရသည် ပဲခူးတိုင်း ပြွန်တန်ဆာမြို့ ချောင်းရင်းရွာ ဦးသာထွန်း-ဒေါ်စိန်မြတို့၏သား၊ ၁၂၉၆-ခု၊ တန်ခူးလဆုတ် ၁ရက် သောကြာနေ့ဖွား ဖြစ်သည်။ အမတယောက်နှင့် နှမတယောက်ရှိခဲ့ရာ ယခုအခါ နှမတယောက်သာ ရှိတော့သည်။

ငယ်စဉ်က ချောင်းရင်းရွာ မူလတန်းကျောင်းတွင် ရှေးဦးစွာ ပညာသင်ယူခဲ့သည်။ ထို့နောက် ချောင်းရင်းရွာ သဲကောဘုန်းတော်ကြီးကျောင်းသို့ ပြောင်းရွှေ့ ပညာသင်ယူသည်။ ၆-နှစ်သားအရွယ်တွင် မယ်တော် အနိစ္စရောက်သည်။ ၉-နှစ်သားမှစ၍ ရှင်သာမဏေ ဝတ်ခဲ့သည်။ ၁၄-နှစ်သားအထိ ရွာကျောင်းမှာပင် လောကုတ္တရာအခြေခံစာများကို သင်ယူခဲ့သည်။

## အငယ်တန်းနှင့် အလတ်တန်း

ထို့နောက် ရန်ကုန်မြို့ ဗဟန်း ဘင်္ဂလားတိုက် ရေဦးကျောင်း ဆရာတော်ထံတွင် ပါဠိစာပေနှင့် အတန်းစာများကို သုံးနှစ်ခန့် သင်ယူခဲ့သည်။ ၇-တန်း အဆင့်အထိ သင်ယူပြီးနောက် ပဲခူး တိုင်း ကျောက်တံခါးမြို့ ဥတ္တမာရုံ စာသင်တိုက်သို့ ပြောင်းရွှေ့ ပြီး လောကုတ္တရာ စာပေသက်သက်ကို စောက်ချ သင်ယူခဲ့သည်။

၁၃၁၄-ခုနှစ်၌ အစိုးရအငယ်တန်း၊ ၁၃၁၅-ခုနှစ်၌ အစိုးရ၏ အလတ်တန်း စာမေးပွဲကို အောင်မြင်ခဲ့သည်။

## ရဟန်းဘဝ

၁၃၁၆-ခု၊ ကဆုန်လဆုတ် ၇-ရက် တနင်္ဂလာနေ့ နံနက် ၈-နာရီ မိနစ် (၃၀) အချိန်တွင် ကျောက်တံခါးမြို့ ဥတ္တမာရုံ ကျောင်း ဥက္ကလာသိမ်၌ မန္တလေးမြို့ တောင်ပြင် ဒက္ခိဏာရာမတိုက် သာသန ဇောတိကာရုံ တိုက်ကျောင်း၊ နိုင်ငံတော် ဝိနည်းဓိုရ် အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဦးနာရဒကို ဥပဇ္ဈာယ်ပြု၍ ကာရက သံဃာ ၂-ကျိပ်ခြောက်ပါးတို့၏ ချီးမြှောက်မှုဖြင့် ရဟန်း အဖြစ်သို့ ရောက်ခဲ့သည်။ ရဟန်းဒါယကာ ဒါယိကာမများမှာ ကျောက်တံခါး သူကြီး ဦးအောင်သိန်း-ဒေါ်ဧတင်တို့ ဖြစ်ကြ ပါသည်။

## ကြီး-ကျော်-စာချတန်းနှင့် အထက်တန်း

ထို့နောက် ရန်ကုန်မြို့ အလုံ ပရိယတ္တိ ပါဠိတက္ကသိုလ်သို့ ပြောင်းရွှေ့ခဲ့သည်။ ၁၃၁၇-ခုနှစ်တွင် ရန်ကုန်မြို့ ဘုရားဖြူ စာမေးပွဲ အငယ်တန်း၊ ပဲခူးမြို့ ဝိနယာဓိက ပရိယတ္တိ စာမေးပွဲ

အကြီးတန်း၌ ''ဝိနယာဓိက ပရိယတ္တိ ပထမကျော်ဘွဲ့'' နှင့် အစိုးရ ပထမကြီးတန်းတို့ကို အောင်မြင်ခဲ့ပါသည်။ ၁၃၁၈-ခု နှစ်၌ စာချတန်း ကျမ်းရင်း သုံးကျမ်းကို နှစ်ချင်းပေါက် အောင်မြင်ခဲ့သည်။

ထို့နောက် အလုံ ပရိယတ္တိမှ ရခိုင်ပြည်နယ် စစ်တွေမြို့၊ ဂြစ်ဘက်ကျောင်းသို့ ပြောင်းရွှေ့ခဲ့သည်။ ဂြစ်ဘက်ကျောင်း ပါဠိတက္ကသိုလ်ဖွင့်ရေးအတွက် စာချဘုန်းကြီးအဖြစ် ၁၃၁၈-ခုနှစ်မှ ၁၃၂၀- ခုနှစ်အထိ ကူညီဆောင်ရွက်ပေးခဲ့သည်။ တဖက်မှ လည်း သင်လက်စ အတန်းစာကို ပြန်လည် သင်ယူခဲ့သည်။ ၁၃၁၉-ခုနှစ်၌ ပါဠိဂုဏ်ထူးစာမေးပွဲကို ဝင်ရောက်ဖြေဆိုခဲ့ရာ အင်္ဂလိပ်စာဘက် စိတ်သန်နေသဖြင့် စာမေးပွဲ ကျခဲ့သည်။ ထိုအချိန်မှစ၍ လောကုတ္တရာစာနှင့် ကင်းကွာလာခဲ့သည်။

၁၃၂၀-ခုနှစ်တွင် စစ်တွေမှ ရန်ကုန်မြို့ အလယ်တောရ ကျောင်းတိုက် ပြွန်တန်ဆာကျောင်းသို့ ပြောင်းရွှေ့ပြီး အတန်းစာကို ဆောက်ချသင်ယူခဲ့သည်။ ၁၉၆၀-ခုနှစ်တွင် တန်းမြင့် ကျောင်းထွက်စာမေးပွဲ (၁၀-တန်း-ခ) အောင်မြင်သည်။

## ပဋိပတ်ကျင့်စခန်း သင်တန်းလဲယူ

၁၉၆၁-ခု၊ မတ်လ ၂၉-ရက် (ခန့်မှန်းရက်)မှ စ၍ ရန်ကုန် သာသနာ့ရိပ်သာသို့ဝင်၍ ကျေးဇူးရှင် မဟာစည် ဆရာတော် ဘုရားကြီး၏ ဩဝါဒခံ မဟာသတိပဋ္ဌာန် ဝိပဿနာတရားကို အားထုတ်သည်။ ၅-ဝါအလွန် ခြောက်ဝါအရောက် ဖြစ်သည်။ ဆရာတော် ဦးဝဏ္ဏိတက ၁၅-ရက်ခန့် တရားစစ်သည်။ နောက် ဆရာတော် ဦးဇဝန တရားစစ်သည်။ ၄၃-ရက်မြောက်မှာ

ညာဏ်စဉ် နာရသည်။ ထို့နောက် ဆရာတော်ဦးသုဇာတက အရက် ၂၀-ခန့်ထပ်၍ အားထုတ်ခိုင်းပြီး အမျိုးသမီးယောဂီ ၂၂ဦး ကို ဆရာတော်ဦးသုဇာတ တရားစစ်ရာ၌ ၁၉၆၁-ခု ဇွန်လ ၁၀-ရက်မှ ဇူလိုင် ၁၈-ရက်နေ့အထိ လေ့လာနည်းယူစေခဲ့သည်။ ညဘက်တွင် ကျေးဇူးရှင် ဆရာတော်ဘုရားကြီးနှင့်အတူ အရက် ၂၀-ခန့် အင်္ဂလိပ်စကားပြောလေ့ကျင့်ခဲ့ဖူးသည်။ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးမှာ ထိုစဉ်ကပင် အင်္ဂလိပ် သတင်းစာ များကို ဖတ်နိုင်နေကြောင်း တွေ့ရသည်။

**မြန်မာဆေးပညာဘွဲ့ရ၊ ဘီအေဘွဲ့ရ**
**အထက်တန်းပြ ကထိကဆရာ**

ထို့နောက် အလယ်တောရပြန်ပြီး အင်္ဂလိပ်စာ ဆက်သင် သည်။ နွေရာသီအားရက်များတွင် တောပြန်၍ ဝါသနာပါသူ များကို တနှစ်လျှင် တလခန့် ခုနှစ်နှစ်ဆက်တိုက် တရားပြခဲ့ဖူး သည်။ ၁၉၆၂-ခုနှစ်တွင် ပါဠိဂုဏ်ထူးဖြင့် တက္ကသိုလ်ဝင်တန်း အောင်မြင်သည်။ ထိုနောက် အလုံရှိ ဆရာဘုန်းတော်ကြီး ဖွင့်ထားသော အလွတ်ပညာသင်ကျောင်းတွင် အထက်တန်း အင်္ဂလိပ်စာနှင့် မြန်မာစာပြဆရာအဖြစ် ၁၉၆၅-ခုနှစ်အထိ တာဝန်ယူနေခဲ့ရသဖြင့် တရားနှင့် ဝေးခဲ့ရပြန်ပါသည်။

၁၉၆၃-၆၄ ခုနှစ်တွင် (အိုင်အေ)၊ ၁၉၆၅-၆၆ ခုနှစ် တွင် ရန်ကုန်တက္ကသိုလ်မှ (ပြင်ပကျောင်းသားအဖြစ်) (ဘီအေ) ဘွဲ့ကို ရခဲ့သည်။ ၁၉၆၉-ခုနှစ်တွင် အစိုးရစစ် တိုင်းရင်းမြန်မာ သုံးဘာသာ ဆေးစာမေးပွဲတွင် သုံးဘာသာလုံး ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။

## သာသနာ့ပြုသင်တန်းမြဲ စေတနာဆရာ

၁၉၇၁- ခုနှစ်မှ စ၍ ရန်ကုန်မြို့ ရွှေတိဂုံ အနောက်မုခ် ဗုဒ္ဓဇယန္တိဓမ္မာရုံကြီးတွင် ဓမ္မာစရိယဘွဲ့ရ ရဟန်းတော်များ ကြီးမှူးဖွင့်လှစ်ထားသော အလယ်တန်းအဆင့်အခမဲ့သာသနာပြု သင်တန်းကျောင်း၌ သင်တန်းကျောင်းအုပ်အဖြစ် တာဝန်ယူ ဆောင်ရွက်ခဲ့ပါသည်။ သင်တန်းတက်ဖူးသူ ရဟန်းတော် ပေါင်း ၆၀၀-ကျော်ရှိခဲ့ပြီး သင်တန်းစာမေးပွဲ အောင်မြင် သည်အထိ တက်ရောက်သူ ရဟန်းတော်ပေါင်း ၂၄၀-ကျော် သွားပြီ ဖြစ်သည်။

"တရားတဖက် ဓားတဖက်" ဆိုသလိုဖြစ်နေပြီး၊ ဓားဖက်သို့ အလေးသာနေသဖြင့်သာသနာ့ရိပ်သာရှိ ကျေးဇူးရှင်ဆရာတော် များနှင့် အဆက်အသွယ်မလုပ်ပဲ ဇာတ်မြှုပ် နေခဲ့သည်မှာ ၁၉၆၄-ခုနှစ်မှ ၁၉၇၅-ခုနှစ်အထိပင် ဖြစ်သည်။

## မဟာစည် နယ်လှည့်ဓမ္မကထိက

၁၉၇၅-ခုနှစ်မှစ၍ ဓမ္မမိတ်ဆွေဖြစ်သူ မဟာစည်နယ်လှည့် ဓမ္မကထိက အလယ်တောရ ဦးဝါသဝ (ဓမ္မာစရိယ)၏ ကူညီ ချီးမြှောက်မှုဖြင့် မဟာစည် နယ်လှည့် ဓမ္မကထိက အဖွဲ့ဝင် ဖြစ်လာခဲ့ပါသည်။

ထိုနှစ်မှစ၍ တာဝန်ကျရာ နယ်များသို့ အခါအားလျော်စွာ သွားရောက်ပြီး ဝိပဿနာတရားများကို စွမ်းအားရှိသလောက် ဟောပြောခဲ့ပါသည်။

၁၉၇၉-၈၀ နှစ်များက ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ချီးမြှောက်မှုဖြင့် သီရိလင်္ကာနိုင်ငံ, ကန္ဒုဗောဓ ဝိပဿနာ ဘာဝနာရိပ်သာ၌ ကမ္မဋ္ဌာနာစရိယ အဖြစ်ဖြင့်လည်းကောင်း၊ ကမ္ဘာ့သာသနာပြုဓမ္မကထိကအဖြစ်ဖြင့်လည်းကောင်း၊ မဟာသတိပဋ္ဌာန် ဝိပဿနာ တရားတော်များကို ဟောကြားပြသခဲ့ပါသည်။

ယခုအခါ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ ချီးမြှောက် တာဝန်ပေးမှုဖြင့် ရန်ကုန် မဟာစည် သာသနာ့ ရိပ်သာတွင် နာယကတပါးအဖြစ်ဖြင့် နိုင်ငံခြားသား ယောဂီများအား တရားပြခြင်း၊ တရားစစ်ခြင်းတို့ကို ဆောင်ရွက်လျက် ရှိနေပါသည်။

✿

# ဒုစရိုက်အပြစ်ဘေး ကင်းလွတ်ရေး တရားတော်

## ပ ဌ မ

ဇဟိတွာန သသင်္ခါရံ၊ ဇဟိတုံ နေ၀ပိ နာယကော။
အဒေသယိ ဝရံ ဓမ္မံ၊ တံ သုဂတံ နမာမဟံ။

ယောနာယကော၊ လူနတ်ဗြဟ္မာသတ္တာအများတို့၏ ရှေ့သွားလမ်းညွှန်ခေါင်းဆောင်မှန်အစစ် အမှန်တကယ်ဖြစ်တော်မူသော အကြင်ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။ သသင်္ခါရံ၊ဘဝသစ်ပဋိသန္ဓေကို ဖြစ်စေတတ်သည့်အကြောင်း သင်္ခါရအမည်ရသော ကုသိုလ်ကံ အကုသိုလ်ကံနှင့်တကွ အကြောင်းတဏှာမှန်သမျှကို။ ဇဟိတွာန၊ သဗ္ဗညုဉာဏ် ရင့်သန်ကြည်ရာ အပရာဇိတ ဌာနအောင်ခန်း ပလ္လင်နန်း၌ပင်လျှင် အရဟတ္တမဂ်ဉာဏ် အစွမ်းဖြင့် ကုန်စေခန်းစေ အကြွင်းမဲ့ ပယ်စွန့်တော်မူလေပြီး၍။ နေ၀-အမှာကမ္ဘာ၊လူနတ်ဗြဟ္မာ သတ္တာအများအကျွန်ုပ်တို့အားလည်း။ ပါပ-ဓမ္မေ၊အပါယ်လားကြောင်းမကောင်းမှုအကုသိုလ်ဒုစရိုက်တရားအပေါင်းတို့ကို။ ဇဟိတုံ၊ ရှောင်ရှားပယ်စွန့်ခြင်းငှာ။ ဝရံဓမ္မံ၊ ရှောင်ရာရှောင်ကြောင်း ကျင့်ဆောင်ရာ ကျင့်ဆောင်ကြောင်း

ကောင်းမြတ်သောတရားအပေါင်းကို။ အဒေသယိ၊ ကရုဏာ ရှေ့သွား ပညာအားဖြင့် ညွှန်ပြဟောကြားတော်မူခဲ့လေပြီ။ သုဂတံ၊ ကောင်းသောစကားကို ဆိုတော်မူတတ်ထသော။ တံ နာဃကံ၊ ကိုယ်တိုင်သိအောင် ကျင့်တော်မူပြီးမှ သတ္တာအများ အကျွန်ုပ်တို့အားလည်း လိုက်နာ ကျင့်ကြံကြရန် ပြန်လည် ဟောဖော်ညွှန်ပြတော်မူသဖြင့် ရှေ့သွား လမ်းညွှန် ခေါင်းဆောင်မွန်ဖြစ်တော်မူသော ထိုမြတ်စွာဘုရားကို။ အဟံ၊ တရားနာသူ များဗိုလ်လူတို့အား ဒုစရိုက် အပြစ်ဘေးမှ ကင်းဝေးကြစေရန်မဟာစည် သတိပဋ္ဌာန် ဝိပဿနာတရားကို ဟောကြားတော့မည်စိတ်ကရည်၍ ကြံစည်အားထုတ် အကျွန်ုပ်သည်။ အဇ္ဇ၊ ဇာတိရပ်ဌာန်စုံခေါ် ပြန်သော် ပြန့်တန်ဆာသုန္ဒရ နာမမည့်ခေါ် တပည့်တော်သည်။ နမာမိ၊ တရားဟော တရားနာ များစွာသော ပရိသတ်အပေါင်း သူတော်ကောင်းတို့၏ ကိုယ်တွင်း ကိုယ်ပ အိမ်တွင်းအိမ်ပ ရွာတွင်းရွာပ မြို့တွင်းမြို့ပပါမကျန် ဘေးအတန်တန် ရန်အသွယ်သွယ် အန္တရာယ်ဟူသမျှ ကင်းပစေကြောင်း ဆုမွန်တောင်းကာ ရှိခိုးကန်တော့လိုက်ရပါတော့သည် ဘုရား။

[သာဓု၊ သာဓု၊ သာဓု....။]

✿

# ဗုဒ္ဓဝင် ပဏာမ

ဒီပင်္ကရာမြတ်စွာဘုရား ထံတော်ပါးမှာ နိယတဗျာဒိတ်ပန်းဆင်မြန်းတော်မူခဲ့တဲ့ သုမေဓာရှင်ရသေ့ဘဝကစပြီးတော့ လေးအသင်္ချေနှင့်ကမ္ဘာတသိန်း ပါရမီ ဖြည့်ကျင့်တော်မူခဲ့ပြီး ဖြစ်တဲ့ အလောင်းတော် သေတကေတုနတ်သားဟာ နတ်ဗြဟ္မာအများတို့ရဲ့ တောင်းပန်ချက်အရ တုသိတာနတ်ပြည်မှ နတ်သက်ခြွေပြီးတော့ မဟာသက္ကရာဇ် ၆၇-ခုနှစ် ဝါဆိုလပြည့်နေ့ ညမှာ ကပိလဝတ်ပြည့်ရှင် ဘုရင်သုဒ္ဓေါဒနမင်းနဲ့ မိဖုရားခေါင်ကြီးဖြစ်တဲ့ မဟာမာယာဒေဝီရဲ့ ဝမ်းကြာတိုက်မှာ ကိန်းပိုက်သန္ဓေစံနေတော်မူခဲ့တယ်....တဲ့။

အဲဒီနောက် ဆယ်လပြည့်မြောက်လို့ မဟာသက္ကရာဇ် ၆၈-ခုကဆုန်လပြည့်နေ့ အရောက်မှာ မယ်တော်မာယာဟာ လုမ္ဗိနီသာမော အင်ကြင်းတော၌ အလောင်းတော်သိဒ္ဓတ္ထမင်းသားကို ဖွားမြင်တော်မူပါတယ်။ နောက် ခုနစ်ရက်အလွန်မှာ မယ်တော်မာယာ နတ်ရွာစံခဲ့ပါတယ်။

ဘုရားအလောင်းမင်းသားဟာ ၁၆-နှစ်အရွယ်မှာ ယသော်ဓရာနှင့် ထိမ်းမြားလက်ဆက်တော်မူပြီးတော့ ၁၃-နှစ်တိုင်တိုင် ထီးနန်းစည်းစိမ်ကို စံစားတော်မူခဲ့ပါတယ်။ အဲဒီနောက်၄-လတကြိမ် ဥယျာဉ်တော်သွားယင်း သူအို၊သူနာ၊သူသေ၊ရဟန်း ဆိုတဲ့ နိမိတ်ကြီး ၄-ပါးကို မြင်ရလို့ သံဝေဂတွေ ဖြစ်တော်မူခဲ့ပါတယ်။ ဒါ့ကြောင့် သားတော်ရာဟုလာ ဖွားမြင်လာပြီးနောက် မဟာသက္ကရာဇ် ၉၇-ခု ဝါဆိုလပြည့်နေ့ည သန်းခေါင်ယာမ်အရောက်မှာ ဘုရားအလောင်း တောထွက်တော်မူခဲ့ပါတယ်။ အလောင်းတော်ဟာ တောထွက်စမှာ သက်တော် ၂၉-နှစ်မျှသာ ရှိသေးတယ်....တဲ့။

အဲဒီနောက် ဥရုဝေဠတောမှာ အလွန်ပြုနိုင်ခဲတဲ့ ဒုက္ကရစရိယအကျင့်ကို ၆-နှစ်ကြာအောင် ခြိုးခြံပြင်းထန်စွာ ကျင့်တော်မူပါတယ်။ ဘယ်အထိ ခြိုးခြံပြင်းထန်စွာ ကျင့်ခဲ့သလဲလို့ဆိုယင် အရိုးနဲ့အရေသာကျန်ပြီး အားပြတ် မေ့လဲတဲ့အထိပါပဲတဲ့။

အဲဒီလို ကျင့်ခဲ့ပေမယ့် တရားမရတဲ့အခါ ဒုက္ကရစရိယအကျင့်ကို စွန့်လွှတ်လိုက်ပါတယ်။ ဒီနောက် မိမိ တလသားအရွယ်မှာ အာနာပါနရှုပြီး ပဌမစျာန်ရခဲ့ဖူးတာကို ပြန်သတိရတာနဲ့ အဲဒီ အာနာပါနကမ္မဋ္ဌာန်းကို အားထုတ်ဖို့ဆုံးဖြတ်ပါတယ်။ အားမထုတ်ခင် အားအင်ပြန်လည် ပြည့်ဖြိုးလာအောင် အစာအာဟာရကိုလဲ ပြန်လည်မှီဝဲခဲ့ပါတယ်။

အားအင်ပြည့်ဖြိုးလာပြီးနောက် မဟာသက္ကရာဇ် ၁၀၃-ခုကဆုန်လပြည့်နေ့ညနေချမ်းမှာဗောဓိမဏ္ဍိုင်သို့ကပ်ရောက်တော်

မှုပြီးတော့ အပရာဇိတပလ္လင်ပေါ်မှာ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူပါတယ်။ ဘုရားမဖြစ်မချင်း ဒီအထိုင်ကိုမဖျက်ဘူးဆိုတဲ့ အဓိဋ္ဌာန်နဲ့ တရားအားထုတ်ရန် ထိုင်တော်မူခြင်းပါပဲ။

အဲဒီနောက် နေမဝင်မီ မာရ်နတ်ရန်ကို အောင်မြင်တော်မူပါတယ်။

ညဉ့်ဦးယာမ်မှာ ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်ကို ရရှိတော်မူပါတယ်။ ဒီအဘိညာဉ်ကတော့ ရှေးရှေးဘဝအစဉ် ခန္ဓာအစဉ်ကို ပြန်လည် သတိရနိုင် သိနိုင်တဲ့ အသိဉာဏ် အထူးပါပဲ။ ညဉ့်ဦးယာမ်ဆိုတာ နေဝင်ချိန်ကစပြီး ည ၁၀-နာရီခန့် အထိ အချိန် ဖြစ်ပါတယ်။

ည ၁၀-နာရီခန့်မှ နံနက် ၂-နာရီခန့်အထိ အချိန်ကိုတော့ သန်းခေါင်ယာမ်လို့ ခေါ်ပါတယ်။ အဲဒီ သန်းခေါင်ယာမ်မှာ ဒိဗ္ဗစက္ခု အဘိညာဉ်ကို ရရှိတော်မူပါတယ်။ ဒီ အဘိညာဉ်ကတော့ ကြည့်လိုရာ အကြီးအသေး အနီးအဝေး ရှိသမျှတွေကို မြင်နိုင်တဲ့ နတ်မျက်စိနဲ့တူတဲ့ အသိဉာဏ် အထူးပါပဲ။

မိုးသောက်ယာမ်မှာ အာသဝက္ခယဉာဏ်ကို ရရှိတော်မူပါတယ်။ ဒီဉာဏ်က ကိလေသာမှန်သမျှကို ဝါသနာနှင့် တကွ အကြွင်းမဲ့ ပယ်သတ်တဲ့ဉာဏ် ဖြစ်ပါတယ်။ အရဟတ္တမဂ်ဉာဏ်လို့ လဲခေါ်ပါတယ်။ အဲဒီဉာဏ်ကို ရရှိတော်မူပြီး သဗ္ဗညုဘုရားရှင် အဖြစ်သို့ ရောက်ရှိတော်မူပါတယ်။ မိုးသောက်ယာမ်ဆိုတာက နံနက် ၂-နာရီခန့်ကနေ လင်းအားကြီးလောက်အချိန်ထိ ဖြစ်ပါတယ်။

ဘုရားဆိုတာ (၁)အရဟတ္တမဂ်ဉာဏ်နဲ့ (၂)သိစရာတွေ မှန်သမျှကို အကုန်အစင် သိတတ်တဲ့ သဗ္ဗညုတဉာဏ်။ ဒီဉာဏ်တော်နှစ်ပါးကို ပိုင်ဆိုင်တော်မူတဲ့ ပုဂ္ဂိုလ်မွန် ပုဂ္ဂိုလ်မြတ်ပါပဲ....တဲ့။

ဦးဇင်းတို့ရဲ့ မြတ်စွာဘုရားဟာ အရဟတ္တမဂ်ဉာဏ်ကိုရတော်မူလိုက်တယ်ဆိုယင်ပဲ ဘဝသစ်ကို ဖြစ်စေတတ်တဲ့ တဏှာမှန်သမျှနဲ့ တဏှာရဲ့ အထောက်အပံ့ကိုရယင် ဘဝသစ် ပဋိသန္ဓေအကျိုးကို ပေးနိုင်တဲ့ ကံမှန်သမျှကို အဲဒီ အရဟတ္တမဂ် ဉာဏ်စွမ်းဖြင့် အကြွင်းမဲ့ ပယ်တော်မူပြီး ဖြစ်ပါတယ်။ ဒီလို ပယ်နိုင်အောင် ကိုယ်တိုင် ကျင့်တော်မူခဲ့ရပါတယ်။ မကျင့်ပဲနဲ့ အချောင် ပယ်နိုင်တာ မဟုတ်ပါဘူး။

အဲဒီလို ကိုယ်တိုင်ကျင့် ကိုယ်တိုင်ပယ်ပြီးတော့မှ သတ္တဝါဝေနေယျတို့အားလည်း လိုက်နာကျင့်ကြံကြရန် ပြန်လည်ညွှန်ကြားဟောပြတော်မူခြင်းဖြစ်ပါတယ်။ ဟောကြားတဲ့အခါမှာတော့ ဒါနကထာ၊ သီလကထာ စသည်ဖြင့် ဟောစဉ်အတိုင်းရော၊ အခြေအနေ ကြည့်ပြီးတော့ရော ဟောကြားတော်မူပါတယ်။

ဒီတဘဝထဲနဲ့ ရဟန္တာဖြစ်ပြီး နိဗ္ဗာန်ဝင်မည့် ပုဂ္ဂိုလ်များကိုတော့ သီလ,သမာဓိ,အခြေခံပြီးတော့ ဝိပဿနာ အားထုတ်ဖို့ ဝိပဿနာကိုသာ အဓိက အလေးပေး ဟောကြားတော်မူတာလည်း ရှိပါတယ်။ ဒီတဘဝထဲနဲ့ ရဟန္တာမဖြစ်သေးပဲ သံသရာလည်အုံးမယ့်ပုဂ္ဂိုလ်များကိုတော့ နိဗ္ဗာန်မရမီ ချမ်းချမ်းသာသာနေနိုင်ရန်၊ အပါယ်မကျစေရန် ဒါနပြုဖို့၊ သီလဆောက်တည်ဖို့တို့ကို အလေးပေးဟောကြားပြီး ဝိပဿနာတရားကိုတော့ အခြံ

အရှုံသဘောလောက်သာ ဟောကြားတာလည်း ရှိပါတယ်။ မေးလာတဲ့ပြဿနာ ပြေရုံလောက် ရှင်းလင်းဟောကြားတာလည်း ရှိပါတယ်။ ထိုထိုပုဂ္ဂိုလ်တို့ရဲ့ အလိုဆန္ဒကို မငဲ့ပဲ သဘောမှန်သက်သက်ကိုသာ ဟောကြားတာလည်း ရှိပါတယ်။

အားလုံး ခြုံပြောရယင်တော့ လိုအပ်သလို အခြေအနေ ကြည့်ပြီးတော့မှ တရားဒေသနာ အမျိုးမျိုးတွေကို ဝေနေယျ သတ္တဝါတို့အား ညွှန်ပြ ဟောကြားတော်မူခဲ့တယ်လို့ ဆိုနိုင်ပါတယ်။

ဒါကြောင့်လည်း မြတ်စွာဘုရားဟာ ဝေနေယျများစွာ သတ္တဝါတို့ရဲ့ ရှေ့သွားလမ်းညွှန် ခေါင်းဆောင်မှန် အစစ်အမှန် တကယ်ဖြစ်တော်မူပါတယ်။ ဒီလို လူနတ် ဗြဟ္မာ သတ္တဝါများတို့ ရဲ့ ခေါင်းဆောင်ဖြစ်တော်မူတဲ့ မြတ်စွာဘုရားကို ရှိခိုးပူဇော်တဲ့ ဗုဒ္ဓပဏ္ဍာမနဲ့ ဒီနေ့တရားပွဲကို စ,ဖွင့်လိုက်ပါတယ်။

ဒီလို ဗုဒ္ဓပဏ္ဍာမနဲ့ တရားပွဲဖွင့်ရတဲ့ အဓိကရည်ရွယ်ချက်က တော့ "မြတ်စွာဘုရားအား ရှိခိုးပူဇော်ရတဲ့ ပဏ္ဍာမကုသိုလ် ဇော စေတနာကြောင့် တရားဟောတဲ့ပုဂ္ဂိုလ်ရော တရားနာ ကြတဲ့ ပရိသတ်တွေပါ ဘေးရန်အန္တရာယ်တွေ ကင်းကြပါစေ၊ ရှေးရှေးက မိဖဘိုးဘွား ဆရာသမားများဟာ ဘာပဲလုပ်လုပ် ရတနာသုံးပါး မိဖဆရာသမားတို့ကို ဦးထိပ်ထားပြီးတော့မှ ပြုလုပ်လေ့ရှိတယ်ဆိုတဲ့ အစဉ်အလာကောင်းကိုလဲ ခေတ်လူငယ် တွေ သတိပြုမိကြပြီးတော့ အတုယူနိုင်ကြပါစေ" လို့ ဆိုတဲ့ ရည်ရွယ်ချက်ပါပဲ။ ကဲ....ဆိုကြစမ်းပါ။

# ပဏာမ ဆန္ဒမွန်
## ဆောင်ပုဒ်ညွှန်

ကံနဲ့တကျ-အကြောင်းတရားကို၊
ကိုယ်တိုင်ပယ်ရှား-စွန့်ပြီးကွယ်။

အကုသိုလ်တွေ-ရှောင်ပယ်ရှားဖို့၊
လူ့နတ်အားလည်း-ဟောခဲ့တယ်။

ခေါင်းဆောင်လမ်းညွှန်-မြတ်ဘုရားကို၊
ဂုဏ်တော်စိတ်ထား-ရှိခိုးကွယ်။

ဘေးရန်အန္တရာယ်-ကင်းစင်ပဖို့၊
ပဏာမနဲ့ ဖွင့်ရတယ်၊
မှတ်ကွယ် မှတ်ကွယ်။

## "ဒုစရိုက် အပြစ်ဘေး ကင်းလွတ်ရေး တရားတော်"

ဒီနေ့ဟောမယ့် တရားခေါင်းစဉ်ကတော့ "ဒုစရိုက်အပြစ်ဘေး ကင်းလွတ်ရေး တရားတော်"တဲ့။ ဒီတော့ ဟောကြားတဲ့ အခါ တရားခေါင်းစဉ်မှာပါတဲ့....

ဒုစရိုက်ဆိုတာက ဘာလဲ။

ဒုစရိုက်တွေကို ကျူးလွန်တော့ ဘာဖြစ်သလဲ။

ဒုစရိုက်တွေ မကျူးလွန်မိအောင် ဒါမှမဟုတ် ကျူးလွန်ပြီးတဲ့ဒုစရိုက်တွေကို ပဋိသန္ဓေအကျိုးမပေးနိုင်အောင် ဘယ်နှယ်လုပ်မလဲလို့ဆိုတဲ့ အချက်တွေကို တတ်နိုင်သမျှ ပေါ်လွင်အောင် ရှင်းလင်းဟောကြားမှာ ဖြစ်ပါတယ်။

ဟောကြားတဲ့ အခါမှာတော့ အင်္ဂုတ္တိုရ်ပါဠိတော် အဋ္ဌကနိပါတ်လာ ဒုစ္စရိတဝိပါကသုတ်၊ ဥပရိပဏ္ဏာသပါဠိတော် ဒေဝဒူတသုတ်နဲ့ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးရဲ့

ဝိပဿနာ အလုပ်ပေး တရားတော်တို့ကို အကိုးအကားပြုပြီး တော့ သင့်လျော်ရာ ဝတ္ထု သာဓကတွေနဲ့ တန်းဆာဆင်ပြီး ဟောကြားပါမယ်။

**ဒုစရိုက်ဆိုတာ စိန်ပမာ**

အတ္တနာ ဟိ ကတံ ပါပံ၊ အတ္တဇံ အတ္တသမ္ဘဝံ။
အဘိမန္ထတိ ဒုမ္မေဓံ၊ ဝဇိရံဝ, သ္မမယံ မဏိံ။

သာဓဝေါ၊ တရားနာ ပရိသတ်အပေါင်း သူတော်ကောင်း တို့။ အသ္မမယံ၊ ကျောက်တုံး ကျောက်ခဲအတွင်းမှ ဖြစ်သော၊ ဝါ-ကာဗွန်ဓာတ်လို့ ခေါ်တဲ့ ကျောက်မီးသွေး အတွင်းမှ ဖြစ်သော။ ဝဇိရံ၊ မြင်သူတကာ နှစ်သက်မြတ်နိုးရတဲ့ အဖိုးတန် စိန်ရတနာသည်။ မဏိံ၊ မိမိရဲ့ မှီရာတည်ရာဖြစ်တဲ့ အကာ ကျောက်ကို။ အဘိမန္ထတိဣဝ၊ ထွင်းဖောက်ဖျက်ဆီးဘိသကဲ့သို့။ ဧဝမေဝ၊ ဤအတူသာလျှင်။ အတ္တနာဟိ၊ မိမိသည်ပင်လျှင်။ ကတံ၊ပြုအပ်သော။ အတ္တဇံ၊ မိမိကြောင့်ဖြစ်သော။ အတ္တသမ္ဘဝံ၊ မိမိကိုမှီ၍ဖြစ်သော။ ပါပံ၊ မကောင်းမှုအကုသိုလ်မှန်သမျှသည်။ ဒုမ္မေဓံ၊ ထိုမကောင်းမှုကံ ကျူးလွန်လိုက်စားကြတဲ့ ငမိုက်သား မှန်သမျှကို။ အဘိမန္ထတိ၊ လွှမ်းမိုးနှိပ်စက်နိုင်၏။ အဘိမန္ထတိ၊ လူသွားရာအစဉ်လိုက်တဲ့ အရိပ်ပမာလို ခန္ဓာစဉ် လျှောက်ကာ လိုက်ပါလို့ အပါယ်ဆိုက်အောင် နှောင့်ယှက်ဖျက်ဆီးနိုင်ပါပေ သတည်း။ [သာဓု၊ သာဓု၊ သာဓု။]

ဒုစရိုက်ဆိုတာဟာ "ဒု+စရိတ"ဆိုတဲ့ ပါဠိက ဆင်းသက် လာတဲ့ ပါဠိပျက်စကားပါပဲ။ ဒု-မကောင်းသော၊ စရိတ-စရိုက်၊

အကျင့်တဲ့။ ဒီတော့ ဒုစရိုက်ဆိုတာဟာ မကောင်းတဲ့စရိုက် မကောင်းတဲ့အကျင့် ဖြစ်တယ်။ လွယ်လွယ် ပြောရယင်တော့....

(၁) မကောင်းတဲ့ အပြုအမူ၊

(၂) မကောင်းတဲ့ အပြောအဆိုနဲ့၊

(၃) မကောင်းတဲ့ အကြံအစည် အယူအဆတို့ ဖြစ်ကြပါတယ်။

အဲဒီ ဒုစရိုက်တွေဟာ စိန်ရတနာနဲ့ တူတယ်တဲ့။ ဒါပေမယ့် အဖိုးတန်တာချင်း တူတာတော့ မဟုတ်ဘူး။ ဖျက်ဆီးတတ်တဲ့ သတ္တိချင်း တူတာချည်သာ ဖြစ်ပါတယ်။

ဘယ်လိုလဲဆိုတော့ လောကမှာ စိန်ရယ်၊ မြရယ်၊ နီလာရယ်၊ ပတ္တမြားရယ်လို့ အဖိုးတန် ကျောက်မျက်ရတနာ ၄မျိုးရှိတဲ့ အထဲမှာ လူတွေက စိန်ရတနာကို အမြတ်နိုးဆုံး၊ အနှစ်သက်ဆုံး ပါပဲ။ အဲဒီစိန်ဟာ တွင်းထွက်စိန်နဲ့ မှိုင်စိန်ရယ်လို့ အဓိက အားဖြင့် ၂-မျိုးရှိပါတယ်။

ရှေးပဝေသဏီအခါက ကမ္ဘာမြေကြီးအတွင်းမှာ ရှိကြတဲ့ ကာဗွန်ဓာတ်တွေဟာ အပူရှိန်ကြောင့် အရည်ဘဝနဲ့ပဲ တည်ရှိကြပါသတဲ့။ နောက် ကြီးမားတဲ့ ဖိအားသက်ရောက်လာတဲ့ အခါကျမှ အစိုင်အခဲတွေဖြစ်လာပြီးတော့ တဖြေးဖြေးရင့်ကျက်ကာ စိန်ရယ်လို့ ဖြစ်လာတယ်တဲ့။ အဲဒီစိန်ကိုတော့ တွင်းထွက်စိန်လို့ ခေါ်ပါတယ်။ ရိုးရိုးကျောက်ခဲတွေမှ ရင့်ကျက်ပြီးဖြစ်လာတဲ့စိန်ကိုတော့ မှိုင်စိန်ရယ်လို့ ခေါ်ပါတယ်။ ဒီစိန်ကတော့ အဖိုးမတန်ပါဘူး။

အဲဒီ အဖိုးတန် တွင်းထွက်စိန် နဲ့ မြိုင်စိန် ၂-မျိုးလုံးဟာ မိမိတို့ရဲ့ တည်ရာမှီရာဖြစ်တဲ့ အကာကျောက်သားများကို ထွင်းဖောက်ဖျက်ဆီးတတ်သလိုပဲတဲ့။ မကောင်းမှုအကုသိုလ် ဒုစရိုက်တွေဟာလဲ ထိုထို ဒုစရိုက်လိုက်စားကျူးလွန်ကြတဲ့ ငမိုက်သားတွေကို အပါယ်လေးပါး ဆိုက်ရောက်တဲ့ထိအောင် နှောင့်ယှက်ဖျက်ဆီးနိုင်တယ်တဲ့။

ဒီနေရာမှာ မြတ်စွာဘုရားက မကောင်းမှု အကုသိုလ် ဒုစရိုက် ကျူးလွန်လိုက်စားတဲ့သူကို အကာကျောက်သားနှင့် ခိုင်းနှိုင်းထားပြီး၊ မကောင်းမှု ဒုစရိုက်တွေကိုတော့ စိန်နှင့် ခိုင်းနှိုင်း ဟောကြားတော်မူခဲ့ပါတယ်။

## မကောင်းမှု အကုသိုလ်

အဲဒီ မကောင်းမှု အကုသိုလ်ကတော့ သဘောတရားအနေနဲ့ ပြောရယင် "သာဝဇ္ဇဒုက္ခဝိပါက လက္ခဏာ" တဲ့။ အပြစ်နှင့်တကွ ဖြစ်ခြင်း၊ မကောင်းတဲ့အကျိုးကို ပေးခြင်း သဘောတခုမျှသာ ဖြစ်ပါတယ်။

စိတ္တုပ္ပါဒ်အနေနဲ့ ပြောရယင်တော့....

လောဘမူစိတ်လို့ ခေါ်တဲ့ လိုချင်တာ၊ နှစ်သက်တာနှင့် ပတ်သက်တဲ့ စိတ်က ၈-မျိုး။

ဒေါသမူစိတ်လို့ ခေါ်တဲ့ စိတ်ဆိုးတာ ပြစ်မှားတာနှင့် ပတ်သက်တဲ့ စိတ်က ၂-မျိုး။

မောဟမူစိတ်လို့ ခေါ်တဲ့ မသိတာတွေဝေတာနဲ့ ပတ်သက်တဲ့ စိတ်က ၂-မျိုးအားဖြင့် ၁၂-မျိုး ဖြစ်ပါတယ်။

## ဒုစရိုက်သရုပ်

ဒုစရိုက်အနေနဲ့ ပြောရယင်တော့ ကာယဒုစရိုက် ၃-ပါး၊ ဝစီဒုစရိုက် ၄-ပါး၊ မနောဒုစရိုက် ၃-ပါးအားဖြင့် ၁၀-ပါး ဖြစ်ပါတယ်။

ကာယဒုစရိုက်ဆိုတာဟာ ကိုယ်ဖြင့် ကျူးလွန်တဲ့ မကောင်းတဲ့ အပြုအမူပါပဲ။ ဘာတွေလဲဆိုတော့....

(၁) ပါဏာတိပါတ၊ သူတပါးအသက်ကို ညှဉ်းဆဲ သတ်ဖြတ်ခြင်း၊

(၂) အဒိန္နာဒါန၊ သူတပါးဥစ္စာကို ခိုးယူလုယက်ခြင်း၊

(၃) ကာမေသုမိစ္ဆာစာရ၊ သူတပါး သားမယားကို ပြစ်မှားကျူးလွန်ခြင်းတို့ ဖြစ်ကြပါတယ်။

ဒီ၃-မျိုးကတော့ ကာယဒုစရိုက် ၃-ပါးတဲ့။ ကာယကံ ၃-ပါးလို့လဲ ခေါ်ပါသေးတယ်။

ဝစီဒုစရိုက်ဆိုတာကတော့ နှုတ်ဖြင့်ကျူးလွန်တဲ့ မကောင်းတဲ့ အပြောအဆိုပါပဲ။ ဘာတွေလဲဆိုတော့....

(၁) မုသာဝါဒ၊ သူတပါးအကျိုး ပျက်စီးလောက်အောင် လိမ်ညာပြောဆိုခြင်း၊

(၂) ပိသုဏာဝါစာ၊ ချစ်ခင်သင့်မြတ်သူ ၂-ယောက်ကို ကွဲပြားအောင် ကုန်းတိုက်ခြင်း၊

(၃) ဖရုသဝါစာ၊ကြမ်းကြမ်းတမ်းတမ်း ဆဲရေးတိုင်းထွာခြင်းနှင့်၊

(၄) သမ္ဖပ္ပလာပ၊ အကျိုးအမြတ်မရှိအဓိပ္ပာယ်မဲ့တဲ့ စကား ကို ပြောဆိုခြင်းတို့ ဖြစ်ကြပါတယ်။

ဒီ၄-မျိုးကတော့ ဝစီဒုစရိုက် ၄-ပါးတဲ့။ ဝစီကံ ၄-ပါး လို့လဲ ခေါ်ပါတယ်။

မနောဒုစရိုက်ဆိုတာက စိတ်ဖြင့် ကျူးလွန်တဲ့ မကောင်းတဲ့ အကြံအစည်၊ မကောင်းတဲ့ အယူအဆတွေ ၂ ါပဲ။ သူတို့ကတော့....

(၁) အဘိဇ္ဈာ၊ သူတပါး စည်းစိမ်ဥစ္စာကို မိမိစည်းစိမ် ဥစ္စာဖြစ်စေလိုတဲ့ လောဘ၊

(၂) ဗျာပါဒ၊ သူတပါးကို ပျက်စီးစေလိုတဲ့ ဒေါသနဲ့၊

(၃) မိစ္ဆာဒိဋ္ဌိ၊ မှားယွင်းတဲ့ အတွေးအခေါ် အယူဆတို့ ဖြစ်ကြပါတယ်။

ဒီ ၃-မျိုးကတော့ မနောဒုစရိုက် ၃-ပါးတဲ့။ မနောကံ ၃-ပါးလို့လဲ ခေါ်ပါတယ်။

## အရက်နှင့် မူးယစ်ဆေးဝါးလဲ ဒုစရိုက်ထဲပါတယ်

ဒုစရိုက်ဆယ်ပါးအနေနဲ့ ပြတဲ့နေရာမှာ အရက်သေစာ ( မူးယစ်ဆေးဝါး ) သောက်စားသုံးစွဲတာကို ကာမေသုမိစ္ဆာ စာရထဲ ထည့်သွင်းပြီး ရေတွက်ရပါတယ်။ ဒါကိုမသိယင် အရက် သောက်တာဟာ ဒုစရိုက်မဟုတ်ဖူးလို့ အထင်မှားတတ်ကြပါ တယ်။ ဒါကြောင့် ဒီနေ့ တရားကတော့ အရက်သောက်တာကို နံပါတ်ရှစ် ဒုစရိုက်အဖြစ်နဲ့ သီးခြားဟောပြထားတဲ့ "ဒုစ္စရိတ ဝိပါကသုတ်" ကို အဓိကထားပြီး ဟောကြားမည့် တရားပါပဲ။ ကဲ....ပါဏာတိပါတ ဒုစရိုက်ကစပြီးတော့ ဟောပါ့မယ်။

[ပါဏာတိပါတ ဒုစရိုက်]

## ၁။ သူ့အသက်သတ်က မကောင်းကျိုးရ

ပါဏာတိပါတော ဘိက္ခဝေ အာသေဝိတော ဘာဝိတော ဗဟုလီကတော နိရယသံဝတ္တနိကော တိရစ္ဆာန ယောနိ-သံဝတ္တနိကော ပေတ္တိဝိသယသံဝတ္တနိကော ယောသဗ္ဗလဟုကော ပါဏာတိပါတဿ ဝိပါကော-မနုဿဘူတဿ အပ္ပါယုက သံဝတ္တနိကော ဟောတိ။

ဘိက္ခဝေ၊ ရဟန်းတော်များ အို.... ချစ်သားတို့။ အာသေဝိတော၊ အဖန်တလဲလဲ မှီဝဲအပ်သော။ ဘာဝိတော၊ ပွားစေအပ်သော။ ဗဟုလီကတော၊ ကြိမ်ဖန်များစွာ ပြုလုပ်အပ်သော။ ပါဏာတိပါတော၊ သူ့အသက်ကို ညှဉ်းဆဲသတ်ဖြတ်ကြောင်းဖြစ်တဲ့ အကုသိုလ်စေတနာသည်။ နိရယသံဝတ္တနိကော၊ ချမ်းသာကင်းရာ ငရဲရွာ၌ ဖြစ်စေတတ်၏။ တိရစ္ဆာနယောနိသံဝတ္တနိကော၊ ဖိလာကန့်လန့်သွားတတ်သော တိရစ္ဆာန်မျိုး၌လည်း ဖြစ်စေတတ်၏။ ပေတ္တိဝိသယသံဝတ္တနိကော၊ ချမ်းသာမှဝေးရာသို့ရောက်တတ်သော ပြိတ္တာဘုံ အသူရကာယ်ဘုံတို့၌လည်း ဖြစ်စေတတ်ပါ၏။ ပါဏာတိပါတဿ၊ ပါဏာတိပါတ အကုသိုလ်ဒုစရိုက်၏။ သဗ္ဗလဟုကော၊ အပေါ့ဆုံး အနည်းဆုံး ဖြစ်သော။ ယောဝိပါကော၊ အကြင်အကျိုးသည် (ဝါ)မကောင်း

ကျိုးကိုဖြစ်စေတတ်တဲ့ အကြောင်း အကုသိုလ်စေတနာသည်။ အတ္ထိ၊ ရှိ၏။ သော၊ အပေါင်းဆုံးအနည်းဆုံးဖြစ်တဲ့ထိုအကုသိုလ်စေတနာသည်။ မနုဿဘူတဿ၊ လူဖြစ်သောပုဂ္ဂိုလ်အား။ အပ္ပာယုကသံဝတ္တနိကော၊ အသက်တမ်းတိုစေတတ်သည်။ ဟောတိ၊ စင်စစ်မသွေ ဖြစ်ပါပေ၏။ (ဝါ)ကုသိုလ်ကံထောက်မ၍ လူ့ဘဝသို့ရောက်ရပါသော်လဲ အမြဲလိုပင် ရောဂါစွဲလို့ အသက်တမ်းလဲတိုတတ်ပါပေသတည်း။

[သာဓု....သာဓု....သာဓု။]

**စကားပြေ အဓိပ္ပါယ်**

သူတပါးအသက်ကို ညှဥ်းပန်း သတ်ဖြတ်ကြောင်း ဖြစ်တဲ့အကုသိုလ်စေတနာဟာ ပါဏာတိပါတအကုသိုလ် ဒုစရိုက် ဖြစ်ပါတယ်။ ဒီ ဒုစရိုက်ကို အကြိမ်ကြိမ် အဖန်ဖန် ကျူးလွန်လိုက်စားကြတဲ့ ငမိုက်သားတွေဟာ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်တို့ဆိုတဲ့ အပါယ်လေးပါးသို့ လားရောက်ကြရပါတယ်။ ဒီအကုသိုလ်ကံက နည်းပါးလို့ အပါယ်မကျတာတောင် လူဖြစ်တဲ့အခါ အသက်တမ်းတိုတတ်ပါတယ်၊ ရောဂါဘယ များတတ်ပါတယ်တဲ့။

**မဟာကာဠဝတ္ထု သာဓကေရှု**

မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူစဥ်တုန်းက သာဝတ္ထိနေပြည်တော်မှာ မဟာကာဠအမည်ရှိတဲ့ သောတာပန်ဥပါသကာတယောက် ရှိပါတယ်။ အဲဒီဥပါသကာဟာ လစဥ်ရှစ်ရက် ဥပုသ်နေ့တိုင်းမှာ ဘုရားကျောင်းတော်သို့သွား၊ ဥပုသ်စောင့်၊ တရားနာ၊ ကျောင်းတော်မှာပဲ အိပ်ပြီးတော့၊ မနက်ဝေလီဝေလင်း အချိန်လောက်ကျမှ အိမ်ပြန်လေ့ ရှိတယ်တဲ့။



မဟာကာဠ ဥပါသကာသည် ပါဏာတိပါတ အကုသိုလ်ကံကြောင့် သူခိုးဟု အစွပ်စွဲခံရပြီး မတရား အသတ် ခံရသည်ကို ရေခပ်လာသော ကိုရင်လေးများက တွေ့ရှိကြ၍ ရင်သပ်ရှုမော အံ့သြနေကြပုံ။

---

အခါတပါး ရှစ်ရက်ဥပုသ်နေ့ညတညမှာ သူခိုး အချို့ဟာ သာဝတ္ထိမြို့ထဲ လှည့်လည်ပြီးတော့ အိမ်တွေကို ဖောက်ထွင်းခိုးယူကြပါတယ်။ အိမ်ရှင်တွေသိလို့ ဝိုင်းလိုက်ကြတဲ့အခါ ရရာပစ္စည်းတွေ ဆွဲယူပြီးတော့ ခြေဦးတည့်ရာ ပြေးကြပါတယ်။ သူတို့အထဲက သူခိုးတယောက်ဟာ ဇေတဝန်ကျောင်းတော်ဘက် ဦးတည်ပြီးပြေးပါတယ်။ မြို့သားတွေကလဲ မျက်ခြည်ပြတ်မခံပဲ

နောက်က လိုက်လာကြတယ်။ အချိန်ကတော့ မနက် ဝေလီဝေးလင်းအချိန်လောက် ဖြစ်မှာပါပဲ။


အဲဒီအချိန်မှာ မဟာကာဠဥပါသကာဟာ ကျောင်းတော်က အိမ်အပြန် ကျောင်းနားကရေကန်မှာ မျက်နှာသစ်နေပါတယ်။ ပြေးလာတဲ့သူခိုးလဲ လွတ်ပုံမပေါ်တာနဲ့ လက်ထဲပါလာတဲ့ခိုးရာပါပစ္စည်းကို မဟာကာဠရဲ့အနားမှာ ချပြီးတော့ လူလွတ်ထွက်ပြေးတယ်တဲ့။

အဲ....နောက်က ဝိုင်းလိုက်လာကြတဲ့ လူတွေကလဲ မကြာမီ အဲဒီနေရာရောက်လာကြပါတယ်။ သူတို့ဟာ ခိုးရာပါပစ္စည်းကို မဟာကာဠအနားမှာ တွေ့ကြတယ်ဆိုယင်ပဲ သူ့ကို ဝိုင်းရိုက်ကြပါတယ်။

"သင်ဟာ ရှစ်ရက်ဥပုသ်နေ့တိုင်းမှာ ကျောင်းတော်သွားပြီး ဥပုသ်စောင့်ချင်ယောင် ဆောင်တယ်။ အလစ်မှာ မြို့ထဲဝင်ပြီးတော့ ငါတို့ပစ္စည်းတွေကို ခိုးယူတယ်။ သင်ဟာ သူတော်ယောင်သူခိုးယုတ်ပဲ" လို့ ဆိုပြီး မဟာကာဠကို သေအောင်ဝိုင်းရိုက်ကြပါတယ်။ အလောင်းကိုတော့ ရေကန်နားမှာပဲ ပစ်ထားခဲ့ကြတယ်တဲ့။

အဲဒီနောက် မကြာခင်မှာ ဇေတဝန်ကျောင်းတော်ထဲက ကိုရင်လေးတွေဟာ ရေခပ်ဖို့ အဲဒီရေကန်ကို ရောက်လာကြပါတယ်။ ရေကန်အနားမှာ သူတို့ဒကာကြီး မဟာကာဠ မတရားအရိုက်ခံရပြီး သေနေတာကို တွေ့ကြတော့ မြတ်စွာဘုရားကို ပြန်လျှောက်ကြပါတယ်။

"ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ တပည့်တော်တို့ရဲ့ ဒကာကြီး မဟာကာဠကို မြို့သားတွေက 'သူခိုး' လို့ စွပ်စွဲ



မဟာကာဠ ဥပါသကာသည် အတိတ်ဘဝက ရွာစားကြီးဖြစ်ခဲ့စဉ်က ခရီးသည်၏ မယားကို အလိုရှိသောကြောင့် ထိုခရီးသည်အား ပတ္တမြားပစ်ဖမ်းပြီး သူခိုးဟု စွပ်စွဲကာ မတရားသတ်ဖြတ်ခဲ့ပုံ။

---

ပြီးတော့မတရားဝိုင်းရိုက်သတ်ကြလို့ ဒကာကြီးသေပါပြီဘုရား။ ဒါသက်သက် မတရားအသတ်ခံရခြင်း ဖြစ်ပါတယ်ဘုရား'' လို့ ကိုရင်လေးတွေက လျှောက်ထားကြတယ်တဲ့။

အဲဒီအခါ မြတ်စွာဘုရားက ''ချစ်သားတို့၊ သင်တို့ရဲ့ ဒကာကြီးဟာ ဒီဘဝအနေနဲ့ ကြည့်မယ်ဆိုယင်တော့ မတရားအသတ်ခံရတာမှန်တယ်။ ဒါပေမယ့် သူပြုခဲ့တဲ့ အတိတ် အကုသိုလ်ကံ အနေနဲ့ ပြောရယင်တော့ ခံသင့်လို့ခံရခြင်းဖြစ်တယ်'' လို့ မြတ်စွာဘုရားက မိန့်ကြားတော်မူပါတယ်။

ဒီ မဟာကာဠဟာ အတိတ်ဘဝတခုမှာ ဗာရာဏသီပြည် တောအုပ် တခုအနီးက ပစ္စန္တရာဇ်ရွာတရွာကို အပိုင်စားရတဲ့ ရွာစားဖြစ်ခဲ့ဖူးတယ်။ အဲဒီ တောဖြတ်လမ်းမှာ ခိုးသားဓားပြ တွေ သောင်းကျန်းနေကြတယ်။ ခရီးသွားတွေကို လုယက် သတ်ဖြတ်ကြတယ်။ ဒါကြောင့် ခရီးသွားတွေ လုံခြုံရေးအတွက် အဖိုးအခ ယူပြီးတော့ စောင့်ရှောက် လိုက်ပို့ပေးဖို့ ဘုရင်က မဟာကာဠအလောင်း ရွာစားကို တာဝန်ပေးထားပါတယ်။

တနေ့မှာ ခရီးသွားယောကျ်ားတယောက်ဟာ လှပတဲ့ဇနီး သယ်နဲ့အတူ အဲဒီရွာကို လှည်းကလေးနဲ့ ရောက်လာပါတယ်။ တောအုပ်ကို ဖြတ်သွားချင်လို့ လိုက်ပို့ပေးဖို့ ရွာစားကို ပြော ပါတယ်။ မဟာကာဠအလောင်း ရွာစားဟာ ခရီးသည်ရဲ့ဇနီးကို လိုချင်တာနဲ့ လိုက်မပို့ပဲ အချိန်ဆွဲပြီး အဲဒီရွာဝမှာ အိပ်ခိုင်း ထားပါတယ်။ အဲဒီညမှာ ပတ္တမြားကို ခရီးသည်ရဲ့ လှည်းပေါ် မှာ တိတ်တဆိတ် ဝှက်ခိုင်းထားတယ်တဲ့။

မနက်လင်းတော့ ပတ္တမြားပျောက်ကြောင်း သတင်းလွှင့် တယ်။ ရှာဖွေတဲ့အခါ ခရီးသည်ရဲ့လှည်းပေါ်မှာ တွေ့တယ် ဆိုပြီးတော့ ခရီးသည်ကို ဖမ်းဆီးတယ်။ သူ့မယားလိုချင်တာနဲ့ အဲဒီခရီးသည်ကို သူခိုးလို လီဆယ် စွပ်စွဲပြီးတော့ မတရား သတ်ခဲ့ဖူးတယ်တဲ့။ အဲဒီ ပါဏာတိပါတ အကုသိုလ်ကံကြောင့် မဟာကာဠအလောင်း ရွာစားဟာ အဝီစိငရဲမှာ နှစ်ပေါင်း များစွာခံခဲ့ရပါတယ်။ ငရဲဘုံက လွတ်ပြန်တော့လဲ ဘဝပေါင်း တရာတိုင်တိုင် သူခိုးမဟုတ်ပဲ သူခိုးလို အစွပ်စွဲ ခံရပြီးတော့ မတရား အသတ်ခံခဲ့ရဖူးပါတယ်တဲ့။

ဒီဝတ္ထုမှာ ပြောချင်တာကတော့ အကုသိုလ် ဒုစရိုက်ဆိုတာဟာ ဒီဘဝမှာ ကျူးလွန်မှု မဟုတ်ပါဘူး၊ အတိတ်ဘဝက ကျူးလွန်ခဲ့တဲ့ ဒုစရိုက်တွေက ဝင်အကျိုးပေးမယ် ဆိုယင်လဲ မကောင်းကျိုးတွေ ခံစားရတတ်တယ်လို့ ပြောလိုခြင်းပါပဲ။

ဒီဘဝမှာ ငယ်ငယ်ရွယ်ရွယ်နဲ့ သေဆုံးရတဲ့သူတွေ၊ တသက်လုံး ရောဂါနှင့် လူ နုပန်းလုံးနေကြရတဲ့သူတွေဟာ အများအားဖြင့် အတိတ်ဘဝက ပါဏာတိပါတကံ ကျူးလွန်ခဲ့တဲ့ ပုဂ္ဂိုလ်တွေပါပဲ။

## ပူတိဂတ္တတိဿထေရ်ဝတ္ထု သာဓကရှု

မြတ်စွာဘုရားလက်ထက်တော်က သာဝတ္ထိပြည်သား အရှင်တိဿမည်တဲ့ ရဟန်းတော်တပါးဟာ ရဟန်းပြုပြီး မကြာခင် တကိုယ်လုံးမှာ အိုင်းအမာတွေ ပေါ်လာပါတယ်။ အဲဒီအနာတွေက တဖြည်းဖြည်းကြီးကြီးလာတယ်။ အစက မုန်ညင်းစေ့လောက်၊ နောက် ပဲနောက်စေ့လောက်၊ ပဲနောက်စေ့ကနေ စားတော်ပဲစေ့လောက်၊ ဒီနောက် ဆီးစေ့လောက်၊ နောက်ဆုံးကျတော့ ဥသျှစ်သီး အနုလောက်အထိ ကြီးလာပါတယ်။ မကြာခင်မှာ အနာတွေပေါက်ပြဲပြီးတော့ သွေးတွေ ပြည်တွေနဲ့ ပေရေပြီး နံစော်ညှီပုပ်နေလို့ တကိုယ်လုံးဟာ စက်ဆုပ်ရွံရှာစရာကြီးဖြစ်နေတယ်တဲ့။


သူ့ကိုလဲ အခြား သံဃာတော်တွေက ပူတိဂတ္တတိဿလို့ ခေါ်ကြတယ်။ ပူတိ၊ ပုပ်သော။ ဂတ္တ၊ ကိုယ်။ တိဿကတော့ သူ့နာမည်ရင်းပါပဲ။ ဒါကြောင့် ပူတိဂတ္တတိဿ ဆိုတာ "ပုပ်သောကိုယ်ရှိတဲ့ တိဿ"လို့ ဆိုလိုပါတယ်။

အဲဒီမထေရ်ဟာ ကြာတော့ အသားအရေ ပေါက်ပြဲရုံတင် မကတော့ပဲ၊ အရိုးတွေပါ ဆွေးမြေ့ ကြေမွကုန်တယ်။ သူ့ တကိုယ်လုံးဟာ ဖွဲ့အိတ်ကြီး ရေဆွတ်ထားသလို စိုစိစိ ပျော့ အိအိကြီး ဖြစ်နေဟန်တူပါတယ်။ သီတင်းသုံးဖော် သံဃာတော် တွေကလဲ ဘယ်လိုမှ မတတ်နိုင်တော့တာနဲ့ သူ့ကို ကုတင် ပေါ်မှာ ဒီအတိုင်း ပစ်ထားကြရတော့တယ်။

မြတ်စွာဘုရားဟာ နေ့စဉ် နံနက်တကြိမ် ညနေ တကြိမ် ရွှေဉာဏ်တော်ကွန်ယက်ကို ဖြန့်ကြက်တော်မူပြီး ကျွတ်ထိုက်တဲ့ သတ္တဝါ ရှိ၊ မရှိသိရအောင် လောကကို ကြည့်ရှုတော်မူမြဲဖြစ် ပါတယ်။ အဲ-တခုသောနံနက်မှာ လောကကို ကြည့်ရှုတော်မူတဲ့ အခါ ရွှေဉာဏ်တော်မှာ ပူတိဂတ္တတိဿမထေရ်ကို မြင်တော် မူလာတယ်။ ဒါကြောင့် သူ့ထံ ဘုရားကိုယ်တော်တိုင် ကြွတော် မူတယ်။ ကိုယ်တော်တိုင် ရေနွေးတည်ပြီးတော့ ပူတိဂတ္တတိဿကို ရေချိုးပေးဖို့ အားထုတ်တော်မူပါတယ်။

အဲဒီအချိန်ကျတော့ အခြားသံဃာတွေ ဝိုင်းလာကြတယ်။ မြတ်စွာဘုရားကိုယ်စား သူတို့က ပူတိဂတ္တတိဿကို သင်္ကန်း လျှော်ပေးကြ၊ ရေချိုးပေးကြပါတယ်။ အရှင် တိဿလည်း ရေချိုးလိုက်ရတော့နည်းနည်းလန်းဆန်းလာတယ်။ အဲဒီနောက် သူ့ကို ကုတင်ပေါ်မှာပဲ လဲလျောင်းနေစေပြီးတော့ မြတ်စွာ ဘုရားက တရားဟောတော်မူပါတယ်။

"ချစ်သား....ပူတိဂတ္တတိဿ၊ သင့်ရဲ့ ဒီကိုယ်ကောင်ကြီးဟာ အသက်ဝိညာဉ်ကင်းတဲ့အခါ အသုံးမကျတဲ့ထင်းဖွဲ့လို မကြာခင် မြေပြင်ပေါ်မှာ လဲလျောင်းရပေတော့မယ်"စသည်ဖြင့် မြတ်စွာ ဘုရား ဟောကြားတော်မူတဲ့ တရားကို နာယင်း သူ့ရဲ့ ဖြစ်ဆဲ



တိဿမထေရ်သည် ကိုယ်လုံးပုပ်မျှ အနာရောဂါရသဖြင့် ပြုစုသူကင်းမဲ့နေရာ ဘုရားရှင်ကိုယ်တော်တိုင် လာရောက်ပြုစုပြီး တရားချီးမြှင့်တော်မူသည်ကို နာကြားနေပုံ။

---

ရုပ်နာမ်ခန္ဓာအစဉ်ကို နှလုံးသွင်းရှုမှတ်သွားလိုက်တာ ဝိပဿနာဉာဏ် အဆင့်ဆင့်တက်ပြီး ရဟန္တာဖြစ်သွားပါတယ်။ မကြာခင်လေးမှာပဲ ပရိနိဗ္ဗာန်ပြုသွားပါတယ်တဲ့။

အဲဒီ မထေရ်ဟာ ရဟန္တာဖြစ်လောက်အောင် ပါရမီကုသိုလ်ရှိပြီးဖြစ်ပါလျက်နဲ့ ဘာဖြစ်လို့ ဒီလို ရောဂါခံရသလဲ ဆိုယင် ''ဘယ်သူမပြု မိမိမှု'' ဆိုတဲ့ အတိုင်း သူပြုခဲ့တဲ့ အကုသိုလ်ကံကြောင့်ပါပဲတဲ့။

ဒီ အရှင်တိဿ အလောင်းဟာ ကဿပမြတ်စွာဘုရားလက်ထက်မှာ မင်းမှုထမ်းငှက်မုဆိုးဖြစ်ခဲ့ဖူးပါတယ်။ သူက ငှက်တွေဖမ်းပြီးတော့ ဘုရင်ကို ဆက်သရတယ်။ ငှက်တွေများများဖမ်းမိလာတဲ့အခါမျိုးမှာ အရှင်ထားယင်လဲ ပျံကုန်မှာ စိုးတယ်။ သတ်ထားယင်လဲ ပုပ်ကုန်မှာစိုးတယ်။ ဒါကြောင့် ကြာကြာခံအောင်ဆိုပြီးတော့ အချို့ငှက်တွေကို အတောင်ချိုးထားတယ်။ အချို့ငှက်တွေကိုတော့ ခြေထောက်ချိုးပြီး ထားခဲ့တယ်။ အဲဒီအကုသိုလ်ကံကြောင့် အရှင်တိဿဘဝမှာ ရောဂါနှင့်လူ နပန်းလုံးရတဲ့အခါ လူကအရှုံးပေးလိုက်ရခြင်းပါပဲ။

ရဟန္တာဖြစ်ရတာကတော့ အဲဒီငှက်မုဆိုးဘဝမှာ သူ့အတွက်ချက်ထားတဲ့ ငှက်သားဟင်းနဲ့ ထမင်းကို ရဟန္တာတပါးအားလှူဒါန်းပြီးတော့ ''အရှင်ဘုရားတို့ သိတဲ့တရားကို သိရပါလို၏'' လို့ ဆုတောင်းခဲ့ဖူးပါတယ်။ အဲဒီကုသိုလ်ကံရဲ့ အထောက်အပံ့ကြောင့် ရဟန္တာဖြစ်လာရခြင်းပါပဲ။

### ပဋိသန္ဓေကျိုး နှင့် ပဝတ္တိကျိုး

ကံတိုင်းကံတိုင်းမှာ ပဋိသန္ဓေအကျိုးပေးနိုင်တဲ့သတ္တိနဲ့ ပဝတ္တိအကျိုးပေးနိုင်တဲ့ သတ္တိရယ်လို့ သတ္တိနှစ်မျိုးရှိပါတယ်။ ကံတခုဟာ ပဋိသန္ဓေအကျိုးကိုတကြိမ်သာပေးနိုင်ပေမယ့်ပဝတ္တိအကျိုးကျတော့ ဘဝပေါင်း ရာနဲ့ထောင်နဲ့ချီပြီး ဖြစ်စေနိုင်ပါတယ်။

ပါဏာတိပါတ အကုသိုလ်ကံက ပဝတ္တိအကျိုးကို ဖြစ်စေမယ်ဆိုယင် အသက်တမ်းတိုရုံ၊ အနာရောဂါများရုံတို့လောက်ပဲ ဖြစ်စေနိုင်ပါတယ်။ ပဋိသန္ဓေအကျိုးကိုသာ ဖြစ်စေနိုင်မယ်ဆိုယင်တော့ ကျူးလွန်သူဟာ အပါယ်ဘေးက ပြေးမလွတ်တော့ပါဘူးတဲ့။



တိဿမထေရ်သည် အတိတ်ဘဝ ငှက်မုဆိုးဖြစ်ခဲ့စဉ်က ငှက်များအား ဤသို့ သတ်ဖြတ်ညှဉ်းဆဲ၍ ပါဏာတိပါတကံကို ကျူးလွန်ခဲ့ပုံ။

## အပါယ်ငရဲနှင့် ယမမင်းဆိုတာ

အပါယ်ဆိုတာ အပါယဆိုတဲ့ ပါဠိက ဆင်းသက်လာတဲ့ ပါဠိပျက်စကားပဲ။ ကုသိုလ် ဖြစ်ခွင့်နည်းပြီး အကုသိုလ်သာ အဖြစ်များတဲ့ အရပ်လို့ ဆိုလိုပါတယ်။

အပါယ်လေးပါး ရှိတဲ့အထဲက ငရဲဟာ ကြောက်စရာ အကောင်းဆုံးမို့ ဒီမှာ ငရဲအကြောင်းကို အဓိကထားပြီး ဟော ပြသွားမယ်။ ငရဲဆိုတာဟာ နိရယဆိုတဲ့ပါဠိက ဆင်းသက်ရွေ

လျှောလာတဲ့ ပါဠိပျက်စကားပဲ။ ချမ်းသာကင်းရာ အရပ်လို့ ဆိုလိုပါတယ်။

အဲဒီ ငရဲသို့ ရောက်ပုံရောက်နည်းက နှစ်မျိုး ရှိပါတယ်။ အကုသိုလ် ကြီးမားတဲ့သူများကျတော့ ငရဲသို့ တိုက်ရိုက်ရောက်ရပြီး ဆင်းရဲဒုက္ခ ခံရပါတယ်။ အကုသိုလ် နည်းနည်းပါးပါးနဲ့ ငရဲရောက်ရယင်တော့ ရှေးဦးစွာ ယမမင်းထံမှာ အစစ်ဆေးခံပြီးမှ ငရဲခံသင့်မှ ခံရပါတယ်။

ယမမင်းဆိုသူတွေကတော့ အများအားဖြင့် နတ်စည်းစိမ်ကို ခံစားကြရပြီး တခါတရံတော့ သူတို့လဲ ရိုးရိုးပြိတ္တာကွေလိုပဲ မကောင်းကျိုးတွေ ခံစားကြရပါတယ်။ ဒါပေမယ့် သူတို့က တရားနာရယင်၊ ဒါမှမဟုတ် တရားအားထုတ်ရယင် အရိယာ ဖြစ်နိုင်ခွင့် ရှိပါတယ်။ အရိယာဖြစ်သွားယင်တော့ နတ်စည်းစိမ်ကိုသာ ခံစားကြရတယ်တဲ့။

အဲဒီ ယမမင်းတွေရဲ့ လက်အောက်မှာ ငရဲထိန်းခေါ် အမှုထမ်းတွေ ရှိကြသေးတယ်။ သူတို့လဲ စတုမဟာရာဇ်နတ်ထဲ အဝင်အပါဖြစ်တဲ့ နတ်ဘီလူး၊ နတ်ရက္ခိုသ်တွေပါပဲ။ ဒီငရဲထိန်းတွေဟာ ငရဲခံရသူတွေကို နှိပ်စက်ကြရတယ်။ အကုသိုလ်ကံ နည်းနည်းပါးပါးနဲ့ ငရဲပြည် ရောက်လာကြတဲ့သူတွေကို ယမမင်းထံ ပို့ကြရတယ်တဲ့။

## ယမတမန် ငါးမျိုး

လူ့ပြည်မှာရှိတဲ့ "နို့စို့ကလေးရယ်၊ သူအိုရယ်၊ သူနာရယ်၊ သူသေရယ်၊ အကျဉ်းသားရယ်" ဒီငါးမျိုးကို ယမတမန်ငါးမျိုး

လို့ ခေါ်ကြောင်း ဒေဝဒူတသုတ်မှာ လာပါတယ်။ ဒီသုတ်ဟာ ဘုရားရှင်တိုင်း ဟောမြဲဖြစ်တဲ့သုတ်လို့ ကျမ်းဂန်အဆို ရှိပါတယ်။ အဲ....ယမမင်းဟာ မိမိထံရောက်လာတဲ့ ငရဲသူ ငရဲသားတွေကို အဲဒီ ယမတမန်ငါးမျိုး ပြပြီးတော့ စစ်မေးလေ့ရှိပါသတဲ့။ ကဲ....တရားဆောင်ပုဒ်ကို ဆိုကြရအောင်။

**ကလေး, သူအို, သူနာများနဲ့၊ သူသေ, အ ကျဉ်း သား, ငါးမျိုးကွယ်။**

**ယမတမန်....သူတို့ပဲကွဲ၊ ဘုရားတိုင်းလဲ ဟောပါတယ်။**
**တမန်ငါးဖြာညွှန်ကာပြလို့၊ ယမမင်းက စစ်မေးတယ်။**

အဲဒီ တမန်ငါးမျိုးထဲကရှေးဦးစွာနို့စို့ကလေးကိုညွှန်ပြပြီးတော့ စစ်မေးတယ်တဲ့။ ကဲ....ပထမမေးခွန်းကို ဆိုကြရအောင်။

**ကလေးမြင်သော် သံဝေရလို့၊ ကုသိုလ်ပုည ပြုလားကွယ်။**
**မိမိကုသိုလ် သတိရမှ၊ ငရဲဘုံက လွတ်ပါတယ်။**

ယမမင်း။　။အမောင်-အမိ သင်ဟာ....လူ့ပြည်မှာတုန်းက နို့စို့ကလေးများ မြင်ခဲ့ဖူးရဲ့လား။

ငရဲသား။　။မြင်ဖူးပါတယ် အရှင် ယမမင်း။

ယမမင်း။　။မြင်ဖူးယင် ဒီကလေးဟာ မိမိရဲ့ကျင်ကြီးကျင်ငယ်ကိုမှ မရှောင်ရှားနိုင်ပဲ ကျင်ကြီး ကျင်ငယ်ကြားမှာ လူးလိမ့်ပြီး နေတာကို တွေ့ရတော့ ''သြော်.... ငါလဲ ဒီလိုကလေးမျိုး ပြန်ဖြစ် နိုင်သေးတယ်၊

မသေခင် အကုသိုလ် ဒုစရိုက်တရားတွေရှောင်ကြဉ် ပြီးတော့ ကုသိုလ်ကောင်းမှုပြုမှပဲ'' လို့ သတိသံဝေဂ ရခဲ့ဖူးပါရဲ့လား။ အကုသိုလ်မှုတွေရှောင်ကြဉ်ပြီးတော့ ကုသိုလ်မှုတွေ ပြုခဲ့ရဲ့လား။

အထက်ပါ မေးခွန်းမျိုးနဲ့ စစ်မေးတဲ့အခါ အမေးခံရတဲ့ ငရဲသူ-ငရဲသားဟာ မိမိရဲ့ကုသိုလ်ကောင်းမှုကို ပြန်သတိရယင် ငရဲဘုံက လွတ်ပါတယ်။ ဒီလိုမေးလို့မှ မရသေးယင်လဲ ဒုတိယ မေးခွန်းနဲ့ စစ်မေးတယ်တဲ့။ ကဲ....ဆိုကြရအောင်။

**သူအိုမြင်သော်....သံဝေရလို့၊ ကုသိုလ်ပုည ပြုလားကွယ်။**
**မိမိကုသိုလ် သတိရမှ၊ ငရဲဘုံကလွတ်ပါတယ်။**

မေး။ ။အမောင်၊ သင်ဟာ....လူ့ပြည့်မှာတုန်းက လူအို လူမင်းများ မြင်ခဲ့ဖူးရဲ့လား။

ဖြေ။ ။မြင်ဖူးပါတယ် အရှင်ယမမင်း။

မေး။ ။မြင်ဖူးယင် ဒီလူအိုရသလို ငါလဲ တနေ့အိုရလိမ့်အုံးမယ်၊ မအိုခင် အကုသိုလ်ဒုစရိုက်တွေ ရှောင်ကြဉ်ပြီးတော့ ကုသိုလ်ကောင်းမှု ပြုမှပဲလို့ သတိသံဝေဂ ရခဲ့ဖူးရဲ့လား။ အကုသိုလ်မှုတွေ ရှောင်ကြဉ်ပြီးတော့ ကုသိုလ်မှုတွေ ပြုခဲ့ရဲ့လား။

အထက်ပါ မေးခွန်းမျိုးနဲ့ စစ်မေးတဲ့အခါ အမေးခံရတဲ့ ငရဲသူ-ငရဲသားဟာ မိမိရဲ့ကုသိုလ်ကောင်းမှုကို ပြန်သတိရယင် ငရဲဘုံကလွတ်ပါတယ်။ ဒီလိုနဲ့မှမရသေးယင် တတိယမေးခွန်းနဲ့ စစ်မေးတယ်တဲ့။ ကဲ....ဆိုကြဦးစို့။

**သူနာမြင်သော်....သံဝေရလို့၊ ကုသိုလ်ပညာပြုလားကွယ်။**
**မိမိကုသိုလ် သတိရမှ၊ ငရဲဘုံက လွတ်ပါတယ်။**

မေး။　။အမောင်၊ သင်ဟာ လူ့ပြည်မှာတုန်းက လူနာများ မြင်ခဲ့ဖူးရဲ့လား။

ဖြေ။　။မြင်ဖူးပါတယ် အရှင်ယမမင်း။

မေး။　။မြင်ဖူးယင် ဒီလူ နာရသလို ငါလဲ နာရလိမ့်အုံးမယ်၊ မနာခင် အကုသိုလ်မှုတွေ ရှောင်ကြဉ်ပြီး ကုသိုလ်မှုတွေ ပြုမှပဲလို့ သတိ သံဝေဂ ရခဲ့ဖူးရဲ့လား။ ကုသိုလ်ကောင်းမှုရော ပြုခဲ့ရဲ့လား။

အထက်ပါ တတိယမေးခွန်းနဲ့ စစ်မေးတဲ့အခါ ငရဲသူ ငရဲသားဟာ မိမိရဲ့ ကုသိုလ်ကောင်းမှုကို ပြန်သတိရယင် ငရဲဘုံမှ လွတ်ပါတယ်။ ဒီလို သုံးကြိမ်မြောက် မေးလို့မှ မရသေးယင် စတုတ္ထမေးခွန်းနဲ့ စစ်မေးတယ်တဲ့။ ကဲ....လိုက်ဆိုကြပါ။

**သူသေမြင်သော်-သံဝေရလို့၊ ကုသိုလ်ပညာ ပြုလားကွယ်။**
**မိမိကုသိုလ်-သတိရမှ၊ ငရဲဘုံက လွတ်ပါတယ်။**

မေး။　။အမောင်၊ သင်ဟာ လူ့ပြည်မှာတုန်းက သေတဲ့သူများ မြင်ခဲ့ဖူးရဲ့လား။

ဖြေ။　။မြင်ဖူးပါတယ် အရှင်ယမမင်း။

မေး။　မြင်ဖူးယင် ဒီလူသေရသလို ငါလဲ တနေ့သေရလိမ့်အုံးမယ်။ မသေခင် အကုသိုလ်မှုတွေ ရှောင်ကြဉ်ပြီး

ကုသိုလ်မှုတွေ ပြုမှပဲလို့ သတိ သံဝေဂစိတ်နဲ့ ကုသိုလ်ကောင်းမှု ပြုခဲ့ဖူးရဲ့လား။

အထက်ပါ မေးခွန်းမျိုးနဲ့ စစ်မေးတဲ့အခါ မိမိရဲ့ ကုသိုလ်ကောင်းမှုကို ပြန်သတိရတဲ့အခါ ငရဲသူငရဲသားဟာ ငရဲဘုံက လွတ်ပါတယ်။ ဒီလို လေးကြိမ်မြောက်မေးလို့မှ မရသေးယင် ယမမင်းက အင်မတန် သနားကရုဏာသက်တဲ့ အမူအရာနဲ့ ငရဲသားကို ကြည့်ပြီးတော့ နောက်ဆုံး ပဉ္စမ မေးခွန်းနဲ့ စစ်မေးတယ်တဲ့။ ကဲ....တရားကဗျာ ဆိုကြရအောင်။

**အကျဉ်းသားမြင်သော်....သံဝေရလို့၊ကုသိုလ်ပုညပြုလားကွယ်။**

**မေးစစ်တိုင်းသာ ကုသိုလ်ကင်းယင်၊ ငရဲဘုံတွင်း ခံရေးကွယ်။**

**ကြောက်ဖွယ်....ကြောက်ဖွယ်။**

မေး။ ။အမောင်၊ သင်ဟာ လူ့ပြည်မှာတုန်းက အကျဉ်းသားများ မြင်ခဲ့ဖူးရဲ့လား။

ဖြေ။ ။မြင်ဖူးပါတယ် အရှင်ယမမင်း။

မေး။ ။မြင်ဖူးယင် ဒီအကျဉ်းသားဟာ အကျဉ်းထောင်ထဲက မလွတ်မချင်း ဆင်းရဲခံရသလို ငါလဲ ၃၁-ဘုံ အကျဉ်းထောင်ထဲမှ မလွတ်မချင်း ဆင်းရဲအမျိုးမျိုးနဲ့ တွေ့ကြုံရအုံးမယ်။ မအိုခင်၊ မနာခင်၊ မသေခင်၊ အကုသိုလ်တွေ ရှောင်ကြဉ်ပြီး ၃၁-ဘုံမှ လွတ်

မြောက်ရာ လွတ်မြောက်ကြောင်း ကုသိုလ်ကောင်းမှုတွေ ပြုမှုပဲလို့ သတိသံဝေဂ ရဖူးရဲ့လား၊ ကုသိုလ်ကောင်းမှု ပြုရော ပြုခဲ့ဖူးရဲ့လား။

ဒီလိုမေးလို့မှ မရသေးဖူးဆိုယင် ယမမင်းက သူ့ဟာသူ စဉ်းစားကြည့်တယ်။ ဒီငရဲသားဟာ လူ့ပြည်မှာတုန်းက ဘယ်လိုကုသိုလ်များ ပြုခဲ့သလဲဆိုတာကို စဉ်းစားကြည့်လို့ မြင်ယင် ဖော်ပြောတယ်။ အမောင်....သင်ဟာ ဘယ်တုန်းက ဘယ်ကုသိုလ်မျိုး ပြုခဲ့ဖူးတယ်။ အဲဒီတုန်းက ငါ့ကိုတောင် သင် အမျှဝေခဲ့ဖူးသေးတယ်လို့ ဖော်ပြသတိပေးပါတယ်။ ဒီလို သတိပေးလို့ မိမိကုသိုလ်ကို ပြန်သတိရယင် အဲဒီငရဲသားဟာ ငရဲဘုံက လွတ်တယ်....တဲ့။

မိမိတို့ပြုထားတဲ့ ဒါန, သီလစတဲ့ တရားတွေဟာ ဒီလိုနေရာမျိုးမှာ အလွန်အားကိုးရပါတယ်။ ဒါကြောင့် ဒါန, သီလစတဲ့ တရားတွေကို မပစ်ပယ်ရဘူး၊ ပြုကို ပြုရမယ်။ ပြုတဲ့အခါ ယမမင်းကိုလဲ အမျှဝေဖို့ မမေ့ကြနဲ့။

ကဲ....ပြန်ဆက်ကြဦးစို့။ ဒီလိုယမမင်းက ယမတမန် ငါးမျိုးပြပြီး စစ်မေးလို့လဲ အမေးခံရသူက မိမိကုသိုလ်ကို သတိမရဘူး။ ယမမင်းကလဲ သူ့ဟာသူ စဉ်းစားကြည့်လို့ အဲဒီ ငရဲသားရဲ့ကုသိုလ်ကို မမြင်ဘူးဆိုယင် သူ့ကို ငရဲထိန်းတွေလက်ထဲ အပ်လိုက်တယ်တဲ့။

အဲဒီအခါ ငရဲထိန်းတွေက ငရဲသားကို နှောင်ဖွဲ့ခြင်းငါးမျိုးနဲ့ နှောင်ဖွဲ့ပါသတဲ့။ နှောင်ဖွဲ့ခြင်း ငါးမျိုးဆိုတာက....

(၁) ဗယ်လက်ဝါးအလယ်မှာ သံစူးတချက်။
(၂) ညာလက်ဝါးအလယ်မှာ သံစူးတချက်။
(၃) ဗယ်ခြေဖဝါးအလယ်မှာ သံစူးတချက်။
(၄) ညာခြေဖဝါးအလယ်မှာ သံစူးတချက်။
(၅) ရင်ဝမှာ သံစူးတချက်။ ဒီလို မလှုပ်နိုင်အောင် သံစူးငါးချက် ရိုက်နှိပ်ခြင်းပါပဲ။

အဲဒီနောက် မလှုပ်နိုင်ရှာတဲ့ ငရဲသူ ငရဲသားကို ငရဲထိန်းတွေက ဆိုင်ရာငရဲသို့ ပို့လိုက်တယ်တဲ့။

## ငရဲကြီး ရှစ်ထပ်သရုပ်

ငရဲဟာလဲ ငရဲကြီးနှင့် ငရဲငယ်လို့ နှစ်မျိုးရှိပါတယ်။ ငရဲကြီးက ရှစ်ထပ်ရှိတယ်။ ဘာတွေလဲဆိုယင်....

(၁) သိဉ္ဇိုဝ်း၊
(၂) ကာဠသုတ်
(၃) သံဃာတ၊
(၄) ဇာလရောရုဝ
(၅) ဓူမရောရုဝ၊
(၆) တာပန
(၇) ပတာပနနှင့်၊
(၈) အဝီစိငရဲ

တို့ဖြစ်ကြပါတယ်။ ငရဲကြီးတထပ်စီမှာလဲ အခြံအရံဖြစ်တဲ့ ငရဲငယ်တွေက ၂၀-စီလောက် ရှိကြတယ်တဲ့။

တချို့က ငရဲဘုံတို့ နတ်ဘုံတို့ရှိတယ်ဆိုတာကို မယုံကြဘူးတဲ့။ ဒီလိုမယုံတဲ့ ပုဂ္ဂိုလ်တွေကတော့ အခုမှရှိကြတာ မဟုတ်ပါဘူး။ ဘုရားလက်ထက်ကပင် ရှိခဲ့ဖူးပါတယ်။

ဟိုတုန်းကတန်ခိုးအရာမှာ တေဒဂ်ရတော်မူတဲ့ လက်ဝဲတော်ရံ အရှင်မဟာမောဂ္ဂလ္လာန် မထေရ်မြတ်ကြီးဟာ နတ်ပြည်တို့

ရေပြည်တို့ကို ရုံဖန်ရံခါ တန်ခိုးနဲ့ ကြွတော်မူပြီးတော့ ငရဲမှာ ဒုက္ခခံရပုံတွေ၊ နတ်ပြည်မှာ နတ်စည်းစိမ် ခံစားရပုံတွေကို လူ့ပြည်မှာ ပြန်လည်ဟောကြားလေ့ ရှိပါတယ်။ ဒါနဲ့များ တောင် မယုံတဲ့သူတွေ ရှိခဲ့ကြသေးတာပဲ။ ဒီခေတ်မှာ မယုံတာ မဆန်းပါဘူး။ ဦးပဥ္ဇင်းတို့ ဟောနေတာကတော့ ကိုယ်တိုင်လဲ ယုံကြည်၊ အခြားယုံကြည်သူများကိုလဲ ပိုပြီးသတိသံဝေဂဖြစ်စေ ရန် ရည်ရွယ်ပြီးတော့ ဟောနေခြင်းပါပဲ။

ကဲ....ငရဲအကြောင်း ပြန်ဆက်ကြဦးစို့။

## သိဉ္ဇိုဝ်းငရဲဆိုတာ

ဘယ်အကုသိုလ်ဒုစရိုက်ကို ကျူးလွန်ယင် ဘယ်ငရဲကို ကျရ တယ်လို့တော့ တိတိကျကျ သတ်မှတ်ချက် မရှိပါဘူး။ ဒါပေမယ့် ပြောရလွယ်အောင်ဆိုပြီး ဦးပဥ္ဇင်းကတော့ ဒုစရိုက်တပါး ငရဲ တထပ်စီ ဒီလိုတွဲပြီး ဟောကြားမယ်။ အခု သိဉ္ဇိုဝ်းငရဲကစပြီး ဟောမယ်။

သိဉ္ဇိုဝ်းဆိုတာ သံ+ဇီဝ ဆိုတဲ့ ပါဠိက ဆင်းသက်လာတဲ့ ပါဠိပျက်စကားပဲ။ သံ=တဖန်၊ ဇီဝ=အသက်ရှင်။ ဒီတော့ သိဉ္ဇိုဝ်းငရဲဆိုတာ ထပ်ကာ ထပ်ကာ ဖြစ်ရာ ငရဲလို့ အဓိပ္ပာယ် ရပါတယ်။

ဒီဘုံက ငရဲသူ ငရဲသားတွေကို ငရဲထိန်းတွေက အလျှံ ပြောင်ပြောင်တောက်တဲ့ ငရဲလက်နက်တွေနဲ့ ရိုက်နှက် ထိုးခုတ် သေအောင် ညှဉ်းဆဲ သတ်ပုတ်ကြပါတယ်။ ဒီလို အသတ်ခံကြ ရပေမယ့် ငရဲသူငရဲသားတွေဟာ အကုသိုလ်ကံ မကုန်မချင်း ဒီဘုံ

ဖွာချည်း ထပ်ကာထပ်ကာ ဖြစ်ရပါတယ်။ သိဥ္စိုဝ်းငရဲသက်တမ်းကုန်အောင် ခံရမယ်ဆိုယင်တော့ အနှစ်ငါးရာတိတိ ခံရတယ်တဲ့။

အနှစ်ငါးရာဆိုတာက ငရဲနှစ်ကို ပြောတာပါ၊ လူ့အရေအတွက်နဲ့ ပြောရယင် ကြောက်စရာ ကောင်းလောက်အောင် ရှည်ပါတယ်။ လူ့အရေအတွက်နဲ့ အနှစ်ကိုးသန်းဟာ သိဥ္စိုဝ်းငရဲမှာ တရက်မျှသာ ဖြစ်တယ်တဲ့။ ကဲ.... ဆိုကြရအောင်။

**သိဥ္စိုဝ်းငရဲခံရပုံ ခဆောင်ပုဒ်**

ငရဲထိန်းခေါ် နတ်ဘီလူးများက၊
ငရဲသားကို ဖမ်းယူတယ်။
အလျှံပြောင်ပြောင် လက်နက်ဓားနဲ့၊
မသနားပဲ သတ်ဖြတ်တယ်။
အကုသိုလ်ကံ မကုန်ကြွင်းယင်၊
ဒီဘုံတွင်းမှာ ထပ်ဖြစ်တယ်။
ထပ်ကာထပ်ကာ ဖြစ်ရမြဲမို့၊
သိဥ္စိုဝ်းငရဲ ခေါ်ရတယ်။
ဒီဘုံသက်ကို တွက်စစ်ကြည့်တော့၊
ငါးရာတိတိ ရှိပါတယ်။
သိန်းသန်းကုဋေ လူ့သက်မမျှအောင်၊
ငရဲသက်က ရှည်လှတယ်။
ကြောက်ဖွယ်....ကြောက်ဖွယ်။

ဒီလိုငရဲမျိုးမှာ ကြီးမားတဲ့ဆင်းရဲဒုက္ခတွေ ကြာမြင့်စွာခံကြရတာဟာ ဘာကြောင့်လဲလို့ဆိုယင် မိမိတို့ ကျူးလွန်ခဲ့ကြတဲ့ ပါဏာတိပါတ စတဲ့ အကုသိုလ်ဒုစရိုက်ကြောင့်ပါပဲတဲ့။

## သူမကောင်းသမျှ ဒုစရိုက်မကောင်းပ

ဒါဖြင့်ယင် ဒီဒုစရိုက်တွေကို မကျူးလွန်ပဲ နေပါတော့လား၊ ဘာဖြစ်လို့ ကျူးလွန်ကြသလဲလို့ဆိုယင် ထင်ရှားရှိတဲ့ ရုပ်နာမ် အစဉ်မျှကို 'ငါပဲ'လို့ အထင်လွဲတဲ့ သက္ကာယဒိဋ္ဌိကြောင့် ကျူးလွန်ကြခြင်းပါပဲ။ သတ္တဝါတွေဟာ ဒီသက္ကာယဒိဋ္ဌိ မကင်း သေးသမျှ ဒုစရိုက်တွေကို အခု မကျူးလွန်ပေမယ့် နောင် ကျူးလွန်လောက်တဲ့ အခြေအနေ ဖန်တီးလာယင် ကျူးလွန် ကြမှာပါပဲတဲ့။

ဒီနေရာမှာ သက္ကာယဒိဋ္ဌိဆိုတဲ့စကားကို အတော်အသင့်သိဖို့ လိုလာပါတယ်။ ဒီစကားဟာ သက္ကာယနဲ့ ဒိဋ္ဌိ နှစ်ခုပေါင်းစပ် ထားတဲ့ ပါဠိစကားပါပဲ။ သက္ကာယဆိုတာက ထင်ရှားရှိတဲ့ ခန္ဓာငါးပါးအပေါင်းတဲ့။ ခန္ဓာငါးပါးဆိုတာ ရုပ်နဲ့နာမ်ပါပဲ။ ဒိဋ္ဌိဆိုတာက မှားယွင်းစွာမြင်မှု၊ အယူအဆလွဲမှားမှုဖြစ်ပါတယ်။ ဒီတော့ သက္ကာယဒိဋ္ဌိဆိုတာဟာ ထင်ရှားရှိတဲ့ ရုပ်နာမ်အပေါ် အယူအဆလွဲမှားမှုလို့ ဆိုလိုပါတယ်။

ရုပ်ဆိုတာ လွယ်အောင်ပြောရယင် မသိတတ်တဲ့သဘော ပါပဲ။ နာမ်ကတော့ သိတတ်တဲ့သဘောတဲ့။ အဲဒီရုပ်နာမ်တွေဟာ ဘယ်မှာ ထင်ရှားရှိသလဲလို့ဆိုယင် မြင်တိုင်း၊ ကြားတိုင်း၊ နံတိုင်း၊ စားတိုင်း၊ ထိတိုင်း၊ တွေးတိုင်း၊ ဒီလို အာရုံနဲ့ ဒွါရ ဆုံတိုင်း ဆုံတိုင်းမှာ ထင်ရှားရှိနေပါတယ်။

မြင်တိုင်း မြင်တိုင်း ဘယ်လိုထင်ရှားရှိသလဲလို့ဆိုယင် အဆင်း မျိုးစုံရူပါရုံက မျက်စိအကြည်ရုပ်ကို လာထိခိုက်တဲ့အခါ မြင်သိ စိတ်နဲ့ ယှဉ်ဘက်တရားတွေ ဖြစ်ပေါ်လာပါတယ်။ အဲဒီမှာ-

(၁) အဆင်းရယ်၊ (၂) မျက်စိအကြည်ရယ်၊ (၃) မြင်သိစိတ်နဲ့ ယှဉ်ဘက်တရားရယ်လို့ ၃-မျိုးရှိတဲ့အထဲက အဆင်းနဲ့ မျက်စိအကြည်က ရုပ်တရား၊ မသိတတ်တဲ့ သဘောပါပဲ။ မြင်သိစိတ်နဲ့ ယှဉ်ဘက်တရားတွေကတော့ နာမ်တရား၊ သိတတ်တဲ့သဘောတဲ့။

အဲဒီ ရုပ်နဲ့နာမ် နှစ်ပါးဟာ မြင်ခိုက်မှာ အမှန်တကယ် ထင်ရှားရှိနေပါတယ်။ ဒီလိုထင်ရှားရှိတဲ့ ရုပ်နာမ်ကိုပဲ သက္ကာယလို့ နာမည်တမျိုး ပြောင်းခေါ်ပါတယ်။ အဲဒီ သက္ကာယရုပ်နာမ်ကို ငါပဲ၊ သူပဲ၊ ယောကျ်ားပဲ၊ မိန်းမပဲ စသည်ဖြင့် အယူအဆလွဲမှားတာဟာ သက္ကာယဒိဋ္ဌိပါပဲ။

ဘယ်လိုအယူအဆလွဲမှားသလဲလို့ဆိုယင် "မြင်တာငါပဲ" လို့လဲ အယူအဆလွဲမှားပါတယ်။ ဒီတော့ "မြင်တာ ငါပဲဆိုတာ မမှန်ဘူးလား" လို့ ဆိုလျှင် အပြောမှန် အနေတော့မှန်ပါတယ်။ သဘောမှန်အနေနဲ့တော့ မမှန်ပါဘူး။

## အပြောမှန်

ဒါကြောင့် ဒီနေရာမှာ အပြောမှန်နယ်ပယ်နဲ့ သဘောမှန် နယ်ပယ်ကို သတိပြုဖို့ လိုပါတယ်။ "ငါ သူတပါး ယောကျ်ား မိန်းမ သားမယား စသည်ဖြင့် လူတွေက ရှိတယ်လို့ လက်ခံ သတ်မှတ်ထားတာ မှန်သမျှ အကုန်ရှိတယ်" လို့ ဆိုတာဟာ အပြောမှန်ပဲ။ ဒီအပြောမှန်က ဘယ်အထိ မှန်သလဲဆိုယင် (၁) လူ့လူချင်း ဆက်ဆံတဲ့နေရာ၊ (၂) ဒါနပြုတဲ့နေရာ၊ (၃) သီလစောင့်တဲ့နေရာ၊ (၄) သမထ ကမ္မဋ္ဌာန်းစီးဖြန်းတဲ့ နေရာမျိုးတွေမှာ မှန်တယ်။ အဲဒီနေရာတွေမှာ အပြောမှန် ပညတ်ကို မပယ်ရဘူး။ ပယ်ယင် မုသာဝါဒ ဖြစ်တယ်။

## သဘောမှန်

ဒါပေမယ့် ဝိပဿနာယောဂီ တယောက်အဖို့ အပြောမှန်လောက် သိရုံနဲ့တော့ မပြီးသေးဘူး။ သဘောမှန်ကို သိဖို့လိုသေးတယ်။ ငါ သူတပါး ယောကျာ်း မိန်းမ စသည်ဖြင့် လူတွေက ရှိတယ်လို့ လက်ခံသတ်မှတ်ထားတာတွေဟာ တကယ်မရှိဘူး။ တလောကလုံး ရုပ် နဲ့ နာမ်သာ တကယ်ရှိတယ်လို့ ဆိုတာက သဘောမှန် ဖြစ်တယ်။

ဒီသဘောမှန်ကတော့ ဝိပဿနာရှုတဲ့အခါ မြင်ရမယ့် အမြင်မျိုး။ ဝိပဿနာရှုလို့ အရိယာ ဖြစ်သွားတဲ့အခါ သူ့အလိုအလျောက် မြင်သွားမယ့် အမြင်မျိုးပါပဲ။ ဒါကြောင့် သဘောမှန်ခေါ် ပရမတ်နဲ့ အပြောမှန်ခေါ် ပညတ်တို့ဟာ သူ့နယ်နဲ့သူ အကန့်အသတ် ရှိတာကို အထူး သတိပြုသင့်ပါတယ်။

## မြင်ရာမှာ သက္ကာယဒိဋ္ဌိဝင်ပုံ

မြင်ဆဲမှာ သက္ကာယဒိဋ္ဌိဝင်ပုံ ပြန်ဆက်ကြဦးစို့။ သဘောမှန်အနေနဲ့ဆိုယင် မြင်တာဟာ မြင်သိစိတ်ပါ၊ ငါ မဟုတ်ဘူး။ ငါဆိုတာ အပြောမှန်မျှသာ ဖြစ်ပါတယ်၊ တကယ်မရှိပါဘူး။ မြင်သိစိတ်ကတော့ မြင်ခိုက်မှာ တကယ်ရှိတဲ့သဘောမှန်၊ ပရမတ်တရားအစစ် ဖြစ်တယ်။ ဒီလို အပြောမှန် ငါနဲ့ သဘောမှန် မြင်သိစိတ်ကို ခွဲခြားမသိတော့ "မြင်တာ ငါပဲ" ဆိုတဲ့ မြင်သိစိတ်ကို ငါကောင်ထင်တဲ့ သက္ကာယဒိဋ္ဌိ ဝင်လာတယ်။

"မျက်စိကမြင်တာပဲ" လို့ အယူမှားယင်လဲ သက္ကာယဒိဋ္ဌိပါပဲ။ မျက်စိရုပ်ဟာ မြင်တတ်တာ မဟုတ်ပါဘူး။ မြင်စေတတ်

တဲ့အကြောင်းတရားမျှသာ ဖြစ်ပါတယ်။ ဒါကြောင့် မျက်စိက မြင်တာပဲလို့ အယူမှားတာဟာ မျက်စိရုပ်ကို ငါကောင်ထင်တဲ့ သက္ကာယဒိဋ္ဌိ ဖြစ်ပါတယ်။

"ခွေးကိုမြင်တာပဲ၊ ကြောင်ကိုမြင်တာပဲ၊ ယောကျ်ားကို မြင်တာပဲ၊ မိန်းမကို မြင်တာပဲ" စသည်ဖြင့် အယူလွဲမှားယင်လဲ သက္ကာယဒိဋ္ဌိပါပဲ။ ဘာဖြစ်လို့လဲဆိုယင် မျက်စိ အကြည်မှာ တကယ် ထင်လာတာဟာ အဆင်းရုပ်မျှသာ ဖြစ်ပါတယ်။ အကောင်အထည် မ ဟုတ် ပါ ဘူး။ အ ကောင် အ ထည် ကြီး တခုလုံး မျက်စိအကြည်ထဲ ရောက်လာတာ မဟုတ်ပါဘူး။ ဒါကြောင့် ခွေးကိုမြင်တယ်၊ ကြောင်ကို မြင်တယ် စသည်ဖြင့် အယူအဆ လွဲမှားတာဟာ အဆင်းရုပ်ကို ငါကောင်ထင်တဲ့ သက္ကာယဒိဋ္ဌိ ဖြစ်ပါတယ်။

ကြားခိုက် စသည်မှာ သက္ကာယဒိဋ္ဌိ ဝင် ပုံ တွေ ကို တော့ ကျန် ဒုစရိုက် အခန်းတွေကျမှပဲ ဆက်လက် ဖော်ပြပါမယ်။ အခုတော့ သမ္မာဒိဋ္ဌိ ဖြစ်ပုံကိုပဲ ဖော်ပြပါအုံးမယ်။

အပြောမှန်မျှသာဖြစ်တဲ့ ပညတ် ငါနဲ့ သဘောမှန်ဖြစ်တဲ့ ပရမတ် ရုပ်နာမ်တို့ကို ခွဲခွဲခြားခြား သိမြင်ဖို့ လိုပါတယ်။ ဆံပင် မွေးညင်းအစ ကျင်ငယ်အဆုံးရှိသော ၃၂-ကောဋ္ဌာသတွေကို စုပေါင်းလိုက်တဲ့အခါ ပုံသဏ္ဌာန်ပေါ်လာပါတယ်။ ပုံသဏ္ဌာန် ချင်းမတူတာကတော့ရှေးကံကြောင့်ပါပဲ။ အဲဒီ ၃၂-ကောဋ္ဌာသ အစုအပေါင်းဖြစ်တဲ့ ပုံသဏ္ဌာန်အမျိုးမျိုးကိုပဲ ဒါကယောကျ်ား ဒါကမိန်းမ စသည်ဖြင့် ခေါ်ဝေါ်နေခြင်း ဖြစ်ပါတယ်။

အမှန်ကတော့ ဆံပင်သက်သက်ကို ယောကျ်ားပဲမိန်းမပဲလို့ ခေါ်တာ မဟုတ်ပါဘူး။ တခုချင်းအနေနဲ့ ဘယ်ဟာကိုမှ ငါပဲ သူပဲ ယောကျ်ားပဲ မိန်းမပဲလို့ ခေါ်လို့ရတာ မဟုတ်ပါဘူး။ ဒါကြောင့် ၃၂-မျိုး စုပေါင်းပြီးနေတာကို ဆံပင်တစု မွေးညင်းတစု စသည်ဖြင့် တစုချင်း စိတ်နဲ့ခွဲကြည့်ပါ။ အဲဒီနောက် ယောကျ်ားဆိုတာ မိန်းမဆိုတာ ဆံပင်ကိုခေါ်တာလား မွေးညင်းကို ခေါ်တာလား စသည်ဖြင့် ကိုယ့်ဟာကိုယ် စိတ်နဲ့ တခုချင်း မေးဖြေကြည့်ပါ။ ဒီလို မေး-ဖြေကြည့်ယင် ၃၂-ကောဋ္ဌာသလဲ ကုန်ရော၊ ငါ သူဘပါးယောကျ်ား မိန်းမဆိုတာ တကယ်မရှိပါပဲကလား၊ ယောကျ်ား မိန်းမဆိုတာ အပြောမှန်မျှသာ ဖြစ်ပါကလားလို့ ကိုယ်တိုင် သိမြင်လာပါလိမ့်မယ်။

အဲဒီလို သိလာယင် ဒီခန္ဓာကိုယ် အတ္တဘောကြီးမှာ ဘာတွေအမှန်တကယ် ရှိနေတယ်ဆိုတာကို ရှေ့တဆင့်တက်ပြီး သိဖို့ လိုလာပါတယ်။တကိုယ်လုံးမှာ စမ်းကြည့်မယ်ဆိုယင် တချို့က မာတယ်၊တချို့က ပျော့တယ်၊ဒီပျော့မှုမာမှုသဘောကို ပထဝီ-မြေဓာတ်လို့ ခေါ်ပါတယ်။ ဖွဲ့စည်းတဲ့သဘော၊ ယိုစီးတဲ့သဘောကတော့ အာပေါ-ရေဓာတ်ဖြစ်တယ်။ ပူတဲ့သဘော၊ အေးတဲ့သဘောကတော့ တေဇော-မီးဓာတ်ဖြစ်ပါတယ်။ ရွေ့လျားမှုသဘော တွန်းကန် ထောက်ခံတဲ့သဘော၊ လှုပ်ရှားမှုသဘော မှန်သမျှဟာ ဝါယော-လေဓာတ် ဖြစ်တယ်။

ဒီဓာတ်ကြီးလေးပါးနဲ့ သူတို့ကိုမှီခိုနေတဲ့ အဆင်းအနံ့စတဲ့ မသိတတ်တဲ့သဘောမှန်ကတော့ ရုပ်ဖြစ်ပါတယ်။ ပူယင် ပူမှန်း

သိတဲ့စိတ်၊ အေးယင် အေးမှန်းသိတဲ့စိတ်၊ မြင်ယင် မြင်မှန်းသိတဲ့စိတ် စသည်ဖြင့် သိတတ်တဲ့သဘော မှန်သမျှကတော့ နာမ် ဖြစ်ပါတယ်။

ဒီခန္ဓာကိုယ်တခုလုံးမှာ မသိတတ်တဲ့ရုပ်နဲ့ သိတတ်တဲ့နာမ် ဒီနှစ်မျိုးသာ အမှန်တကယ် ရှိတယ်။ ငါဆိုတာ၊ ယောကျ်ား ဆိုတာ၊ မိန်းမဆိုတာတွေကတော့ တကယ်မရှိဘူး၊ ငါဆိုတာ အပြောမှန် သမ္မုတိသစ္စာပညတ်မျှသာ ဖြစ်တယ်။ ဖြစ်ဆဲမှာ တကယ်ရှိနေတဲ့ ရုပ်နာမ်ကတော့ သဘောမှန် ပရမတ္ထသစ္စာ ဖြစ်တယ်လို့ ဒီလိုပညတ် ငါနဲ့ ပရမတ်ရုပ်နာမ်ကို ကွဲကွဲပြားပြား သိယင် သမ္မာဒိဋ္ဌိ ဖြစ်ပါတယ်။ သမ္မာဒိဋ္ဌိခေါ် အမြင်မှန် ဖြစ်လာယင် သက္ကာယဒိဋ္ဌိခေါ် အမြင်မှားပျောက်ပါတယ်။

## အသိ ၃-မျိုး

ဒီနေရာမှာ သိနည်းက သုံးမျိုးရှိတယ်။ သူတို့ကတော့ (၁) သုတမယဉာဏ်။ (၂) စိန္တာမယဉာဏ်။ (၃) ဘာဝနာ မယဉာဏ်တို့ပါပဲ။

သုတမယဉာဏ်ဆိုတာက စာဖတ်လို့သိတဲ့ အသိ၊ သူများ ပြောလို့သိတဲ့အသိ၊ တရားနာလို့သိတဲ့ အသိမျိုးပါပဲ။ လွယ်လွယ် ပြောရယင်တော့ "ကြားသိ" ဖြစ်ပါတယ်။

စိန္တာမယဉာဏ်ဆိုတာက ကြံစည်လို့၊ စဉ်းစားတွေးခေါ်လို့ သိတဲ့အသိပါပဲ။ လွယ်လွယ်ပြောရယင် "ကြံသိ"ဖြစ်ပါတယ်။

ဘာဝနာမယဉာဏ် ဆိုတာကတော့ ဖြစ်ဆဲ ရုပ်နာမ်ကို လက်တွေ့ရှုမှတ်ယင်း သိတဲ့ အသိဖြစ်တယ်။ "ရှုမှတ်သိ၊ ဉာဏ်သိ" လို့ ဆိုနိုင်ပါတယ်။

သမ္မာဒိဋ္ဌိဖြစ်ပြီး သက္ကာယဒိဋ္ဌိပြုတ်ဖို့ဆိုတာမှာ ဒီအသိ ၃ မျိုးထဲက ဘာဝနာမယဉာဏ်လို့ ခေါ်တဲ့ ရှုမှတ်သိနဲ့ သိဖို့ အဓိက လိုအပ်ပါတယ်။ ဒါပေမယ့် အဲဒီလိုသိနိုင်အောင် "ကြားသိကြံသိ"လည်း အခြေခံအနေနဲ့တော့ လိုအပ်တာပါပဲ။

ဒီလို ဖြစ်ဆဲရုပ်နာမ်တွေကိုမပြတ်ရှုမှတ်ယင်း "ငါ၊သူ၊တပါး၊ ယောကျ်ား၊ မိန်းမဆိုတာ တကယ်မရှိဘူး၊ ရုပ်နဲ့နာမ်သာတကယ် ရှိတာပဲ"လို့ ဘာဝနာမယဉာဏ်ဖြင့် အမှန်တကယ် သိသွားယင် သမ္မာဒိဋ္ဌိခေါ် အမြင်မှန်ဖြစ်ပါတယ်။ အမြင်မှန် ဖြစ်လာယင် သက္ကာယဒိဋ္ဌိခေါ် အမြင်မှား ပျောက်ပါတယ်။ အမြဲတမ်း အမြင်မှား ပျောက်သွားယင် အပါယ်ရောက်မှာ ကြောက်စရာ မရှိတော့ဘူးတဲ့။

ကဲ....သဘောတရားတွေ ပြောလာလိုက်တာ တော်တော် တောင်ကြာသွားပြီ။ ဟောခဲ့ပြီးတာလေးတွေလဲ ပြန်မှတ်မိသွား အောင် အိပ်ငိုက်လဲ ပြေသွားအောင် တရားကဗျာလေးတွေ ဆိုကြအုံးစို့။

အပါယ်ဆင်းရဲကင်းရန်　ဆောင်ပုဒ်ညွှန်


သတ္တာတွေ　ဘယ်တရားကြောင့်၊
အပါယ်လေးပါး　ရောက်ရတယ်။
ဒုစရိုက်ခေါ်　ထိုတရားကြောင့်၊
အပါယ်လေးပါး　ရောက်ပါတယ်။
ဒုစရိုက်ကို　ဘယ်အတွက်ကြောင့်၊
လိုလားနှစ်သက် ပြုကြတယ်။

ထင်ရှားရုပ်နာမ် ငါထင်မှားလို့၊
ဒုစရိုက်များ ပြုပါတယ်။
သိတတ်တာဟာ နာမ်သဘောကွဲ့၊
မသိတဲ့သဘော ရုပ်ခေါ်တယ်။
ထင်ရှားရုပ်နာမ် တမျိုးလွဲလို့၊
သက္ကာယတဲ့ ခေါ်ကြတယ်။
သက္ကာယရုပ်နာမ် ငါထင်မိတော့၊
သကာယဒိဋ္ဌိ စွဲငြိတယ်။
အပါယ်ချတာ သူပါပဲကွဲ့၊
မဝင်ရဲအောင် တားရမယ်။
ရုပ်နာမ်နဲ့ငါ မှန်စွာသိတော့၊
သမ္မာဒိဋ္ဌိ ဖြစ်ပါတယ်။
အမှန်မြင်ယင် အမှားပျောက်လို့၊
အပါယ်ရောက်မှု ကင်းနိုင်တယ်။
မှတ်ကွယ်....မှတ်ကွယ်။

## အပါယ်မကျအောင် ဝိပဿနာက တားခဲ့ပုံဝတ္ထု

ဝိပဿနာရှုမှတ်လို့ အမြင်မှန်ရသွားယင် အယင်ကကျူးလွန်ခဲ့တဲ့ ပါဏာတိပါတ ဒုစရိုက်တွေ ဒုနဲ့ဒေး ရှိခဲ့ပေမယ့် အပါယ်မကျတဲ့ ဝတ္ထုသာဓကတွေ တော်တော်များများ ရှိပါတယ်။

မြတ်စွာဘုရားလက်ထက်က ရာဇဂြိုဟ်ပြည်မှာ တမ္ဗဒါဌိကအမည်ရှိတဲ့ ခိုးသူသတ်ဗိုလ်ကြီးတဦး ရှိခဲ့ပါတယ်။ သူဟာ လူတယောက်ကို လည်ပင်းပြတ်သွားအောင် ပုဆိန်နဲ့တချက်တည်း



တမ္ဗဒါဌိကသည် လူသတ်ဗိုလ်ကြီး ဖြစ်ခဲ့သော်ငြားလည်း ရင်းရာထူးမှ အငြိမ်းစားယူသောနေ့တွင် အရှင်သာရိပုတ္တရာအား နို့ဆွမ်းလှူဒါန်းပြီးလျှင် တရားနာကြား နေပုံ။

ခုတ်သတ်နိုင်ဖွမ်း ရှိပါသတဲ့။ ဒါနဲ့ပဲ သူဟာ ၅၅-နှစ်လုံးလုံး လူသတ်ရာထူးနဲ့ အမှုထမ်းခဲ့ရပါတယ်။ ရာဇဂြိုဟ်မြို့ရဲ့ အရှေ့မျက်နှာက ဖမ်းမိလာတဲ့ ခိုးသားဓားပြ ၄၉၉ ယောက်၊ တောင်မျက်နှာက ၅၀၀၊ အနောက်မျက်နှာက ၅၀၀၊ မြောက်မျက်နှာက ၅၀၀၊ ဒီလို ၂၀၀၀ ခန့်ရှိတဲ့ ခိုးသားဓားပြတွေကို အစုလိုက် အပုံလိုက် သူတယောက်တည်း ဒိုင်ခံသတ်ပေးခဲ့ပါတယ်။နှစ်ပေါင်း ၅၅နှစ်အတွင်းမှာ တယောက်စနှစ်ယောက်စ သတ်ရတာတွေလဲ အများအပြားပါပဲ။

ဒါပေမယ့် သူဟာ အမှုထမ်းသက် ၅၅ နှစ် ကြာလာတဲ့ အခါ အသက်ကြီးလာလို့ အယင်ကလို လူတယောက်ကို တချက်တည်းနဲ့ သေအောင် မသတ်နိုင်တော့ဘူးတဲ့။ အချက်ပေါင်းများစွာ ခုတ်ရလို့ အသတ်ခံရတဲ့လူတွေဟာ ပင်ပင်ပန်းပန်း သေကြရရှာတယ်။ ဒါကြောင့် သူ့ကို လူသတ်ရာထူးမှ ဖယ်ရှားပစ်ပါတယ်။

သူဟာ ခိုးသူသတ်ဗိုလ် လုပ်နေစဉ်တုန်းက ဘုရင့်အမိန့်အရ (၁) မြတ်လေးပန်း ပန်ခြင်း၊ (၂) နံ့သာလိမ်းကျံခြင်း၊ (၃) အဝတ်သစ်ဝတ်ခြင်း၊ (၄) ထောပတ်ပါတဲ့ နို့ဆန်ပြုတ် သောက်ခြင်းတို့ကို ရှောင်ကြဉ်ခဲ့ရပါတယ်။ ဘာဖြစ်လို့ ရှောင်ခိုင်းတယ်ဆိုတာကိုတော့ ဓမ္မပဒအဋ္ဌကထာမှာ မတွေ့မိဘူး။

တမ္ဗဒါဌိကဟာ ရာထူးကျတဲ့နေ့ နံနက်ပိုင်းမှာ နို့ဆန်ပြုတ်ကို ကျိုချက်စေတယ်။ ရေချိုး၊ ပန်းပန်၊ နံ့သာလိမ်းပြီး အဝတ်သစ်လဲ ဝတ်ဆင်ပါတယ်။ ၅၅ နှစ်လုံးလုံး ရှောင်ခဲ့ရလို့ အလွန် သောက်ချင်နေတဲ့ နို့ဆန်ပြုတ်ကို အားရပါးရ သောက်တော့မည့်ဆဲဆဲမှာ ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးဟာ သူ့ထံ ဆွမ်းခံရောက်လာပါတယ်။ သူ့ကို ချီးမြှောက်ဖို့ တမင်ကြွလာခြင်းပါပဲ။ တမ္ဗဒါဌိကဟာလည်း သောက်တော့မည့် ဆဲဆဲ နို့ဆန်ပြုတ်ကို ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးအား လှူဒါန်းလိုက်တယ်တဲ့။

မထေရ်မြတ်ကြီးလဲ သူ့အိမ်မှာပဲ နို့ဆန်ပြုတ် ဘုဉ်းပေးပြီး အနုမောဒနာတရား ဟောကြားပါတယ်။ တမ္ဗဒါဌိကဟာ တရားနာယင်း လက်လှုပ်လှုပ် ခြေလှုပ်လှုပ် ဂဏာမငြိမ် ဖြစ်နေပါတယ်။

ဒါကို ရှင်သာရိပုတ္တရာ မြင်တော့ "ဒကာကြီး၊ သင်ဟာ ငါဟောတဲ့ တရားကို စိတ်မဝင်စားဘူးလား" လို့ မေးတော်မူပါတယ်။

တမ္ဗဒါဌိကလည်း "အရှင်ဘုရား၊တပည့်တော်ဟာ ၅၅ နှစ် လုံးလုံး လူတွေကို ထောင်နဲ့ချိပြီး သတ်ခဲ့တဲ့ သူပါ။ အဲဒီ အကုသိုလ်တွေကို ပြန်သတိရနေပါတယ်။ ဒါကြောင့် အရှင် ဘုရား ဟောတဲ့တရားကို ဘယ်လို စိတ်ဝင်စားနိုင်မှာလဲ ဘုရား" လို့ အမှန်အတိုင်း ပြန်လျှောက်ထားတယ်တဲ့။

ဒီတော့ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးက နည်း ပရိယာယ်ပြောင်းပြီး တရား ဟောဖို့ အားထုတ်တဲ့ အနေနဲ့ "ဒကာကြီး၊ ၅၅ နှစ်လုံးလုံး သင် လူတွေ သတ်ခဲ့တာဟာ သင့်သဘောနဲ့သင် သတ်ခဲ့တာလား၊ဘုရင်ကခိုင်းလို့ သတ်ခဲ့တာ လား"လို့ မေးတော်မူပါတယ်။

"ဘုရင်ကခိုင်းလို့ သတ်ခဲ့တာပါ"လို့ ဖြေတဲ့အခါ "သူများ ခိုင်းလို့ သတ်တာဆိုယင် သင့်မှာ အပြစ် ရှိနိုင်ပါ့မလား" လို့ ထပ်မေးပါတယ်။ဒီနေရာမှာ ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ် ကြီးက 'သူများခိုင်းလို့ သတ်ယင် အပြစ်မရှိဘူး" လို့ မပြောပဲ "သင့်မှာအပြစ်ရှိပါ့မလား"လို့ ပြန်မေးတာကို သတိပြုသင့် ပါတယ်။

အဲဒီတော့ ဉာဏ်နည်းတဲ့ တမ္ဗဒါဌိကက စဉ်းစားတယ်။ "အေး-ဟုတ်ပေသားပဲ၊ငါလူသတ်ခဲ့တာတွေဟာ ငါ့သဘောနဲ့ ငါသတ်တာမှ မဟုတ်ပဲ၊ ဘုရင်က ခိုင်းလို့ သတ်ခဲ့ရတာသာ ဖြစ်တယ်။ ငါ့မှာ အပြစ် မရှိနိုင်ဘူး" လို့ သူ့ဟာသူ ဆုံးဖြတ်

ပြီးတော့ တရားကို စိတ်ပါဝင်စားစွာ ဆက်လက် နာယူပါတယ်။


အဲဒီလို တရားနာယူယင်း မိမိရဲ့ ဖြစ်ဆဲရုပ်နာမ်အစဉ်ကို နှလုံးသွင်း ရှုမှတ်သွားလိုက်တာ ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးကလည်း တရားရပ်၊ သူလဲ အနုလောမခန္တီဉာဏ်အထိ ရောက်သွားပါတယ်။ ဒီဉာဏ်ဟာ သောတာပတ္တိမဂ်ရဲ့ အောက်ဘက်က ဉာဏ်လို့ ဆိုပါတယ်။ နားလည်လွယ်အောင် ပြောရယင်တော့ သူဟာ သောတာပန် ဖြစ်ခါနီးအထိ ဝိပဿနာဉာဏ်စဉ် ရောက်သွားတယ်တဲ့။

အဲ.... တရား ဟောပြီးလို့ ကျောင်းတော် ပြန်ကြွတဲ့ ရှင်သာရိပုတ္တရာကို တမ္ဗဒါဌိက,က အတော်ဝေးအောင် လိုက်ပို့ပါတယ်။ လိုက်ပို့ရာက အပြန်မှာ န္ဘားသားအုပ်မ ဝှေ့လို့ တမ္ဗဒါဌိကကြီး အနိစ္စရောက်သွားရှာတယ်တဲ့။

အဲဒီနေ့ တရားသဘင်မှာ "တမ္ဗဒါဌိကဆိုတဲ့ ဒုစရိုက်ကောင်ကြီးဟာ ဘယ်ဘုံဘယ်ဘဝများ ရောက်နေပါသလဲ ဘုရား" လို့ ရဟန်းတော်များက မြတ်စွာဘုရားကို မေးလျှောက်ကြပါတယ်။

"ချစ်သားတို့၊ တမ္ဗဒါဌိကဟာ လူ့အရေအတွက်နဲ့ နှစ်ပေါင်း ၅၇ ကုဋေ ၆ သန်း သက်တမ်းရှည်တဲ့ တုသိတာ နတ်ပြည်မှာ ဖြစ်နေလေရဲ့" လို့ မြတ်စွာဘုရားက ဖြေကြားတော်မူပါတယ်။

ဒီတော့ အချို့ရဟန်းတွေက မကျေနပ်ချင်ကြဘူး။ မြတ်စွာဘုရားကို ထပ်လျှောက်ကြတယ်။ "ဘုန်းတော်ကြီးတော်မူသော



ရဟန်းတော်များက မြတ်စွာဘုရားအား တမ္ဗဒါဌိကဏ်၏ လားရာဘဝကို မေးလျှောက်ကြရာ မြတ်စွာဘုရားက "တမ္ဗဒါဌိကဟာ တုသိတာ နတ်ပြည်မှာ ဖြစ်နေလေရဲ့"ဟု မိန့်ကြားနေပုံ။

---

မြတ်စွာဘုရား၊ လူတွေကို ဒုန်ဒေး သတ်ခဲ့တဲ့ တမ္ဗဒါဌိကတို့လို ဒုစရိုက်တုံး ဒုစရိုက်ခဲကြီးမျိုးကလည်း နတ်ပြည် ရောက်နိုင်ပါသလား ဘုရား"တဲ့။ ဒီလို စောဒက တက်ကြပါတယ်။

အဲဒီအခါ "ချစ်သားတို့၊ သင်တို့ ပြောမယ်ဆိုယင်လဲ ပြောလောက်ပါပေတယ်။ ဒါပေမယ့် တမ္ဗဒါဌိကဟာ သေခါနီးမှာ ရှင်သာရိပုတ္တရာ ဟောကြားတဲ့တရားကို နာသွားရတယ်။ တရား

နာယင်း ဝိပဿနာ ရှုမှတ်သွားလို့ အနုလောမခန္တီဉာဏ်အထိ ရောက်သွားတယ်။ အဲဒီ ဝိပဿနာ ကုသိုလ်ကြောင့် နတ်ပြည် ရောက်နေခြင်း ဖြစ်တယ်''လို့ မြတ်စွာဘုရားက ရှင်းလင်း ဟောပြတော်မူပါတယ်။

## ဖြစ်ပြီး ဖြစ်လတ္တံ့ ဒုစရိုက်များကို ဝိပဿနာနဲ့ပယ်ရတယ်

ဒါကြောင့် ဒီနေရာမှာ ပြောလိုတာကတော့ ''မကျူးလွန် ရသေးတဲ့ ဒုစရိုက်တွေကို မကျူးလွန်မိအောင်၊ ကျူးလွန်ပြီးတဲ့ ဒုစရိုက်တွေကြောင့် အပယ်မကျအောင် ပြုလုပ်ရမယ်'' လို့ ပြောလိုခြင်းပါပဲ။

မကျူးလွန်ရသေးတဲ့ ကာယဒုစရိုက်နဲ့ ဝစီဒုစရိုက်များကို တော့ သီလကို လုံခြုံအောင် စောင့်ထိန်းခြင်းဖြင့် မကျူးလွန် မိအောင် ပြုလုပ်နိုင်ပါတယ်။ မနောဒုစရိုက်ကျတော့ သီလ လောက်နဲ့ မတားနိုင်ပါဘူး။ သမထကို ဖြစ်စေ၊ ဝိပဿနာကို ဖြစ်စေ မပြတ် ပွားများနိုင်ပါမှ တားမြစ်နိုင်ပါတယ်။

ကျူးလွန်ပြီးတဲ့ ပါဏာတိပါတစတဲ့ အကုသိုလ် ဒုစရိုက်တွေ ကြောင့် အပါယ်မကျချင်ယင်တော့ ဝိပဿနာတရားကို ကြိုးစား အားထုတ်ရပါတယ်။ အပါယ်ကျတာ ဒုစရိုက်ကြောင့် ဖြစ်ကြောင်း၊ ဒုစရိုက်ကျူးလွန်တာဟာ သက္ကာယဒိဋ္ဌိကြောင့် ဖြစ်ကြောင်း ရှေ့ပိုင်းမှာ ရှင်းလင်း ဟောပြခဲ့ပြီးပါပြီ။ ဒီသက္ကာယဒိဋ္ဌိ ပြုတ်အောင် ဆိုတာမှာ ဒါန, သီလ, သမထတို့က မပြုလုပ်နိုင်ပါဘူး။ ဝိပဿနာကသာ ပြုလုပ်နိုင်ပါတယ်။

## ဝိပဿနာဆိုတာ ဘာလဲ

ဒီတော့ ဝိပဿနာဆိုတာ ဘာလဲလို့ သိဖို့ လိုပါတယ်။ ဝိပဿနာဆိုတာ "အနိစ္စာဒိဝသေန ဝိဝိဓာကာရေန ပဿတီတိ ဝိပဿနာ"တဲ့။ အနိစ္စ စသည်တို့၏ အစွမ်းဖြင့် အထူးထူးသော အခြင်းအရာအားဖြင့် ရှုမှတ်တာဟာ ဝိပဿနာတဲ့။ ဒါကတော့ သဘောအရ ပြောတာပါ။

လက်တွေ့ အလုပ်သဘောအရ ပြောရယင် "မြင်တိုင်း၊ ကြားတိုင်း၊ နံတိုင်း၊ စားတိုင်း၊ ထိတိုင်း၊ တွေးတိုင်း၊ အာရုံနဲ့ဒွါရ ဆုံတိုင်း ဆုံတိုင်း ထင်ရှားရှိတဲ့ ရုပ်နာမ်ကို ပစ္စုပ္ပန်တည့်တည့် ရှုတာ မှတ်တာ နှလုံးသွင်းတာဟာ ဝိပဿနာ" ဖြစ်ပါတယ်။

မြင်တိုင်း၊ ကြားတိုင်း၊ နံတိုင်း၊ စားတိုင်း၊ ထိတိုင်း၊ တွေးတိုင်း ရှုမှတ်ရမယ်ဆိုတော့ ဘယ်က စ, မှတ်ရမလဲလို့ မေးစရာ ရှိလာပါတယ်။ ဒါကြောင့် အားထုတ်စ ပုဂ္ဂိုလ်များအတွက် မှတ်ပုံမှတ်နည်းတွေကို ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးက အခြေခံကစပြီး ညွှန်ကြားထားတာ ရှိပါတယ်။ ယခု အချိန်ကစပြီး အဲဒီ မှတ်ပုံမှတ်နည်းတွေကို မကျဉ်းမကျယ် ဖော်ပြသွားပါမယ်။

## ဝိပဿနာယောဂီ၏ ရှေးဦးပြုဖွယ်

ဝိပဿနာ အားထုတ်မည့် ပုဂ္ဂိုလ်ဟာ လူပုဂ္ဂိုလ်ဖြစ်မယ် ဆိုယင် ရှေးဦးစွာ လူနဲ့ဆိုင်တဲ့ သီလကို ဆောက်တည်ထားရပါတယ်။ ရဟန်းတော် ဖြစ်မယ်ဆိုယင် ရဟန်းဆိုင်ရာ သီလကို စင်ကြယ်စေရတယ်။

အဲဒီနောက် ဆိတ်ငြိမ်ရာအရပ်သို့ဖြစ်စေ၊ သစ်ပင်အောက်သို့ဖြစ်စေ၊ တောထဲသို့ဖြစ်စေ၊ သွားရောက်ပြီး နေရာယူရပါတယ်။ ထိုင်တဲ့အခါ တင်ပလ္လင်ခွေဖြစ်စေ၊ မိန်းမထိုင်ဖြစ်စေ၊ ကြာကြာထိုင်နိုင်မည့် အထိုင်တမျိုးမျိုးနဲ့ဖြစ်စေ ထိုင်ရပါတယ်။

တရားမထိုင်ခင် မိမိခန္ဓာကိုယ်ကို မြတ်စွာဘုရားအား လှူထားချင်ယင်လဲ လှူထားနိုင်ပါတယ်။ နောက်ပြီး ကိုယ်စောင့်နတ်၊ တောစောင့်နတ်၊ တောင်စောင့်နတ် စသည်တွေကိုလည်း မေတ္တာပို့ထားပါ။ မိမိရဲ့သီလဟာ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို အထောက်အပံ့ ဖြစ်ပါစေလို့လဲ စိတ်က ညွတ်ထားရတယ်တဲ့။

## ရှုမှတ်ပုံ

အဲဒီနောက် မျက်စိမှိတ်ထား၊ အသက်ကို မှန်မှန်ရှူ၊ စိတ်က ဝမ်းဗိုက်ကို အာရုံပြုထားပါ။ အသက်ရှူသွင်းတိုင်း သွင်းတိုင်း ဝမ်းဗိုက် ဖောင်းတက်လာတဲ့အခါ ဖောင်းတာကို အာရုံပြုပြီးတော့ "ဖောင်းတယ်" လို့ မှတ်ပါ။ အသက်ရှူထုတ်တိုင်း ရှူထုတ်တိုင်း ဝမ်းဗိုက်ပိန်ကျသွားတဲ့အခါ ပိန်တာကို အာရုံပြုပြီးတော့ "ပိန်တယ်"လို့ မှတ်ပါ။ စိတ်နဲ့သာ မှတ်ပါ၊ နှုတ်က လိုက်ဆိုစရာမလိုပါဘူး။ ဖောင်းအောင်ပိန်အောင်ဆိုပြီးတော့လဲ အသက်ကို တမင် ပြင်းပြင်းမရှူပါနဲ့။ မှတ်တဲ့အခါမှာလည်း တကယ် ဖောင်းမှသာ "ဖောင်းတယ်" လို့ မှတ်ပါ။ တကယ် ပိန်မှသာ "ပိန်တယ်" လို့ မှတ်ပါ။

ဒီတော့ မှတ်ရမည့် အမှတ်ဟာ "ဖောင်းတယ်၊ ပိန်တယ်၊ ဖောင်းတယ်၊ ပိန်တယ်" ဖြစ်ပါတယ်။ အသက်ရှူမြန်ယင်

ဖောင်းတယ်၊ ပိန်တယ်'' ဒီနှစ်ချက်သာ မှတ်ပါ။ အသက်ရှူ နည်းနည်းနေးယင်တော့ မိမိထိုင်နေတဲ့ အမူအရာကိုသာ အာရုံပြုပြီးတော့ ''ထိုင်တယ်''လို့ ထည့်မှတ်ပါ။ ဒီတော့ အမှတ်ဟာ ''ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်'' ၃ချက် ဖြစ်ပါတယ်။ အသက်ရှူ သိပ်နေးယင် အထိအများဆုံးနေရာကိုပါ အာရုံပြုပြီးတော့ ''ထိတယ်''လို့ ထည့်မှတ်ပါ။ ဒီတော့ အမှတ်ဟာ ''ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်'' ၄-ချက် ဖြစ်လာပါတယ်။ ဘာမှ ထွေထွေထူးထူး မှတ်စရာမရှိတဲ့အခါ ဒီ ဖောင်းမှု၊ ပိန်မှု၊ ထိုင်မှု၊ ထိမှုတွေကို မပြတ် ရှုမှတ်ရပါတယ်။

အဲဒီလို မှတ်နေတုန်း တနေရာရာက နာလာမယ်၊ ကျင်လာမယ်၊ ကိုက်လာမယ်၊ ယားလာမယ်ဆိုယင် နာတဲ့သဘော၊ ကျင်တဲ့သဘော စသည်ကို အာရုံပြုပြီးတော့ ''နာတယ်၊ ကျင်တယ်၊ ကိုက်တယ်၊ ယားတယ်'' စသည်ဖြင့် အရပ်သုံးစကားနဲ့ပဲ မှတ်ပါ။ လက်, ခြေ, ခေါင်း, ပေါင်စတဲ့ ပုံသဏ္ဌာန်တွေကို ထည့်မမှတ်ပါနဲ့။ နာတာ၊ ကျင်တာ ပျောက်သွားယင် ပင်တိုင်အမှတ်ဖြစ်တဲ့ ''ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်'' လို့ ပြန်မှတ်ပါ။

နာတာ၊ ကျင်တာ၊ ကိုက်တာ၊ ယားတာတွေကို မှတ်လို့ မပျောက်တာနဲ့ နေရာပြင်ချင်ယင် ''ပြင်ချင်တယ်၊ ပြင်တယ်'' လို့မှတ်။ ယားတာမပျောက်လို့ ကုတ်ချင်ယင်လည်း ''ကုတ်ချင်တယ်၊ ကုတ်တယ်'' စသည်ဖြင့် အရပ်သုံးအတိုင်းပဲ မှတ်ပါ။ တံတွေး ထွေးချင်ယင် ''ထွေးချင်တယ်'' မှတ်။ ထွေးယင် ထွေးတယ်''မှတ်။ တံတွေးမျိုချင်ယင် ' မျိုချင်တယ်''မှတ်။ မျိုယင် ''မျိုတယ်''မှတ်။ ဘာမှ မှတ်စရာမရှိယင် ပင်တိုင်အမှတ်ဖြစ်တဲ့

"ဖောင်းတယ်၊ ပိန့်တယ်၊ ထိုင်တယ်၊ ထိတယ်"ကို ပြန်မှတ်ပါ။ ဒီလို မှတ်နေရာက မှတ်စိတ်က တခြားကို ရောက်သွားမယ်ဆိုယင် "ရောက်တယ်၊ ရောက်တယ်"လို့မှတ်။ စိတ်ကူးယင် "စိတ်ကူးတယ်၊စိတ်ကူးတယ်"လို့မှတ်။စိတ်ကူးထဲမှာ ဇယောက်ယောက်နဲ့ တွေ့ယင်လည်း "တွေ့တယ်၊ တွေ့တယ်"လို့မှတ်။ စိတ်ဆိုးယင် "စိတ်ဆိုးတယ်"လို့ မှတ်။ ပျော်ယင် "ပျော်တယ်"လို့ မှတ်။ ပျင်းယင်"ပျင်းတယ်"လို့မှတ်။စိတ်ထဲမှာရှိသမျှ အကုန်မှတ်ပါ။ ဘာမှ မှတ်စရာမရှိယင် အခြေခံအမှတ်ဖြစ်တဲ့ "ဖောင်းတယ်၊ ပိန့်တယ်၊ ထိုင်တယ်၊ ထိတယ်"ကို ပြန်မှတ်ပါ။

အဲဒီလို မှတ်နေရာက မျက်စိထဲမှာ တခုခုမြင်လာယင် မြင်တာကို အာရုံပြုပြီးတော့ "မြင်တယ်၊ မြင်တယ်"လို့ မှတ်ပါ။ မြင်တာပျောက်သွားယင် အခြေခံအမှတ်ဖြစ်တဲ့"ဖောင်းမှု၊ပိန့်မှု၊ ထိုင်မှု၊ထိမှု"တွေကို အာရုံပြုပြီးတော့ "ဖောင်းတယ်၊ ပိန့်တယ်၊ ထိုင်တယ်၊ ထိတယ်"ကို ပြန်မှတ်ပါ။ အဲဒီလိုမှတ်နေရာက နားထဲမှာ ထူးထူးခြားခြား ကြားလာယင် ကြားတာကို အာရုံပြုပြီးတော့ "ကြားတယ်၊ ကြားတယ်"လို့ မှတ်ပါ။ နှာခေါင်းထဲမှာ အနံ့ တခုခု နံလာယင်လဲ နံတာကိုအာရုံပြုပြီးတော့"နံတယ်၊မွှေးတယ်" စသည်ဖြင့် အရပ်သုံးစကားအတိုင်း မှတ်ပါ။ ကြားတာ၊ နံတာ ပျောက်သွားလို့ ဘာမှ မှတ်စရာမရှိယင် မူလမှတ်နေကျအတိုင်း "ဖောင်းတယ်၊ ပိန့်တယ်" စသည်ဖြင့် ပြန်မှတ်ပါ။ အခုပြောခဲ့တာတွေကတော့ ထိုင်တဲ့အခါ မှတ်ပုံမှတ်နည်းတွေပါဘဲ။

ထိုင်မှတ်နေရာမှ ထချင်လာယင် "ထချင်တယ်၊ထချင်တယ်" လို့မှတ်။ ထတဲ့အခါ ခန္ဓာကိုယ်တဖြည်းဖြည်းကြွတက်လာတဲ့ အမူ

အရာကို အာရုံပြုပြီးတော့ ‘‘ထတယ်၊ထတယ်’’လို့ မှတ်ပါ။ရပ်တဲ့ အခါ ‘‘ရပ်တယ်’’လို့ မှတ်ပါ။ လှမ်းချင်ယင် ‘‘လှမ်းချင်တယ်၊ လှမ်းချင်တယ်’’လို့ မှတ်ပါ။ လှမ်းယင်‘‘လှမ်းတယ်၊လှမ်းတယ်’’ လို့မှတ်၊ ဒါမှမဟုတ်‘‘ ဘယ်လှမ်းတယ် ညာလှမ်းတယ်’’လို့ မှတ်။ ဒီလို ‘‘ကြွတယ် လှမ်းတယ်’’ နှစ်ချက် မှတ်နိုင်ယင် ခြေကြွတာ၊ လှမ်းတာ၊ခြေချတာကို အာရုံပြုပြီးတော့ ‘‘ကြွတယ်၊လှမ်းတယ်၊ ချတယ်’’ သုံးချက်မှတ်ပါ။ သုံးချက်မှတ်နိုင်လာယင် ဒါမှမဟုတ် စိတ်အထွက်များလာယင်‘‘ကြွတာ၊ လှမ်းတာ၊ ချတာ၊ ထိတာ’’ ကိုပါ အာရုံပြုပြီးတော့‘‘ကြွတယ်၊လှမ်းတယ်၊ချတယ်၊ထိတယ်’’ လို့ လေးချက်မှတ်ပါ။

အဲဒီလို အမှတ်နဲ့သွားနေရာက ရပ်ယင်‘‘ရပ်တယ်၊ ရပ်တယ်’’ လို့မှတ်။ လှည့်ချင်ယင်‘‘လှည့်ချင်တယ်၊လှည့်ချင်တယ်’’လို့မှတ်။ လှည့်ယင်‘‘လှည့်တယ်၊ လှည့်တယ်’’လို့ မှတ်။ မှတ်တဲ့အခါ ကိုယ် အမူအရာကို အာရုံပြုပြီးတော့ စိတ်နဲ့သာမှတ်ပါ။ အဲဒီနောက် ဆက်သွားယင် ‘‘ကြွတယ်၊ လှမ်းတယ်’’ စသည်ဖြင့် ပြန်မှတ်ပါ။ ရေသောက်ချင်ယင် ‘‘သောက်ချင်တယ်’’ မှတ်။ ရေခွက်ဘက်သို့ လက်လှမ်းယင်‘‘လှမ်းတယ်’’မှတ်။ရေခွက်ကိုကိုင်ယင်‘‘ကိုင်တယ် ထိတယ်’’စသည်ဖြင့် မှတ်။ သောက်ယင် ‘‘သောက်တယ်’’မှတ်။ မျိုယင် ‘‘မျိုတယ်’’မှတ်။ လည်ချောင်းထဲမှာ အေးသွားယင် ‘‘အေးတယ်’’ မှတ်။ ရေခွက်ပြန်ထားယင် ‘‘ထားတယ်’’ မှတ်။ ပြန်သွားယင်‘‘ကြွတယ်၊ လှမ်းတယ်’’ စသည်ဖြင့် မှတ်ပါ။

သွားယင်း မှတ်နေရာက ကြည့်ချင်ယင် ‘‘ကြည့်ချင်တယ်’’ ကြည့်ယင် ‘‘ကြည့်တယ်’’၊ မြင်ယင် ‘‘မြင်တယ်’’မှတ်။ ထိုင်ချင်

လာယင်"ထိုင်ချင်တယ်၊ထိုင်ချင်တယ်"လို့မှတ်။ထိုင်ယင်လဲ ခန္ဓာကိုယ် တဖြည်းဖြည်း နိမ့်ကျသွားတာကို အာရုံပြုပြီးတော့ "ထိုင်တယ်၊ ထိုင်တယ်"လို့ မှတ်။ ထိုင်ပြီးလို့ ဆက်မှတ်ချင်ယင် အရင် မှတ်သလိုပဲ "ဖောင်းတယ်၊ ပိန်တယ်" စသည်ဖြင့် ပြန်မှတ်ပါ။

ဒီလိုမှတ်နေရာက အိပ်ချင်ယင်"အိပ်ချင်တယ်"မှတ်။ အိပ်တဲ့အခါ ခန္ဓာကိုယ် တဖြည်းဖြည်း ယိုင်ကျသွားတဲ့ အမူအရာကို အာရုံပြုပြီးတော့ "လှဲတယ်၊ အိပ်တယ်" စသည်ဖြင့် မှတ်။ လက်ထောက်ယင် "ထောက်တယ်"၊ခေါင်းအုံးနဲ့ ခေါင်းထိယင် "ထိတယ်၊ ထိတယ်"လို့ မှတ်ပါ။

အိပ်တဲ့အခါမှာလည်း မှတ်ယင်းနဲ့ပဲ အိပ်ပျော်စေရမယ်။ ဘယ်လိုလဲဆိုတော့ အသက်ကို မှန်မှန်ရှူ၊ ဝမ်းဗိုက်ကို အာရုံပြုပြီးတော့ ထိုင်မှတ်တုန်းကလိုပဲ "ဖောင်းတယ်၊ ပိန်တယ်"လို့ မှတ်။ အသက်ရှူနေးယင် အိပ်တဲ့အမူအရာနဲ့ အထိများတဲ့နေရာကိုပါ အာရုံပြုပြီးတော့ "အိပ်တယ်၊ ထိတယ်"လို့မှတ်။ ဒီတော့ အမှတ်ဟာ"ဖောင်းတယ်၊ပိန်တယ်၊ အိပ်တယ်၊ ထိတယ်" ဖြစ်ပါတယ်။ ဒီကြားထဲ စိတ်ကူးစဉ်းစားမှု၊ နာမှု၊ ကျင်မှု စသည်တွေ ဖြစ်လာယင်လဲ အယင်မှတ်တုန်းကလိုပဲ "စိတ်ကူးတယ်၊ စဉ်းစားတယ်၊ နာတယ်၊ ကျင်တယ်" စသည်ဖြင့် မှတ်။ ဘာမှ မှတ်စရာမရှိယင် "ဖောင်းတယ်၊ ပိန်တယ်၊ အိပ်တယ်၊ ထိတယ်" ပြန်မှတ်။ အိပ်ပျော်သွားတဲ့အထိ ဆက်မှတ်သွားပါ။

အိပ်ယာက နိုးလာလို့ မျက်စိဖွင့်ချင်ယင် "ဖွင့်ချင်တယ်"၊ ဖွင့်ယင် "ဖွင့်တယ်"၊ ထချင်ယင် "ထချင်တယ်"၊ ထယင် "ထတယ်"၊ ယိမ်းယင် "ယိမ်းတယ်"၊ လက်ထောက်ယင်

"ထောက်တယ်" စသည်ဖြင့် မှတ်ရပါတယ်။ စားတဲ့အခါ၊ ရေချိုးတဲ့အခါ၊ ကွေးတဲ့အခါ၊ ဆန့်တဲ့အခါတွေမှာလဲ "ကွေးတယ်၊ ဆန့်တယ်၊ စားတယ်၊ ဝါးတယ်၊ မျိုတယ်၊ ကိုင်တယ်၊ ထိတယ်" စသည်ဖြင့် မပြတ်မှတ်ရပါတယ်။

အချုပ်ပြောရယင် တရားအားထုတ်တဲ့ ယောဂီ ပုဂ္ဂိုလ်ဟာ အိပ်ပျော်နေချိန်မှတပါး ကျန်အချိန်တွေမှာ....

(၁) ကိုယ်အမူအရာမှန်သမျှ ကြီးကြီးသေးသေး အကုန်မှတ်ရပါတယ်။

(၂) ခံစားမှုမှန်သမျှ ကောင်းကောင်းဆိုးဆိုး အကုန်မှတ်ရပါတယ်။

(၃) စိတ်ကူးတိုင်း၊ ကြံစည်တိုင်း၊ စဉ်းစားတိုင်း၊ ကောင်းတာပဲဖြစ်ဖြစ်၊ မကောင်းတာပဲဖြစ်ဖြစ် အကုန်မှတ်ရပါတယ်။

(၄) စိတ်ထဲမှာ ထင်လာတဲ့ အာရုံမှန်သမျှ အကုန်မှတ်ရပါတယ်။

အထက်ကဖော်ပြခဲ့တာတွေကတော့ အခြေခံမှတ်ပုံမှတ်နည်းတွေပါပဲ။ အဲဒီလိုမှတ်သွားလို့ အသိဉာဏ်အဆင့်ဆင့် တိုးတက်လာပုံတွေကိုတော့ ကျန်တဲ့ ဒုစရိုက်အခန်းတွေကျမှပဲ ဆက်ဟောတော့မယ်။ အခုတော့ ဟောခဲ့ပြီးတဲ့ ပါဏာတိပါတ ဒုစရိုက်အကြောင်း နိဂုံးချုပ်တဲ့အနေနဲ့ တရားဆောင်ပုဒ်လေးတွေဆိုကြအုံးစို့။

**ပါဏာတိပါတ-ပြစ်ကျိုးပြကဗျာ**

ညှဉ်းဆဲသတ်သူ သေယင်မလွဲပ၊
အပါယ်ငရဲ ကျလိမ့်မယ်။

လူဖြစ်ပြန်သော် ရောဂါစွဲလို့၊
အသက်တမ်းလဲ တိုတတ်တယ်။

လေးပါးအပါယ် တကယ်ကြောက်ယင်၊
မဂ်ဖိုလ်ရောက်အောင် အားထုတ်ကွယ်။

မဂ်ဖိုလ်ရောက်အောင် ဘယ်တရားကို၊
ကြိုးစားအားထုတ် ကျင့်ရမယ်။

ဝိပဿနာခေါ် မြတ်တရားကို၊
ကြိုးစားကျင့်မှ ရောက်ပါမယ်။

သိတတ်တာဟာ နာမ်သဘောကွဲ့၊
မသိတဲ့သဘော ရုပ်ဖြစ်တယ်။

ဖြစ်ပျက်ရုပ်နာမ် သိအောင်မှတ်တော့၊
ဝိပဿနာ ဖြစ်ပါတယ်။

မဂ်ဖိုလ်ဆိုက်အောင် ရှုမှတ်ပွားတော့၊
အပါယ်တံခါး ပိတ်ပါတယ်။

မှတ်ကွယ်....မှတ်ကွယ်။

[အဒိန္နာဒါန ဒုစရိုက်]

## ၂။ သူ့ဥစ္စာခိုးက-မကောင်းကျိုးရ

အဒိန္နာဒါနံ ဘိက္ခဝေ အာသေဝိတံ ဘာဝိတံ ဗဟုလီကတံ နိရယသံဝတ္တနိကံ တိရစ္ဆာနယောနိသံဝတ္တနိကံ ပေတ္တိဝိသယသံ-ဝတ္တနိကံ၊ ယော သဗ္ဗလဟုကော အဒိန္နာဒါနဿ ဝိပါကော မနုဿ ဘူတဿ ဘောဂဗျသနသံဝတ္တနိကော ဟောတိ။

ဘိက္ခဝေ၊ ရဟန်းတော်များ အို.... ချစ်သားတို့။ အာသေဝိတံ၊ အဖန်တလဲလဲ မှီဝဲအပ်သော။ ဘာဝိတံ၊ ပွားစေအပ်သော။ ဗဟုလီကတံ၊ ကြိမ်ဖန်များစွာ ပြုလုပ်အပ်သော အဒိန္နာဒါနံ၊ အရှင်က ကိုယ်နှုတ်ဖြင့် မပေးအပ်တဲ့ဥစ္စာပစ္စည်းကို ခိုးယူလုယက်ကြောင်း ဖြစ်တဲ့ အကုသိုလ် စေတနာသည်။ နိရယသံဝတ္တနိကံ၊ ချမ်းသာကင်းရာ ငရဲရွာ၌ ဖြစ်စေတတ်၏။ တိရစ္ဆာနယောနိသံဝတ္တနိကံ၊ ဖီလာကန့်လန့် သွားတတ်သော တိရစ္ဆာန်မျိုး၌ ဖြစ်စေတတ်၏။ ပေတ္တိဝိသယသံဝတ္တနိကံ၊ ချမ်းသာမှ ဝေးရာသို့ရောက်တတ်သော ပြိတ္တာဘုံ၊ အသူရကာယ်ဘုံတို့၌လည်း ဖြစ်စေတတ်ပါ၏။ အဒိန္နာဒါနဿ၊ အဒိန္နာဒါန

အကုသိုလ်ဒုစရိုက်၏။ သဗ္ဗလဟုကော၊ အပေါ့ဆုံး အနည်းဆုံး ဖြစ်သော။ ယော ဝိပါကော၊ အကြင်အကျိုးသည်။ ဝါ... မကောင်းကျိုးကို ဖြစ်စေတတ်တဲ့ အကြင် အကုသိုလ်စေတနာ သည်။ အတ္ထိ၊ ရှိ၏။ သော၊ အပေါ့ဆုံး အနည်းဆုံးဖြစ်သော ထို အကုသိုလ်စေတနာသည်။ မနုဿဘူတဿ၊ လူ ဖြစ် သော ပုဂ္ဂိုလ်အား။ ဘောဂဗျသနသံဝတ္တနိကော၊ ဥစ္စာစီးပွား ပျက်ပြားစေတတ်သည်။ ဟောတိ၊ စင်စစ်မသွေ ဖြစ်ပါပေ၏။ (ဝါ) ကုသိုလ်ကံထောက်မ၍ လူ့ဘဝသို့ ရောက်ရပါသော် လည်း စီးပွားဥစ္စာရှာလေမဲ့လို့ ရှိပစ္စည်းလည်း ပျက်တတ်ပါပေ သတည်း။

[သာဓု....သာဓု....သာဓု။]

## စကားပြေအဓိပ္ပါယ်

ပိုင်ရှင်ဖြစ်တဲ့သူက ကိုယ်နဲ့ဖြစ်စေ၊ နှုတ်နဲ့ဖြစ်စေ မပေးတဲ့ ဥစ္စာပစ္စည်းကို ခိုးယူလုယက်ကြောင်းဖြစ်တဲ့ အကုသိုလ်စေတနာ ဟာ အဒိန္နာဒါန အကုသိုလ်ဒုစရိုက် ဖြစ်ပါတယ်။

ဒီဒုစရိုက်ကို ကြိမ်ဖန်များစွာ ကျူးလွန် လိုက်စားကြတဲ့ ငမိုက်သားတွေဟာ ဒုစရိုက်ကံက ပဋိသန္ဓေအကျိုးသာပေးမယ် ဆိုယင် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဆိုတဲ့ အပါယ် ၄-ပါးဘေးက ပြေးမလွတ်နိုင်ပါဘူး။

## ခိုးမှုကြောင့် ငရဲကျရပုံ သာဓကဝတ္ထု

နေမိဇာတ်မှာ ဘုရားအလောင်း နေမိမင်းကြီးဟာ တိုင်းသူ ပြည်သားတွေကို မင်းကျင့်တရား ၁၀ ပါးနဲ့အညီ အုပ်ချုပ် တယ်။ နတ်ရွာနတ်ပြည် ရောက်ရာရောက်ကြောင်း တရားများကို



မာတလိနတ်သားသည် သိကြားမင်း၏အမိန့်အရ နေမိမင်းကြီးအား နတ်ရထားဖြင့် နတ်ပြည်သို့ ပင့်ဆောင်ရာတွင် နေမိမင်းကြီး၏ ဆန္ဒအရ ငရဲလမ်းမှ ဖြတ်သန်းမောင်းနှင်လာစဉ် ငရဲပြည်ကို တွေ့မြင်ရပုံ။

---

ကိုယ်တိုင်လည်း ပြုကျင့်တယ်၊ တိုင်းသူ ပြည်သားများကိုလည်း ပြုကျင့်စေခဲ့တယ်။ ဒါကြောင့် သူ့ တိုင်းသူပြည်သားတွေဟာ သေယင် နတ်ပြည်ရောက်တာ များကြပါသတဲ့။

အခါတပါးမှာ အဲဒီ နေမိမင်းကြီးဟာ ဒါနနဲ့သီလ, ၂ မျိုး အနက် ''ဒါနကပဲမြတ်သလား၊ သီလကပဲ မြတ်သလား'' ဆိုတာ ဝေခွဲမရ ဖြစ်နေပါတယ်။

အဲဒါကိုသိတဲ့ သိကြားမင်းက သူ့ထံလာပြီးတော့ "အရှင်မင်းကြီး၊ ဒါနနဲ့သီလ ၂-မျိုးမှာ ဒါနထက် သီလကပိုမြတ်တယ်၊ ဒါပေမယ့် နှစ်မျိုးလုံးပြုရမယ့် ပြုကောင်းတဲ့ တရားချည်းပါပဲ၊ ၂-မျိုးလုံးကိုပဲ ပြုကျင့်ပါ"လို့ ဝတ္ထုသာဓကများနဲ့ ရှင်းလင်းပြောကြားပြီး တိုက်တွန်းပါတယ်။ သူရှင်းပြတာကို နေမိမင်းလက်ခံတဲ့အခါ သိကြားမင်းလဲ နတ်ပြည် ပြန်သွားတယ်တဲ့။

သိကြားမင်းကြီး နတ်ပြည် ပြန်ရောက်တော့ နတ်သမီးနတ်သားတွေက "အရှင်သိကြားမင်း၊ စောစောက ဘယ်သွားတာလဲ"လို့ ဝိုင်းမေးကြပါတယ်။ နေမိမင်းကြီးရဲ့ ယုံမှားသံသယဖျောက်ပေးဖို့ လူ့ပြည်ဆင်းကြောင်း သိကြားမင်းက ပြန်ပြောပါတယ်။

အဲဒီ နတ်သမီး,နတ်သားတွေဟာ ရှေး လူဖြစ်စဉ်တုန်းက နေမိမင်းကြီးရဲ့ ပရိသတ်တွေပါပဲ။ ဒါကြောင့် သူတို့က နေမိမင်းကြီးကို နတ်ပြည်သို့ပင့်ခေါ်ပေးဖို့ သိကြားမင်းကို ဝိုင်းပြောကြတယ်။ ဒါနဲ့ သိကြားမင်းလဲ နေမိမင်းကို ပင့်ခဲ့ဖို့ မာတလိနတ်သားကို နတ်ရထားနဲ့ လွှတ်လိုက်ရတယ်တဲ့။

မာတလိနတ်သားဟာ နေမိမင်းကို အကျိုးအကြောင်းပြောပြီးတော့ နတ်ရထားပေါ် ပင့်ခေါ်ပါတယ်။ အဲဒီနောက် နေမိမင်းရဲ့ဆန္ဒအရ [ငရဲလမ်းနဲ့ နတ်လမ်း ၂-ခုအနက်] ငရဲလမ်းဘက်သို့ နတ်ရထားကို အရင်မောင်းနှင်ခဲ့ပါတယ်။

ငရဲပြည်တနေရာရောက်တော့ ငရဲသူငရဲသားတွေက ရှေ့မှကြောက်အားလန့်အားနဲ့ပြေးကြ၊ ငရဲထိန်းတွေကအလျှံပြောင်

ပြောင်တောက်တဲ့ လှံတွေ၊ လေးမြားတွေနဲ့ နောက်ကလိုက်ကြ၊ မြားနဲ့ပစ်ကြ၊ လှံနဲ့ထိုးကြနဲ့ ရုတ်ရုတ်သဲသဲ ရှုမရဲဖွယ် ဖြစ်နေတာကို နေမိမင်း တွေ့ရပါတယ်။ ပစ်ခတ် ထိုးနှက်ခြင်း ခံရတဲ့ ငရဲသူ ငရဲသားတွေဟာ တကိုယ်လုံး ဇာပေါက်လို ဖြစ်ကုန်ကြတယ်တဲ့။

အဲဒါတွေကို နေမိမင်းကြီးမြင်တွေ့ရတော့ ''အသင်မာတလိနတ်မင်း၊ ဒီပုဂ္ဂိုလ်တွေဟာ ဘာဖြစ်လို့ ဒီလို ဆင်းရဲတွေ ခံစားရပါသလဲ'' လို့ မေးတာနဲ့ မာတလိက ''အရှင်မင်းကြီး၊ ဒီပုဂ္ဂိုလ်တွေဟာ လူဖြစ်တုန်းက သူများပစ္စည်းကို ခိုးယူလုယက်ခဲ့ကြလို့ ဒီလို မကောင်းကျိုးတွေ ခံစားနေကြရတာ ဖြစ်ပါတယ်'' လို့ ပြောကြားပါတယ်။ ဒါကြောင့် ဒီအဒိန္နာဒါန ဒုစရိုက်ကလည်း ငရဲကျစေနိုင်တယ်ဆိုတာ ထင်ရှားပါတယ်။

## နောက်ပြောင်ခိုးဝှက်ခဲ့၍ လုံးတီးနတ်ကြီး ဖြစ်ရပုံဝတ္ထု

ဒီအကုသိုလ်ကံ နည်းပါးလို့ အပါယ်မကျတာတောင် ကုသိုလ်ကံတခုခုကြောင့် လူလာဖြစ်တဲ့အခါ အဲဒီအကုသိုလ်ကံ ကျူးလွန်ခဲ့တဲ့သူဟာ ဥစ္စာစီးပွား ရှားပါးတတ်တယ်၊ ဥစ္စာစီးပွား ပျက်ပြားတတ်တယ်။ နတ်ဖြစ်တာတောင် နတ်ချင်း မတူပဲ ဖြစ်တတ်တယ်တဲ့။

မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်က ဝေသာလီပြည်မှာ နတ္ထိကမိစ္ဆာဝါဒ အယူရှိတဲ့ အမ္ဗသက္ကရမင်း တိုင်းပြည်အုပ်ချုပ် မင်းလုပ်နေတယ်တဲ့။

နတ္ထိကမိစ္ဆာဝါဒဆိုတာ ''ကုသိုလ်ပြုလို့ နတ်ပြည်ရောက်တယ်ဆိုတာ မဟုတ်ဘူး၊ အကုသိုလ်ပြုလို့ ငရဲကျတယ် ဆိုတာလည်း

မဟုတ်ဘူး။ နတ်ပြည်မရှိဘူး၊ ငရဲပြည်လည်း မရှိဘူး''လို့ ယူတဲ့ အယူဝါဒ ဖြစ်တယ်။

အဲဒီ မင်းလက်ထက် ဝေသာလီပြည်မှာ ကုန်သည်တဦး ရှိပါတယ်။ သူက ကိုယ်ကျင့်သီလနဲ့ ပြည့်စုံတယ်။ အပြောအဆို နူးညံ့သိမ်မွေ့တယ်။ ဒေါသနဲတယ်၊ သူတပါးရဲ့ ကျေးဇူးကို မှန်မှန်ကန်ကန် ထုတ်ဖော်ပြောဆိုလေ့ရှိတယ်။ ဈေးအနီး လူသွားလမ်းပေါ်ရှိ ရှုံအိုင်မှာ အနံ့အသက်မရှိပဲ ဖူးစင်နေတဲ့ နွားခေါင်းရိုးနဲ့ တံတားထိုးပြီးတော့လည်း ကုသိုလ်ပြုဘယ်တဲ့။

တနေ့မှာ အဲဒီကုန်သည်ဟာ ရေဆိပ်မှာ ရေချိုးနေကြတဲ့ သူငယ်ချင်းတွေရဲ့ အဝတ်အစားတွေကို နောက်ပြောင်လိုတဲ့ သဘောနဲ့ ခိုးယူဝှက်ထားပြီး၊ နောက်ကျမှ ပြန်ပေးခဲ့ပါတယ်။ သူ့ရဲ့ တူကတော့ သူတပါးပစ္စည်းကို ခိုးယူလုယက်တဲ့ ဒုစရိုက်မှုနဲ့ အမြဲတမ်း ပျော်မွေ့နေတယ်တဲ့။

အဲ....တနေ့မှာ သူ့တူရဲ့ ခိုးရာပါပစ္စည်းတွေကို သူ့ဆိုင်မှာ မိပါတယ်။ ဒါကြောင့် ဘုရင့်အမိန့်အရ အဲဒီ ကုန်သည်ဟာ ခေါင်းဖြတ် အသတ်ခံရရှာတယ်။ သူ့တူကတော့ ကားစင်မှာ တံကျင်အလျှိုခံရတယ်။ အသတ်ခံရတဲ့ ကုန်သည်ဟာ ဘုမ္မဇိုး နတ်ကြီးဖြစ်သွားတယ်တဲ့။

အဲဒီနတ်ကြီးဟာ လူ့ဘဝတုန်းက ဒေါသနဲလို့ နတ်ဖြစ်တဲ့ အခါ အလှန်အဆင်းလှတယ်။ သူတပါးရဲ့ကျေးဇူးကို မှန်မှန်ကန်ကန် ပြောဆိုခဲ့ဖူးလို့ ခံတွင်းမှ မွှေးကြိုင်တဲ့ အနံ့တွေထွက်တယ်၊ ဖြူစင်တဲ့ နွားခေါင်းရိုးနဲ့ တံတားထိုးပြီး ကုသိုလ်ပြုခဲ့လို့ တကိုယ်လုံး ဆွတ်ဆွတ်ဖြူနေတဲ့ မနောဇဝ နတ်မြင်းဖြူကြီးကို



ဝေသာလီပြည်မှ ကုန်သည်တဦးသည် ရေဆိပ်တွင် ရေချိုးနေကြသော သူငယ်ချင်းများ၏ အဝတ်အစားများကို နောက်ပြောင် ခိုးဝှက်ခဲ့သောကြောင့် နတ်ဖြစ်သောအခါ လုံးတီးနတ်ကြီး ဖြစ်နေရှာပုံ။

---

စီးရတယ်။ ဒါပေမယ့် သူ့ သူငယ်ချင်းတွေရဲ့အဝတ်အစားတွေကို နောက်ပြောင်လိုတဲ့ သဘောနဲ့ ခိုးယူဖူးလို့ နတ်ဖြစ်တဲ့အခါ အဝတ်တန်ဆာမရှိပဲ ''လုံးတီးနတ်မင်းကြီး'' ဖြစ်နေရရှာတယ်တဲ့။

ဒါကြောင့် အဒိန္နာဒါန အကုသိုလ်ဒုစရိုက်ဟာ နည်းပါးလို့ ပဝတ္တိအကျိုးလောက်သာ ပေးမယ်ဆိုယင် ကျူးလွန်သူကို ဆင်းရဲစေ၊ မွဲစေနိုင်ပါတယ်။ ပဋိသန္ဓေအကျိုး ပေးမယ်ဆိုယင်တော့ အပါယ်လေးပါးကို ရောက်စေနိုင်တယ်တဲ့။

## ကာဠသုတ်ငရဲဆိုတာ

ဒုစရိုက်တပါး၊ ငရဲတထပ်စီ တွဲဟောဖို့ စီစဉ်ထားတာ အခု ကာဠသုတ်ငရဲအလှည့်ပါပဲ။

ကာဠသုတ်ဆိုတာ ကာဠသုတ္တဆိုတဲ့ ပါဠိကဆင်းသက်လာတဲ့ ပါဠိပျက်စကားပါပဲ။ ကာဠ-မည်းနက်သော၊ သုတ္တ-ကြိုးတဲ့။ ဒီတော့ ကာဠသုတ်ဆိုတာ မည်းနက်သော ကြိုးလို့ အဓိပ္ပာယ်ရပါတယ်။ လက်သမားတွေသုံးတဲ့ မျဉ်းကြိုးကိုခေါ်တဲ့ စကားပါပဲ။

ဒီငရဲမှာ ငရဲသူ ငရဲသားတွေကို ငရဲထိန်းတွေက အလျှံပြောင်ပြောင်တောက်တဲ့ လက်နက်တွေနဲ့ လိုက်လံဖမ်းဆီးကြတယ်။ ငရဲသူ ငရဲသားတွေဟာ ကြောက်အားလန့်အားနဲ့ ပြေးရလွန်းတော့ အမောဆို့ပြီး မေ့လဲကြပါသတဲ့။

အဲဒီအခါ လက်သမားများဟာ သစ်ရိုင်းတုံးကို မျဉ်းကြိုးချပြီး လိုတဲ့ပုံရအောင် ခုတ်ရွေကြသလို ငရဲထိန်းတွေကလည်း မေ့လဲနေတဲ့ ငရဲကောင်တွေကို ပက်လက်တချို့၊ မှောက်ခုံတချို့၊ ဒေါင်လိုက်တချို့ လိုသလို ထားပြီးတော့ မျဉ်းကြိုးချကာ ခုတ်ရွေကြတယ်တဲ့။ အဲဒီလို ငရဲကောင်ကို မျဉ်းကြိုးချပြီးတော့ ခုတ်ရွေရာဖြစ်တဲ့ ငရဲမို့လို့ ဒီငရဲကို ကာဠသုတ်ငရဲလို့ ခေါ်ခြင်းပါပဲ။

အဲဒီဘုံက ငရဲသူငရဲသားတွေဟာလဲ အကုသိုလ်ကံ မကုန်မချင်း ငရဲဆင်းရဲတွေ ခံကြရပါတယ်။ ငရဲသက်တမ်းကုန်အောင်သာ ခံရမယ်ဆိုယင်တော့ ငရဲနှစ်နဲ့ အနှစ်တစ်ထောင်တိတိ ခံကြရ

တယ်။ ဒီငရဲမှာ တရက်ဟာ လူ့အရေအတွက်နဲ့ဆိုယင် နှစ်ပေါင်း ၃ ကုဋေ ၆ သန်းရှိတယ်တဲ့။

ကဲ....တရားကဗျာလေးတွေ ဆိုကြအုံးစို့။

**ကာဠသုတ်ငရဲ ခံရပုံ ဆောင်ပုဒ်**

လက်နက်စွဲကိုင် ငရဲထိန်းများက၊
ငရဲသားကို လိုက်ဖမ်းတယ်။
ကြောက်လန့်ပြေးသူ ငရဲသားမှာ၊
ပြေးဖန်များတော့ မောလဲတယ်။
မူးမေ့နေသူ ငရဲကောင်များကို၊
ငရဲဓားနဲ့ လှီးဖြတ်တယ်။
လက်သမားတွေ မျဉ်းကြိုးချလို့၊
သစ်ရွေကြတဲ့ ပမာကွယ်။
မျဉ်းကြိုးသားကာ ရွေခုတ်မြဲမို့၊
ကာဠသုတ်ငရဲ ခေါ်ပါတယ်။
ဤဘုံသက်ကို တွက်စစ်ကြည့်တော့၊
တစ်ထောင်တိတိ ရှိပါတယ်။
ကြောက်ဖွယ်....ကြောက်ဖွယ်။

ဒီလို အချိန်ကြာမြင့်စွာ ငရဲဆင်းရဲ ခံရတာတွေဟာ ဒုစရိုက်ကြောင့် ဖြစ်ကြောင်း၊ ဒုစရိုက်ကို ကျူးလွန်တာဟာ သက္ကာယဒိဋ္ဌိကြောင့်ဖြစ်ကြောင်း၊ သက္ကာယဒိဋ္ဌိရဲ့ အဓိပ္ပာယ်နဲ့ မြင်ရာမှာ သက္ကာယဒိဋ္ဌိ ဝင်ပုံတို့ကို ပါဏာတိပါတ ဒုစရိုက် အခန်းမှာ

ဖော်ပြပြီးခဲ့ပါပြီ။ ဒါကြောင့် အခုကြားရာမှာ သက္ကာယဒိဋ္ဌိ ဝင်ပုံကို ဆက်ဟောမယ်။

## ကြားရာမှာ သက္ကာယဒိဋ္ဌိ ဝင်ပုံ

အသံအာရုံက နားအကြည်ရုပ်ကို လာထိခိုက်တဲ့ အခါကျတော့ ကြားသိစိတ်နဲ့ ယှဉ်ဖက်စေတသိက်တွေ ဖြစ်ပေါ်လာပါတယ်။ အဲဒီမှာ (၁) အသံရယ်၊ (၂) နားအကြည်ရယ်၊ (၃) ကြားသိစိတ်နဲ့ယှဉ်ဖက် စေတသိက်တွေရယ် ဒီသုံးမျိုးရှိတဲ့ အထဲမှာ အသံနဲ့ နားအကြည်တို့က ရုပ်တရား၊ မသိတတ်တဲ့ သဘောပါပဲ။ ကြားသိစိတ်နဲ့ ယှဉ်ဖက် စေတသိက်တို့က နာမ်တရား၊ သိတတ်တဲ့ သဘောပါပဲတဲ့။

အဲဒီ ရုပ်နဲ့နာမ် နှစ်မျိုးဟာ ကြားဆဲမှာ တကယ်ထင်ရှားရှိနေပါတယ်။ ဒီလို ထင်ရှားရှိတဲ့ ရုပ်နာမ်ကိုပဲ သက္ကာယလို့ခေါ်ပါတယ်။ သက္ကာယဖြစ်တဲ့ ရုပ်နာမ်အပေါ် အထင်အမြင်လွဲမှားယင် သက္ကာယဒိဋ္ဌိ ဖြစ်ပါတယ်။

ဘယ်လိုလဲဆိုယင် ကြားတတ်တာဟာ ကြားသိစိတ်ဖြစ်ပါတယ်၊ ငါ မဟုတ်ပါဘူး။ ငါ ဆိုတာက အပြောမှန်မျှသာဖြစ်တယ်၊ တကယ်မရှိဘူး။ ဒါကိုမသိယင် “ကြားတာ ငါပဲ”လို့ အထင်မှားတတ်ပါတယ်။ ဒါဟာ ကြားသိစိတ်ကို ငါကောင်ထင်တဲ့ သက္ကာယဒိဋ္ဌိပါပဲ။

နားအကြည်ရုပ်ဟာ ကြားစေတတ်တဲ့ အကြောင်းမျှသာဖြစ်ပါတယ်။ မကြားတတ်ပါဘူး။ ဒါကို မသိယင် “နားကကြားတာပဲ”လို့ အထင်မှားတတ်တယ်။ အဲဒီ အထင်မှားမှုဟာ နားအကြည်ရုပ်ကို ငါကောင်ထင်တဲ့ သက္ကာယဒိဋ္ဌိပါပဲ။

ကြားရတဲ့အာရုံဟာ အသံသက်သက်မျှသာ ဖြစ်ပါတယ်။ အကောင်အထည် မဟုတ်ပါဘူး။ ဒါကို မသိယင် "ခွေးသံကြားတယ်၊ ကြောင်သံကြားတယ်၊ ယောကျ်ားသံကြားတယ်၊ မိန်းမသံကြားတယ်" စသည်ဖြင့် အကောင်အထည်အထိ စိတ်ရောက်သွားပြီးတော့ သဘောမှန် အသံရုပ်နဲ့ အပြောမှန် အကောင်အထည်ကို တခုထဲလို့ အထင်မှားတတ်ပါတယ်။ ဒီလို အထင်မှားမှုဟာ အသံရုပ်ကို အကောင်အထည်ထင်တဲ့ သက္ကာယဒိဋ္ဌိ ဖြစ်ပါတယ်။

ဒါ့ကြောင့် ကြားဆဲမှာ ဝိပဿနာမရှုယင် သက္ကာယဒိဋ္ဌိဝင်ပါတယ်။ ဒီဒိဋ္ဌိမပြုတ်သေးယင် အပါယ်ဘေးက မလွတ်မြောက်နိုင်သေးဘူး။ အရိယာဖြစ်တဲ့အထိ ဝိပဿနာတရားအလုပ်အားထုတ်သွားမယ်ဆိုယင်တော့ သောတာပန် ဖြစ်လိုက်တာနဲ့ တပြိုင်နက် သက္ကာယဒိဋ္ဌိပြုတ်ပြီး အပါယ်ဘေးက ထာဝစဉ် ကင်းဝေးသွားနိုင်တယ်တဲ့။

## ခိုးမှုကြောင့် အပါယ်မကျအောင် ဝိပဿနာက ကယ်တင်ခဲ့ပုံ လုံးတီးနတ်ကြီးနှင့် တူမောင် ဝတ္ထု

အဒိန္နာဒါန အကုသိုလ် ဒုစရိုက်တွေ ကျူးလွန်ခဲ့ပေမယ့် တရားအားထုတ်လို့ အရိယာဖြစ်သွားယင် အပါယ်ဘေးက ကင်းဝေးသွားနိုင်ပုံကို မှတ်သားရအောင် ရှေ့ပိုင်းမှာ ဟောတဲ့ လုံးတီးဘုမ္မဇိုးနတ်ကြီးအကြောင်း ပြန်ဆက်ကြအုံးစို့။

အဲဒီနတ်ကြီးဟာ လူ့ဘုံဘဝတုန်းက သူ့တူတော်ခဲ့ဖူးတဲ့ ကားစင်က သူခိုးထံ ညသန်းခေါင်ယာမ်လောက်မှာ ရောက်

လာပြီးတော့ "အမောင်၊ အသင်ဟာ အသက်ရှင်အောင်နေပါ။ သင့်အဖို့ အသက်ရှင်ရတာက သေရတာထက် မြတ်ပါတယ်" လို့ ပြောဆိုလေ့ရှိပါသတဲ့။ ဒီလိုပြောတာကတော့ အဲဒီ အဒိန္နာဒါန ဒုစရိုက်သမားသေယင် ငရဲကျမယ်ဆိုတာ သိလို့ ပြောခြင်း ပါပဲ။

တနေ့မှာ အမ္ဗသက္ကရလိစ္ဆဝီမင်းဟာ လင်ရှိ အမျိုးသမီး တဦးကို လိုချင်တာနဲ့ သူ့လင်ကိုသတ်ဖို့ အကြံအဖန် လုပ်ပါ တယ်။ အဲဒီအမျိုးသမီးရဲ့ ခင်ပွန်းကို မြို့နဲ့ သုံးယူဇနာလောက် အကွာမှာရှိတဲ့ ဘီလူးစောင့်တဲ့ရေကန်က ကြာပန်းနဲ့ မြေညက်ကို နေချင်းပြန် အယူခိုင်းပါတယ်။ နေမဝင်ခင် ပြန်မရောက်ယင် သေဒဏ်ပေးမယ်လို့လဲ အမိန့်ပေးလိုက်တယ်။

အဲဒီအမျိုးသားဟာ ဘုရင်ယူခိုင်းတဲ့ ကြာပန်းနဲ့ မြေညက်ကို ကံအားလျော်စွာ နေမဝင်မီ မြို့အရောက် ယူလာနိုင်ပါတယ်။ ဒါပေမယ့် ဘုရင်ရဲ့ ကြိုတင်အမိန့်ကြောင့် တံခါးမှူးက မြို့တံခါး ပိတ်ထားတာနဲ့ သူဟာ မြို့ထဲမဝင်နိုင်ရှာဘူး။

ဒါကြောင့် အဲဒီအမျိုးသားဟာ မြို့တံခါးနားက ကားစင် ပေါ်ရှိ သူခိုးထံသွားပြီးတော့ ဒီအမှုမှာ သူ့ဘက်က သက်သေ လိုက်ဖို့ ပြောပါတယ်။ ဒီတော့ သူခိုးက မိမိမှာ သေလူဖြစ် တယ်။ သက်သေလိုက်လို့ မထူးပါ၊ သက်သေလိုချင်ယင် ညစဉ် သူ့ထံလာတဲ့ ဘုမ္မဇိုးနတ်ကြီးကို သက်သေထားယင် ဖြစ်နိုင် တယ်လို့ ပြောပါတယ်။ ဒါနဲ့ တိုတိုပြောရယင် အဲဒီအမှုကို အကြောင်းပြုပြီးတော့ အမ္ဗသက္ကရမင်းနဲ့ လုံးတီး နတ်မင်းကြီး တို့ ဆုံတွေ့ကြပါတယ်။

အဲဒီအခါ နတ္ထိကမိစ္ဆာဝါဒ အယူရှိတဲ့မင်းကို လုံးတီးနတ်ကြီးက ကံ-ကံ၏အကျိုးရှိပုံနှင့် ပတ်သက်ပြီး အဒိန္နာဒါနကံကြောင့် သူ လုံးတီးနတ်ဖြစ်ရပုံကို သာဓကပြပြီး ရှင်းလင်းပြောပြပါတယ်။ သူ့အတွက် ရည်စူး၍ ကပ္ပိတကမထေရ်ကို သင်္ကန်းလှူပြီး အမျှဝေပါ၊ ကံ-ကံ၏အကျိုးရှိပုံကို လက်တွေ့မြင်ရပါလိမ့်မယ်လို့လဲ ထပ်ဆင့် ပြောကြားပါတယ်။

နတ်ကြီးပြောတဲ့အတိုင်းအမ္ဗသက္ကရမင်းဟာ ကပ္ပိတကမထေရ်အား သင်္ကန်းလှူတန်းပြီး နတ်ကြီးကို အမျှဝေလိုက်တဲ့အခါ နတ်ကြီးဟာ လုံးတီးဘဝက လွတ်ပြီးတော့ နတ်ဝတ်တန်ဆာအပြည့်နဲ့ ဖြစ်လာပါတယ်။ ဒါကိုမြင်ရတဲ့ မိစ္ဆာဝါဒ မင်းလည်း ဗုဒ္ဓဘာသာဝင် ဖြစ်လာတယ်တဲ့။

နတ်ကြီးရဲ့တူ သူခိုးလဲ ကားစင်မှချပြီး အသက်ဘေးမှ ချမ်းသာပေးလိုက်ပါတယ်။ အဲဒီ သူခိုးဟာ တံကျင်အလျှိုခံရတဲ့ ဒဏ်ရာပျောက်ကင်းတဲ့အခါ ရဟန်းပြုပြီးတော့ ဝိပဿနာတရားအလုပ် အားထုတ်လိုက်တာ ရဟန္တာ ဖြစ်သွားတယ်တဲ့။

အဲဒီ နတ်ကြီးရဲ့တူဟာ တရားသာ အားမထုတ်ပဲနေယင် ငရဲကျမှာ သေချာပါတယ်။ ဒါပေမယ့် ရဟန်းပြုပြီး တရားအားထုတ်လို့ သောတာပန်ဖြစ်လိုက်တာနဲ့ တပြိုင်နက်ထဲ အပါယ်ဘေးမှ လုံးဝကင်းဝေးလွတ်မြောက်ခဲ့ပြီးဖြစ်ပါတယ်။ အခုတော့ ရဟန္တာအထိ ဖြစ်သွားတယ်ဆိုတော့ အပါယ်ဘေးသာမက သံသရာဘေးဒုက္ခမှန်သမျှကပါ ထာဝစဉ် ကင်းဝေးသွားတော့တာပေါ့။

ဒါကြောင့် မကျူးလွန်ရသေးတဲ့ အဒိန္နာဒါန ဒုစရိုက်မျိုးကို မကျူးလွန်မိအောင် သီလကို လုံခြုံအောင် စောင့်ထိန်းရမယ်။ ကျူးလွန်ပြီးတဲ့ အဒိန္နာဒါန ဒုစရိုက်ကြောင့် အပါယ်မကျအောင်ကတော့ အရိယာဖြစ်တဲ့အထိ ဝိပဿနာတရားအလုပ်ကို ကြိုးစားအားထုတ်ရမယ်လို့ တိုက်တွန်းလိုပါတယ်။

## ရုပ်နာမ်သိပုံ

ဝိပဿနာရဲ့ အဓိပ္ပါယ်နဲ့ ဝိပဿနာ ရှုမှတ်တဲ့အခါ အခြေခံမှတ်ပုံမှတ်နည်းတွေကိုတော့ ပါဏာတိပါတ ဒုစရိုက်အခန်းမှာ ဖော်ပြခဲ့ပြီးပါပြီ။ ဒီမှာတော့ ရှေ့သို့ အသိဉာဏ်တဆင့် တိုးတက်လာပုံလောက်ကိုပဲ ဟောပြတော့မယ်။

ဟောခဲ့ပြီးဖြစ်တဲ့ ရှုမှတ်နည်းတွေအတိုင်း ရှုမှတ်သွားယင် မှတ်စ မှာတော့ မှတ်သားစရာအာရုံနဲ့ မှတ်စိတ်မတွဲပဲ ဖြစ်နေတတ်တယ်။ ဖောင်းတဲ့အခါ "ဖောင်းတယ်" လို့ မှတ်ခဲ့ပေမယ့် မှတ်စိတ်က ဖောင်းမှုအာရုံပေါ် မကျပဲဖြစ်နေတတ်တယ်။ ပိန်တာကို အာရုံပြုပြီး "ပိန်တယ်" လို့ မှတ်ယင်လဲ ဒီအတိုင်းပဲ အာရုံနဲ့ မှတ်စိတ်မကိုက်ပဲ ဖြစ်နေတတ်တယ်။

ဒါပေမယ့် ဇွဲကောင်းကောင်းနဲ့ စူးစူးစိုက်စိုက် မှတ်သွားယင် မကြာခင် အာရုံနဲ့ မှတ်စိတ်ကိုက်လာလိမ့်မယ်။ ဖောင်းတယ်လို့ မှတ်ယင် မှတ်စိတ်ဟာ ဖောင်းမှုအာရုံပေါ် သို့ ကပ်ခနဲကျရောက်သွားတယ်။ "ပိန်တယ်" လို့ မှတ်ယင်လဲ မှတ်စိတ်ဟာ ပိန်မှုအာရုံပေါ် သို့ ကပ်ခနဲကျရောက်သွားတယ်။ တခြား အမှတ်တွေမှာလဲ ဒီအတိုင်းပါပဲ။

ဒီလို မှတ်တိုင်းမှတ်တိုင်း မှတ်စိတ်ဟာ အာရုံပေါ်မှာ ကပ်ခနဲ ကပ်ခနဲကျရောက်သွားတာဟာ “အခိုက်အတံ့ စိတ်တည်ငြိမ်မှု” ဖြစ်လာတာပါပဲ။ ဒီလို အခိုက်အတံ့အားဖြင့် စိတ်တည်ငြိမ်မှု ရလာယင် မှတ်စိတ်တွေဟာ စင်ကြယ်လာပါတယ်။ တခုနဲ့တခု အကြားမှာ အခြားစိတ်မဝင်ပဲ ရှေ့စိတ်ကလည်း မှတ်စိတ်၊ နောက်စိတ်ကလည်း မှတ်စိတ်၊ အဲဒီလို စိတ်ကလည်း မှတ်စိတ်တွေဖြင့် မှတ်စိတ်တွေချည်း၊ အနည်းဆုံး ၁၀-မိနစ်၊ ၁၅-မိနစ်ခန့် ဆက်တိုက် ဖြစ်လာပါတယ်။ ဒါဟာ “စိတ်စင်ကြယ်မှု” ဖြစ်လာတာပါပဲ။

ဒီလို စိတ်စင်ကြယ်မှုဖြစ်လာတော့ မှတ်စရာအာရုံနဲ့ မှတ်စိတ်ကို ပိုင်းခြားသိတဲ့ အသိဉာဏ် ဖြစ်လာတော့တာပေါ့။ ဖောင်းတယ်လို့မှတ်ယင် “ဖောင်းတာက တခြား၊မှတ်စိတ်ကတခြားပဲ” လို့ ဒီလို ကွဲကွဲပြားပြားသိလာတယ်။ ပိန်တယ်လို့ မှတ်ယင်လဲ “ပိန်တာက တခြား၊ မှတ်စိတ်က တခြား”လို့ ခွဲခြားသိလာပါတယ်။ဒါတင်မကဘူး၊“ဖောင်းတာကတခြား၊ပိန်တာကတခြားပဲ။ ဖောင်းတာကို သိတဲ့စိတ်က တခြားပဲ။ ပိန်တာကိုသိတဲ့စိတ်က တခြားပဲ”လို့၊ ဒီလို ပိုင်းခြား သိလာနိုင်ပါတယ်။ တခြား ကွေးတာ၊ ဆန့်တာ စသည်တွေကို မှတ်တဲ့အခါလည်း ဒီအတိုင်းပါပဲ။

ဒီလို မှတ်တိုင်းမှတ်တိုင်း မှတ်စရာအာရုံနဲ့ မှတ်စိတ်ကို ပိုင်းခြား သိလာတော့ မှတ်ဆဲမှာ “မှတ်စရာအာရုံနဲ့ မှတ်စိတ်သာ တကယ်ရှိတယ်။ ငါ၊ သူတပါး၊ ယောကျ်ား၊ မိန်းမ မရှိဘူး” ဆိုတာကို ရှုယင်း မှတ်ယင်း လက်တွေ့သိလာပါလိမ့်မယ်။

မှတ်စရာအာရုံနဲ့ မှတ်စိတ်ကို ပိုင်းခြားသိတာဟာ "ရုပ်နဲ့နာမ်ကို ပိုင်းခြားသိတဲ့ အသိဉာဏ်"ပါပဲ။ "မှတ်စရာအာရုံ နဲ့ မှတ်စိတ် ဆိုတဲ့ ရုပ်နာမ်သာ ရှိတယ်။ ငါ၊ သူတပါး၊ ယောကျ်ား၊ မိန်းမ စသည် မရှိဘူး" လို့ သိတာဟာ "အသိအမြင်စင်ကြယ်မှု" ဖြစ်ပါတယ်။

ဒီအတိုင်း ဆက်မှတ်သွားလို့ နိဗ္ဗာန်ကို မဂ်ဉာဏ်၊ဖိုလ်ဉာဏ်ဖြင့် သိမြင်ဆိုက်ရောက် မျက်မှောက်ပြုသွားမယ် ဆိုယင်တော့ အဲဒီပုဂ္ဂိုလ်ဟာ မကျူးလွန်ရသေးတဲ့ အဒိန္နာဒါနလို ဒုစရိုက် မျိုးကိုလည်း ဘယ်တော့မှ မကျူးလွန်တော့ဘူး။ ကျူးလွန်မိ ခဲ့တဲ့ ဒုစရိုက်တွေကြောင့်လဲ အပါယ်မကျနိုင်တော့ဘူးတဲ့။

ကဲ....ဟောခဲ့ပြီးတဲ့ အဒိန္နာဒါန ဒုစရိုက်အကြောင်း နိဂုံး ချုပ်တဲ့အနေနဲ့ တရားဆောင်ပုဒ်လေးတွေ ဆိုကြအုံးစို့။

## အဒိန္နာဒါန ပြစ်ကျိုးပြ ကဗျာ

ခိုးပြခိုးသူ သေယင်မလွဲပ၊
အပါယ်ငရဲ ကျလိမ့်မယ်။

လူဖြစ်ပြန်သော် ရှာလေမဲ့လို့၊
ရှိပစ္စည်းလဲ ပျက်တတ်တယ်။

လေးပါးအပါယ် တကယ်ကြောက်ယင်၊
မဂ်ဖိုလ်ရောက်အောင် အားထုတ်ကွယ်။

မဂ်ဖိုလ်ရောက်အောင် ဘယ်တရားကို၊
ကြိုးစားအားထုတ် ကျင့်ရမယ်။

ဝိပဿနာခေါ် မြတ်တရားကို၊
ကြိုးစားကျင့်မှ ရောက်ပါမယ်။
သိတတ်တာဟာ နာမ်သဘောကွဲ့၊
မသိတဲ့သဘော ရုပ်ဖြစ်တယ်။
ဖြစ်ပျက်ရုပ်နာမ် သိအောင်မှတ်တော့၊
ဝိပဿနာ ဖြစ်ပါတယ်။
မဂ်ဖိုလ်ဆိုက်အောင် ရှုမှတ်ပွားတော့၊
အပါယ်တံခါး ပိတ်ပါတယ်။
မှတ်ကွယ်....မှတ်ကွယ်။

[ကာမေသုမိစ္ဆာစာရ ဒုစရိုက်]

## ၃။ သူ့သားမယား ကျူးလွန်က မကောင်းကျိုးရ

ကဲ....ကာမေသုမိစ္ဆာစာရအကြောင်း ဆက်ကြဦးစို့။ သေသေချာချာ နာကြားကြပါ။

ကာမေသုမိစ္ဆာစာရော ဘိက္ခဝေ အာသေဝိတော ဘာဝိတော ဗဟုလီကတော နိရယသံဝတ္တနိကော တိရစ္ဆာန ယောနိသံဝတ္တနိယော ပေတ္တိဝိသယသံဝတ္တနိကော ယော သဗ္ဗလဟုကော ကာမေသုမိစ္ဆာစာရဿ ဝိပါကော မနုဿဘူတဿ သပတ္တဝေရသံဝတ္တနိကော ဟောတိ။

ဘိက္ခဝေ၊ ရဟန်းတော်များ အို....ချစ်သားတို့။ အာသေဝိတော၊ အဖန်တလဲလဲ မှီဝဲသော။ ဘာဝိတော၊ ပွားစေအပ်သော။ ဗဟုလီကတော၊ ကြိမ်ဖန်များစွာ ပြုလုပ်အပ်သော။ ကာမေသုမိစ္ဆာစာရော၊ သူတပါးသားမယားကို ပြစ်မှားကျူးလွန်ကြောင်းဖြစ်တဲ့ အကုသိုလ်စေတနာသည်။ နိရယသံဝတ္တနိကော၊

ချမ်းသာကင်းရာ ငရဲရွာ၌ ဖြစ်စေတတ်၏။ တိရစ္ဆာနယောနိ သံဝတ္တနိကော၊ဖီလာကန့်လန့် သွားတတ်သော တိရစ္ဆာန်မျိုး၌ လည်း ဖြစ်စေတတ်ပါပေ၏။ ပေတ္တိဝိသယသံဝတ္တနိကော၊ ချမ်း သာမှ ဝေးရာသို့ ရောက်စာတတ်သော ပြိတ္တာဘုံ အသူရကာယ်ဘုံတို့ ၌လည်း ဖြစ်စေတတ်ပါပေ၏။ ကာမေသုမိစ္ဆာစာရဿ၊ ကာမေ သုမိစ္ဆာစာရ အကုသိုလ်ဒုစရိုက်၏။ သဗ္ဗလဟုကော၊ အပေါဆုံး အနည်းဆုံးဖြစ်သော။ ယောဝိပါကော၊ အကြင်အကျိုးသည်။ ဝါ—မကောင်းကျိုးကို ဖြစ်စေတတ်တဲ့ အကြင် အကုသိုလ် စေတနာသည်။အတ္ထိ၊ရှိ၏။သော၊အပေါ့ဆုံး အနည်းဆုံးဖြစ်တဲ့ ထိုအကုသိုလ် စေတနာသည်။ မနုဿဘူတဿ၊ လူဖြစ်သော ပုဂ္ဂိုလ်အား။ သပတ္တဝေရသံဝတ္တနိကော၊ ရန်သူ ပွားစေတတ် သည်။ ဟောတိ၊ စင်စစ်မသွေ ဖြစ်ပါပေ၏။ ဝါ—ကုသိုလ်ကံ ထောက်မ၍ လူ့ဘဝသို့ ရောက်ရပါသော်လည်း သွားလေရာမှာ ရန်သူပွားလို့ နပုန်းများလဲ ဖြစ်တတ်ပါပေသတည်း။

[သာဓု....သာဓု....သာဓု။]

**စကားပြေ အဓိပ္ပာယ်**

သူတပါး သားမယားကို ပြစ်မှားကျူးလွန်ကြောင်း ဖြစ်တဲ့ အကုသိုလ်စေတနာဟာ ကာမေသုမိစ္ဆာစာရ ဒုစရိုက် ဖြစ်ပါ တယ်။ ဒီ ဒုစရိုက်ကို ကျူးလွန်လိုက်စားကြတဲ့ ငမိုက်သားတွေ ဟာ အပါယ်လေးပါးသို့ လားရောက်ကြရတယ်။ လူဖြစ်တဲ့ အခါမှာလည်း သွားလေရာမှာ ရန်သူ များတတ်တယ်။ ယောကျ်ားမဟုတ်၊ မိန်းမမဟုတ်တဲ့ နပုန်းပဏ္ဍုက်များလဲ ဖြစ်ရ တတ်တယ်တဲ့။

## သူ့သားမယား ကျူးလွန်မှုကြောင့် ငရဲကျရပုံ အရှင်အာနန္ဒာလောင်းလျာ ဝတ္ထု

ဒီအကုသိုလ်ဒုစရိုက်နဲ့ ပတ်သက်တဲ့ အထင်ရှားဆုံး ဝတ္ထုသာဓကကတော့ ရှင်အာနန္ဒာ မထေရ်မြတ်ရဲ့ အတိတ်ဝတ္ထုဖြစ်ပါတယ်။

ရှင်အာနန္ဒာဆိုယင် ဗုဒ္ဓဘာသာဝင်တိုင်းလိုလို ကြားဖူးကြပါတယ်။ ပဒုမုတ္တရမြတ်စွာဘုရားရှင် လက်ထက်ကစပြီး ကမ္ဘာ တသိန်းတိုင်တိုင် ပါရမီ ဖြည့်လာခဲ့တဲ့ အသီတိမဟာသာဝက ရှစ်ကျိပ်ဝင်လည်းဖြစ်၊မြတ်စွာဘုရားနဲ့ဖွားဘက်တော်လည်းဖြစ်၊ မြတ်စွာဘုရားရဲ့ အမြဲတမ်း အလုပ်အကျွေးလည်း ဖြစ်တဲ့အပြင် အမျိုးသား ရဟန်းတော်တွေထဲမှာ ဗဟုသုတအရာ၌ အမြတ်ဆုံး ဘွဲ့ တေဒဂ်ရတဲ့ မထေရ်မြတ်ပါပဲ။ (ဒီလို ဘွဲ့ပေါင်း ငါးခုတိတိ ရရှိပါတယ်)။

ဒီမထေရ်မြတ် အလောင်းဟာ အတိတ်ဘဝတခုမှာ မဂဓ တိုင်း ရာဇဂြိုဟ်ပြည်ဝယ် ရွှေပန်းတိမ်သည်ရဲ့သား ဖြစ်ခဲ့ဖူးပါတယ်။သူဟာ ဆွေဂုဏ်မျိုးဂုဏ် ပစ္စည်းဂုဏ်အားကိုးနဲ့ တသက်လုံး ဆိုးချင်တိုင်းဆိုးပြီး သူတပါးသားမယားတွေကို ပြစ်မှားကျူးလွန်တဲ့ ဒုစရိုက်သမားကြီး ဖြစ်ခဲ့ပါတယ်။

## ဇာတ် ၇ ချက်နှင့် အကျိုးပေးပုံ မှတ်ချက်

ဒါပေမယ့် ဒီဘဝကသေတော့ ကောသမ္ဗီပြည်မှာ သဌေးသား သွားဖြစ်တယ်။ဒါက ဘာသဘောလဲဆိုယင် ကံရဲ့ အကျိုးပေးပုံ အစဉ်သဘောပါပဲ။



ရှင်အာနန္ဒာသည် အတိတ်ဘဝ ရွှေပန်းတိမ်သည်၏သား ဖြစ်ခဲ့စဉ်က သူတပါး၏ သားမယားများအား ပြစ်မှားကျူးလွန်ခဲ့သော ဒုစရိုက်သမားကြီး ဖြစ်ခဲ့ရ၏။

---

ကုသိုလ်ကံ (သို့မဟုတ်) အကုသိုလ်ကံတခုကို ပြုလုပ်တဲ့အခါ ဆိုင်ရာ စိတ်အစဉ်တခု ဖြစ်သွားပါတယ်။ အဲဒီ စိတ်အစဉ်ထဲမှာ စိတ်တခုထဲက ၇ ကြိမ်ဆက်ဖြစ်တဲ့ စိတ်အစဉ်လည်း ပါဝင်ပါတယ်။ အဲဒီစိတ်မျိုးကို ဇောစိတ်လို့ခေါ်တယ်။ ဇော ၇ ကြိမ် စောတယ်လို့လဲ ပြောရိုးပြုကြပါတယ်။

အဲဒီတော့ ၇ ကြိမ်ထဲက ပဌမဇောက အကျိုးပေးယင် ဒီဘက်မှာပဲ အကျိုးပေးပါတယ်။ ဒီဘဝမှာ အကျိုးပေးခွင့်

မရယင် အဟောသိကံ ဖြစ်သွားပါတယ်။ အလကား ဖြစ်သွားတယ်လို့ ဆိုလိုပါတယ်။

သတ္တမဇောက အကျိုးပေးမယ်ဆိုယင် ဒုတိယ ဘဝမှာ အကျိုးပေးပါတယ်။ ဒုတိယဘဝမှာ အကျိုးပေးခွင့် မရယင် အဲဒီဇောလဲ အဟောသိကံ ဖြစ်သွားတာပါပဲ။

အလယ်ဇော ၅ ချက်ကတော့ တတိယဘဝကစပြီး နိဗ္ဗာန် မရမီစပ်ကြား တချိန်ချိန်မှာ အကျိုးပေးပါတယ်။ နိဗ္ဗာန်ရမှသာ အဲဒီဇောတွေက အဟောသိကံ ဖြစ်သွားပါတယ်။

အခု ရှင်အာနန္ဒာအလောင်း ဒုစရိုက်သမားဟာ ဒုတိယ ဘဝမှာ ငရဲမကျပဲ သဌေးသား သွားဖြစ်တာဟာ သူ့ရဲ့ ဒုစရိုက် ကံက ဒုတိယဘဝမှာ အကျိုးပေးခွင့် မရသေးလို့ပါပဲ။

အဲ....သဌေးသားဘဝမှာတော့ ဒုစရိုက်တွေ ရှောင်ကြဉ်ပြီး ကုသိုလ်ကောင်းမှုတွေ အကြီးအကျယ် ပြုလုပ်ပါတယ်။ ဒါပေမယ့် အဲဒီသူတော်ကောင်း သဌေးသားဘဝကသေတော့ သူပြု ထားတဲ့ ကုသိုလ်ကံက အကျိုးပေးခွင့် မရသေးပဲ ပန်းတိမ်သည် သားဘဝက ကျူးလွန်ခဲ့တဲ့ ကာမေသုမိစ္ဆာစာရ အကုသိုလ် ကံက ဝင်အကျိုးပေးတာနဲ့ သူဟာ ရောရုဝငရဲသို့ ကျရောက် သွားရရှာတယ်တဲ့။

ဒီနေရာမှာ ရောရုဝငရဲအကြောင်း ဟောဖို့ပါပဲ။ ဒါပေမယ့် ဒုစရိုက်တပါး၊ ငါးရဲတထပ်စီ တွဲဟောလာတာဖြစ်လို့ အလှည့်ကျ ရောက်လာတဲ့ သံဃာတငရဲအကြောင်းကိုပဲ ဟောပါ့မယ်။

## သံဃာတ ငရဲဆိုတာ

သံဃာတငရဲဆိုတာ သံတောင်ကြိတ် ငရဲပါပဲ၊ ၉-ယူဇနာ လောက် ငရဲမီးဈွဲတွေတောက်နေတဲ့ သံမြေပြင်မှာ ခါးလောက် အထိနက်တဲ့ ကျင်းတွေထဲသို့ ငရဲသူငရဲသားတွေကို ငရဲထိန်း တွေက မလှုပ်နိုင်အောင် ထည့်မြှုပ်ကြပါတယ်။ အဲဒီနောက် အလျှံပြောင်ပြောင်တောက်နေတဲ့ သံတောင်ကြီးဟာ ဒီခေတ် လမ်းကြိတ်စက်ကြီးများ လိမ့်လာသလို ဂျိုးဂျိုးဂျိမ်းဂျိမ်း မြည် ဟီးကာ လိမ့်လာပြီးတော့ တွင်းထဲမှာ မလှုပ်နိုင်မရှားနိုင် ဖြစ်နေ ကြတဲ့ ငရဲသူ့ငရဲသား တွေကို အပိုင်းပိုင်း ပြတ်ကုန်အောင် ဗယ်ပြန်,ညာပြန် လှိမ့်ကြိတ်တယ်တဲ့။

ဒီဘုံက ငရဲသူငရဲသားတွေဟာလဲ အကုသိုလ်ကံမကုန်မချင်း ဒီလိုပဲ အကြိတ်ခံကြရတယ်။ ငရဲသက်တမ်းကုန်အောင် ခံရမယ် ဆိုယင်တော့ ငရဲနှစ်နဲ့ အနှစ် ၂-ထောင်တိတိ ခံကြရတယ်။

ဒီငရဲသက် တရာဟာ လူ့ အရေအတွက်နဲ့ဆိုယင် နှစ်ပေါင်း ၁၄-ကုဋေနဲ့ ၄-သန်းရှိတယ်တဲ့။ ကဲ....ဆိုကြစမ်းပါ။

### သံဃာတငရဲ ခံရပုံဆောင်ပုဒ်

သံမြေပူမှာ ခါးအထိမြှုပ်လို့၊
မရုန်းမလှုပ် နိုင်စဥ်ဝယ်။
အလျှံပြောင်ပြောင် သံတောင်ကြီးက၊
အော်မြည်ဟီးလို့ လှိမ့်ကြိတ်တယ်။
သံတောင်လိမ့်ကာ ကြိတ်သတ်မြဲမို့၊
သံဃာတငရဲ ခေါ်ပါတယ်။

ဤဘုံသက်ကို တွက်စစ်ကြည့်တော့၊
၂-ထောင်တိတိ ရှိပါတယ်။
ကြောက်ဖွယ်....ကြောက်ဖွယ်။

## သူ့သားမယား ကျူးလွန်မှုကြောင့် အပါယ်ကျရပုံ ရှင်အာနန္ဒာလောင်းလျှာဝတ္ထု အဆက်

ရှင်အာနန္ဒာ အလောင်းဟာ ဒီလို ကြောက်မက်ဖွယ် ငရဲဆင်းရဲမှ လွတ်ပြန်တော့ ဆိတ်ဖြစ်ပြီး အသင်းခံရတယ်။ ဆိတ်ဘဝက လွတ်ပြန်တော့လည်း မျောက်ဖြစ်ပြီး ဝှေးစေ့ကိုက်ဖောက်ခံရလို့ သေရပြန်တယ်။ အဲဒီနောက် နွားဖြစ်ပြီး အသင်းခံရ၊ သင်းကွပ်ခံရကာ ဝန်ဆွဲရတယ်။ နွားဘဝက သေတော့ ကာမေသုမိစ္ဆာစာရကံကြောင့် ယောကျ်ားမဟုတ်၊ မိန်းမမဟုတ်တဲ့ နပုန်းပဏ္ဍုက် ဖြစ်ရရှာတယ်တဲ့။

အဲဒီနောက် နတ်မိဖုရားအဖြစ် ၅-ကြိမ်နဲ့ မင်းသမီး ဘဝတကြိမ် ဖြစ်ပြီးမှသာ ရှင်အာနန္ဒာအလောင်းဟာ ယောကျ်ားဘဝကို ပြန်ရပါတယ်။

ဒီလို အပါယ်ဆင်းရဲတွေကို ရှင်အာနန္ဒာအလောင်း ခံစားရတာဟာ သူပြုခဲ့တဲ့ ကာမေသုမိစ္ဆာစာရ ဒုစရိုက်ကံကြောင့်ပါပဲ။ အဲဒီ ဒုစရိုက်ကို ဘာဖြစ်လို့ ကျူးလွန်လိုက်စားရသလဲလို့ဆိုယင် သက္ကာယဒိဋ္ဌိ မကင်းသေးလို့ပါပဲ။

အဲဒီသက္ကာယ ဒိဋ္ဌိရဲ့အဓိပ္ပါယ်နဲ့ မြင်ရာ ကြားရာမှာ သက္ကာယဒိဋ္ဌိ ဝင်ပုံတွေကိုတော့ ရှေ့အခန်းတွေမှာ ပြခဲ့ပြီးပါပြီ။ အခုနမ်း ရှုရာမှာ သက္ကာယဒိဋ္ဌိဝင်ပုံကို ဆက်ဟောမယ်။



ရှင်အာနန္ဒာလောင်းလျာသည် အတိတ်ဘဝမှ ကာမေသု မိစ္ဆာစာရ ကံကြောင့် ဆိတ်ဘဝ၊ မျောက်ဘဝ၊ နွားဘဝတို့တွင် အသင်းခံခဲ့ရပြီး လူ့ဘဝတွင် ယောကျ်ားမဟုတ်၊ မိန်းမမဟုတ် နပုန်းပဏ္ဍုက်ဖြစ်ခဲ့ရ ရှာပုံ။

---

## နံရာမှာ သက္ကာယဒိဋ္ဌိဝင်ပုံ

အနံ့အာရုံက နှာခေါင်းအကြည်ရုပ်ကို လာထိခိုက်တဲ့အခါ ကျတော့ နံသိစိတ် ဖြစ်လာတယ်။ အဲဒီမှာ (၁) အနံ့ရယ်၊ (၂) နှာခေါင်းအကြည်ရယ်၊ (၃) နံသိစိတ်နဲ့ ယှဉ်ဖက် စေတသိက်တွေရယ်၊ ဒီသုံးမျိုးရှိတဲ့အထဲမှာ အနံ့နဲ့ နှာခေါင်း အကြည်က ရုပ်တရား၊ မသိတတ်တဲ့သဘောပဲ။ နံသိစိတ်နဲ့ယှဉ်

ဖက် စေတသိက်တို့ကတော့ နာမ်တရား၊ သိတတ်တဲ့ သဘော ဖြစ်တယ်။

ဒါကြောင့် နမ်းရှုဆဲမှာ ရုပ်နဲ့နာမ်ဟာ တကယ်ထင်ရှား ရှိနေပါတယ်။ အဲဒီ ထင်ရှားရှိနေတဲ့ ရုပ်နာမ်ကိုပဲ သက္ကာယ လို့ ခေါ်ပါတယ်။ သက္ကာယ ရုပ်နာမ်အပေါ် အယူအဆလွဲမှား တာဟာ သက္ကာယဒိဋ္ဌိပါပဲ။

ဘယ်လိုလဲဆိုယင် အနံ့ကိုသိတတ်တာဟာ နာမ်သိစိတ်ဖြစ် တယ်။ ငါမဟုတ်ပါဘူး။ ဒါကိုမသိယင် ''အနံ့ကိုသိတာငါပဲ'' ဆိုတဲ့ အထင်မှားမှု ဝင်လာတယ်။ အဲဒါဟာ နံသိစိတ်ကို ငါကောင်ထင်တဲ့ သက္ကာယဒိဋ္ဌိပါပဲ။

နှာခေါင်းအကြည်ရုပ်ဟာ အနံ့ကို ရစေတတ်၊ နံစေတတ်တဲ့ အကြောင်းမျှသာ ဖြစ်တယ်။ သူကလည်း အနံ့ကို မနံတတ် မသိတတ်ပါဘူး။ ဒါကိုမသိယင် ''နှာခေါင်းက နံတာပဲ''ဆိုတဲ့ နှာခေါင်းအကြည်ရုပ်ကို အကောင်အထည်ထင်တဲ့ သက္ကာယဒိဋ္ဌိ ဝင်လာပါတယ်။

နှာခေါင်းအကြည်ရုပ်ကို လာထိခိုက်တာဟာ အနံ့ သက် သက်မျှသာ ဖြစ်ပါတယ်။ အကောင်အထည် မဟုတ်ပါဘူး။ ဒါကို မသိယင် အကောင်အထည်အထိ စိတ်က ရောက်ရောက် သွားတယ်။ ဒီတော့ 'ခွေးနံ့နံတယ်၊ လူနံ့ရတယ်၊ အမဲသားနံ့ ရတယ်''စသည်ဖြင့် အနံ့ကို အကောင်အထည်တင်တဲ့ သက္ကာယ ဒိဋ္ဌိဝင်လာတော့တာပေါ့။

အဲဒီ သက္ကာယဒိဋ္ဌိ မကင်းသေးသမျှ အပါယ်ဘေးက ပြေး မလွတ်နိုင်သေးဘူး။ ဒါပေမယ့် သက္ကာယဒိဋ္ဌိ ပြုတ်တဲ့အထိ

ဝိပဿနာတရားအလုပ် ကြိုးစား အားထုတ်သွားမယ် ဆိုယင်တော့ ကာမေသုမိစ္ဆာစာရ ဒုစရိုက်ကို ကျူးလွန်လိုက်စား မိုက်မှားမိခဲ့ပေမယ့် အပါယ်ဘေးက ကင်းဝေးနိုင်တဲ့သာဓကတော့ ရှိပါတယ်။

## ကာမေသုမိစ္ဆာစာရကြောင့် အပါယ်မကျအောင် ဝိပဿနာက တားခဲ့ပုံ ခေမက ဝတ္ထု

မြတ်စွာဘုရား လက်ထက်က သာဝတ္ထိပြည် ဇေတဝန်ကျောင်းဒကာ အနာထပိဏ်သဌေးကြီးမှာ နှမရဲ့သား ဖြစ်တဲ့ ခေမက အမည်ရှိတဲ့ တူတစ်ယောက်ရှိပါတယ်။အဲဒီသဌေးတူဟာ ဥစ္စာပေါ၊ ရုပ်ချောတဲ့အပြင် ရှေးဆုတောင်းကြောင့် တစိမ်းအမျိုးသမီးမှန်သမျှ အပျိုရော အအိုပါမကျန် သူ့ကို မြင်လိုက်ရယင် ငမ်းငမ်းတက် တပ်မက်ကြ၊ ဣန္ဒြေ မဆည်နိုင်အောင် ဖြစ်ကုန်ကြတယ်တဲ့။

ဒီ ခေမကအလောင်းဟာ ကဿပ မြတ်စွာဘုရားလက်ထက်မှာ ထိပ်တန်းစား လက်ဝေ့သမားတဦး ဖြစ်ခဲ့ဖူးတယ်။ အဲဒီတုန်းက သူဟာ မြတ်စွာဘုရားရဲ့ ရွှေစေတီမှာ ရွှေတံခွန်နှစ်ခု လှူဒါန်းပြီး ဆုတောင်း မှားခဲ့ဖူးပါတယ်။ မှားပုံကတော့ "ဒီကောင်းမှုကြောင့် ဖြစ်လေရာရာဘဝတိုင်းမှာ သူစိမ်း အမျိုးသမီးမှန်သမျှဟာ တပည့်တော်ကို မြင်ယင် မနေနိုင်အောင် တပ်မက်ကြပါစေသတည်း" လို့ ဆုတောင်းခဲ့တယ်တဲ့။

ဒီဘဝမှာ ဆွေဂုဏ်မျိုးဂုဏ် ပစ္စည်းဂုဏ်အပြင် အဲဒီ ရှေးဆုတောင်းအားကိုးနဲ့ ခေမကဟာ ဆိုးချင်တိုင်းဆိုး၊ ပေချင်တိုင်း

ပေ့နေခဲ့ပါတယ်။ ညဘက်မှာ အချိန်းအချက်ပြုထားတဲ့ အမျိုးသမီးတွေရဲ့ အိမ်ပေါ်ကို တက်တက်ပြီးတော့ သန်းခေါင်ယံတခိုမှာ "ခြင်ထောင်လှန်ဗိုလ်ကြီး" လုပ်နေခဲ့တယ်တဲ့။

သူနဲ့ ဆက်သွယ်နေတဲ့ အမျိုးသမီးတွေရဲ့ မိဖမောင်ဘွား ခင်ပွန်းများမှာ များစွာ စိတ် မချမ်းမသာ ဖြစ်ကြရပါတယ်။ ဒီလို သောင်းကျန်းလွန်းလို့ တညမှာ ခေမကအား ဖမ်းဆီး၍ ဘုရင့်ထံ ဆက်သကြပါတယ်။ ဒါပေမယ့် ဘုရင်က သူ့သဌေးကြီး အရှက်ရမှာစိုးတာနဲ့ သဌေးတူ ခေမကကို လွှတ်လိုက်ပါတယ်။

ဒီတော့ ခေမကဟာ အတင့်ရဲပြီး သောင်းကျန်းမြဲ သောင်းကျန်းနေတော့တာပေါ့။ ဒါကြောင့် မင်းချင်းတွေက နောက်ထပ် နှစ်ကြိမ်တိတိ ဖမ်းဆီးပြီး ဘုရင့်ထံ ဆက်သပါတယ်။ ဘုရင်ကလည်း နောက်ထပ် ၂ ကြိမ်လုံး ဘာမှမပြောပဲ အနာထပိဏ် သဌေးရဲ့မျက်နှာထောက်ပြီး လွှတ်ပစ်ခဲ့ပါတယ်။

နောက်ဆုံးတော့ အဲဒီသတင်းကို အနာထပိဏ်သဌေး ကြားသွားပါတယ်။ ဒါနဲ့ ခေမကကို ဘုရားကျောင်းတော် ခေါ်သွားတယ်။ သူ့တူ ခေမကကို တရားဟော ဆုံးမပါရန် မြတ်စွာဘုရားအား ပန်ကြား လျှောက်ထားပါတယ်။

ဒါ့ကြောင့် မြတ်စွာဘုရားက သူတပါး သားမယားကို ပြစ်မှား ကျူးလွန်တဲ့သူဟာ "(၁) အကုသိုလ် ဖြစ်တယ်၊ (၂) မင်းပြစ်မင်းဒဏ် ခံရတတ်တယ်၊ (၃) အအိပ်အနေ ပျက်ရဲ့ မျှမက ကာမဂုဏ်ခံစားရာမှာလည်း ကြောက်ကြောက်လန့်လန့်နဲ့ ခံစားရတယ်၊ (၄) သေယင် အပါယ်ကျတတ်တယ်"စသည်ဖြင့်



မြတ်စွာဘုရားသခင်က ခေမကအား ကာမေသုမိစ္ဆာစာရ အကုသိုလ် ဒုစရိုက်ကို မကျူးလွန်မလိုက်စားရန် ဆုံးမ ဟောကြားတော်မူပုံ။

---

ခေမကကို တရားဟောပါတယ်။ ခေမကလည်း တရားနာယူယင်း သူ့ရဲ့ ဖြစ်ဆဲ ရုပ်နာမ်အစဉ်ကို နှလုံးသွင်း ရှုမှတ်သွားလိုက်တာ သောတာပန် ဖြစ်သွားတယ်တဲ့။

ဒီခေမကဟာ ကာမေသုမိစ္ဆာစာရ အကုသိုလ် ဒုစရိုက်ကို ခေါင်ခိုက်အောင် ကျူးလွန်လိုက်စား မိုက်မှားခဲ့တဲ့ ဒုစရိုက်သမားပါပဲ။ ပုထုဇဉ်ဘဝနဲ့သာ သေမယ်ဆိုယင် ငရဲအိုးမှာ ချိုးကပ်မယ့်သူ ဖြစ်တယ်။ ဒါပေမယ့် သောတာပတ္တိမဂ်ကို ရရှိလိုက်တယ် ဆိုယင်ပဲ သက္ကာယဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ အကြွင်းမဲ့ ပြုတ်

သွားပြီး အပါယ်ဘေးက လုံးဝ ကင်းဝေးသွားခဲ့ပါတယ်။ မကျူးလွန်ရသေးတဲ့ အကုသိုလ် ဒုစရိုက်တွေကိုလည်း ဘယ်တော့မှ မကျူးလွန်တော့ဘူးတဲ့။

ဒါကြောင့် မကျူးလွန်ရသေးတဲ့ ကာမေသုမိစ္ဆာစာရ အကုသိုလ်ဒုစရိုက်ကို မကျူးလွန် မလိုက်စားမိအောင် သီလ လုံခြုံအောင် စောင့်ထိန်းရမယ်။မသိလို့ ဒီဒုစရိုက်မျိုးကို မိုက်မှား ကျူးလွန်မိခဲ့ယင်လဲ အပါယ်မကျအောင် အရိယာဖြစ်တဲ့အထိ ဝိပဿနာတရားအလုပ် ကြိုးစားအားထုတ်ကြရမယ်လို့ ဒီနေရာ မှာ သတိပေးတိုက်တွန်းလိုခြင်းပါပဲ။

## ကြောင်းကျိုးသိမြင်ပုံ

ဝိပဿနာတရားအလုပ် အားထုတ်တဲ့အခါ ရုပ်နဲ့နာမ်ကို ပိုင်းခြားသိတဲ့အထိ အသိဉာဏ် တိုးတက်လာပုံကိုတော့ ဟောခဲ့ ပြီးပါပြီ။ အခု ရှေ့သို့ အသိဉာဏ်တဆင့် တက်လာပုံကို အနည်းငယ် ဆက်ဟောမယ်။

“ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်” စသည်ဖြင့် အယင်ကမှတ်တဲ့အတိုင်း ဆက်မှတ်သွားယင် အကြောင်းအကျိုး ကို ပိုင်းခြားသိတဲ့ အသိဉာဏ် ဖြစ်ပေါ်လာလိမ့်မယ်။ ဖောင်း တယ်လို့မှတ်ယင် ဖောင်းတာရှိလို့ ဖောင်းတယ်လို့ မှတ်သိတဲ့စိတ် ဖြစ်တာပဲ။ ပိန်တယ်လို့ မှတ်တဲ့အခါမှာလည်း ပိန်တာရှိလို့ မှတ်သိတဲ့စိတ် ဖြစ်တာပဲ။ ဖောင်းတာမရှိယင် ဖောင်းတာကို မှတ်သိတဲ့စိတ် မရှိဘူး။ ပိန်တာမရှိယင်လည်း ပိန်တာကို မှတ် သိတဲ့စိတ် မဖြစ်ဘူး စသည်ဖြင့် ရှုယင်းမှတ်ယင်း မှတ်စရာအာရုံ

ရှိလို့ မှတ်သိစိတ် ဖြစ်ရတယ်ဆိုတာကို ပိုင်းခြား သိလာပါလိမ့်မယ်။

"လှမ်းချင်တယ်၊ လှမ်းတယ်၊ ကွေးချင်တယ်၊ ကွေးတယ်" စသည်ဖြင့် ရှုမှတ်တဲ့အခါမှာလည်း "လှမ်းချင်တဲ့ စိတ်ကြောင့် လှမ်းတဲ့ရုပ် ဖြစ်တာပဲ။ ကွေးချင်တဲ့စိတ်ကြောင့် ကွေးရုပ် ဖြစ်တာပဲ" စသည်ဖြင့် နာမ်ကြောင့် ရုပ်ဖြစ်ပုံကိုလည်း ရှုယင်း မှတ်ယင်း သိလာပါလိမ့်မယ်။

ဒီဉာဏ်အဆင့်ရောက်လာယင်သစ်ပင်ဥယျာဉ်၊ တောတောင်၊ လူ၊ အသုဘကောင် စတဲ့ အာရုံနိမိတ် အမျိုးမျိုးတွေကိုလဲ ထင်လာတတ်တယ်။ အဲဒီနိမိတ်တွေ ထင်လာယင်လဲ "မြင်တယ်၊ မြင်တယ်" လို့ မှတ်ပါ။ အဲဒီလိုမှတ်တဲ့အခါ မှတ်နေရတဲ့အာရုံ တခုမပျောက်ခင် နောက်နောက်အာရုံတွေက ဆင့်ဆင့်ပေါ်လာတတ်လို့ လိုက်လိုက်မှတ်နေရတာတွေနဲ့လဲ ကြုံရတတ်တယ်။

အဲဒီလို ပေါ်ရာပေါ်ရာ လိုက်မှတ်နေယင်းက "အော်.... စိတ်ကလေးက မှတ်စရာအာရုံဆီ ရောက်ရောက်သွားတာကိုး၊ မြင်စရာရှိလို့မြင်တာပဲ၊ မြင်စရာမရှိယင် မမြင်ဘူး။ ကြားစရာရှိလို့ ကြားတာပဲ၊ ကြားစရာမရှိယင် မကြားဘူး" စသည်ဖြင့် အကြောင်းအကျိုး ဆက်စပ်ဖြစ်နေပုံကို သဘောပေါက်လာပါလိမ့်မယ်။

ဒီလို မှတ်တိုင်းမှတ်တိုင်း အကြောင်းအကျိုးမျှသာ ရှိတာကို ပိုင်းခြားသိလာတော့ "ငါ၊ သူတပါး၊ ယောကျ်ား၊ မိန်းမ

ဆိုတာ အယင်ကလဲ မရှိဘူး၊ အခုလဲ မရှိဘူး၊နောင်လဲမရှိနိုင်ဘူး။ အယင်ကလည်း အကြောင်းရုပ်နာမ်နဲ့၊ အကျိုးရုပ်နာမ်မျှသာ ရှိခဲ့ဖူးတယ်။ အခုလဲ ကြောင်းကျိုး ရုပ်နာမ်မျှသာ ရှိတယ်။ နောင်လဲ ဒီလိုကြောင်းကျိုးရုပ်နာမ်မျှသာ ရှိမှာပဲ”လို့ ယုံမှားကင်းလောက်အောင် အသိရှင်းသွားပါလိမ့်မယ်။ ကျန်အသိဉာဏ်တွေ တိုးတက်လာပုံကိုတော့ နောက်ကျမှပဲ ဟောတော့မယ်။

အဲ....အယင်က မှတ်သလိုပဲ ဆက်မှတ်သွားလို့ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တဲ့အထိ ရောက်သွားမယ်ဆိုယင် အဲဒီမဂ္ဂိုလ်အဖို့ အပါယ်တံခါး ပိတ်သွားတော့တာပေါ့။

ကဲ....ဟောခဲ့ပြီးတဲ့ ကာမေသုမိစ္ဆာစာရရဲ့ ဒုစရိုက်အကြောင်း နိဂုံးချုပ်အနေနဲ့ တရားဆောင်ပုဒ်လေးတွေကို ဆိုကြအုံးစို့။

**ကာမေသုမိစ္ဆာစာရ ပြစ်ကျိုးပြကဗျာ**

သူ့သားမယားကို ကျူးလွန်တဲ့တော့၊
အပါယ်ငရဲ ကျလိမ့်မယ်။

လူဖြစ်ပြန်သော် ရန်သူပွားလို့၊
နပုန်းမျှားလည်း ဖြစ်တတ်တယ်။

လေးပါးအပါယ် တကယ်ကြောက်ယင်၊
မဂ်ဖိုလ်ရောက်အောင် အားထုတ်ကွယ်။

မဂ်ဖိုလ်ရောက်အောင် ဘယ်တရားကို၊
ကြိုးစားအားထုတ် ကျင့်ရမယ်။

ဝိပဿနာခေါ် မြတ်တရားကို၊
ကြိုးစားကျင့်မှ ရောက်ပါမယ်။

သိတတ်တာဟာ နာမ်သဘောကွဲ့၊
မသိတဲ့သဘော ရုပ်ဖြစ်တယ်။

ဖြစ်ပျက်ရုပ်နာမ် သိအောင်မှတ်တော့၊
ဝိပဿနာ ဖြစ်ပါတယ်။

မဂ်ဖိုလ်ဆိုက်အောင် ရှုမှတ်ပွားတော့၊
အပါယ်တံခါး ပိတ်ပါတယ်။

မှတ်ကွယ်....မှတ်ကွယ်။

ကဲ....မုသာဝါဒအလှည့်ရောက်လာပြီ။ ဆက်ဟောကြဦးစို့။

❁

[မုသာဝါဒ ဒုစရိုက်]

## ၄။ လိမ်ညာပြောက မကောင်းကျိုးရ

မုသာဝါဒေါ ဘိက္ခဝေ အာသေဝိတော ဘာဝိတော ဗဟုလီကတော နိရယသံဝတ္တနိကော တိရစ္ဆာနယောနိ သံဝတ္တနိကော ပေတ္တိဝိသယသံဝတ္တနိကော ယောသဗ္ဗလဟုကော မုသာဝါဒဿဝိပါကော မနုဿဘူတဿ အဗ္ဘူတဗ္ဘက္ခာန သံဝတ္တနိကော ဟောတိ။

ဘိက္ခဝေ၊ ရဟန်းတော်များ အို.... ချစ်သားတို့။ အာသေဝိတော၊ အဖန်တလဲလဲ မှီဝဲအပ်သော။ ဘာဝိတော၊ ပွားစေအပ်သော။ ဗဟုလီကတော၊ ကြိမ်ဖန်များစွာ ပြုလုပ်အပ်သော။ မုသာဝါဒေါ၊ သူတပါးအကျိုးစီးပွား ပျက်ပြားလောက်အောင် လိမ်ညာ ပြောဆိုကြောင်း ဖြစ်တဲ့ အကုသိုလ်စေတနာသည်။ နိရယသံဝတ္တနိကော၊ ချမ်းသာကင်းရာ ငရဲရွာ၌ ဖြစ်စေတတ်၏။ တိရစ္ဆာနယောနိသံဝတ္တနိကော၊ ဖိလာကန့်လန့်သွားတတ်သော တိရစ္ဆာန်အမျိုး၌လည်း ဖြစ်စေတတ်ပါပေ၏။ ပေတ္တိဝိသယသံဝတ္တနိကော၊ ချမ်းသာမှဝေးရာသို့ရောက်တတ်သော ပြိတ္တာဘုံ၊ အသူရကာယ်ဘုံတို့၌လည်း

ဖြစ်စေတတ်ပါပေ၏။ မုသာဝါဒဿ၊ မုသာဝါဒ အကုသိုလ် ဒုစရိုက်၏။ သဗ္ဗလဟုကော၊ အပေါ့ဆုံး အနည်းဆုံးဖြစ်သော။ ယောဝိပါကော၊ အကြင်အကျိုးသည်။ (ဝါ)မကောင်းကျိုးကို ဖြစ်စေတတ်တဲ့ အကြင်အကုသိုလ်စေတနာသည်။ အတ္ထိ၊ ရှိ၏။ သော၊ အပေါ့ဆုံးအနည်းဆုံးဖြစ်သော ထိုအကုသိုလ်စေတနာ သည်။မနုဿဘူတဿ၊လူဖြစ်သောပုဂ္ဂိုလ်အား။အဗ္ဘူတဗ္ဘက္ခာန သံဝတ္တနိကော၊ မဟုတ်မတရား အစွပ်စွဲခံရခြင်းကို ဖြစ်စေတတ် သည်။ ဟောတိ၊ စင်စစ်မသွေ ဖြစ်ပါပေ၏။ (ဝါ)ကုသိုလ်ကံ ထောက်မ၍ လူ့ဘဝသို့ ရောက်ရပါသော်လည်း မိမိအပြစ် မဟုတ်ပါပဲနဲ့ အစွပ်စွဲလဲ ခံရတတ်ပါပေသတည်း။

[သာဓု....သာဓု....သာဓု။]

သူတပါးအကျိုးစီးပွား ပျက်ပြားလောက်အောင် လိမ်ညာ ပြောဆိုကြောင်းဖြစ်တဲ့ အကုသိုလ်စေတနာဟာ မုသာဝါဒ ဒုစရိုက်ဖြစ်ပါတယ်။ ဒီ ဒုစရိုက်ကို ကြိမ်ဖန်များစွာ ကျူးလွန် လိုက်စား မိုက်မှားကြတဲ့သူများဟာ သေလွန်တဲ့အခါ ငရဲကျ တတ်တယ်တဲ့။

## လိမ် ညာ စွပ် စွဲ မှု ကြောင့် ငရဲ ကျ ရပုံ
## ဘုရားလောင်း အရက်သမားဝတ္ထု

လေးအသင်္ချေနှင့် ကမ္ဘာတသိန်း မတိုင်မီက ပွင့်တော်မူတဲ့ သဗ္ဗာဘိဘူ မြတ်စွာဘုရားလက်ထက်မှာ ဦးပဥ္စင်းတို့ရဲ့ ဘုရား အလောင်းဟာ အရက်သေစာ သောက်စား ရမ်းကားခဲ့တဲ့ ဒုစရိုက်သမားကြီး ဖြစ်ခဲ့ဖူးတယ်တဲ့။

တနေ့မှာ အဲဒီ ဘုရားအလောင်း ဒုစရိုက်သမားဟာ သဗ္ဗာဘိဘူ မြတ်စွာဘုရားရဲ့ တပည့်သာဝကဖြစ်တဲ့ နန္ဒရဟန္တာမထေရ်မြတ် ဆွမ်းခံကြွအလာနဲ့ လမ်းမှာ ဆုံမိပါတယ်။ အဲဒီအခါ ဘုရားအလောင်းက နန္ဒမထေရ်မြတ်ကို"သင်ဟာ လူရွှေသူရွှေမှာ ဟန်ဆောင်ပြီး ဣန္ဒြေလုပ်နေပေမယ့် ကွယ်ရာမှာတော့ အမျိုးသမီးတွေနဲ့ ပွေချင်တိုင်းပွေ ရှုပ်ချင်တိုင်းရှုပ်နေတဲ့ ရဟန်းယုတ်ပဲ"လို့ မုသားစကားဖြင့် မဟုတ်မတရား စွပ်စွဲခဲ့ပါတယ်။ အဲဒီ မုသာဝါဒ အကုသိုလ်ဒုစရိုက်ကံကြောင့် ဘုရားအလောင်းဟာ သေတဲ့အခါ ငရဲကျပြီးတော့ **အနှစ်တသောင်း** တိုင်တိုင် ငရဲဆင်းရဲ ခံစားခဲ့ရဖူးတယ်တဲ့။

## ဇာလရောရုဝ ငရဲဆိုတာ

ဒုစရိုက်တပါး ငရဲတထပ်စီ တွဲဟောလာတာ ဇာလရောရုဝ ငရဲအလှည့် ရောက်လာပြီ။ ဒါကြောင့် အဲဒီငရဲအကြောင်း နည်းနည်းဆက်ကြဦးစို့။

ဇာလ- မီးလျှံ၊ ရောရုဝ- ကြီးသောအသံ-တဲ့။ ဒီတော့ ဇာလရောရုဝငရဲဆိုတာ ငရဲမီးလျှံနှိပ်စက်လို့ ငရဲသူငရဲသားတွေ အော်ဟစ်ငိုယို မြည်တမ်းရာ ငရဲလို့ ဆိုလိုပါတယ်။

ဒီငရဲတဘုံလုံး ပြွတ်ပြွတ်ပြွန်း သွားလေမလားလို့ ထင်ရလောက်အောင် ငရဲမီးလျှံတွေဟာ တဟုန်းဟုန်း တောက်နေပါတယ်။ အဲဒီ မီးလျှံတွေက ငရဲသူငရဲသားတွေရဲ့မျက်စိပေါက် နားပေါက် စတဲ့ အပေါက်မှန်သမျှ အတင်းတရစပ် ဇွတ်တိုးဝင်ကြပါတယ်။ ငရဲသူ ငရဲသားတွေဟာ ပူရှာလွန်းလို့ ကယ်

ပါယူပါ တစာစာနဲ့ ငယ်သံပါအောင် အော်ဟစ် ငိုယိုကြပါတယ်။ ဒီလို အော်ဟစ်ငိုယိုကြပေမယ့် အကုသိုလ်ကံမကုန်မချင်း ဒီဘုံက မလွတ်နိုင်ကြပါဘူး။ ငရဲသက်တမ်းအနေနဲ့ ပြောရယင်တော့ ငရဲနှစ် ၄-ထောင်တိတိ ကြာအောင် ခံကြရပါတယ်။ ဒီငရဲမှာ တရက်ဟာ လူ့အရေအတွက်နဲ့ဆိုယင် နှစ်ပေါင်း ၅၇-ကုဋေ ၆-သန်းရှိတယ်တဲ့။

ကဲ....တရားဆောင်ပုဒ်လေးတွေ ဆိုကြအုံးစို့။

### ဇာလရောရုဝ ငရဲခံရပုံ ဆောင်ပုဒ်

ငရဲတဘုံလုံး ပြုတ်ပြုတ်ပြုန်းမျ၊
မီးလျှံဖုံးလို့ နေပါတယ်။

မျက်စိ,နား,နှာ, ထိုထိုအပေါက်မှ၊
မီးလျှံမီးတောက် ဇွတ်ဝင်တယ်။

ငရဲသူတွေ အပူရှိန်ကြမ်းလို့၊
အော်မြည်တမ်းတ ငိုကြတယ်။

ကယ်ပါယူပါ အော်သံမစဲတော့၊
ရောရုဝငရဲ ခေါ်ရတယ်။

ဒုစရိုက်ပြုသူ ခံရမြဲမို့၊
အော်ဟစ်လို့လဲ မလွတ်ဘူးကွယ်။

ဤဘုံသက်ကို တွက်စစ်ကြည့်တော့၊
၄-ထောင်တိတိ ရှိပါတယ်။

ကြောက်ဖွယ်....ကြောက်ဖွယ်။

ဒီလို ငရဲကျစေနိုင်တဲ့ မုသာဝါဒ ဒုစရိုက်မျိုးကို ဘာဖြစ်လို့ ကျူးလွန်ကြရသလဲလို့ဆိုယင် သက္ကာယဒိဋ္ဌိ မကင်းသေးလို့ ပါပဲ။ မြင်ရာ၊ ကြားရာ၊ နမ်းရှူရာမှာ သက္ကာယဒိဋ္ဌိ ဝင်ပုံကို တော့ ဟောခဲ့ပြီးပါပြီ။ အခု စားရာမှာ သက္ကာယဒိဋ္ဌိ ဝင်ပုံကို ဟောမယ်။

## စားရာမှာ သက္ကာယဒိဋ္ဌိ ဝင်ပုံ

အရသာမျိုးစုံက လျှာအကြည်ရုပ်ကို လာထိခိုက်တဲ့အခါ အရသာသိစိတ်နဲ့ ယှဉ်ဖက်စေတသိက်တွေ ဖြစ်ပေါ်လာတယ်။ အဲဒီမှာ(၁)အရသာရယ်၊ (၂) လျှာအကြည်ရယ်၊(၃)အရသာ သိစိတ်နဲ့ ယှဉ်ဖက် စေတသိက်တွေရယ် ဒီသုံးမျိုးရှိတဲ့ အထဲက၊ အရသာနဲ့ လျှာအကြည်က ရုပ်တရား၊ မသိတတ်တဲ့သဘောပဲ။ အရသာသိစိတ်နဲ့ ယှဉ်ဖက် စေတသိက်တို့ကတော့ နာမ်တရား၊ သိတတ်တဲ့သဘော ဖြစ်တယ်။

ဒါကြောင့် စားဆဲမှာ ရုပ်နဲ့နာမ်ဟာ အမှန်တကယ်ထင်ရှား ရှိနေပါတယ်။ အဲဒီ အထင်အရှားရှိတဲ့ ရုပ်နာမ်ကိုပဲ သက္ကာယလို့ ခေါ်ပါတယ်။ ဒီသက္ကာယရုပ်နာမ်အပေါ် အယူအဆ လွဲမှားတာဟာ သက္ကာယဒိဋ္ဌိ ဖြစ်ပါတယ်။

ဘယ်လိုလဲလို့ဆိုယင် အရသာကို သိတတ်တာဟာ အရသာ သိစိတ်ဖြစ်ပါတယ်။ ငါကောင်၊ သူကောင်မဟုတ်ပါဘူး။ငါဆို တာ အပြောမှန်မျှသာ ဖြစ်ပါတယ်။ တကယ်မရှိဘူး။ အရသာ သိစိတ်တို့ကတော့ စားဆဲမှာ တကယ်ရှိတဲ့ သဘောမှန်ပရမတ် တရားအစစ် ဖြစ်တယ်။ ဒါကို မသိယင် "အရသာကို သိတာ

ငါပဲ'' ဆိုတဲ့ အရသာသိစိတ်ကို ငါကောင်ထင်တဲ့ သက္ကာယဒိဋ္ဌိ ဝင်ပါတယ်။

လျှာအကြည်ရုပ်ဟာ အရသာကိုသိစေတဲ့ အကြောင်းမျှသာ ဖြစ်တယ်။ သူက အရသာကို သိတတ်တာ မဟုတ်ပါဘူး။ ဒါကို မသိယင်''လျှာက အရသာကိုသိတတ်တာပဲ''ဆိုတဲ့ လျှာအကြည် ရုပ်ကို ငါကောင်ထင်တဲ့ သက္ကာယဒိဋ္ဌိ ဝင်လာပါတယ်။

လျှာအကြည်ရုပ်မှာ အမှန်တကယ် လာထိတာဟာ အရသာ ရုပ်သက်သက်မျှသာ ဖြစ်ပါတယ်။ အကောင်အထည် အစိုင်အခဲ မဟုတ်ပါဘူး။ ဒါကို မသိယင် ''သစ်သီး ချိုတယ်၊ ဝက်သား ဆိမ့်တယ်'' စသည်ဖြင့် အရသာကို အကောင်အထည် အစိုင်အခဲ ထင်တဲ့ သက္ကာယဒိဋ္ဌိ ဝင်လာပါတယ်။

အဲဒီ သက္ကာယဒိဋ္ဌိမကင်းသေးယင် မုသာဝါဒ ဒုစရိုက်မျိုးကို အခုမကျူးလွန်သေးပေမယ့် နောင်ကျူးလွန်လောက်တဲ့ အခြေ အနေ ဖန်တီးလာတဲ့အခါ ကျူးလွန်ကြအုံးမှာပဲ။ အဲဒီ ဒုစရိုက် ကံက ပဋိသန္ဓေအကျိုးပေးလို့ ငရဲကျရပုံတော့ ဟောခဲ့ပြီးပါပြီ။ အခု ပဝတ္တိအကျိုးပေးမယ်ဆိုယင် သူတပါး၏ မဟုတ်မတရား အစွပ်အစွဲခံရပုံကို ဆက်လက်ဟောမယ်။

## လိမ်ညာစွပ်စွဲခဲ့မှုကြောင့် မြတ်စွာဘုရားပင် အစွပ်စွဲ ခံရပုံ

အခါတပါး မြတ်စွာဘုရားဟာ သာဝတ္ထိပြည်မှန် ဇေတဝန် ကျောင်းတော်၌ ကိန်းအောင်းမွေ့လျော် စံပျော်တော်မူစဉ် ညချမ်းတချိန်မှာ ပရိသတ်အများကို တရားရေအေး အမြိုက် ဆေး တိုက်ကျွေးတော်မူတယ်တဲ့။

အဲဒီအခိုက်မှာ တိတ္ထိဆရာတို့ရဲ့ တပည့်ဖြစ်တဲ့ စိဉ္စမာနဟာ သူ့ဗိုက်ကို ပျဉ်ချပ်ဖုံးပြီးတော့ ကိုယ်လေးလက်ဝန်ရှိဟန်ဆောင်ကာ ကျောင်းတော်ရောက်လာပါတယ်။ ဘုရားရှေ့ရောက်ယင်ပဲ မြတ်စွာဘုရားကို လက်ညှိုးငေါက်ငေါက်ထိုးပြီးတော့ "အသင်ရဟန်းကြီး၊ သင်ဟာ ငါနဲ့ ပျော်ပါးဖို့လောက်သာ စဉ်းစားတယ်။ သင်နဲ့ ပျော်ပါးခဲ့လို့ ငါ့မှာရလာတဲ့ ကိုယ်ဝန်သားကို စောင့်ရှောက်ဖို့ကျတော့ သင်ကိုယ်တိုင်လဲ အားမထုတ်ဘူး။ သင့်တပည့်တွေကိုလဲ မခိုင်းဘူး၊ သင်ဟာ အေးတိအေးစက်နိုင်လွန်းလှပါတယ်" စသည်ဖြင့် မဟုတ်မတရား စွပ်စွဲပြောကြားတယ်တဲ့။

ဒီလို သုံးလောကထွတ်ထား သဗ္ဗညုဘုရားစင်စစ်ဖြစ်ကြီးဖြစ်ပါလျက်နဲ့ ပရိသတ်ဗိုလ်ပုံအလယ်မှာ စိဉ္စမာန မိန်းမယုတ်ရဲ့ မဟုတ်မဟတ် စွပ်စွဲတာကို ခံရတာဟာ ဘာဖြစ်လို့လဲဆိုယင် ရှေးပိုင်းမှာ ဟောခဲ့တဲ့ သဗ္ဗာဘိဘူ မြတ်စွာဘုရားရဲ့ တပည့်သာဝကဖြစ်တဲ့ နန္ဒရဟန္တာ မထေရ်မြတ်ကို မုသားစကားဖြင့် စွပ်စွဲပြောကြားခဲ့တဲ့ အလောင်းတော်ဘဝက ကျူးလွန်ခဲ့တဲ့ အကုသိုလ်ဒုစရိုက်ကြောင့်ပါပဲတဲ့။

ဒါ့ကြောင့် မုသာဝါဒဒုစရိုက်ဟာ ဘယ်သူ့မှ မျက်နှာလိုက်တာ မဟုတ်ဘူး။ အင်မတန် ကြောက်စရာကောင်းတယ်။ ဒါပေမယ့် သာသနာတော်နဲ့ ကြုံကြိုက်လို့ အရိယာဖြစ်တဲ့အထိ ဝိပဿနာ တရားအလုပ် ကြိုးစား အားထုတ်သွားမယ် ဆိုယင်တော့ ဒီမုသာဝါဒစတဲ့ ဒုစရိုက်တွေ ကျူးလွန်ထားပေမယ့် အပါယ် မကျနိုင်တဲ့ ဝတ္ထုသာဓကတွေလည်း ရှိပါသေးတယ်။



မြတ်စွာဘုရားသခင်သည် အတိတ်ဘဝက ပြုခဲ့ဖူးသော မုသာဝါဒ အကုသိုလ်ကံကြောင့် စိဉ္စမာန မိန်းမက တရားနာ ပရိသတ် ဗိုလ်ပုံ အလယ်တွင် မဟုတ်မတရား စွပ်စွဲပြောကြားခြင်းကို ခံတော်မူခဲ့ရ ရှာပုံ။


## လိမ်ညာမှုကြောင့် အပါယ်မကျအောင် ဝိပဿနာက ကယ်ပုံ

မြတ်စွာဘုရားလက်ထက်က ကောသမ္ဗီပြည့်ရှင် ဘုရင်ဥတေန မင်းကြီးရဲ့ မိဖုရားတပါးဖြစ်တဲ့ သာမာဝတီမှာ အခြံအရံ အမျိုး သမီးငါးရာ ရှိပါတယ်။ အဲဒီငါးရာထဲက ခုဇ္ဇုတ္တရာဆိုတဲ့အမျိုး သမီးဟာ သာမာဝတီရဲ့ လူယုံတော်ပါပဲ။

ခုဇ္ဇုတ္တရာဟာ နေ့စဉ် သာမာဝတီအတွက် ပန်း ဝယ် ပြီး ဆက်သရတယ်။ ဥတေနမင်းက ပန်းဖိုး တနေ့အသပြာ ၈-ကျပ် ပေးပါတယ်။ ဒါပေမယ့် ခုဇ္ဇုတ္တရာဟာ ၈-ကျပ်ဖိုးလုံး အကုန် မဝယ်ဘူး။ ၄-ကျပ်ဖိုးသာဝယ်ပြီး၊ ကျန် ၄-ကျပ်ကို ခိုးယူ ထားတယ်။ ပန်း ၄-ကျပ်ဖိုးကို ၈=ကျပ်ဖိုးလို့ လိမ်ပြောတယ်။ ခိုးတာက အဒိန္နာဒါန ဒုစရိုက်၊ လိမ်တာကမုသာဝါဒဒုစရိုက်ပဲ။ ခုဇ္ဇုတ္တရာဟာ ဒီဒုစရိုက် ၂-ပါးကို တနေ့လောက်၊ တလ လောက်သာ ကျူးလွန်တာ မဟုတ်ဘူး၊ နှစ်နဲ့ချီပြီးတော့ ကျူးလွန်ခဲ့တာပါပဲ။

အဲ....တနေ့မှာ သူ ပန်းဝယ်နေကျအိမ်ရှင်က ဘုရားအမှူးရှိတဲ့ သံဃာတော်တွေကိုဆွမ်းကပ်ပါတယ်။ အိမ်ရှင်ရဲ့တိုက်တွန်းချက် အရ ခုဇ္ဇုတ္တရာဟာ ဆွမ်းကျွေးပွဲမှာ ဝေယျာဝစ္စ ဝင်လုပ်တယ်၊ တရားနာတယ်။ တရားနာယူယင်း သူ့ရဲ့ ဖြစ်ဆဲ ရုပ်နာမ်အစဉ်ကို နှလုံးသွင်း ရှုမှတ်သွားလိုက်တာ သောတာပန် ဖြစ်သွားပါ တယ်။ သောတာပန်ဆိုတော့ အပါယ်ဘေးက လုံးဝကင်းဝေး သွားတော့တာပေါ့။

အဲဒီနေ့မှာ သူဟာ ပန်း ၈-ကျပ်ဖိုးလုံး အကုန်ဝယ်ပြီး သာမာဝတီကို ဆက်သတယ်။ သာမာဝတီက ပန်းတွေ ခါတိုင်း ထက် များနေတာတွေ့ရတော့ ဘုရင်က ပန်းဖိုးပိုပေးသလားလို့ မေးပါတယ်။ ဒီတော့ ခုဇ္ဇုတ္တရာက မဟုတ်ကြောင်း၊ ခါတိုင်း ပန်းနည်းတာက အသပြာ ၈-ကျပ်ထဲက ၄-ကျပ်ကိုခိုးယူထားပြီး ၄-ကျပ်ဖိုးဝယ်ကာ ၈-ကျပ်ဖိုးအဖြစ် လိမ်ပြောခဲ့လို့ဖြစ်ကြောင်း ရှင်းလင်းပြောကြားတယ်တဲ့။



ခုဇ္ဇုတ္တရာသည် အရိယာ မဖြစ်မီက မုသာဝါဒသုံး၍ ပန်းဖိုးများ ခိုးယူမိခဲ့ကြောင်း သာမာဝတီအား ရှင်းလင်းပြောကြားနေပုံ။

ဒါဖြင့်ယင် ဒီနေ့ ဘာဖြစ်လို့ မခိုးတာလဲ၊ ဘာဖြစ်လို့ လိမ် မပြောတော့တာလဲလို့ သာမာဝတီက ထပ်မေးတဲ့အခါ သူဟာ တရားနာရလို့ အရိယာဖြစ်လာကြောင်း ရှင်းလင်း ဖြေကြား ပါတယ်။

ဒါကြောင့် ဒီနေရာမှာ ပြောလိုတာကတော့ မကျူးလွန်ရ သေးတဲ့ မုသာဝါဒစတဲ့ ဒုစရိုက်တွေကို မကျူးလွန်မိအောင် သီလ လုံခြုံစွာ စောင့်ထိန်းပြီး ထားရမယ်။ ကျူးလွန်ပြီးတဲ့ ဒုစရိုက်တွေကြောင့် အပါယ်မကျအောင်ကတော့ အနည်းဆုံး

သောတာပန် ဖြစ်တဲ့အထိ ဝိပဿနာတရားအလုပ် ကြိုးစားအားထုတ်ရမယ်လို့ ပြောလိုရင်းပါပဲ။

## ဖြစ်ပျက်ဆင်းရဲ သဘောပဲသိပုံ

ဝိပဿနာ ရှုမှတ်တဲ့အခါ အကြောင်းအကျိုး သိတဲ့အထိ အသိဉာဏ် တိုးတက်လာပုံကို ဟောခဲ့ပြီးပါပြီ။ အဲဒီအသိဉာဏ်အထိ ရောက်လာတဲ့ ယောဂီပုဂ္ဂိုလ်ဟာ အယင်မှတ်တဲ့အတိုင်း ဆက်မှတ်သွားလို့ အသိဉာဏ် တဆင့် တက်လာမယ်ဆိုယင် မှတ်စရာ အာရုံရဲ့ အစ၊ အလယ်၊ အဆုံး ၃=ပါးလုံးကို သိတဲ့ဉာဏ် ဖြစ်ပေါ်လာပါလိမ့်မယ်။

"ဖောင်းတယ်၊ ပိန်တယ်" စသည်ဖြင့် ရှုမှတ်တဲ့အခါ စ,ဖောင်းတာရော၊ဆက်ဖောင်းနေတာရော၊ ဖောင်းမှု ရပ်ဆိုင်းသွား၊ ပျောက်ပျက်သွားတာရော၊ ဒီလိုမှတ်စရာ အာရုံရဲ့အစ၊ အလယ်၊ အဆုံး ၃-ပါးစလုံးကိုထင်ထင်ရှားရှား သိလာပါလိမ့်မယ်။ "ပိန်တယ်" လို့ မှတ်တဲ့အခါလည်း ပိန်စ၊ ပိန်လယ်၊ ပိန်ဆုံး ၃-မျိုးလုံးကို ထင်ထင်ရှားရှား သိလာပါလိမ့်မယ်။ အခြားအမှတ်တွေကို မှတ်တဲ့အခါမှာလည်း ဒီအတိုင်းပဲ သိလာပါလိမ့်မယ်။

ဒီဉာဏ်အဆင့်ရောက်လာယင် နာမှု၊ ကျင်မှု စတဲ့ ဒုက္ခဝေဒနာအမျိုးမျိုးတွေလဲ တော်တော်များများ ပေါ်လာတတ်တယ်။ အဲဒီ မခံသာတဲ့ သဘောတွေကိုလည်း "နာတယ်၊ ကျင်တယ်" စသည်ဖြင့် ရှုမှတ်တဲ့အခါ ချက်ချင်း မပျောက်ပေမယ့်၊ သုံးလေးမှတ်လောက် မှတ်လိုက်ယင် ပျောက်သွားတာကို ထင်ထင်ရှားရှား တွေ့ရပါလိမ့်မယ်။ ပျောက်ပုံကတော့

သေးသေးပြီးတော့လည်း ပျောက်တတ်တယ်။ မှေးမှိန်ပြီး တော့လည်း ပျောက်တတ်တယ်တဲ့။

အာရုံနိမိတ် အမျိုးမျိုးတွေလည်း ပေါ်လာတတ်သေးတယ်။ အဲဒါတွေကိုလည်း မြင်တယ်၊ မြင်တယ်လို့ သုံးလေး မှတ်လောက် မှတ်လိုက်ယင် မှေးမှိန်ပြီးတော့ဖြစ်စေ၊ သေးသေး ပြီးတော့ဖြစ်စေ ပျောက်သွားတာကို ထင်ထင်ရှားရှား မြင်လာ ပါလိမ့်မယ်။ မှတ်စရာ အာရုံတိုင်းရဲ့ မမြဲပုံ၊ အဟောင်းအသစ် ပြောင်းလဲ ဖြစ်ပျက်နေပုံ၊ အကောင်အထည် မဟုတ်ပုံတွေကို ကွဲကွဲပြားပြား သိမြင်လာပါလိမ့်မယ်တဲ့။

ဒီလို မှတ်တိုင်းမှတ်တိုင်း မှတ်စရာအာရုံရဲ့ မမြဲတဲ့သဘော၊ ဖြစ်လိုက် ပျက်လိုက်နဲ့ ဆင်းရဲတဲ့သဘော၊ အကောင်အထည် မဟုတ်တဲ့ သဘောတွေကိုချည်း ထင်ထင်ရှားရှား သိမြင်လာ တော့ "အော်.... အယင်ကလဲ ဒီလို မမြဲတဲ့သဘော၊ ဆင်းရဲတဲ့ သဘော၊ ငါကောင် မဟုတ်တဲ့သဘောတွေပဲ ရှိခဲ့တာပဲ၊ နောင်လဲ ဒီလို သဘောတွေပဲ ရှိမှာပဲ" လို့ ဆင်ခြင်သုံးသပ်မှုတွေလည်း ဖြစ်ပေါ်လာပါလိမ့်မယ်တဲ့။

ဒီအတိုင်း မှတ်သွားလို့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို သိမြင်ဆိုက်ရောက် မျက်မှောက်ပြုတဲ့အထိ ရောက်သွားမယ် ဆိုယင်တော့ အဲဒီပုဂ္ဂိုလ်အဖို့တော့ အပါယ်တံခါး ပိတ်သွား တော့တာပေါ့။

ကဲ.... ဟောခဲ့ပြီးတဲ့ မုသာဝါဒ ဒုစရိုက်အကြောင်း နိဂုံး ချုပ်တဲ့အနေနဲ့ တရားဆောင်ပုဒ်လေးတွေ ဆိုကြဦးစို့။

## မုသာဝါဒ ပြစ်ကျိုးပြ ကဗျာ

လိမ်ညာပြောသူ သေယင်မလွဲပ၊
အပါယ်ငရဲ ကျလိမ့်မယ်။
လူဖြစ်ပြန်သော် မဟုတ်ပဲနဲ့၊
အစွပ်စွဲလဲ ခံရတယ်။
လေးပါးအပါယ် တကယ်ကြောက်ယင်၊
မဂ်ဖိုလ်ရောက်အောင် အားထုတ်ကွယ်။
မဂ်ဖိုလ်ရောက်အောင် ဘယ်တရားကို၊
ကြိုးစားအားထုတ် ကျင့်ရမယ်။
ဝိပဿနာခေါ် မြတ်တရားကို၊
ကြိုးစားကျင့်မှ ရောက်ပါမယ်။
သိတတ်တာဟာ နာမ်သဘောကွဲ့၊
မသိတဲ့သဘော ရုပ်ဖြစ်တယ်။
ဖြစ်ပျက်ရုပ်နာမ် သိအောင်မှတ်တော့၊
ဝိပဿနာ ဖြစ်ပါတယ်။
မဂ်ဖိုလ်ဆိုက်အောင် ရှုမှတ်ပွားတော့၊
အပါယ်တံခါး ပိတ်ပါတယ်။
မှတ်ကွယ်....မှတ်ကွယ်။

[ ပိသုဏဝါစာ ဒုစရိုက် ]

## ၅။ ကုန်းချောက မကောင်းကျိုးရ

ကဲ....ပိသုဏဝါစာ ဒုစရိုက်အကြောင်း ဆက်ကြဦးစို့။

ပိသုဏာ ဘိက္ခဝေ ဝါစာ အာသေဝိတာ ဘာဝိတာ ဗဟုလီကတာ နိရယသံဝတ္တနိကာ တိရစ္ဆာနယောနိသံဝတ္တနိကာ ပေတ္တိဝိသယသံဝတ္တနိကာ ယောသဗ္ဗလဟုကော ပိသုဏာယ ဝါစာယ ဝိပါကော မနုဿဘူတဿ မိတ္တေဟိ ဘေဒသံဝတ္တနိကော ဟောတိ။

ဘိက္ခဝေ၊ ရဟန်းတော်များ အို.... ချစ်သားတို့။ အာသေဝိတာ၊ အဖန်တလဲလဲမှီဝဲအပ်သော။ ဘာဝိတာ၊ ပွားစေအပ်သော။ ဗဟုလီကတာ၊ ကြိမ်ဖန်များစွာ ပြုလုပ်အပ်သော။ ပိသုဏာ၊ ချစ်သူခင်သူ ၂-ဦးတို့ကို ကွဲကွာစေနိုင်သော။ ဝါစာ၊ ချောပစ်ကုန်းတိုက်သော စကားသည်။ နိရယသံဝတ္တနိကာ၊ ချမ်းသာကင်းရာ ငရဲရွာ၌ ဖြစ်စေတတ်၏။ တိရစ္ဆာနယောနိသံဝတ္တနိကာ၊ ဖီလာကန့်လန့်သွားတတ်သော တိရစ္ဆာန်အမျိုး၌လည်း ဖြစ်စေတတ်ပါပေ၏။ ပေတ္တိဝိသယသံဝတ္တနိကာ၊ ချမ်းသာမှ ဝေးရာသို့ ရောက်တတ်သော ပြိတ္တာဘုံ၊ အသူရကာယ်ဘုံတို့၌

လည်း ဖြစ်စေတတ်ပါပေ၏။ ပိသုဏာယဝါစာယ၊ပိသုဏဝါစာ အကုသိုလ်ဒုစရိုက်၏။ သဗ္ဗလဟုကော၊ အပေါ့ဆုံး အနည်းဆုံး ဖြစ်သော။ယောဝိပါကော၊အကြင်အကျိုးသည်။ ဝါ-မကောင်း ကျိုးကို ဖြစ်စေတတ်တဲ့ အကြင်အကုသိုလ်စေတနာသည်။ အတ္ထိ၊ ရှိ၏။ သော၊ အပေါ့ဆုံး အနည်းဆုံးဖြစ်တဲ့ ထိုအကုသိုလ် စေ တနာသည်။ မနုဿဘူတဿ၊လူဖြစ်သောပုဂ္ဂိုလ်အား။ မိတ္တေဟိ၊ အဆွေခင်ပွန်းတို့နှင့်။ ဘေဒသံဝတ္တနိကော၊ ကွဲကွာစေတတ် သည်။ ဟောတိ၊ စင်စစ်မသွေဖြစ်ပါပေ၏။ (ဝါ) ကုသိုလ်ကံ ထောက်မ၍ လူ့ဘဝသို့ ရောက်ရပါသော်လည်း ခင်သူမင်သူ မိတ်ဆွေရှားလို့ ချစ်သူမျှားနဲ့လဲ ကွဲတတ်ပါပေသတည်း။


[သာဓု....သာဓု....သာဓု။]

## စကားပြေအဓိပ္ပာယ်

ချစ်ခင်သင့်မြတ်နေသူ ၂-ဦးကို ကွဲပြားအောင် ကုန်းတိုက် ကြောင်းဖြစ်တဲ့ အကုသိုလ်စေတနာဟာ ပိသုဏဝါစာ ဒုစရိုက် ဖြစ်ပါတယ်။ ကြိမ်ဖန်များစွာ ကျူး လွန် လိုက် စား မိ တဲ့ ဒီအကုသိုလ်ဒုစရိုက်ကံက ကြီးမားလို့ ပဋိသန္ဓေအကျိုးပေးမယ် ဆိုယင် ကျူးလွန်သူဟာ သေတဲ့အခါ အပါယ် ၄-ပါးသို့ လားရောက်ရတတ်တယ်တဲ့။

## ကုန်းချောခဲ့လို့ အပါယ်ကျပုံ ပူတိမုခဝတ္ထု

မြတ်စွာဘုရား လက်ထက်က ဂိဇ္ဈကုဋ်တောင်မှာ သီတင်း သုံးတဲ့ ရှင်နာရဒမထေရ်ဟာ တခုသော နံနက်စောစောဝယ် ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံအလာ ထူးဆန်းတဲ့ ပူတိမုခပြိတ္တာ တဦးနဲ့ ခုံတွေ့မိဖူးတယ်တဲ့။



ပူတိမုခသည် အတိတ်ဘဝက ရဟန်းငယ်တပါး ဖြစ်ခဲ့စဉ်က ရဟန်း ၂-ပါးကွဲပြားအောင် ကုန်းချောခဲ့သည့် ပိသုဏာဝါစာ အကုသိုလ်ကံကြောင့် ကိုယ်ခန္ဓာ ရွှေရောင်အဆင်း ရှိသော်လည်း ပါးစပ်ထဲမှ ပိုးလောက်များထွက်၍ အပုပ်နံ့ တထောင်းထောင်း ထနေပုံ။

---

အဲဒီပြိတ္တာဟာ တကိုယ်လုံး ရွှေရောင်အဆင်း ရှိတယ်။ သူ့ ပါးစပ်ကတော့ အပုပ်နံ့ တထောင်းထောင်း ထွက်နေတယ်။ ပါးစပ်ထဲမှာ ပိုးလောက်တွေ တဗွားဗွားထွက်ပြီး အဲဒီပါးစပ်ကို ပြန်ကိုက်နေကြပါသတဲ့။

ဒါနဲ့ ရှင်နာရဒ မထေရ်က သူ့အကြောင်း မေးကြည့်တော့ ပိသုဏာဝါစာ ဒုစရိုက်ကံကြောင့် ဖြစ်ကြောင်း အဲဒီပြိတ္တာက ပြန်ပြောခဲ့ပါတယ်။

ဒီပူတိမုခအလောင်းဟာ ကဿပမြတ်စွာဘုရား သာသနာတော်မှာ ရဟန်းငယ်တပါး ဖြစ်ခဲ့ဖူးတယ်။ အဲဒီရဟန်းငယ်ဟာ တနေ့မှာ ရွာကျောင်း တကျောင်းကို ရောက် သွား ပါ တယ်။ ကျောင်းကလည်း နေရာထိုင်ခင်းပြည့်စုံ၊ ရွာသူရွာသားများကလည်း သဒ္ဓါတရားကောင်းကြတော့ သူဟာ အဲဒီကျောင်းကို လိုချင်တပ်မက်လာပါတယ်။

ဒါကြောင့် အဲဒီကျောင်းမှာ သီတင်းသုံးနေကြတဲ့ သီလနဲ့ပြည့်စုံတဲ့ သင့်မြတ်နေသူ မိတ်ဆွေ ရဟန်းတော် ၂-ပါးကို ကွဲပြားအောင် ကုန်းတိုက်ပါတယ်။ အချင်းချင်း မတည့်တော့ပဲ သူငယ်ချင်းရဟန်း ၂-ပါး တကွဲတပြားစီ ထွက်သွားကြတဲ့အခါ အဲဒီရဟန်းငယ်ဟာ ကျောင်းကို အပိုင်စီးခဲ့တယ်။

မိတ်ဆွေ ရဟန်း ၂-ပါးမှာ နောင် ပြန်တွေ့ကြတဲ့အခါ အဖြစ်မှန်ကို သိရပြီး၊ တရားအလုပ် အားထုတ်လို့ ရဟန္တာဖြစ်ကုန်ကြပါတယ်။ ကုန်းတိုက်ခဲ့တဲ့ရဟန်းမိုက်မှာတော့ မကြာမီသေလွန်ပြီး အဲဒီ ပိသုဏဝါစာ အကုသိုလ်ကံကြောင့် ပူတိမုခပြိတ္တာ လာမဖြစ်ခင်မှာ ဘုရား တ ဆူ နဲ့ တ ဆူ ကြားကာလ တလျှောက်လုံး အဝီစိငရဲမှာ ခံရတယ်တဲ့။

## မုမရောရုဝဆိုတာ

ဒီနေရာမှာ အဝီစိ ငရဲအကြောင်း မပြောသေးပဲ အလှည့်ရောက်လာတဲ့ မုမရောရုဝ ငရဲအကြောင်းပြောမယ်။ ''မုမ''ဆိုတာက မီးခိုးတဲ့၊ 'ရောရုဝ' ကတော့ 'ကြီးသောအသံ'ဖြစ်တယ်။ ဒီတော့ မုမရောရုဝ ငရဲ ဆိုတာ ငရဲမီးခိုးနှိပ်စက်လို့ ငရဲသူငရဲသားတွေ အော်ဟစ်ငိုယိုမြည်တမ်းရာ ငရဲလို့ ဆိုလိုပါတယ်။

ဒီဇရဲ တဘုံလုံးကိုများ ဖုံးအုပ်သွားလေမလားလို့ ထင်ရလောက်အောင် ငရဲမီးခိုးတွေ တလူလူထနေတယ်တဲ့။ အဲဒီမီးခိုးတွေဟာ ငရဲသူငရဲသားတွေရဲ့ မျက်စိပေါက် နားပေါက် စတဲ့ အပေါက်တွေမှန်သမျှမှ အတင်း တရစပ် ဇွတ်တိုးဝင် ကြပါသတဲ့။

ငရဲသူငရဲသားတွေဟာ မီးခိုးမွန်ရှာလွန်းလို့ ကယ်ပါယူပါ တစာစာနဲ့ အော်ဟစ် ငိုယို မြည်တမ်းကြတယ်။ ဒီလို အော်ကြ ငိုကြပေမယ့် အကုသိုလ်ကံ မကုန်မချင်း ဒီဘုံကမလွတ်ကြပါဘူး။ ငရဲသက်တမ်းအနေနဲ့ ပြောရယင် ငရဲနှစ် ရှစ်ထောင်တိတိ ခံကြရပါတယ်။ ဒီငရဲမှာ တရက်ဟာ လူ့အရေအတွက်နဲ့ဆိုယင် နှစ်ပေါင်း ၂၃၀-ကု ဋေ ၄-သန်း ရှိတယ်တဲ့။ အင်မတန် ကြောက်စရာကောင်းပါတယ်။

ကဲ....တရားဆောင်ပုဒ်လေးတွေ ဆိုကြအုံးစို့။

**မဟာရောရုဝငရဲ ခံရပုံ ဆောင်ပုဒ်**

ငရဲတဘုံလုံး လွှမ်းအုပ်ဖုံးအောင်၊
မီးခိုးလုံးက မှောင်လှတယ်။
မျက်စိ,နား,နှာ ထိုထိုအပေါက်မှ၊
မီးခိုးတောက်လျှောက် ဇွတ်ဝင်တယ်။
ငရဲသူတွေ အမွန်ကြမ်းလို့၊
အော်မြည်တမ်းတ ငိုကြတယ်။
ငိုသံဟစ်သံ ဆူညံလှတော့၊
မဟာရောရုဝ ခေါ်ရတယ်။

ဒုစရိုက်ကောင် ငမိုက်သားတို့၊
သေယင်သွားဖို့ ဘုံဖြစ်တယ်။
ဤဘုံသက်ကို တွက်စစ်ကြည့်တော့၊
ရှစ်ထောင်တိတိ ရှိပါတယ်။
ကြောက်ဖွယ်....ကြောက်ဖွယ်။

ဒီလို အပါယ်ကျလောက်အောင် ကြီးမားတဲ့ ပိသုဏဝါစာလို အကုသိုလ်ဒုစရိုက်မျိုးကို ဘာဖြစ်လို့ ကျူးလွန်ကြသလဲလို့ ဆိုယင် သက္ကာယဒိဋ္ဌိ မကင်းသေးလို့ပါပဲ။ မြင်ရာ၊ ကြားရာ၊ နမ်းရှုရာ၊ စားရာတွေမှာ အဲဒီ သက္ကာယဒိဋ္ဌိ ဝင်ပုံတွေကိုတော့ ဟောခဲ့ပြီးပါပြီ။ အခု တွေ့ထိရာမှာ သက္ကာယဒိဋ္ဌိ ဝင်ပုံကို ဆက်ဟောမယ်။

## တွေ့ထိရာမှာ သက္ကာယဒိဋ္ဌိဝင်ပုံ

ပျော့မှု၊ မာမှု၊ အေးမှု၊ ပူမှု၊ တွန်းကန်ရွေ့လျားမှု စတဲ့ လှုပ်ရှားတဲ့သဘောတွေဟာ ဖောဋ္ဌဗ္ဗာရုံခေါ် တွေ့ထိရုပ်တွေပါပဲ။ အဲဒီ ဖောဋ္ဌဗ္ဗာရုံက ကိုယ်အကြည်ရုပ်မှာ လာထိခိုက်တဲ့အခါ ထိသိစိတ်နဲ့ ယှဉ်ဖက်စေတသိက်တွေ ဖြစ်ပေါ်လာပါတယ်။

အဲဒီမှာ (၁) ဖောဋ္ဌဗ္ဗာရုံရယ်၊ (၂) ကိုယ်အကြည်ရယ်၊ (၃) ထိသိစိတ်နဲ့ ယှဉ်ဖက် စေတသိက်တွေရယ် ဒီ ၃-မျိုးရှိတဲ့ အထဲက ဖောဋ္ဌဗ္ဗာရုံနဲ့ ကိုယ်အကြည်တို့က ရုပ်တရား၊ မသိတတ်တဲ့သဘော ဖြစ်တယ်။ ထိသိစိတ်နဲ့ ယှဉ်ဖက် စေတသိက်တွေက နာမ်တရား၊ သိတတ်တဲ့သဘောတဲ့။

ဒါကြောင့် ထိဆဲမှာ ရုပ်နဲ့နာမ်ဟာ အမှန်တကယ် ထင်ရှား ရှိနေပါတယ်။ အဲဒီ ထင်ရှားတဲ့ ရုပ်နာမ်ကိုပဲ သက္ကာယလို့ ခေါ်ပါတယ်။ သက္ကာယ ရုပ်နာမ်အပေါ် ထင်မြင်လွဲမှားတာ ဟာ သက္ကာယဒိဋ္ဌိပါပဲ။

ပူမှု၊ အေးမှု၊ ပျော့မှု၊ မာမှု၊ လှုပ်ရှားမှု၊ တွန်းကန်ထောက်ခံမှု သဘောတွေဟာ ရုပ်သက်သက်မျှသာ ဖြစ်ပါတယ်။ အကောင် အထည် အစိုင်အခဲ မဟုတ်ပါဘူး။ ဒါကိုမသိယင် "ပူတာငါပဲ၊ လှုပ်တာငါပဲ၊ ခေါင်းကပူတာပဲ၊ လက်ကပူတာပဲ" စသည်ဖြင့် တွေ့ထိရုပ်ကို အကောင်အထည်ထင်တဲ့ သက္ကာယဒိဋ္ဌိ ဝင်လာ ပါတယ်။

ဖောဋ္ဌဗ္ဗာရုံရဲ့ ထိခိုက်ရာဟာ ကိုယ်အကြည်ရုပ်ဖြစ်ပါတယ်။ ဒီ ကိုယ်အကြည်ရုပ်ဟာ တကိုယ်လုံး အပ်ဖျားနဲ့ထောက်ကြည့်လို့ နာတဲ့နေရာတိုင်းမှာ ပျံ့နှံ့တည်ရှိတယ်။ ဒီ ရုပ်ဟာလဲ အကောင် အထည် အစိုင်အခဲ မဟုတ်ပါဘူး။ သဘောသက်သက်မျှသာ ဖြစ်ပါတယ်။ ဒါကိုမသိယင် "လူကိုထိတယ်၊ ခေါင်းကိုထိတယ်" စသည်ဖြင့် ကိုယ်အကြည်ရုပ်ကို အကောင်အထည် ထင်တဲ့ သက္ကာယဒိဋ္ဌိ ဝင်လာပါတယ်။

ဖောဋ္ဌဗ္ဗာရုံကို သိတာဟာ ထိသိစိတ်ဖြစ်ပါတယ်၊ ငါမဟုတ် ပါဘူး။ ငါဆိုတာက အပြောမှန်မျှသာ ဖြစ်တယ်။ တကယ် မရှိဘူး။ ထိသိစိတ်ကတော့ ထိဆဲမှာ တကယ်ရှိတဲ့ သဘောမှန် ဖြစ်ပါတယ်။ ဒါကိုမသိယင် "ပူတာကိုသိတာ ငါပဲ၊ အေးတာကို ငါကသိတာပဲ" စသည်ဖြင့် ထိသိစိတ်ကို ငါကောင်ထင်တဲ့ သက္ကာယဒိဋ္ဌိ ဝင်လာပါတယ်။

ဒီသက္ကာယဒိဋ္ဌိ မကင်းသေးယင် ဒုစရိုက်တွေကို ကျူးလွန်ကြအုံးမှာပဲ။ ကျူးလွန်မိတဲ့သူဟာ ပိသုဏာဝါစာဒုစရိုက်ကနည်းပါးလို့ အပါယ်မကျတာတောင် လူဖြစ်တဲ့အခါမှာ မိတ်ဆွေများ ချစ်သူခင်သူများနဲ့ ကွဲရတတ်တယ်တဲ့။


## ကုန်းတိုက်မှုကြောင့် အပါယ်မကျအောင် ဝိပဿနာက ကယ်ပုံ

မြတ်စွာဘုရား လက်ထက်က အဝန္တိတိုင်း ဥဇ္ဇေနီပြည်မှာ ဣသိဒါသီအမည်ရှိတဲ့ သဌေးသမီးတဦး ရှိခဲ့ဖူးတယ်။ သူဟာ ရုပ်လဲချော၊ သဘောလဲကောင်းပြီး အကျင့်သီလနဲ့လဲ ပြည့်စုံသူ ဖြစ်ပါတယ်။

၁၆-နှစ်အရွယ်လောက်မှာ ဖခင်ဖြစ်သူက ဣသိဒါသီကို သာကေတပြည်က သဌေးသားတဦးနဲ့ ထိမ်းမြားပေးစားလိုက်ပါတယ်။ ဣသိဒါသီဟာယောက္ခမအိမ်ရောက်ကထဲက လင်သား, ယောက္ခမနဲ့ လင့်ဆွေမျိုးများကိုပါ အပြစ် ဆိုစရာမရှိအောင် ပြုစုလုပ်ကျွေးပါတယ်။ ဒါကြောင့် လင့်ဘက်က ယောက္ခမနဲ့ ဆွေမျိုးသားချင်းတွေက ဣသိဒါသီကို အလွန် သဘောကျကြတယ်တဲ့။

ဒါပေမယ့် လင်ဖြစ်သူကတော့ အပြစ်မရှိတဲ့ ဣသိဒါသီကို တနေ့တခြား အမြင်ကပ်လာပါတယ်။ ဒါနဲ့ သူ့ မိဖဆွေမျိုးများက ဝိုင်းပြီး တားကြတာတောင် နားမထောင်ပဲ မကြာခင်မှာ ဣသိဒါသီကို စွန့်ပစ်လိုက်သတဲ့။

ဣသိဒါသီဟာ မိဖအိမ်ပြန်သွားရရှာတယ်တဲ့။ အဲဒီနောက် ဖခင်ဖြစ်သူက ဣသိဒါသီကို သူကြွယ်သားတယောက်နဲ့ ထပ်မံ



ဣသိဒါသီ သဌေးသမီးသည် ပိသုဏာဝါစာနှင့် ကာမေသုမိစ္ဆာစာရ အကုသိုလ် ဒုစရိုက်ကံကို ဆင်ခြင်မိ၍ သတိသံဝေဂ ကြီးစွာဖြင့် ဘိက္ခုနီပြုကာ ဝိပဿနာတရားအလုပ် ကြိုးစား အားထုတ်သော ကြောင့် မကြာမီ ရဟန္တာထေရီမကြီး ဖြစ်သွားရပုံ။

---

ပေးစားပြန်တယ်။ အဲဒီ သူကြွယ်သားလည်း ၁၅ ရက်လောက် သာ ပေါင်းသင်းပြီးနောက် ဘာမှ အပြစ်ဆိုစရာမရှိတဲ့ ဣသိဒါ သီကို စွန့်ပစ်ပြန်တယ်တဲ့။

တနေ့မှာ သူတောင်းစား လူရွယ်တစ်ယောက်ဟာ သူ့ဖခင် အိမ်ရှေ့သို့ ထမင်းတောင်းစားဖို့ ရောက်လာပါတယ်။အဲဒီအခါ သဌေးကြီးက သူတောင်းစားကို ခွက်စုတ်နဲ့ ပုဆိုးကြမ်းကို စွန့်

ပစ်ခိုင်းပြီးတော့ သူ့သမီး ဣသိဒါသီနဲ့ ပေးစားပါတယ်။ သဌေးကြီးရဲ့စိတ်ထဲမှာတော့ သူ့သမီးကို ဘယ်တော့မှ မစွန့်ပစ်မယ့် သမက်ရပြီလို့ ထင်နေဟန် တူပါတယ်။ဣသိဒါသီကလည်း ဖခင် ပေးစားတဲ့ သူတောင်းစားလင်ကို အပြစ် ဆိုစရာမရှိအောင် ရိုရိုသေသေ ပြုစုလုပ်ကျွေးရှာပါတယ်။ ဒါပေမယ့် အဲဒီ သူတောင်းစားလဲ ၁၅ ရက်လောက်သာပေါင်းပြီး ဣသိဒါသီကို စွန့်ပြေးပြန်တယ်တဲ့။

ဒီလို ဥစ္စာပေါ၊ ရုပ်ချော၊ သဘောကောင်းပြီး လင်သည်ကို အပြစ်ဆိုဖွယ် မရှိအောင် ပြုစု လုပ်ကျွေး ပါလျက်နဲ့ သူတောင်းစားရဲ့စွန့်ပစ်ခြင်းကိုတောင် ခံရတာဟာ ဘာဖြစ်လို့လဲ ဆိုယင် သူ ကျူးလွန်ခဲ့တဲ့ ပိသုဏာဝါစာ ဒုစရိုက် ကြောင့်ပါပဲတဲ့။

သူဟာ ဣသိဒါသီမဖြစ်ခင် အရင်ဘဝမှာ သိန္ဓုဝါရတိုင်းကဆင်းရဲသား လှည်းသမားတဦးရဲ့သမီး ဖြစ်ခဲ့ဖူးတယ်။ ဖခင်လှည်းသမားဟာ ဂိရိဒါသအမည်ရှိတဲ့ လှည်းကုန်သည်သားထံက ချေးထားတဲ့အကြွေး မဆပ်နိုင်တာနဲ့ သမီးငယ်ကို လှည်းကုန်သည်သားအား ထိုးအပ်လိုက်ရရှာတယ်တဲ့။

အဲဒီ လှည်းကုန်သည်သားကလည်း မယားကြီး ရှိလျက်နဲ့ ဣသိဒါသီအလောင်း အမျိုးသမီးငယ်ကို အသိမ်းမယားပြုထားလိုက်ပါတယ်။ လှည်းကုန်သည်သားရဲ့ မယားကြီးဟာ အကျင့်သီလနဲ့ ပြည့်စုံသူဖြစ်ပါတယ်။ဣသိဒါသီအလောင်း မယားငယ်ဟာ လင်နဲ့ မယားကြီး ကွဲအောင် ကုန်းတိုက်ခဲ့ဖူးတယ်တဲ့။

အဲဒီ ပိသုဏာဝါစာအပြင် လွန်ခဲ့တဲ့ ၅ ဘဝလောက်က ယောကျ်ားအဖြစ်နဲ့ ကျူးလွန်မိခဲ့တဲ့ ကာမေသုမိစ္ဆာစာရက် ကြွင်းကလည်း ဝင်နှောက်လို့ ဣသိဒါသီဘဝ ရောက်တဲ့အခါ လင် ၃ ဆက်မြောက်အောင် စွန့်ပစ်ခံရခြင်း ဖြစ်တယ်တဲ့။

ဒါပေမယ့် ဣသိဒါသီ သဌေးသမီးဟာ သူ့အကုသိုလ်ကံကို ဆင်ခြင် ရိပ်စားမိတာနဲ့ သဘိ သံဝေဂရပြီး ဘိက္ခုနီမပြုကာ ဝိပဿနာတရားအလုပ် ကြိုးစားအားထုတ်ပါတယ်။ ပါရမီရှိပြီး သူဖြစ်လို့ မကြာမီ ရဟန္တာထေရီမ ဖြစ်သွားပါတယ်။

ဣသိဒါသီဟာ သောတာပန် ဖြစ်လိုက်တယ်ဆိုယင်ပဲ အယင် ကျူးလွန်မိခဲ့တဲ့ အကုသိုလ် ဒုစရိုက်တွေကြောင့် အပါယ်မကျ နိုင်တော့ပါဘူး။ ရဟန္တာထေရီမ ဖြစ်သွားတယ် ဆိုတော့ အပါယ်ဆင်းရဲသာမက သံသရာ ဆင်းရဲမှန်သမျှကပါ လုံးဝ ကင်းဝေး လွတ်မြောက်သွားတော့တာပေါ့။

ဒါကြောင့် မကျူးလွန်ရသေးတဲ့ ပိသုဏာဝါစာလို ဒုစရိုက် မျိုးကို မကျူးလွန်မိအောင် သီလကို လုံလုံခြုံခြုံ စောင့်ထိန်းပါ။ ကျူးလွန်မိတဲ့ ဒုစရိုက်ကြောင့် အပါယ်ရောက်မှာ ကြောက်ယင် တော့ အရိယာဘဝ ရောက်တဲ့အထိ ဝိပဿနာ တရားအလုပ် ကြိုးစားအားထုတ်ကြပါလို့ တိုက်တွန်းလိုက်ပါတယ်။

## ဖြစ်ပျက်မြင်ပြန် မှားမှန်သိပုံ

ဝိပဿနာ ရှုမှတ်တဲ့အခါ မှတ်စရာအာရုံရဲ့ မမြဲတဲ့သဘော၊ ဆင်းရဲတဲ့သဘော၊ အစိုးမရ အကောင်အထည်လဲ မဟုတ်တဲ့ သဘောတွေကို ဆင်ခြင်ကာ အသိဉာဏ်ဖြစ်ပေါ်ပုံ အထိတော့

ဟောခဲ့ပြီးပါပြီ။ အဲဒီ ဉာဏ်ကနေ ရှေ့တဆင့် တက်လာမယ်ဆိုယင် မှတ်စရာ အာရုံရဲ့ အစပိုင်း ဖြစ်မှုနဲ့ အဆုံးပိုင်း ပျက်မှုကို သိတဲ့အသိဉာဏ် ဖြစ်ပေါ်လာပါလိမ့်မယ်တဲ့။

ဒီဉာဏ်အဆင့်ရောက်လာမယ်ဆိုယင် ပေါ်ရာပေါ်ရာ အာရုံတွေကို လွယ်လွယ်ကူကူ သွက်သွက်လက်လက် မှတ်နိုင်လာမယ်။ အထူး အမှတ်ကောင်းလာမယ်။ ဒါ့တင်မက အလင်းရောင်တွေ၊ ကျေနပ်နှစ်သိမ့်မှုတွေ၊ ကိုယ်စိတ်အေးငြိမ်းမှုတွေ၊ ယုံကြည်မှုတွေ၊ စိတ်ချမ်းသာမှုတွေ စတဲ့ ဝိပဿနာ ညစ်ညူးကြောင်း စတဲ့ တရားတွေလည်း ပေါ်လာတတ်တယ်။ အဲဒါတွေကို တရားထူး တရားမြတ်ထင်ပြီး မိမိကိုယ်ကိုမိမိ အထင်ကြီးမှုတွေလည်း ဖြစ်လာတတ်တယ်။

အဲဒီ ဝိပဿနာ ညစ်ညူးကြောင်းတွေကို မကြာမကြာ တွေ့နေရပေမယ့် မှတ်စရာအာရုံရဲ့ အစပိုင်းဖြစ်မှုနဲ့ အဆုံးပိုင်း ပျက်မှုကိုလည်း သိသိလာပါလိမ့်မယ်။ ဖောင်းတယ်လို့ မှတ်ယင် "ဖောင်းတာရယ်၊ ဖောင်းတာ ဆုံးသွားတာရယ်" ဒီ ၂ မျိုးကို ကွဲကွဲပြားပြား လွယ်လွယ်ကူကူ သိလာပါလိမ့်မယ်။ ပိန်တယ်လို့မှတ်ယင် "ပိန်စနဲ့ ပိန်ဆုံး" ဒီ ၂ မျိုးကို ကွဲကွဲပြားပြား လွယ်လွယ်ကူကူ သိလာပါလိမ့်မယ်။ တခြား အမှတ်တွေမှာလဲ ဒီအတိုင်းပါပဲ။

ဒီလို ဝိပဿနာ ညစ်ညူးကြောင်းတရားတွေကို သဘောကျလိုက်၊ ပေါ်ရာပေါ်ရာ ရှုမှတ်လိုက်နဲ့ ကြာလာတဲ့ အခါကျတော့ ဒီအလင်းရောင် စတဲ့ဟာတွေကို နှစ်သက် သဘောကျနေတာ လမ်းမှားပဲ။ မှတ်ရုံမျှ မှတ်နေတာက လမ်းမှန်ပဲလို့

"လမ်းမှား လမ်းမှန်ကို ခွဲခြမ်းနိုင်တဲ့ အသိအမြင် စင်ကြယ်မှု" ဖြစ်ပေါ်လာလိမ့်မယ်တဲ့။

ဒီလို အသိဉာဏ်က တိုးတက်လာပေမယ့် အမှတ်ကတော့ မထူးပါဘူး။ အယင်က မှတ်သလို "ဖောင်းတယ် ပိန်တယ်" စသည်ဖြင့် မှတ်ရတာပါပဲ။ အဲဒီလိုဆက်မှတ်သွားလို့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တဲ့အထိ ဆိုက်ရောက်သွားမယ်ဆိုယင်တော့ အဲဒီပုဂ္ဂိုလ်အဖို့ အပါယ်တံခါး ပိတ်သွားပြီတဲ့။

ကဲ.... ဟောခဲ့ပြီးတဲ့ ပိသုဏဝါစာ ဒုစရိုက်အကြောင်း နိဂုံးချုပ်အနေနဲ့ တရားဆောင်ပုဒ်လေးတွေ ဆိုကြအုံးစို့။

## ပိသုဏဝါစာ ဖြစ်ကျိုးပြကဗျာ

ကုန်းတိုက်တတ်သူ သေယင်မလွဲပ၊
အပါယ်ငရဲ ကျလိမ့်မယ်။

လူဖြစ်ပြန်သော် မိတ်ဆွေရှားလို့၊
ချစ်သူများနဲ့ ကွဲတတ်တယ်။

လေးပါးအပါယ် တကယ်ကြောက်ယင်၊
မဂ်ဖိုလ်ရောက်အောင် အားထုတ်ကွယ်။

မဂ်ဖိုလ်ရောက်အောင် ဘယ်တရားကို၊
ကြိုးစားအားထုတ် ကျင့်ရမယ်။

ဝိပဿနာခေါ် မြတ်တရားကို၊
ကြိုးစားကျင့်မှ ရောက်ပါမယ်။

သိတတ်တာဟာ နာမ်သဘောကွဲ့၊
မသိတဲ့သဘော ရုပ်ဖြစ်တယ်။

ဖြစ်ပျက်ရုပ်နာမ် သိအောင်မှတ်တော့၊
ဝိပဿနာ ဖြစ်ပါတယ်။

မဂ်ဖိုလ်ဆိုက်အောင် ရှုမှတ်ပွားတော့၊
အပါယ်တံခါး ပိတ်ပါတယ်။

မှတ်ကွယ်....မှတ်ကွယ်။

[ ဖရုသဝါစာ ဒုစရိုက် ]

## ၆။ ဆဲရေးတိုင်းထွာက - မကောင်းကျိုးရ

ကဲ....ဖရုသဝါစာ အလှည့် ရောက်လာပြီ။

ဖရုသာ ဘိက္ခဝေ ဝါစာ အာသေဝိတာ ဘာဝိတာ ဗဟုလီကတာ နိရယသံဝတ္တနိကာ တိရစ္ဆာနယော-နိသံဝတ္တနိကာ ပေတ္တိဝိသယသံဝတ္တနိကာ ယော သဗ္ဗလဟုကော ဖရုသာယ ဝါစာယ ဝိပါကော မနုဿဘူတဿ အမနာပသဒ္ဒ သံဝတ္တနိကော ဟောတိ။

ဘိက္ခဝေ၊ ရဟန်းတော်များ အို.... ချစ်သား တို့။ အာသေဝိတာ၊ အဖန်တလဲလဲ မှီဝဲအပ်သော။ ဘာဝိတာ၊ ပွားစေအပ်သော။ ဗဟုလီကတာ၊ ကြိမ်ဖန်များစွာ ပြုလုပ်အပ်သော။ ဖရုသာဝါစာ၊ လူသွားပမာ ကြမ်းတမ်းလှစွာသော စကားသည်။ နိရယသံဝတ္တနိကာ၊ ချမ်းသာကင်းရာ ငရဲ၌ ဖြစ်စေတတ်၏။ တိရစ္ဆာနယောနိသံဝတ္တနိကာ၊ ဖီလာကန့်လန့် သွားတတ်သော တိရစ္ဆာန်မျိုး၌လည်း ဖြစ်စေတတ်ပါ၏။ ပေတ္တိဝိသယသံဝတ္တနိကာ၊ ချမ်းသာမှ ဝေးရာသို့ ရောက်တတ်သော

ပြိတ္တာဘုံ၊ အသူရကာယ်ဘုံတို့၌လည်း ဖြစ်စေတတ်ပါပေ၏။ ဖရုသာယ ဝါစာယ၊ ဖရုသဝါစာ အကုသိုလ်ဒုစရိုက်၏။ သဗ္ဗလဟုကော၊ အပေါ့ဆုံးအနည်းဆုံးဖြစ်သော။ဟော ဝိပါကော၊ အကြင်အကျိုးသည်။ (ဝါ) မကောင်းကျိုးကို ဖြစ်စေတတ်တဲ့ အကြင်အကုသိုလ်စေတနာသည်။ အတ္ထိ၊ရှိ၏။ သော၊ အပေါ့ဆုံး အနည်းဆုံးဖြစ်တဲ့ ထိုအကုသိုလ် စေတနာသည်။ မနုဿဘူတဿ၊လူဖြစ်သောပုဂ္ဂိုလ်အား။အမနာပသဒ္ဒ သံဝတ္တနိကော၊ မနှစ်သက်ဖွယ်အသံကို ဖြစ်စေတတ်သည်။ ဟောတိ၊စင်စစ်မသေ့ ဖြစ်ပါပေ၏။ (ဝါ)ကုသိုလ်ကံထောက်မ၍ လူ့ဘဝသို့ရောက်ရပါသော်လည်း မိမိအသံ ကြားကာမျှနှင့် ရှင်လူအများက မုန်းတတ်ပါပေသတည်း။

[ သာဓု....သာဓု....သာဓု။ ]

## စကားပြေ အဓိပ္ပါယ်

ကြမ်းကြမ်းတမ်းတမ်း ဆဲဆို တိုင်းထွာကြောင်း ဖြစ်တဲ့ အကုသိုလ်စေတနာဟာ ဖရုသဝါစာဒုစရိုက် ဖြစ်ပါတယ်။

ဒီဒုစရိုက်ကို ကြိမ်ဖန်များစွာ ကျူးလွန်လိုက်စား မိုက်မှားကြတဲ့ မောက်သားတွေဟာ ကျူးလွန်ထားတဲ့ ဒုစရိုက်ကသာ ပဋိသန္ဓေအကျိုးပေးမယ်ဆိုယင် သေတဲ့အခါ အပါယ်လေးပါးသို့ လားရောက်ရတယ်တဲ့။

အဲဒီဒုစရိုက်က နည်းပါးလို့ ပဝတ္တိအကျိုးလောက်သာ ပေးမယ်ဆိုယင်တော့ လူဖြစ်တဲ့အခါ မနှစ်သက်ဖွယ်အသံကို ဖြစ်စေတတ်တယ်တဲ့။ မိမိအသံကြားရုံနဲ့ ကြားရသူများက မုန်းတတ်တယ်လို့ဆိုလိုပါတယ်။



ဖရုသဝါစာ အကုသိုလ် ဒုစရိုက်ကံကြောင့် လူကိုယ်ဝက်ခေါင်းဖြစ်နေရှာသော သူကရမုခအား အရှင်နာရဒမထေရ် တွေ့မြင်တော်မူပုံ။

---

## ဆဲရေးတိုင်းထွာမှုကြောင့် အပါယ်ကျရတဲ့ ဝက်ခေါင်း ပြိတ္တာဝတ္ထု

မြတ်စွာဘုရားလက်ထက်က ဂိဇ္ဈကုဋ်တောင်မှာ သီတင်းသုံးတဲ့ ရှင်နာရဒမထေရ်ဟာ တနေ့နံနက်စောစောမှာ ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံအလာ လမ်းခရီးအကြားမှာ ထူးဆန်းတဲ့ပြိတ္တာတဦးနဲ့ ဆုံတွေ့မိဖူးတယ်တဲ့။

အဲဒီပြိတ္တာဟာ တကိုယ်လုံး ရွှေရောင်အဆင်း ရှိတယ်။ ဒါပေမယ့် ခေါင်းပိုင်းက ဝက်ခေါင်း၊ ကိုယ်ပိုင်းက လူကိုယ်

ဖြစ်နေလို့ ပါဠိလိုတော့ သူကရမုခတဲ့၊ မြန်မာလိုတော့ ဝက်ခေါင်းပြတ္တာလို့ ခေါ်နိုင်ပါတယ်။

ရှင်နာရဒက သူ့အကြောင်း စုံစမ်းမေးမြန်းတဲ့အခါ ဖရုသဝါစာ အကုသိုလ် ဒုစရိုက်ကြောင့် သူ ဒီ လို ဖြစ် ရ ကြောင်း ရှင်းလင်းပြောကြားပါတယ်။

ဒီ သူကရမုခဟာ ကဿပမြတ်စွာဘုရား သာသနာတော်မှာ ရဟန်း ဖြစ်ခဲ့ဖူးပါတယ်။ အဲဒီရဟန်းဟာ ကာယကံဆိုင်ရာ အကုသိုလ်တွေ မဖြစ်အောင် ထိန်းသိမ်း စောင့်ရှောက်နိုင်ခဲ့ပါတယ်။ ဒါပေမယ့် ဝစီကံဆိုင်ရာ အကုသိုလ်တွေကိုတော့ မဖြစ်အောင် မထိန်းသိမ်း မစောင့်ရှောက်နိုင်ခဲ့ဘူး။ အခြားရဟန်းတော်များကို ကြမ်းကြမ်းတမ်းတမ်း ဆဲရေး တိုင်းထွာ ခဲ့ဖူးတယ်တဲ့။

အဲဒီ ဖရုသဝါစာ အကုသိုလ်ဒုစရိုက်ကို ကျူးလွန်လိုက်စားမိခဲ့တဲ့အတွက် သူဟာ ဝက်ခေါင်းပြတ္တာ လာမ ဖြစ် ခင် မှာ ဘုရားတဆူနဲ့တဆူအကြား ကာလတလျှောက်လုံး ငရဲမှာ ခံခဲ့ရဖူးပြီတဲ့။

## တာပနငရဲဆိုတာ

ကဲ....ငရဲကြီးရှစ်ထပ် ရှိတဲ့အထဲက အလှည့် ရောက်လာတဲ့ တာပနငရဲအကြောင်း ဆက်ကြအုံးစို့။

တာပနဆိုတာ ပူလောင်စေခြင်းလို့ အဓိပ္ပါယ်ရတဲ့ ပါဠိစကားသက်သက် ဖြစ်တယ်။ ဒီငရဲကတော့ အလျှံပြောင်ပြောင်တောက်နေတဲ့ ထန်းပင်လုံးမျှရှိတဲ့ သံတံကျင်ပေါ်မှာ ငရဲသူ ငရဲသားတွေကို မလှုပ်နိုင်အောင် အတင်းအကြပ် ထိုင်ခိုင်းပြီးတော့

တကိုယ်လုံးရဲလာအောင် မီးကင်တဲ့ငရဲဖြစ်တယ်။ အဲဒီ သံတံကျင်ဆိုတာ ငါး မီးကင်ဖို့ထိုးတဲ့ တံစို့လိုသံချောင်း အချွန်မျိုးဖြစ်မှာပါပဲ။

ဒီငရဲမှာလည်း အကုသိုလ်ကံမကုန်မချင်း ခံကြရပါတယ်။ ငရဲသက်တမ်းကုန် ခံရမယ်ဆိုယင်တော့ ငရဲနှစ်နဲ့ နှစ်ပေါင်း ၁-သောင်း ၆-ထောင်တိတိ ခံရတယ်တဲ့။ ဒီငရဲမှာ တရက်ဟာ လူ့အရေအတွက်နဲ့ဆိုယင် နှစ်ပေါင်း ၉၂၁-ကုဋေ ၆-သန်း ရှိပါသတဲ့။ အင်မတန် ကြောက်စရာကောင်းအောင် ခံရတဲ့ ငရဲပါပဲ။ ကဲ....တရားဆောင်ပုဒ်လေးတွေ ဆိုကြအုံးစို့။

## တာပနငရဲခံရပုံ ဆောင်ပုဒ်

ရဲရဲငြိအောင် သံချွန်ကြီးက၊
ထန်းလုံးနီးမျှ ရှိပါတယ်။
သံချွန်ပေါ်မှာ မီးလျှံစွဲအောင်၊
မလှုပ်နိုင်ပဲ ထိုင်ရတယ်။
အမြဲပုံသေ အပူမစဲလို့၊
တာပနငရဲ ခေါ်ရတယ်။
၁-သောင်း ၆-ထောင် ဤဘုံသက်ကွဲ့၊
ခံရချက်လဲ ပြင်းလှတယ်။
ကြောက်ဖွယ်....ကြောက်ဖွယ်။

စောစောက ပြောခဲ့တဲ့ သူကရမုခဟာ ဒီလို ငရဲဆင်းရဲတွေ ပြိတ္တာဆင်းရဲတွေကို ဘာဖြစ်လို့ ခံစားရသလဲဆိုယင် သူ ကျူးလွန်ခဲ့တဲ့ ဖရုသဝါစာ ဒုစရိုက်ကြောင့်ပါပဲ။ အဲဒီ ဒုစရိုက်ကို

ဘာဖြစ်လို့ ကျူးလွန်သလဲဆိုယင် သက္ကာယဒိဋ္ဌိ မကင်းသေးလို့ ပါပဲ။ ဒီ ဒိဋ္ဌိက မြင်တိုင်း၊ ကြားတိုင်း၊ နံတိုင်း၊ စားတိုင်း၊ ထိတိုင်း ဝင်လာနိုင်ပုံတွေကိုတော့ ဟောခဲ့ပြီးပါပြီ။ အခု တွေးတော ကြံစည်ရာမှာ သက္ကာယဒိဋ္ဌိ ဝင်ပုံကို ဟောမ ်။

## တွေးတောကြံစည်ရာမှာ သက္ကာယဒိဋ္ဌိ ဝင်ပုံ

လောကီဆိုင်ရာ တွေးစရာမျိုးစုံ ဓမ္မာရုံက မနောအကြည်လို့ ခေါ်တဲ့ လူတွေအိပ်ပျော်တဲ့အခါမှာ ဖြစ်တဲ့စိတ်မျိုးကို လာ ထိခိုက်တဲ့အခါကျတော့ တွေးသိစိတ်နဲ့ ယှဉ်ဖက် စေတသိက် တရားတွေ ဖြစ်ပေါ်လာပါတယ်။ ဒီနေရာမှာ ဓမ္မာရုံ ၆-မျိုး ရှိတဲ့အထဲက ပညတ်မဂ်စိတ် ဖိုလ်စိတ်နဲ့ နိဗ္ဗာန်ကိုမယူပဲ ချန်ထားမှ သင့်ပါမယ်။

အဲဒီမှာ တွေးစရာကတော့ ရုပ်ရော၊ နာမ်ရော ၂-မျိုးလုံး ပါတယ်။ မနောအကြည်၊ တွေးသိစိတ်နဲ့ စေတသိက်တို့ကတော့ နာမ်တရားတွေပါပဲ။ အဲဒီ မနောအကြည်နဲ့ တွေးသိ စိတ်တို့ရဲ့ မှီရာ ဟဒယဝတ္ထုကတော့ ရုပ်တရားတဲ့။

ဒါကြောင့် တွေးဆဲမှာလည်း ရုပ်နာမ် ၂-ပါးဟာ တကယ် ထင်ရှားရှိနေပါတယ်။ ဒီလိုထင်ရှားရှိတဲ့ ရုပ်နာမ်ကိုပဲ သက္ကာယ လို့ခေါ်ပါတယ်။ အဲဒီ သက္ကာယရုပ်နာမ်အပေါ် အထင်အမြင် လွဲမှားတာဟာ သက္ကာယဒိဋ္ဌိ ဖြစ်ပါတယ်။

ဘယ်လိုလဲလို့ဆိုတော့ မနောအကြည်မှာလာထင်တဲ့လောကီ ဆိုင်ရာတွေးစရာအာရုံဟာ ရုပ်နာမ်သဘောမျှသာ ဖြစ်ပါတယ်။ အကောင်အထည် မဟုတ်ပါဘူး။ ဒါကိုမသိယင် သူ့ အကြောင်း

တွေးတယ်၊ သူ့ကို တရေးရေးမြင်နေတယ် စသည်ဖြင့်အကောင်အထည်ထိ စိတ်ရောက်သွားတတ်တယ်။ ဒါဟာ တွေးစရာအာရုံကို အကောင်အထည်ထင်တဲ့ သက္ကာယဒိဋ္ဌိ ဖြစ်ပါတယ်။

တွေးစရာအာရုံကို တွေးတတ်တာဟာ တွေးသိစိတ် ဖြစ်ပါတယ်။ ငါမဟုတ်ဘူး။ ငါဆိုတာ အပြော့်နမျှသာဖြစ်ပါတယ်။ တကယ်မရှိဘူး။ တွေးသိစိတ်ကတော့ တွေးဆဲမှာ အမှန်တကယ်ရှိတဲ့ သဘောမှန် ဖြစ်ပါတယ်။ ဒါကိုမသိယင် ''တွေးတာငါပဲ'' စသည်ဖြင့် တွေးသိစိတ်ကို ငါကောင်ထင်တဲ့ သက္ကာယဒိဋ္ဌိ ဝင်လာပါတယ်။

ဒီသက္ကာယဒိဋ္ဌိ မကင်းသေးသမျှ အပါယ်ကျစေနိုင်တဲ့ ဖရုသဝါစာ ဒုစရိုက်မျိုးကို ကျူးလွန်ကြအုံးမှာပဲ။ အခု မကျူးလွန်ပေမယ့် နောင် ကျူးလွန်လောက်တဲ့အခြေအနေ ဖန်တီးလာယင် ကျူးလွန်ကြအုံးမှာ ဖြစ်တယ်။ အဲဒီလိုဆိုယင် အပါယ်ဘေးက လုံးဝမကင်းဝေးနိုင်သေးဘူးပေါ့။

ဒီသက္ကာယဒိဋ္ဌိ ပြုတ်တဲ့ အထိ ဝိပဿနာတရား အလုပ်ကြိုးစား အားထုတ်သွားမယ် ဆိုယင်တော့ ကျူးလွန်ထားတဲ့ ဖရုသဝါစာလို ဒုစရိုက်တွေရှိပေမယ် အဲဒီပုဂ္ဂိုလ်ဟာ ဘယ်တော့မှ အပါယ်မရောက်နိုင်တော့ဘူးတဲ့။

## ဆဲမှုကြောင့် အပါယ်မကျအောင် ဝိပဿနာက ကယ်တင်ခဲ့ပုံ ပုဏ္ဏား ၄-ဦးဝတ္ထု

မြတ်စွာဘုရား လက်ထက်က ရာဇဂြိုဟ်ပြည်မှာ ပုဏ္ဏားညီနောင် ၄-ဦးရှိခဲ့ဖူးတယ်။ သူတို့ ၄-ဦးလုံးဟာ ဗုဒ္ဓဘာသာ

ဝင်မဟုတ်ကြဘူး။ ဒါပေမယ့် အကြီးဆုံး ဘာရဒ္ဒါဇ ပုဏ္ဏားရဲ့ ဇနီးဖြစ်တဲ့ ဓနဉ္စာနီ ပုဏ္ဏေးမကတော့ သောတာပန် ဖြစ်တယ်။ သောတာပန်ဆိုတော့ ဘုရား၊ တရား၊ သံဃာအပေါ် ကြည်ညိုမှုဟာ ပုထုဇဉ်တွေရဲ့ကြည်ညိုမှုထက် သာလွန်ခိုင်မြဲတာပေါ့။ အဲဒီ ဓနဉ္စာနီပုဏ္ဏေးမဟာ ချေဆပ်တဲ့အခါ၊ တခုခု လှတ်ကျတဲ့အခါ၊ ခလုတ်တိုက်မိတဲ့အခါ၊ ယောင်ယမ်း ပြော ဆို တတ် ပါ တယ်။ ဒါပေမယ့် မဟုတ်တယုတ်ညစ်တီးညစ်ပတ်တွေ ယောင်တာတော့ မဟုတ်ဘူး။ သူယောင်ပုံက "နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ" လို့ ဘုရားရှိခိုးတဲ့ စကားကို ယောင်ယမ်းပြောဆိုခြင်းသာ ဖြစ်တယ်တဲ့။

ဒါပေမယ့်ဘာရဒ္ဒါဇက ဒီလိုယောင်ယမ်းတာမျိုးကိုသဘော ကျပုံမပေါ်ဘူး။တနေ့တော့ သူတို့အိမ်မှာ ပုဏ္ဏားတွေကို ထမင်း ကျွေးပွဲပြုလုပ်ပါတယ်။ အဲဒီထမင်းကျွေးပွဲမတိုင်ခင် ဘာရဒ္ဒါဇ က ဓနဉ္စာနီကို "ရှင်မ၊ သင်ဟာ အခြား ပုဏ္ဏားတွေရှေ့မှာ သင့်ဆရာ ဂေါတမ ဘုရားကို ရှိခိုးတဲ့စကားနဲ့ မယောင်မိ အောင် သတိထားပါ"လို့ ကြိုတင် သတိပေး ပြောကြားထား ပါတယ်။

ဓနဉ္စာနီလည်း ဧည့်သည် ပုဏ္ဏားတွေကို ထမင်းလိုက်ထည့် ပေးနေယင်း သတိထားနေတဲ့ကြားက မြတ်စွာဘုရားကို ရှိခိုးတဲ့ စကားကို ယောင်ယမ်းရွတ်ဆိုမိပါတယ်။ ဒီတော့ ဘာရဒ္ဒါဇ ဟာ တော်တော် ဒေါသဖြစ်သွားပါတယ်။ ဝါဒတူပုဏ္ဏားတွေ ရှေ့မှာဖြစ်လို့ ရှက်လည်းရှက်သွားပုံရပါတယ်။

ဒါကြောင့် "ဟဲ့- အယုတ်တမာမ၊ နင် ဟာ ဘယ် တော့ ယောင်ယောင် နင့်ဆရာ ခေါင်းတုံးပြောင် ရဟန်းဂေါတမရဲ့



ဘာရဒွါဇ ပုဏ္ဏားက မြတ်စွာဘုရားအား ကြမ်းကြမ်းတမ်းတမ်း ဆဲရေးတိုင်းထွာ၍ မေးမြန်းနေပုံ။

---

ကျေးဇူးကိုပဲ ပြောလေ့ရှိတယ်။ ဒီလောက်တောင် ဖြစ်လှတာ နင့်ဆရာ ဂေါတမဆီ ငါသွားမယ်။ နင့်ဆရာကို ဝါဒတင်စွပ်စွဲပြီး အရှက်ခွဲမယ်''လို့ ကြုံးမောင်းတယ်။

အဲဒီနောက် မြတ်စွာဘုရားရှိရာ ဝေဠုဝန်ကျောင်းတော်သို့ ဘာရဒွါဇပုဏ္ဏား ထွက်သွားတယ်တဲ့။ ကြွက်မနိုင် ကျီ မီးရှို့ ဆိုတာလို မယားမနိုင်တာနဲ့ မယားရဲ့ဆရာ ဘုရားကို အပြစ် ဆိုဖို့ သွားခြင်းပါပဲ။

ဘုရားထံရောက်တော့ ကြမ်းကြမ်းတမ်းတမ်း ဆက်ဆံပြီး မေးချင်တာကို မေးပါတယ်။ မြတ်စွာဘုရားက သည်းခံတော်မူပြီး မေးသမျှကို ပြေလည်အောင် ဖြေကြားလိုက်တဲ့အခါ ဘာရဒွါဇဟာ မြတ်စွာဘုရားကို ကြည်ညိုပြီး ရဟန်းပြုသွားပါတယ်။ တရားအလုပ် ကြိုးစားအားထုတ်လို့ မကြာမီ ရဟန္တာ ဖြစ်သွားပါတယ်။

ဘာရဒွါဇ ရဟန်းပြုသွားတော့ သူ့ညီများ ဖြစ်ကြတဲ့ အက္ကောသဘာရဒွါဇ၊ သုန္ဒရိကဘာရဒွါဇနဲ့ ဗိလင်္ဂိကဘာရဒွါဇ တို့က မြတ်စွာဘုရားကိုဒေါသဖြစ်ကြတယ်။ ဒါကြောင့် ညီအစ်ကို သုံးယောက်တို့ဟာ မြတ်စွာဘုရားထံ တယောက်စီ အစဉ်အတိုင်း သွားပြီးတော့ မြတ်စွာဘုရားကို ဆဲရေးတိုင်းထွာ ကြတယ်။ အင်မတန် ကြီးလေးတဲ့ ဖရုသဝါစာ ဒုစရိုက်ပါပဲ။

အဲ-မြတ်စွာဘုရားက အစဉ်အတိုင်း လာရောက်ပြီး ဆဲရေး ကြတဲ့ ပုဏ္ဏားညီအစ်ကို သုံးယောက်ကို သည်းခံတော်မူပြီးတော့ သူတို့နဲ့ သင့်လျော်တဲ့တရားကို ဟောကြားလိုက်တဲ့အခါ သူတို့ လည်း အစဉ်အတိုင်း ရဟန်းပြုကြပါတယ်။ ဝိပဿနာတရား အလုပ် ကြိုးစားအားထုတ်ကြလို့ မကြာမီ ရဟန္တာဖြစ်ကုန်ကြ တယ်တဲ့။

ဒီ ပုဏ္ဏားညီနောင် လေးယောက်တို့ဟာ မြတ်စွာဘုရား ကိုပင် ဆဲရေးတိုင်းထွာခဲ့ပေမယ့် တရားအလုပ် အားထုတ်လို့ သောတာပန် ဖြစ်လိုက်တယ်ဆိုယင်ပဲ အဲဒီ ဖရုသဝါစာ ဒုစရိုက်ကြောင့် အပါယ် မကျနိုင်တော့ပါဘူး။ အခုတော့ လေးဦးလုံး ရဟန္တာအထိ ဖြစ်သွားကြတယ်ဆိုတော့ အပါယ် ဘေးသာမက သံသရာဘေးဒုက္ခ မှန်သမျှကပါ အပြီးတိုင်

ကင်းဝေး လွတ်မြောက် သွားတော့တာပေါ့။ သူတို့ကတော့ အဆဲကောင်းလို့ တရားကောင်းရသွားတဲ့ ပုဂ္ဂိုလ်တွေလို့တောင် ဆိုရမလို ဖြစ်နေတယ်။

## ဖြစ်ပျက်ဆင့်ဆင့်-ဉာဏ်မြင်ရင့်ပုံ

ဒါကြောင့် ဒီနေရာမှာ ပြောလိုတာက မကျူးလွန်ရသေးတဲ့ ဖရုသဝါစာလို ဒုစရိုက်မျိုးကို မကျူးလွန်မိအောင်၊ သီလကို လုံခြုံအောင် စောင့်ထိန်းပါ။ ကြီးမြတ်သူ သီလရှိသူများကို စိတ်မထိန်းနိုင်လို့ ဒေါသ အလျောက် ဆဲရေးခဲ့ဖူးယင်လည်း တောင်းပန်ဝန်ချပါ။ ကျူးလွန်ပြီး ဖရုသဝါစာ ဒုစရိုက်က အပါယ် ပဋိသန္ဓေအကျိုးမပေးနိုင်အောင် အရိယာဖြစ်တဲ့အထိ ဝိပဿနာတရားအလုပ်ကို ကြိုးစားအားထုတ်ပါလို့ တိုက်တွန်း လိုရင်းပါပဲ။

ဝိပဿနာရှုတဲ့အခါ ပေါ်လာတဲ့ အလင်းရောင် စသည်တွေကို နှစ်သက်သဘောကျနေတာ လမ်းမှားပဲ၊ မှတ်ရုံမျှ မှတ်နေတာက လမ်းမှန်ပဲလို့ လမ်းမှားနဲ့ လမ်းမှန်ကို ခွဲခြားနိုင်တဲ့ အသိအမြင် စင်ကြယ်မှု အထိတော့ ဟောပြီးပါပြီ။ အဲဒီ အလင်းရောင် စသည်တွေကို သဘောမကျတော့ပဲ မှတ်ရုံမျှ လိုက်မှတ်နေတဲ့အခါ ဝိပဿနာ ညစ်ညူးကြောင်း တရားတွေ တဖြေးဖြေး လျော့နည်းပျောက်ကွယ်သွားပြီး အမှတ်ကလေး ချည်းသာ ကျန်ရှိနေပါလိမ့်မယ်။

အဲဒီအခါ မှတ်ရတာလည်း အထူး ကောင်းလာလိမ့်မယ်။ ပေါ်မှု၊ ပျောက်မှု ကလေးတွေဟာလဲ သိပ်ရှင်းလာလိမ့်မယ်။ ဖောင်းတယ်လို့ မှတ်တဲ့အခါ၊ ဖောင်းတာကလေးတွေဟာ တခု

တည်းမဟုတ်ပဲ၊ နှစ်ဆင့်သုံးဆင့်၊ လေးငါးခြောက်ဆင့်၊တပိုင်းစီ ပြတ်ပြတ်ပြီး ထင်လာလိမ့်မယ်။ ဖောင်းလိုက်၊ ပျောက်လိုက်၊ ဖောင်းလိုက်၊ ပျောက်လိုက်၊ ဖောင်းလိုက်၊ ပျောက်လိုက်နဲ့ တပြတ်စီတပြတ်စီ၊ ပိုင်းခြားပြီး သိလာလိမ့်မယ်။ ပိန်တယ်လို့ မှတ်တဲ့အခါမှာလဲ ဒီအတိုင်းပါပဲ၊ တမှတ်အတွင်းမှာ နှစ်ဆင့် သုံးဆင့် လေးငါးခြောက်ဆင့် တပိုင်းစီ ပြတ်ပြီး ထင်လာလိမ့် မယ်တဲ့။

ကွေးတယ်၊ ဆန့်တယ် စသည်ဖြင့် တခြားအမှတ်တွေကို မှတ်တဲ့အခါမှာလည်းဒီအတိုင်းပါပဲ၊ မှတ်စရာအာရုံမှန်သမျှဟာ နေရာမရွှေ့ပဲ၊ ပေါ်တဲ့နေရာမှာချည်း ပျောက်ပျောက်သွား တာကို ရှင်းရှင်းလင်းလင်း သိမြင်လာပါလိမ့်မယ်။ ဒီတော့ ရုပ်နာမ်၊ ပရမတ္ထတရားတွေဟာ ဒီနေရာမှာဖြစ်ယင် ဒီနေရာမှာ ပျက်တယ်။ နေရာမရွှေ့ဘူး။ ဟိုနေရာမှာဖြစ်ယင် ဟိုနေရာမှာ ပျက်တယ်။ နေရာမရွှေ့ဘူးဆိုတာ ကိုယ်တိုင် သိသွားတော့ တာပေါ့။

ဒီအတိုင်း ဆက်မှတ်သွားလို့ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တဲ့အထိများ ရောက်သွားမယ် ဆိုယင်တော့ အဲဒီပုဂ္ဂိုလ်အဖို့ အပါယ်တံခါး ပိတ်သွားပြီတဲ့။

ကဲ....ဟောခဲ့ပြီးတဲ့ ဖရုသဝါစာ ဒုစရိုက်အကြောင်း နိဂုံး ချုပ်တဲ့အနေနဲ့ တရားကဗျာ ဆောင်ပုဒ်လေးတွေ ဆိုကြအုံးစို့။

### ဖရုသဝါစာ ပြစ်ကျိုးပြကဗျာ

ဆဲရေးတတ်သူ သေယင်မလွဲပ၊
အပါယ်ငရဲ ကျလိမ့်မယ်။

လူဖြစ်ပြန်သော် အသံကြားနဲ့၊
ရှင်လူများက မုန်းတတ်တယ်။
လေးပါးအပါယ် တကယ်ကြောက်ယင်၊
မဂ်ဖိုလ်ရောက်အောင် အားထုတ်ကွယ်။
မဂ်ဖိုလ်ရောက်အောင် ဘယ်တရားကို၊
ကြိုးစားအားထုတ် ကျင့်ရမယ်။
ဝိပဿနာခေါ် မြတ်တရားကို၊
ကြိုးစားကျင့်မှ ရောက်ပါမယ်။
သိတတ်တာဟာ နာမ်သဘောကွဲ့၊
မသိတဲ့သဘော ရုပ်ဖြစ်တယ်။
ဖြစ်ပျက်ရုပ်နာမ် သိအောင်မှတ်တော့၊
ဝိပဿနာ ဖြစ်ပါတယ်။
မဂ်ဖိုလ်ဆိုက်အောင် ရှုမှတ်ပွားတော့၊
အပါယ်တံခါး ပိတ်ပါတယ်။
မှတ်ကွယ်....မှတ်ကွယ်။

[သမ္ဖပ္ပလာပ ဒုစရိုက်]

## ၇။ ကျိုးမဲ့အနှစ်ကင်းစကားပြောက မကောင်းကျိုးရ

ကဲ....သမ္ဖပ္ပလာပအကြောင်း ဆက်ကြဦးစို့။

သမ္ဖပ္ပလာပေါ ဘိက္ခဝေ အာသေဝိတော ဘာဝိတော ဗဟုလီကတော နိရယသံဝတ္တနိကော တိရစ္ဆာနယောနိသံဝတ္တနိကော ပေတ္တိဝိသယသံဝတ္တနိကော ယော သဗ္ဗလဟုကော သမ္ဖပ္ပလာပဿ ဝိပါကော မနုဿဘူတဿ အနာဒေယျဝါစာသံဝတ္တနိကော ဟောတိ။

ဘိက္ခဝေ၊ ရဟန်းတော်များ အို.... ချစ်သားတို့။ အာသေဝိတော၊ အဖန်တလဲလဲ မှီဝဲအပ်သော။ ဘာဝိတော၊ ပွားစေအပ်သော။ ဗဟုလီကတော၊ ကြိမ်ဖန်များစွာပြုလုပ်အပ်သော။ သမ္ဖပ္ပလာပေါ၊ အကျိုးအမြတ်မရှိ အဓိပ္ပါယ်ကင်းမဲ့သည့် စကားကို ပြောဆိုခြင်းသည်။ နိရယသံဝတ္တနိကော၊ ချမ်းသာကင်းရာ ငရဲရွာ၌ ဖြစ်စေတတ်၏။ တိရစ္ဆာနယောနိသံဝတ္တနိကော၊ ဖီလာကန့်လန့် သွားတတ်သော တိရစ္ဆာန်အမျိုးမျိုး၌လည်း ဖြစ်စေ

တတ်ပါပေ၏။ ပေတ္တိဝိသယသံဝတ္တနိကော၊ ချမ်းသာမှုဝေးရာသို့ ရောက်တတ်သော ပြိတ္တာဘုံ၊ အသူရကာယ်ဘုံတို့၌လည်း ဖြစ်စေတတ်ပါပေ၏။ သမ္ဖပ္ပလာပဿ၊ သမ္ဖပ္ပလာပအကုသိုလ်ဒုစရိုက်၏။ သဗ္ဗလဟုကော၊ အပေါ့ဆုံး အနည်းဆုံးဖြစ်သော။ ယော ဝိပါကော၊ အကြင်အကျိုးသည်။ (ဝါ)မကောင်းကျိုးကို ဖြစ်စေတတ်တဲ့ အကြင် အကုသိုလ်စေတနာသည်။ အတ္ထိ၊ ရှိ၏။ သော၊ အပေါ့ဆုံး အနည်းဆုံးဖြစ်သော ထိုအကုသိုလ် စေတနာသည်။ မနုဿဘူတဿ၊ လူဖြစ်သောပုဂ္ဂိုလ်အား။ အနာဒေယျဝါစာ သံဝတ္တနိကော၊ မိမိစကားကို အယုံအကြည် မဲ့စေတတ်သည်။ ဟောတိ၊ စင်စစ်မသွေ ဖြစ်ပါပေ၏။ (ဝါ)ကုသိုလ်ကံထောက်မ၍ လူ့ဘဝသို့ ရောက်ရပါသော်လည်း မိမိစကားကို ယုံကြည်သူနည်းလို့ ပြစ်တင်မောင်းမဲခြင်းလည်းခံရတတ်ပါပေသတည်း။

[သာဓု....သာဓု....သာဓု။]

## စကားပြေအဓိပ္ပါယ်

အကျိုးအမြတ်မရှိ အဓိပ္ပါယ် ကင်းမဲ့တဲ့စကားကို ပြောဆိုကြောင်းဖြစ်တဲ့ အကုသိုလ် စေတနာဟာ သမ္ဖပ္ပလာပဒုစရိုက်ဖြစ်တယ်။ ဒီဒုစရိုက်ကတော့ အကျိုးအမြတ်မရှိတဲ့ စကားကို နားထောင်သူက အစစ်အမှန်ပဲလို့ တထစ်ချ မှတ်ယူသွားယင် ကမ္မပထမြောက်ပါတယ်။ မမှတ်ယူယင် ကမ္မပထမမြောက်ဘူးလို့ မိန့်ဆိုကြပါတယ်။ အကုသိုလ်ကံတခုဟာ အပါယ် ပဋိသန္ဓေအကျိုးကို ဖြစ်စေယင် ကမ္မပထမြောက်တယ်လို့ ဆိုလိုပါတယ်။

ဒီဒုစရိုက်ကံက ပဋိသန္ဓေအကျိုးပေးမယ်ဆိုယင် ကျူးလွန်သူဟာ အပါယ်လေးပါးသို့ရောက်ရပါလိမ့်မယ်။ ပဝတ္တိအကျိုး

လောက်သာပေးယင်တော့ လူဖြစ်တဲ့အခါ မိမိစကားကိုယုံကြည်သူ နည်းပါးတတ်တယ်။ မိမိက စကားကောင်း ပြောပေမယ်လို့ ပရိသတ်ရဲ့ပြစ်တင် မောင်းမဲခြင်းကိုသာ ခံရတတ်တယ်တဲ့။

ဒီ ဒုစရိုက်ကံကြောင့်လည်း အပါယ် ကျနိုင်တယ် ဆိုတဲ့ ယေဘုယျ ဟောပြချက်လောက်ပဲ တွေ့ဖူးသေးတယ်။ စိတ်တိုင်းကျ ဝတ္ထုသာဓကမျိုးတော့ မတွေ့မိသေးဘူး။ ဒါကြောင့် အခုတော့ နီးစပ်တဲ့ဝတ္ထုလောက်ကိုပဲ ထည့်ဟောရတော့မှာပဲ။

## အကျိုးမဲ့ အနှစ်ကင်းစကားကြောင့် အပါယ်ကျနိုင်ပုံ

အခါတပါး ရာဇဂြိုဟ်ပြည် ဝေဠုဝန် ကျောင်းတော်မှာ မြတ်စွာဘုရား သီတင်းသုံးနေပါတယ်။ တနေ့မှာ ကချေသည်တစ်ထောင်တို့ရဲ့ အကြီးအကဲဖြစ်တဲ့ ဂါမဏိဟာ မြတ်စွာဘုရားထံ ရောက်လာပြီး သူသိလိုတာကို မေးလျှောက်တယ်တဲ့။ သူ့ရဲ့လျှောက်ထားပုံက "ဘုန်းတော်ကြီးသောမြတ်စွာဘုရား၊ ကချေသည်တွေဟာ ပွဲကြည့်ပရိသတ်ရဲ့ ပျော်ရွှင်ရေးအတွက် မှန်တာနဲ့ရော၊ မမှန်တာနဲ့ပါ ပြောဆို ဖျော်ဖြေ ကြရပါတယ်။ ဒီလိုဖျော်ဖြေကြတဲ့အတွက် ကချေသည်တွေသေယင် နတ်ဖြစ်တယ်ဆိုတာ မှန်ပါသလား။ အဲဒီအယူကို မြတ် စွာ ဘု ရား အ နေ နဲ့ ဘယ်လိုသဘောထားပါသလဲဘုရား" တဲ့။

ဒီတော့ မြတ်စွာဘုရားက ဒီမေးခွန်းမျိုးကို မမေးဖို့ဂါမဏိကို ၃-ကြိမ်တိုင်တိုင် တားမြစ်ပါတယ်။ ဒါပေမယ့် ဂါမဏိဟာ မြတ်စွာဘုရားတားမြစ်နေတဲ့ကြားထဲက ၃-ကြိမ်တိုင်တိုင် ဒီအမေးကိုပဲ ထပ်မေးပါတယ်။



ပွဲကြည့်ပရိသတ်အား ပျော်ရွှင်လျှင်ပြီးရောဟု သဘောထား၍ ဖျော်ဖြေခဲ့လျှင် သမ္ဗပ္ပလာပ အကုသိုလ်ဒုစရိုက်မည်ပုံ။

---

ဒါကြောင့် မြတ်စွာဘုရားက ''ဂါမဏိ၊ ကချေသည်တွေဟာ လောဘ၊ ဒေါသ၊ မောဟ များလှတဲ့ ပွဲကြည့်ပရိသတ်ကို ပိုပြီး လောဘ၊ ဒေါသ၊ မောဟ များစေတယ်။ ကိုယ်တိုင်လဲပျော်ရွှင် မေ့လျော့ကြတယ်၊ ပွဲကြည့်ပရိသတ်ကိုလည်းမေ့လျော့စေတယ်။ ဒါကြောင့် ကချေသည်တွေသေယင် ပဟာသငရဲမှာ ခံရတယ်။ ဒါ့အပြင် ကချေသည်တွေသေယင် နတ်ဖြစ်တယ်လို့ ယူတဲ့အယူဟာ မိစ္ဆာအယူဖြစ်တယ်။ အဲဒီအယူကြောင့် ငရဲကျယင် ကျ၊ မကျယင် တိရစ္ဆာန် ဖြစ်တတ်တယ်'' လို့ မြတ်စွာဘုရားက ရှင်းလင်း ဟောကြားတော်မူပါတယ်။

ဂါမဏိလျှောက်ထားတဲ့စကားထဲမှာ "မှန်တာနဲ့ရော မမှန်တာနဲ့ပါ" ဆိုတဲ့ စကားကို သတိပြုသင့်ပါတယ်။ မှန်တာနဲ့ပြောဆိုဖျော်ဖြေတာဟာ သမ္ဖပ္ပလာပမဖြစ်ဘူးလို့ ဆိုနိုင်စရာ ရှိပါတယ်။ ဒါပေမယ့် ''ပရိသတ်ပျော်ရွှင်ယင် ပြီးရော'' ဆိုတဲ့ အနေမျိုးနဲ့ မမှန်မကန် အဓိပ္ပါယ်မရှိ အကျိုးအမြတ်မရှိတဲ့ ပေါက်ကရစကားတွေနဲ့ ပြောဆိုဖျော်ဖြေမယ်ဆိုယင် သမ္ဖပ္ပလာပ ဒုစရိုက်ဖြစ်နိုင်ပါတယ်။ ဒါကြောင့် ဂါမဏိဝတ္ထုကို ဒီ ဒုစရိုက်မှာ ထုတ်ဆောင်ပြရခြင်း ဖြစ်ပါတယ်။

အဲဒီ ကချေသည်တွေခံရတဲ့ ပဟာသငရဲဆိုတာ အဝီစိငရဲရဲ့ တစိတ်တဒေသ ဖြစ်တယ်တဲ့။ ဒီ ပဟာသငရဲမှာ ခံရတဲ့ ငရဲသူငရဲသားတွေဟာ ကချေသည်များက ကခုန်သီဆိုတီးမှုတ်နေဟန်မျိုးနဲ့ ငရဲဆင်းရဲကို ခံစားနေကြရပါသတဲ့။

ဒီ နေရာမှာ အဝီစိငရဲအကြောင်း မဟောသေးပဲ အလှည့်ရောက်လာတဲ့ ပတာပနငရဲအကြောင်းကို ဆက်ကြအုံးစို့။

## ပတာပန ငရဲဆိုတာ

ပတာပနငရဲဆိုတာ အလွန်ပူလောင်စေတဲ့ငရဲလို့ အဓိပ္ပါယ်ရပါတယ်။ ဒီငရဲမှာ အလျှံပြောင်ပြောင် တောက်နေတဲ့ သံပူတောင်ကြီးပေါ်သို့ ငရဲထိန်းတွေက ငရဲသူ ငရဲသားတွေကို ရိုက်နှက်ပြီး အတင်းတက်ခိုင်းပါသတဲ့။

ငရဲသူငရဲသားတွေဟာ ကြောက်ကြောက်နဲ့ အပူလောင်ခံပြီးတက်လို့ တောင်ပေါ်ရောက်တဲ့အခါ အကုသိုလ်ကံကြောင့် ဖြစ်လာတဲ့ လေမုန်တိုင်းက ငရဲသူငရဲသား တွေကို အတင်းတလကြမ်းတိုက်ချပြန်ပါသတဲ့။ ငရဲသူငရဲသားတွေဟာ တောင်

ခြေရှိ အလှံ့ပြောင်ပြောင် တောက်နေတဲ့ ငရဲသံချွန်ကြီးများ ပေါ်သို့ ဂျွမ်းပျံဇောက်ထိုး ကိုယ့်ယို့ကားယားနဲ့ လွင့်စင်ကျ ကုန်ပါတယ်။ သူတို့ဟာ တံစို့ထိုးခံရတဲ့ ငါးများလို ငရဲသံချွန် အဖျားမှာ မလှုပ်နိုင်ရှာကြပဲ တကိုယ်လုံးမီးစွဲပြီး ရဲလာတဲ့အထိ ပြင်းပြင်းထန်ထန် အပူလောင် ခံကြရရှာတယ်တဲ့။

ဒီငရဲဟာလည်း အကုသိုလ်ကံ မကုန်မချင်း ခံရတဲ့ ငရဲပါပဲ။ ငရဲသက်တမ်းအနေနဲ့ ဆိုယင်တော့ အန္တရကပ် တဝက်အထိ ခံကြရတယ်တဲ့။ အန္တရကပ်အကြောင်းတော့ အဝိစိအခန်းကျမှပဲ ဟောတော့မယ်။

ကဲ....တရားဆောင်ပုဒ်လေးတွေ ဆိုကြအုံးစို့။

## ပ တာ ပ န င ရဲ ခံ ရ ပုံ ဆောင် ပုဒ်

သံမီးတောင်ပေါ် ရိုက်တက်ခိုင်းလို့၊
ငရဲသားတိုင်း တက်ရတယ်။
အကုသိုလ်ဖန် လေမုန်တိုင်းက၊
ဒေါင်ချာစိုင်းအောင် တိုက်ချတယ်။
ငရဲသူတွေ ဂျွမ်းပျံကျတော့၊
တောင်ခြေအောက်က စူးခံတယ်။
သံစူးပေါ်မှ မီးလှံ့စွဲအောင်၊
မလှုပ်သာပဲ ခံရတယ်။
အမြဲပုံသေ ပူလောင်လှတော့၊
ပတာပန ခေါ်ရတယ်။

ဤဘုံသူကို သက်တမ်းမှတ်တော့၊
အန္တရကပ် တဝက်ကွယ်။
ကြောက်ဖွယ်....ကြောက်ဖွယ်။

ဒီလိုကြောက်စရာကောင်းတဲ့ အပါယ်ဆင်းရဲတွေကို ဖြစ်စေနိုင်တဲ့ သမ္ဖပ္ပလာပလို ဒုစရိုက်မျိုးကို ကျူးလွန် ထားပေမယ့် အရိယာဖြစ်တဲ့အထိ ဝိပဿနာ တရားအလုပ် ကြိုးစား အားထုတ်သွားမယ်ဆိုယင်တော့ အပါယ်ဘေးက ကင်းဝေးနိုင်ပါတယ်တဲ့။

## သမ္ဖပ္ပလာပဝါစာကြောင့် အပါယ်မကျအောင် ဝိပဿနာက ကယ်တင်ခဲ့ပုံ

ကဲ....အပါယ်ဘေး ကင်းဝေး နိုင်ပုံလေး ထင်ရှားသွားအောင် ရှေးပိုင်းမှာ ဟောလာခဲ့တဲ့ ဂါမဏိအကြောင်း ပြန်ဆက်ကြဦးစို့။

''မှန်တာနဲ့ရော မမှန်တာနဲ့ပါ ပြောဆို ဖျော်ဖြေကြတဲ့ ကချေသည်တွေသေယင် ပဟာသငရဲမှာ ခံရတယ်''လို့ မြတ်စွာဘုရား ဟောကြားတာကို နာကြားရတော့ ဂါမဏိဟာ ရှိုက်ကြီးတငင် ငိုကြွေးပါတယ်။ ငိုတာကတော့ ''ကချေသည်တွေသေယင် နတ်ဖြစ်တယ်ဆိုတဲ့ ရှေးကချေသည်ဆရာတွေရဲ့စကားကို ယုံမိတာဟာ အလိမ်ခံရတာပဲ''လို့ တွေးမိတာနဲ့ ငိုခြင်းပါပဲ။

အဲဒီနောက် သူလည်း သတိသံဝေဂရပြီး ရဟန်းပြုသွားပါတယ်။ ဝိပဿနာတရားအလုပ် အားထုတ်လို့ မကြာမီ ရဟန္တာဖြစ်သွားတယ်တဲ့။ ဂါမဏိဟာ သောတာပန် ဖြစ်လိုက်တာနဲ့ပဲ

အပါယ်ဘေးက ကင်းဝေးသွားပြီ ဖြစ်ပါတယ်။ ရဟန္တာအထိ ဖြစ်သွားတယ်ဆိုတော့ အပါယ်ဘေးသာမက သံသရာဘေးဒုက္ခ မှန်သမျှကပါ အကုန်အစင် လုံးဝကင်းဝေး လွတ်မြောက်သွား တော့တာပေါ့။

ဒါ့ကြောင့် မကျူးလွန်ရသေးတဲ့ သမ္ဘပ္ပလာပလို ဒုစရိုက် မျိုးကို မကျူးလွန်မိအောင် သီလကို လုံခြုံအောင် စောင့်ထိန်း ပါ။ ကျူးလွန်ပြီး ဒုစရိုက်ကြောင့် အပါယ် မကျအောင်လည်း အရိယာဖြစ်တဲ့အထိ ဝိပဿနာတရားအလုပ် ကြိုးစားအားထုတ် ကြပါလို့ ဒီနေရာမှာ ထပ်မံတိုက်တွန်းလိုက်ပါတယ်။

## အမြင်မှန်လျှင်မြန်တော့ အပျက်သာသိပုံ

ဝိပဿနာရှုမှတ်တဲ့အခါ ဝိပဿနာညစ်ညူးကြောင်း တရား တွေ မဖေပါတော့ပဲ မှတ်ရုံမျှ မှတ်နေယင် လွယ်လွယ်ကူကူ သွက်သွက်လက်လက် မှတ်နိုင်ပြီး မှတ်စရာအာရုံရဲ့ အစပိုင်းဖြစ် မှုနဲ့ အဆုံးပိုင်းပျက်မှုတွေကို ရှင်းရှင်းလင်းလင်းသိတဲ့ အသိဉာဏ် အထိ ဖြစ်ပေါ်ပုံကိုတော့ ဟောခဲ့ပြီးပါပြီ။ အခု ရှေ့သို့ အသိ ဉာဏ်တဆင့် တိုးတက်လာပုံကို ဆက်ဟောမယ်။

မှတ်တိုင်းမှတ်တိုင်း မှတ်စရာအာရုံရဲ့ ဖြစ်မှုပျက်မှုကို သိလာ တဲ့ ယောဂီပုဂ္ဂိုလ်ဟာ အချိန် နာရီတိုးပြီး အားထုတ်လိုက်မယ် ဆိုယင် မှတ်စရာအာရုံနဲ့ မှတ်သိစိတ်တို့ ရှေ့ဆင့် နောက်ဆင့် ပျောက်သွားတာ၊ ပျက်သွားတာကို သိတဲ့ အသိဉာဏ် ဖြစ်ပေါ် လာပါလိမ့်မယ်။

ဒီဉာဏ်အဆင့် ရောက်လာယင် ခေါင်း၊ ခြေ၊ လက်၊ ဝမ်းဗိုက် စတဲ့ ပညတ်ပုံသဏ္ဍာန်တွေ လုံးဝ မထင်တော့ဘူး။ ဒါကြောင့်

အစမှာ မှတ်ရတာ မကောင်းပဲ ဟာတာတာ ဖွာကျဲကျဲဖြစ်နေ သလိုထင်ရတတ်တယ်တဲ့။ ဒါပေမယ့် မှတ်မြဲမှတ်နေယင် မကြာမီ အမှတ်အသိကလေးတွေ အထူးလျှင်မြန်သွက်လက်ပြီး ကောင်း လာပါလိမ့်မယ်။

အမှတ်အသိက လျှင်မြန်လာတော့ မှတ်စရာ အာရုံကလည်း တခုပြီးတခု သူ့အလိုလို လျှင်လျှင်မြန်မြန် ပေါ်ပေးနေသလိုပဲ ထင်ရတတ်တယ်။ ဒီလို အသိဉာဏ်က ထက်မြက် လျှင်မြန်လာ တော့ အာရုံရဲ့ အစအလယ်ဆီကို အသိမရောက်တော့ပဲ အဆုံး ပိုင်းကိုသာ အသိ ရောက်ရောက်သွားတယ်။ အဆုံးပိုင်းကိုသိတဲ့ အသိဉာဏ် ဖြစ်ပေါ်လာတတ်တယ်တဲ့။

ဖောင်းတယ်လို့မှတ်ယင် အယင်ကလိုဗိုက်သဏ္ဌာန်လည်းမထင် တော့ဘူး။ အစဖောင်းမှု ဆက်ဖောင်းနေမှုဆိုတဲ့ ဖောင်းမှုရဲ့အစ ပိုင်းနဲ့ အလယ်ပိုင်းဆီကိုလည်း အသိဉာဏ်က မရောက်တော့ဘူး။ ဖောင်းမှုရဲ့အဆုံးပိုင်းကိုသာ ဉာဏ်က သိသွားပါလိမ့်မယ်။ သိတဲ့ အခါမှာလည်း ပုံသဏ္ဌာန်မရောပဲ လှုပ်ရှားမှု သဘောသက်သက် ကလေး ပျောက်သွားတာ ပျက်သွားတာကို သိသိ သွားပါလိမ့် မယ်တဲ့။ ဒါတင်မက မှတ်စိတ်ကလေးပါ ပျောက်သွားတာ ပျက် သွားတာကိုလည်း သိမြင်ရပါလိမ့်မယ်တဲ့။ ဒီတော့ ဖောင်းတယ် လို့မှတ်ယင် လှုပ်ရှားမှုကလေးရော အသိစိတ်ကလေးပါ ရှေ့ဆင့် နောက်ဆင့် ပျောက်သွားတာကို ရှင်းရှင်းလင်းလင်း သိသွား တော့မှာပေါ့။

ပိန်တယ်လို့မှတ်တဲ့အခါမှာလည်း ဒီအတိုင်းပါပဲ။ ဝမ်းဗိုက် ပုံသဏ္ဌာန်လည်း မထင်ရှားတော့ဘူး၊ ပိန်မှုအစပိုင်းနဲ့ အလယ်

ပိုင်းလည်း မထင်ရှားတော့ဘူး။ ပိန်မှုရဲ့အဆုံးပိုင်းကိုသာ အသိဉာဏ်က သိသွားလိမ့်မယ်။ သိတဲ့အခါမှာလည်းပုံသဏ္ဌာန်မရောပဲ လှုပ်ရှားမှု သဘော သက်သက်ကလေး ပျောက်သွားတာ ပျက်သွားတာကိုလည်း သိသိသွားလိမ့်မယ်တဲ့။ ဒီတော့ ပိန်တယ်လို့ မှတ်ယင် လှုပ်ရှားမှုကလေးရော မှတ်သိစိတ်ကလေးပါ ရှေ့ဆင့်နောက်ဆင့် ပျောက်သွားတာကို သိသိသွားတော့မှာပေါ့။

ကွေးတယ်၊ ဆန့်တယ်၊ လှမ်းတယ် စသည်ဖြင့် မှတ်တဲ့အခါတွေမှာလည်း ဒီလိုပါပဲ။ ပုံသဏ္ဌာန်ပညတ်တွေမပေါ်တော့ဘူး။ မှတ်စရာအာရုံနဲ့ မှတ်သိစိတ်တို့ရဲ့ ပျောက် သွား တဲ့ သ ဘော၊ ပျက်သွားတဲ့သဘောကိုသာ သိသိသွားပါလိမ့်မယ်တဲ့။

ဒီအတိုင်း ဆက်မှတ်သွားလို့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တဲ့အထိ ရောက်သွားမယ်ဆိုယင်တော့ အဲဒီပုဂ္ဂိုလ်ဟာ ဘယ်တော့မှ အပါယ်မရောက်နိုင်တော့ဘူးတဲ့။

ကဲ....ဟောခဲ့ပြီးတဲ့ သမ္မပ္ပလာပ ဒုစရိုက်အကြောင်းနိဂုံးချုပ်တဲ့အနေနဲ့ တရားဆောင်ပုဒ်လေးတွေ ဆိုကြအုံးစို့။

**သမ္ဖပ္ပလာပဝါစာ ပြစ်ကျူးပြ ကဗျာ**

အဖျင်းပြောသူ သေယင်မလွဲပ၊
အပါယ်ငရဲ ကျလိမ့်မယ်။

လူဖြစ်ပြန်သော် ယုံသူနည်းလို့၊
ပြစ်တင်မောင်းမဲ ခံရတယ်။

လေးပါးအပါယ် တကယ်ကြောက်ယင်၊
မဂ်ဖိုလ်ဆိုက်အောင် အားထုတ်ကွယ်။

မဂ်ဖိုလ်ရောက်အောင် ဘယ်တရားကို၊
ကြိုးစားအားထုတ် ကျင့်ရမယ်။

ဝိပဿနာခေါ် မြတ်တရားကို၊
ကြိုးစားကျင့်မှ ရောက်ပါမယ်။

သိတတ်တာဟာ နာမ်သဘောကွဲ့၊
မသိတဲ့သဘော ရုပ်ဖြစ်တယ်။

ဖြစ်ပျက်ရုပ်နာမ် သိအောင်မှတ်တော့၊
ဝိပဿနာ ဖြစ်ပါတယ်။

မဂ်ဖိုလ်ဆိုက်အောင် ရှုမှတ်ပွားတော့၊
အပါယ်တံခါး ပိတ်ပါတယ်။

မှတ်ကွယ်....မှတ်ကွယ်။

[သုရာမေရယ ဒုစရိုက်]

## ၈။ (က) မူးယစ်သေစာ သောက်စားမူးယစ်က မကောင်းကျိုးရ

ကဲ....သုရာမေရယအကြောင်း ဆက်ကြအုံးစို့။

သုရာမေရယပါနံ ဘိက္ခဝေ အာသေဝိတံ ဘာဝိတံ ဗဟုလိကတံ နိရယသံဝတ္တနိကံ တိရစ္ဆာနယောနိသံဝတ္တနိကံ ပေတ္တိဝိသယသံဝတ္တနိကံ ယော သဗ္ဗလဟုကော သုရာမေရယပါနဿ ဝိပါကော မနုဿဘူတဿ ဥမ္မတ္တကသံဝတ္တနိကော ဟောတိ။

ဘိက္ခဝေ၊ ရဟန်းတော်များ အို....ချစ်သားတို့။ အာသေဝိတံ၊ အဖန်တလဲလဲ မှီဝဲအပ်သော။ ဘာဝိတံ၊ ပွားစေအပ်သော။ ဗဟုလိကတံ၊ ကြိမ်ဖန်များစွာပြုလုပ်အပ်သော။ သုရာမေရယပါနံ၊ အရက်သေစာ သောက်စားခြင်းသည်။ နိရယသံဝတ္တနိကံ၊ ချမ်းသာကင်းရာငရဲရွာ၌ဖြစ်စေတတ်၏။ တိရစ္ဆာနယောနိသံဝတ္တနိကံ၊ ဖီလာကန့်လန့်သွားတတ်သော တိရစ္ဆာန်မျိုး၌လည်း ဖြစ်စေတတ်ပါပေ၏။ ပေတ္တိဝိသယသံဝတ္တနိကံ၊

ချမ်းသာမှဝေးရာသို့ရောက်တတ်သော ပြိတ္တာဘုံ၊ အသူရကာယ် ဘုံတို့၌လည်းဖြစ်စေတတ်ပါပေ၏။ သုရာမေရယပါနသာ၊အရက် သေစာသောက်စားမှု အကုသိုလ်ဒုစရိုက်၏။ သဗ္ဗလဟုကော၊ အပေါ့ဆုံး အနည်းဆုံးဖြစ်သော။ ယောဝိပါကော၊ အကြင် အကျိုးသည်။ (ဝါ)မကောင်းကျိုးကို ဖြစ်စေတတ်တဲ့ အကြင် အကုသိုလ် စေတနာသည်။ အတ္ထိ၊ ရှိ၏။ သော၊ အပေါ့ဆုံး အနည်းဆုံးဖြစ်တဲ့ ထိုအကုသိုလ်စေတနာသည်။ မနုဿဘူတဿ၊ လူဖြစ်သောပုဂ္ဂိုလ်အား။ ဥမ္မတ္တကသံဝတ္တနိကော၊ ရူးသွပ်စေ တတ်သည်။ ဟောတိ၊ စင်စစ်မသွေ ဖြစ်ပါပေ၏။ (ဝါ)- ကုသိုလ်ကံထောက်မ၍ လူ့ဘဝသို့ ရောက်ရပါသော်လည်း သည်းခြေနောက်ကာ စိတ်ပေါ့သွမ်းလို့ အရူးအနှမ်း ဖြစ်တတ် ပါပေသတည်း။

[သာဓု....သာဓု....သာဓု။]

## စကားပြေအဓိပ္ပါယ်

အရက်သေစာ သောက်စားခြင်းဟာလဲ ဒုစရိုက်တပါးပဲ တဲ့။ ဒီ ဒုစရိုက်က ပဋိသန္ဓေအကျိုးကို ဖြစ်စေမယ်ဆိုယင် ကျူး လွန်သူဟာ အပါယ်ကျလိမ့်မယ်။ ပဝတ္တိအကျိုးလောက်သာ ပေးမယ်ဆိုယင်တော့ လူဖြစ်တဲ့အခါ ရူးသွပ်တတ်တယ်တဲ့။

ဒီ ဒုစရိုက်နဲ့ပတ်သက်ပြီး အငြင်းပွားမှု ရှိတာကိုတော့ တွေ့ရ ပါတယ်။ ဘယ်လိုလဲဆိုတော့ "နည်းနည်းပါးပါး တခါတရံ သောက်ယင် ဆေးဖြစ်ဝါးဖြစ် သောက်ယင် အပြစ်မရှိဘူး" လို့ ယူဆသူနဲ့ "ဘယ်လိုပဲသောက်သောက် ကမ္မပထမြောက်တယ်၊ အပြစ်ကြီးတယ်"လို့ ယူဆသူ ၂-မျိုးရှိတာကို တွေ့ရပါတယ်။

ဒါပေမယ့် ''တမင် သောက်ချင်လို့ အမြဲအစွဲ သောက်ယင် အခြားဒုစရိုက်တွေကိုပါ ကျူးလွန်လောက်အောင်သောက်ယင် အပါယ်ကျလောက်အောင် အပြစ်ကြီးတယ်'' ဆို တာကိုတော့ ပညာရှိတိုင်းလိုလို လက်ခံကြတာ တွေ့ရပါတယ်။

## အရက်ကြောင့် လူသတ် အပါယ်ကျခဲ့ပုံ

အရက်မူးယင် အခြားဒုစရိုက်မှုန်သမျှတွေကို ကျူးလွန်နိုင် ပါတယ်။ အရက်မူးပြီး အခြားဒုစရိုက်တွေကို ကျူးလွန်လို့ ငရဲကျရတဲ့ ဝတ္ထုသာဓကတွေ ရှိပါတယ်။

အခါတပါးဝယ် မြတ်စွာဘုရားဟာ ဂိဇ္ဈကုဋ်တောင်ယံမှာ စင်္ကြံကြွနေပါတယ်။ အဲဒီအခါ ရှင်ဒေဝဒတ်ဟာ တောင်ထွတ် တခုပေါ်တက်ပြီးတော့ မြတ်စွာဘုရားအပေါ် ကျောက်တုံးတခု လှိမ့်ချလိုက်တယ်တဲ့။ မြတ်စွာဘုရားကို အသေကြံတဲ့ သဘော ပါပဲ။

ဒါပေမယ့် ဘုရားဆိုတာ သူတပါးပယောဂကြောင့် ပရိ နိဗ္ဗာန်ပြုရိုးထုံးစံမရှိဘူး။ ဒါကြောင့် လှိမ့်ကျလာတဲ့ ကျောက် တုံးကို အခြား ကျောက်တုံးကြီးတခုက လမ်း မှ ဆီးခံထား ပါတယ်။ ကျောက်တုံးနှစ်ခု ဆောင့်မိလို့ ပွဲ့စင်ထွက်လာတဲ့ ကျောက်လွှာတခုသာ မြတ်စွာဘုရားရဲ့ ခြေမတော်ကို လာမှန် ပါတယ်တဲ့။

အဲဒီ ကျောက်လွှာထိတဲ့ဒဏ်ကြောင့် ခြေမတော်မှာ သွေးညို ကိန်းပြီး ကြိမ်းစပ်တော်မူတာနဲ့ ဇီဝက ဆေးဆရာက မြတ်စွာ ဘုရားရဲ့ ခြေမတော်ကို ဓားနဲ့ခွဲစိတ်ကုသပေးရပါတယ်။ ဒီလို မြတ်စွာဘုရားဟာ ခြေမတော် ဓားခွဲခံရတာ ဘာဖြစ်လို့လဲ

ဆိုတော့ အရက်မူးပြီး ကျူးလွန်ခဲ့တဲ့ ဒုစရိုက် တခုကြောင့် ပါပဲတဲ့။

အတိတ်ဘဝတခုမှာ ဘုရားအလောင်းဟာ ပဒေသရာဇ်မင်း ဖြစ်ခဲ့ပါတယ်။ အဲဒီ ဘုရားအလောင်းဟာ အရက်သေစာ သောက်စားမှုးယစ်ပြီးရမ်းကားလေ့ရှိပါတယ်။ သူဟာ တနေ့မှာ အရက်မူးမူးနဲ့ မင်းချင်း ယောကျ်ားတဦးကို အရှင်လတ်လတ် ဓားနဲ့ထိုးသတ်ခဲ့ဖူးပါတယ်။ အဲဒီ အရက်မူးပြီး ကျူးလွန်ခဲ့တဲ့ ဒုစရိုက်ကြောင့် သူဟာ သေတဲ့အခါ ငရဲမှာ ဆင်းရဲဒုက္ခခံစားရ ဖူးပြီတဲ့။ အခု ဘုရားဖြစ်လာတဲ့ဘဝမှာတောင် အဲဒီ အကုသိုလ် အကျိုးဆက်အနေနဲ့ ခြေမတော်ဓားခွဲခံရခြင်း ဖြစ်တယ်တဲ့။

မုသာဝါဒအခန်းမှာ ဟောခဲ့တဲ့ နန္ဒရဟန္တာမထေရ်မြတ်ကို မဟုတ်မမှန် စွပ်စွဲပြောဆိုမိလို့ အနှစ်တစ်သောင်းတိုင်တိုင် ငရဲ ကျရတာဟာလဲ အရက်မူးပြီး ကျူးလွန်မိခဲ့တဲ့ ဝစီကံကြောင့် ပါပဲ။ ဒါကြောင့် အရက်သောက်တဲ့ ဒုစရိုက်ကံက ပဋိသန္ဓေ အကျိုးပေးမယ်ဆိုယင် ငရဲကျလိမ့်မယ်ဆိုတာ တထစ်ချ မှတ်ကြ ပေတော့။

ငရဲနဲ့ပတ်သက်ပြီး ပြောလာတာ အဝီစိ ငရဲအကြောင်းပဲ ကျန်တော့တယ်။ အဲဒီငရဲအကြောင်း ဆက်ကြအုံးစို့။

## အဝီစိငရဲဆိုတာ

အဝီစိဆိုတာ "အ" နဲ့ "ဝီစိ" ပေါင်းစပ်ထားတဲ့ ပါဠိ သက်သက် စကားပဲ။ အ=မ၊ ဝီစိ=အကြားအလပ် တဲ့။ ဒီတော့ အဝီစိဆိုတာ (၁) ငရဲသူငရဲသားရယ်၊ (၂) ငရဲမီးလျှံရယ်၊



မြတ်စွာဘုရားသခင်သည် အတိတ်ဘဝ တခုတွင် အရက်မူးသော ဘုရင်တပါးဖြစ်ခဲ့၍ မင်းချင်းကယောက်အား သန် လျက် ဓား ဖြင့် သတ်ဖြတ်ခဲ့ဖူးသော အကုသိုလ်ဒုစရိုက်ကံကို ကျူးလွန်မိခဲ့ပုံ။

---

(၃) ဆင်းရဲဒုက္ခရယ် ဒီသုံးမျိုးစလုံး အကြားအလပ် မရှိတဲ့ ငရဲလို့ ဆိုလိုပါတယ်။

ဒီ ငရဲမှာ ငရဲသူငရဲသား တွေကလည်း ဝါးကျည်တောက် ထဲက မုန့်ညင်းစေ့၊ နှမ်းစေ့များလို ငရဲတဘုံလုံး ပြည့်သိပ်နေ တယ်၊ အကြားအလပ် မရှိဘူး။ ငရဲမီးလျှံကလည်း တဘုံလုံးကို ဖုံးလွှမ်းထားတယ်။ ငရဲမီးမရောက်တဲ့ နေရာကွက်လပ်ရယ်လို့ မရှိ ဘူးတဲ့။ ငရဲသူငရဲသားတွေခံရတဲ့ ဆင်းရဲကလည်း ဆက်တိုက်ပဲ၊

အကြားအလပ်မရှိဘူးတဲ့။ အဲဒီ သုံးမျိုးစလုံး အကြားအလပ် မရှိလို့ ဒီငရဲကို အဝီစိငရဲလို့ ခေါ်ခြင်းဖြစ်တယ်။

ဒီငရဲဘုံက ငရဲသူငရဲသားတွေဟာလဲ အကုသိုလ်ကံ မကုန်မချင်း ခံကြရရှာတယ်။ ငရဲသက်တမ်း ကုန်အောင် ခံရမယ်ဆိုယင်တော့ အန္တရကပ် တကပ်လုံးကို ခံရတယ်တဲ့။ အန္တရကပ်ဆိုတာ ဆုတ်ကပ်နဲ့ တက်ကပ်တစုံကို ခေါ်တာဖြစ်တယ်။

ကမ္ဘာဦးအခါက လူတွေဟာ အသင်္ချေတန်းအထိ အသက်ရှည်ကြပါသတဲ့။ အသင်္ချေဆိုတာ (၁)နောက်မှာ သုညပေါင်း ၁၄၀-ရှိတယ်လို့ ဆိုကြပါတယ်။

အသင်္ချေတန်းမှစ၍ အနှစ် ၁၀၀-ကြာတိုင်း ကြာတိုင်း တနှစ်ဆုတ်တဲ့နည်းနဲ့ ၁၀-နှစ်တန်းအထိ ဆုတ်လာတဲ့ကာလကို "ဆုတ်ကပ်" လို့ ခေါ်ပါတယ်။ ၁၀ နှစ်တန်းမှစ၍ အသင်္ချေတန်းအထိ ပြန်တက်သွားတဲ့အချိန်ကာလကိုတော့ "တက်ကပ်" လို့ ခေါ်ပါတယ်။ ဒီလို ဆုတ်ကပ်နဲ့ တက်ကပ်တစုံဟာ "အန္တရကပ်" တကပ် ဖြစ်ပါတယ်။

အဝီစိငရဲမှာ သက်တန်းကုန်အောင် ခံရမယ်ဆိုယင် အဲဒီလို အန္တရကပ်တကပ်လုံး ခံရမယ်တဲ့။ အဝီစိငရဲရဲ့ အရပ် ၄-မျက်နှာလုံးမှာလည်း (၁) မစင်ဘင်ပုပ်ငရဲငယ်၊ (၂) ပြာပူငရဲငယ်၊ (၃) လက်ပံတောငရဲငယ်၊ (၄) သန်လျက်ရွက်တော ငရဲငယ်၊ (၅) ကြိမ် ပိုက် ချောင်း ငရဲ ငယ် ရယ် လို့ အခြံအရံ ငရဲငယ် ၅-ထပ်စီ ရှိကြသေးတယ်တဲ့။

ဒီ အဝီစိငရဲက ငရဲသူငရဲသားများဟာ တခါတရံ ငရဲတံခါးပေါက်များ ပွင့်နေတာတွေ့ရလို့ အဲဒီ တံခါးပေါက်ဆီ ခဲခဲယဉ်းယဉ်း ဒုက္ခခံ သွားရောက်ကြပါတယ်။ ဒါပေမယ့် တံခါး

ပေါက်နေသောမျက်မှ တံခါးပိတ်သွားတာမျိုးလည်း ရှိတယ်။ အပြင်ထွက်နိုင်ပြန်တော့လည်း ဆင်းရဲက မလွတ်သေးဘူး။

အပြင်ထွက်လာတဲ့ ငရဲသူငရဲသားတွေဟာ ပဌမဦးဆုံး မစင်ဘင်ပုပ်ငရဲငယ်ထဲ ရောက်ကြရပါတယ်။ အဲဒီ ငရဲငယ်မှာ ဆင်ခေါင်းလောက်ရှိတဲ့ ပိုးလောက်တွေက အပ်ဖျားလို ချွန်ထက်နေတဲ့ နှုတ်သီးများနဲ့ သူတို့ကို ကိုက်ခဲကြပါသတဲ့။

ဘင်ပုပ်ငရဲမှ လွတ်ယင် ပြာပူငရဲထဲရောက်ပြန်တယ်။ အဲဒီငရဲ ပြာပူအောက်မှာ အိမ်လောက် ကျောင်းလောက် ငရဲမီးခဲကြီးတွေရှိပါသတဲ့။ ဒါကြောင့် ရောက်လာတဲ့ ငရဲသူငရဲသားမှာ အပူလောင် ခံကြရပါတယ်။

ဒီ ပြာပူငရဲထဲမှ လွတ်ယင် လက်ပံတောငရဲ ရောက်ပြန်ပါတယ်။ ငရဲမီးလျှံ တပြောင်ပြောင်တောက်နေတဲ့ လက်ပံပင်တွေမှာ ၆-လက်မခန့် ဆူးတွေရှိပါသတဲ့။ အဲဒီ ဆူးတွေက သိပ်ဆန်းပါတယ်။ ငရဲထိန်းတွေလိုက်လို့ ငရဲသူငရဲသားတွေ ကြောက်အားလန့်အားနဲ့ အဲဒီ လက်ပံပင်ပေါ် တက်ပြေးယင် ဆူးတွေက အောက်ဖက်စိုက် နေပါသတဲ့။ အပေါ်က ပြန်ဆင်းတဲ့အခါမှာတော့ ဆူးတွေက အထက်ဖက် ထောင်နေပါသတဲ့။ ဒီတော့ ငရဲသူငရဲသားတွေဟာ အတက်မှာရော အဆင်းမှာပါ ဆူးစူးခံကြရတာပေါ့။

အဲဒီ ငရဲက လွတ်တာနဲ့ သန်လျက်ရွက်တောငရဲထဲ ရောက်ပါတယ်။ အဲဒီ ငရဲမှာ သစ်ရွက်တွေဟာ ဓားသန်လျက်သွားလို ထက်နေပါသတဲ့။ နောက်က ငရဲထိန်းတွေလိုက်လို့ ကြောက်လန့်ပြီး အဲဒီ တောထဲဝင်ပြေးတဲ့ ငရဲသူငရဲသားတွေဟာ သစ်

ရှက်လိုထင်ရတဲ့ သန့်လျက်ခါးတွေရဲ့ စူးရှတာကို ပြင်းပြင်းထန်ထန် မချိမဆန့် ခံရရှာပါတယ်။

ဒီငရဲက ပြေးလွတ်ပြန်တော့ ကြိမ်ပိုက်ချောင်းငရဲထဲ ရောက်ပါသတဲ့။ အဲဒီချောင်းထဲက ရေတွေဟာ သံရေပူတွေ ဖြစ်ပါတယ်။ ချောင်းထဲဆင်းရတဲ့ငရဲသူငရဲသားတွေဟာ ပူလွန်းတော့ ကမ်းပေါ်ပြန်တက်ဖို့အားထုတ်ကြပါတယ်။ ဒါပေမယ့် ပိုက်ကွန်သဖွယ် ကြိမ်ဆူးတွေက ကာဆီးထားလို့ မတက်နိုင်ကြရှာဘူး။ ဆူးစူးခံရလို့ တပ်လန်ကာ ချောင်းထဲပြန်ရောက်ပါသတဲ့။ ဆူးစူးခံရတဲ့ဒဏ်ရာနဲ့ငရဲရေငန် အပူနဲ့ထိတော့သေမလောက်ဒုက္ခရောက်ကြရပါတယ်။ မေ့မျောပြီး ချောင်းထဲမှာ စုန်ချီဆန်ချီမျောနေကြရပါသတဲ့။ အဲဒီလိုမျောနေတဲ့ ငရဲသူငရဲသားတွေကို ကမ်းစပ်မှာ ငရဲထိန်းတွေက လေး၊ မြား၊ လှံများနဲ့ ပစ်ထိုးပြီး အမျိုးမျိုးနှိပ်စက်ကြပါသတဲ့။

အဲဒီ ငရဲသူငရဲသားတွေဟာ အကုသိုလ်ကံ ကုန်ယင်တော့ ဒီ ကြိမ်ပိုက်ချောင်းမှ လွတ်ပြီး လူ့ပြည်၊ နတ်ပြည် ပြန်ရောက်ကြပါတယ်။ အကုသိုလ်ကံ မကုန်သေးယင်တော့ အဝီစိငရဲကို ပြန်ရောက်ရပါတယ်တဲ့။ ဒါကြောင့် ဒီအဝီစိငရဲ ရောက်ယင် ပြေးပေါက် လွယ်မယ်မထင်ကြနဲ့။ အင်မတန် ကြောက်စရာကောင်းပါတယ်။

ကဲ....တရားဆောင်ပုဒ်လေးတွေ ဆိုကြအုံးစို့။

**အဝီစိငရဲခံရပုံ ဆောင်ပုဒ်**

ဆင်းရဲ, မီးလျှံ, ငရဲသူ အကြားမှာ၊
ကွက်လပ်ခြားမှု မရှိဘူးကွယ်။

သုံးမျိုးအကြားပင် မရှိပဲမို့၊
အဝီစိငရဲ ခေါ်ရတယ်။
နှစ်ဆယ်ငရဲငယ် ခြံရံထားလို့၊
ပြေးထွက်သွားဖို့ မလွယ်ဘူးကွယ်။
ဘင်, ပြာ, လက်ပံ, သန်လျက်တောနဲ့၊
သံရေပူပေါ ကြိမ်မြစ်တွယ်။
တမျက်နှာဆီ ငါးထပ်ထားလို့၊
လေးဘက်ပွားတော့ နှစ်ဆယ်ကွယ်။
အဝီစိကို သက်တမ်းမှတ်တော့၊
အန္တရတကပ် ရှည်ပါတယ်။
ကြောက်ဖွယ်....ကြောက်ဖွယ်။

## အရက်ကြောင့် အပါယ်မကျအောင် ဝိပဿနာက ကယ်မခဲ့ပုံ ဝတ္ထု

ဒီလို ငရဲဆင်းရဲမျိုးတွေ ခံရတာဟာ ဒုစရိုက်ကြောင့် ဖြစ်ပါတယ်။ ဒါပေမယ့် သုရာမေရယလို ဒုစရိုက်မျိုးတွေ ကျူးလွန်ထားပေမယ့် အရိယာဖြစ်တဲ့အထိ ဝိပဿနာအလုပ်ကို ကြိုးစားအားထုတ်သွားမယ် ဆိုယင်တော့ အဲဒီပုဂ္ဂိုလ်ဟာ အပါယ်လေးပါးက ကင်းဝေးနိုင်ပါတယ်။

အခါတပါး သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်မှာ မြတ်စွာဘုရား သီတင်းသုံးတော်မူစဉ် သာဝတ္ထိမြို့မှာ အရက်သောက်ပွဲသဘင် ဆင်ယင် ကျင်းပကြပါတယ်။ အဲဒီအခါ

ဝိသာခါကျောင်းအမရဲ့ အပေါင်းအဖော် အမျိုးသမီး ငါးရာတို့က အရက်သောက်ပွဲမှာ ဝင်နွှဲဖို့ ဝိသာခါကို အဖော်ဆွယ်ကြပါတယ်။ ဒါပေမယ့် ကျောင်းအစ်မကြီးက သောတာပန်အရိယာပဲ၊ ဒီလိုဆွယ်လို့ ဘယ်ရမလဲ။

ဒါနဲ့ အဲဒီ အမျိုးသမီးငါးရာတို့ဟာ သူ တို့ ဘာ သာ သူ တို့ အရက်သောက်ပွဲ သွားကြပြီးတော့ သောက်စား ပျော်ပါးကြတယ်။ အဲဒီနောက် ဝိသာခါထံ မူးမူးရူးရူးနဲ့ ပြန်လာကြတယ်။ ညနေချမ်းအချိန်လောက်မှာ ဘုရားကျောင်းတော်သို့ ဝိသာခါက တရားနာသွားတဲ့အခါ သူတို့လဲ အမူးမပြေသေးပဲ လိုက်သွားကြတယ်တဲ့။

အဲ....ကျောင်းတော်ရောက်တော့ သူတို့ဟာ သောက်ထားတဲ့ အရက်ရှိန်ကြောင့် ဘုရားရှေ့တော်မှောက်မှာ က သူက၊ သီချင်းဆိုသူဆို၊ ပါးစပ်ဆိုင်း တီးသူတီး၊ ရန်ဖြစ်သူ ဖြစ်နဲ့ ထမိမနိုင်ပဝါမနိုင် တားမနိုင်ဆီးမရ ဖြစ်ချင်တိုင်း ဖြစ်နေကြပါသတဲ့။

အရက်မူးတဲ့သူဟာ ဒီဘဝမှာတင် အရူးတပိုင်း ဖြစ်နေကြတာကို တွေ့မြင်နိုင်ကြပါတယ်။ ဒါကြောင့် အရက်သောက်ယင် အပါယ်မရောက်ယင်တောင် အနည်းဆုံး လူဖြစ်တဲ့ အခါမှာ ရူးတတ်တယ်ဆိုတဲ့ ဘုရားဟော စကားဟာ အရက်မူးသမားရဲ့ ဒီဘဝအဖြစ်ကို ကြည့်ရုံနဲ့ပဲ မှန်ကန်ကြောင်း သိသာပါတယ်။

အဲဒီ အမျိုးသမီးငါးရာဟာ အရက်ရှိန်ကြောင့် ရမ်းချင်တိုင်းရမ်း၊ ကြမ်းချင်တိုင်း ကြမ်းနေတော့ မြတ်စွာဘုရားက သူတို့ ထိတ်လန့်သွားအောင် ညိုသောရောင်ခြည်တော် လွှတ်တော်မူပါတယ်။ အကုန်လုံး မှောင်နဲ့မဲမဲဖြစ်သွားတော့မှ အမျိုး

သမီးတွေဟာ ထိတ်လန့်ပြီး အရက်မူး ပြေကုန်ကြပါတယ်။ အဲဒီတော့မှ မြတ်စွာဘုရားက ဖူးသောရောင်ခြည်တော် လွှတ်တော်မူလို့ ပြန်လင်းလာပါတယ်။

အဲဒီနောက် မြတ်စွာဘုရားက အမျိုးသမီးငါးရာကို တရားဟောတော်မူပါတယ်။ သူတို့လည်း တရားနာယင်း ဖြစ်ပျက်ရုပ်နာမ်အစဉ်ကို နှလုံးသွင်းရှုမှတ်သွားလိုက်တာ နောက်ဆုံးမှာ အားလုံး သောတာပန်တွေ ဖြစ်ကုန်ကြဘယ်တဲ့။ သောတာပန်ဆိုတော့ ဘယ်တော့မှ အပါယ်မကျတော့ဘူးပေါ့။

ဒါကြောင့် မကျူးလွန်ရသေးတဲ့ သုရာမေရယလို ဒုစရိုက်မျိုးကို မကျူးလွန်မိအောင် သီလကို လုံခြုံအောင် စောင့်ထိန်းပါ။ ကျူးလွန်မိတဲ့ဒုစရိုက်ကြောင့် အပါယ်ကျမှာကြောက်ယင် ဝိပဿနာတရားကို အရိယာဖြစ်တဲ့အထိ ပေါက်ပေါက် ရောက်ရောက် အားထုတ်ပါလို့ တိုက်တွန်းလိုက်ပါတယ်။

## ကြောက်ဖွယ် အပြစ်ထင် ငြီးငွေ့မြင်ပုံ

ဝိပဿနာ ရှုမှတ်တဲ့အခါ အာရုံရော မှတ်သိစိတ်ပါ ရိပ်ခနဲ ရိပ်ခနဲ ရှေ့ဆင့် နောက်ဆင့် ပျောက်ပျောက် သွားတာ၊ ပျက်ပျက်သွားတာကို သိတဲ့အထိ အသိဉာဏ်တွေ တိုးတက်လာပုံကိုတော့ ဟောခဲ့ပြီးပါပြီ။ အခု ရှေ့သို့အသိဉာဏ်တွေ တိုးတက်လာပုံကို ဆက်ဟောမယ်။

အဲဒီလို မှတ်တိုင်းမှတ်တိုင်း မှတ်စရာအာရုံနဲ့ မှတ်သိစိတ်တို့ ပျောက်ပျောက်သွားတာ ပျက်ပျက်သွားတာကိုချည်း တွေ့ရဖန်များလာတော့ အဲဒီ မှတ်စရာအာရုံနဲ့ မှတ်သိစိတ်ဆိုတဲ့ ရုပ်နာမ်တွေကို ကြောက်စရာထင်လာတယ်။

ဩော်....တရိပ်ရိပ်နဲ့ ပျောက်ပျောက်နေတာ၊ ပျက်ပျက်နေတာချည်းပါကလား။ ရှေးရှေးတုန်းကလည်း ဒီလို ပျောက်နေပျက်နေခဲ့မှာပဲ။ နောင်လဲ ဒီလို ပျောက်နေ ပျက်နေအုံးမှာပဲ။ ဒီ တရိပ်ရိပ်နဲ့ ပျောက်နေ ပျက်နေတဲ့ ရုပ်နာမ်ကို ငါကောင်လုပ်နေတာဟာ ကြောက်စရာပဲလို့ ထင်မြင် လာတတ်ပါတယ်။

ဒီလို တရိပ်ရိပ်နဲ့ ပျောက်နေပျက်နေတဲ့ ရုပ်နာမ်ကို ကြောက်ဖွယ် ထင်လာယင် အဲဒီ ပျောက်နေပျက်နေတဲ့ရုပ်နာမ်ကို မကြာမီ အပြစ်မြင်လာမယ်၊ မကောင်းဘူး ထင်လာမယ်။ ရွံစရာမုန်းစရာ လိုလို၊ မွမွကျေပြီး ပျက်သွားတော့မလိုလို၊ တကိုယ်လုံး တကောင်လုံး ကျက်သရေမရှိ ပုပ်ပွနေသလိုလိုလဲ ထင်လာတတ်တယ်တဲ့။

ဒီလို တရိပ်ရိပ်နဲ့ ပျောက်နေပျက်နေတဲ့ အာရုံနဲ့ မှတ်စိတ်ကို ကြောက်ဖွယ်ထင်တဲ့ အသိဉာဏ်၊ အပြစ်မြင်တဲ့ အသိဉာဏ်၊ ငြီးငွေ့စရာထင်တဲ့ အသိဉာဏ်၊ ဒီဉာဏ်တွေဟာ အမျိုးအစား အနေနဲ့ အတူတူပါပဲ။ အနု အရင့် လောက်သာ ကွာခြားပါတယ်။ အဲဒီ ဉာဏ်သုံးမျိုးလုံးကို အကုန်ထင်ရှားတဲ့ ပုဂ္ဂိုလ်လဲ ရှိတယ်။ အကုန်မထင်ရှားပဲ တခုနှစ်ခုလောက်သာ ထင်ရှားတဲ့ ပုဂ္ဂိုလ်လည်း ရှိတယ်တဲ့။

ဒီလို အသိဉာဏ်တွေ တိုးတက်လာပေမယ့် အမှတ်ကတော့ မထူးပါဘူး။ အယင်က မှတ်ခဲ့သလို မှတ်သွား ရတာပါပဲ။ အဲဒီအတိုင်း ဆက်မှတ်သွားလို့ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်တဲ့အထိ ဆိုက်ရောက် သွားမယ်ဆိုယင် အဲဒီ ပုဂ္ဂိုလ်အဖို့ လုံးဝ အပါယ်တံခါး ပိတ်သွားတော့တာပေါ့။

ကဲ....ဟောခဲ့ပြီးတဲ့ သုရာမေရယ ဒုစရိုက်အကြောင်း နိဂုံးချုပ်အနေနဲ့ တရားဆောင်ပုဒ်လေးတွေ ဆိုကြအုံးစို့။

## သုရာမေရယ ပြစ်ကျိုးပြကဗျာ

အရက်သောက်သူ သေယင်မလွဲပ၊
အပါယ်ငရဲ ကျလိမ့်မယ်။

လူဖြစ်ပြန်သော် စိတ်ပေါ့သွမ်းလို့၊
အရူးအနှမ်း ဖြစ်တတ်တယ်။

လေးပါးအပါယ် တကယ်ကြောက်ယင်၊
မဂ်ဖိုလ်ရောက်အောင် အားထုတ်ကွယ်။

မဂ်ဖိုလ်ရောက်အောင် ဘယ်တရားကို၊
ကြိုးစားအားထုတ် ကျင့်ရမယ်။

ဝိပဿနာခေါ် မြတ်တရားကို၊
ကြိုးစားကျင့်မှ ရောက်ပါမယ်။

သိတတ်တာဟာ နာမ်သဘောကွဲ့၊
မသိတဲ့သဘော ရုပ်ဖြစ်တယ်။

ဖြစ်ပျက်ရုပ်နာမ် သိအောင်မှတ်တော့၊
ဝိပဿနာ ဖြစ်ပါတယ်။

မဂ်ဖိုလ်ဆိုက်အောင် ရှုမှတ်ပွားတော့၊
အပါယ်တံခါး ပိတ်ပါတယ်။

မှတ်ကွယ်....မှတ်ကွယ်။

## မနောဒုစရိုက် ၃ ပါး အပါယ်သွား

ခုချိန်အထိပြောခဲ့ပြီးတဲ့ ဒုစရိုက်တွေကတော့ ဒုစ္စရိတဝိပါက သုတ်လာ ဒုစရိုက်ရှစ်ပါးအကြောင်း ဖြစ်ပါတယ်။ အဲဒီ ရှစ်ပါး ထဲက ကာမေသု မိစ္ဆာစာရနဲ့ သုရာမေရယကို ပေါင်းယူယင် ကာယဒုစရိုက် သုံးပါးနဲ့ ဝစီဒုစရိုက်လေးပါး၊ အားလုံးပေါင်း ခုနစ်ပါး ဖြစ်တယ်၊ အဲဒီ ခုနစ်ပါးနဲ့ မနောဒုစရိုက် သုံးပါး ပေါင်းယင် ဒုစရိုက်ဆယ်ပါး ဖြစ်တယ်။ မနောဒုစရိုက် သုံးပါး ထဲက အခု အဘိဇ္ဈာအကြောင်း ပြောမယ်။

## ၈။ (ခ) အဘိဇ္ဈာကြီးက မကောင်းကျိုးရ

ယေဘုယျေန ဟိ သတ္တာ တဏှာယ ပေတ္တိဝိသယံ ဥပပဇ္ဇန္တိ။
(အဋ္ဌသာလိနီ)

ဟိသစ္စံ၊ မှန်လှပါပေ၏။ ယေဘုယျေန၊ များသောအား ဖြင့်။ သတ္တာ၊ ပုထုဇဉ် သတ္တဝါတို့သည်။ တဏှာယ၊ လောဘ တဏှာကြောင့်။ ပေတ္တိဝိသယံ၊ ပြိတ္တာဘုံသို့။ ဥပပဇ္ဇန္တိ၊ ကပ် ရောက်ကြရကုန်၏။ ဝါ....လောဘအဘိဇ္ဈာ အလွန်ပွားတော့ ပြိတ္တာဘုံသား ဖြစ်တတ်ပါပေသတည်း။

[သာဓု....သာဓု....သာဓု]

### စကားပြေအဓိပ္ပါယ်

သူတပါးရဲ့ စည်းစိမ်ဥစ္စာကို မိမိစည်းစိမ်ဥစ္စာ ဖြစ်စေလိုတဲ့ လောဘ၊ သူတပါး စည်းစိမ်ဥစ္စာကို မတရားလိုချင်တဲ့ လောဘ ဟာ အဘိဇ္ဈာဒုစရိုက်ဖြစ်တယ်။ ဒီအဘိဇ္ဈာရဲ့တရားကိုယ်လောဘ ဟာ အချို့ကာယဒုစရိုက်နဲ့ ဝစီဒုစရိုက်တွေကို ကျူးလွန်တဲ့နေ ရာမှာ အကြောင်းရင်းအနေနဲ့ ပါဝင်ပါတယ်။ ဒီ လောဘ တဏှာရာဂဆိုတဲ့ စကားလုံးတွေဟာ တရားကိုယ်အနေနဲ့ အတူတူ

ပါပဲ။ အနုအကြမ်းလောက်သာ ကွာပါတယ်။ ဒါကြောင့် ဒီတဏှာလောဘစိတ်နဲ့ သေယင် ပြိတ္တာဖြစ်နိုင်တယ်ဆိုတဲ့ အထက်ပါ အဋ္ဌသာလိနီစကားကိုပဲ ဒီနေရာမှာ အကိုး ပါဠိအနေနဲ့ ဖော်ပြလိုက်ရခြင်းပါပဲ။

## အဘိဇ္ဈာကြောင့် အပါယ်ကျပုံဝတ္ထု

မြတ်စွာဘုရားလက်ထက်က ရှင်မဟာမောဂ္ဂလ္လာန်ကိုယ်တော်မြတ်ကြီးဟာ အခါတပါး ခရီးဒေသစာရီ ကြွချီယင်း ဝိဥ္စျာဋ္ဌဝီတောအုပ်အရောက်မှာ ထူးဆန်းတဲ့ မိသားစု ပြိတ္တာ ၄ ဦးကို တွေ့ခဲ့ဖူးတယ်တဲ့။

အဲဒီလေးဦးထဲက ဖခင် ပြိတ္တာဟာ မီးအလျှံပြောင်ပြောင် တောက်နေတဲ့ဖွဲ့ကို လက်နှစ်ဖက်ဖြင့် ကျုံးယူပြီးတော့ သူ့ခေါင်းပေါ်သို့ လောင်းချ ကြဲဖြန့်လျက် ဆင်းရဲမျှားစွာကို ခံစားရတယ်တဲ့။

သားပြိတ္တာက သူ့ခေါင်းကို သူကိုယ်တိုင် သံတင်းပုတ်ဖြင့် ထုရိုက်ပြီး ဆင်းရဲခံစားနေရတယ်။

မိခင်ပြိတ္တာမကတော့ ဧကဆုပ်ဖွယ် မငင်ဘင်ပုပ်ကို စားနေရတယ်။ ချွေးမ ပြိတ္တာမမှာလည်း သူ့ ကျောက်ကုန်းသားကို သူ့လက်သည်းရှည်ကြီးများနဲ့ ကုတ်ခြစ်ဖဲ့ထုတ်ပြီးစားသောက်ရတယ်တဲ့။

ရှင်မဟာမောဂ္ဂလ္လာန် ကိုယ်တော်မြတ်ကြီးက သူတို့ကို အကြောင်းစုံမေးမြန်းတဲ့အခါ ဖခင် ပြိတ္တာက သူတို့ကျူးလွန်ခဲ့တဲ့အကုသိုလ် ဒုစရိုက်တွေကို ပြန်လည် ပြောပြပါတယ်။



တောအုပ်တခုတွင် ထူးဆန်းသော ပြိတ္တာမိသားစု ၄ ဦးအား အရှင်မောဂ္ဂလ္လာန်ကိုယ်တော်မြတ်ကြီး တွေ့မြင်တော်မူခဲ့ပုံ။

---

သူတို့ဟာ သာဝတ္ထိပြည်အနီးက ရွာငယ်တရွာမှာ ကောက်ကျစ်စဉ်းလဲတဲ့ ကုန်သည်မိသားစု ဖြစ်ခဲ့ဖူးတယ်တဲ့။ ဖခင်ဖြစ်သူက သလေးစပါး အကောင်းထဲမှာ သလေးစပါး အဖျင်းနဲ့ မြေနီမှုန့်ရောပြီး လိမ်ရောင်းခဲ့တယ်။ မမှန်တဲ့ပိုက်ဆံ၊ မမှန်တဲ့အလေးချိန်ခွင်၊ မမှန်တဲ့တင်းတောင်း စသည်ကို အသုံးပြုပြီး သူတပါးဆီက ပိုက်ဆံရအောင် လိမ်ယူခဲ့တယ်တဲ့။

သားဖြစ်သူကတော့ အမိခေါင်းကို ထမ်းပိုးနဲ့ရိုက်ခဲ့ဖူးတယ်။ ချွေးမကတော့ သူတပါးအတွက် ထားတဲ့ အမဲသားဟင်းကို ခိုးစားလေ့ရှိပြီး လိမ်ပြောရုံမျှမက ''ခိုးစားတာမှန်ယင် ဘဝ

ဆက်တိုင်း ဆက်တိုင်း မိမိကျောက်ကုန်းသားကို ပြန်စားရပါစေ''လို့ ကျိန်တွယ်ခဲ့ဖူးတယ်။ မိခင်ကတော့ သူတပါးက တခုခုလာတောင်းယင် ''ရှိလျက်သားနဲ့ မရှိဘူး'' လို့ လိမ်ပြောရုံမျှမက ''လိမ်ပြောတာမှန်ယင် ဘဝဆက်တိုင်း ဆက်တိုင်း မစင်စားရသည့်ကိုယ် ဖြစ်ရပါလို၏'' လို့ ကျိန်တွယ်ခဲ့ဖူးတယ်တဲ့။

အဲဒီ မိသားစု ပြိတ္တာ ၄-ဦးထဲက သားပြိတ္တာမှအပ ကျန်သုံးဦးဟာ အဓိကအားဖြင့် လိမ်လည်မှုကြောင့် ပြိတ္တာဆင်းရဲကို ခံစားကြရတာ ဖြစ်ပါတယ်။ အဲဒီလိမ်ညာမှုဟာလည်း အများအားဖြင့် လောဘကို အရင်းခံပြီး ဖြစ်တာပါပဲ။ အဲဒီ လောဘဟာ အဘိဇ္ဈာရဲ့ တရားကိုယ်လည်း ဖြစ်ပါတယ်။ ဒါ့ကြောင့် အဘိဇ္ဈာကလည်း အပါယ်ကျစေနိုင်တယ်လို့ ဆိုရခြင်းပေါ့ပဲ။

## ၉။ ဗျာပါဒပွားက မကောင်းကျိုးရ

ကဲ....ဗျာပါဒအကြောင်း ဆက်ကြအုံးစို့။

ဒေါသေန ဟိ စဏ္ဍဇာတိတာယ ဒေါသသဒိသံ နိရယံ ဥပပဇ္ဇန္တိ။ [အဋ္ဌသာလိနီ]

စဏ္ဍဇာတိတာယ၊ ကြမ်းတမ်းသော သဘောရှိသော။ ဒေါသေန ဟိ၊ ဒေါသကြောင့်ကား။ ဒေါသသဒိသံ၊ ဒေါသနှင့်အလားတူသော။ နိရယံ၊ ငရဲသို့။ ဥပပဇ္ဇန္တိ၊ ကပ်ရောက်ကြရကုန်၏။ ဝါ၊ ပျက်စီးစေခြင်း ဗျာပါဒထားတော့ ငရဲဘုံသား ဖြစ်တတ်ပါပေသတည်း။

[သာဓု....သာဓု....သာဓု။]

### စကားပြေအဓိပ္ပါယ်

သူတပါးကို ပျက်စီးစေလိုတဲ့ ဒေါသဟာ ဗျာပါဒဒုစရိုက်ဖြစ်ပါတယ်။ ဒီဗျာပါဒတရားကိုယ် ဒေါသဟာ ပါဏာတိပါတနဲ့ ဖရုသဝါစာလို ကာယဒုစရိုက်နဲ့ ဝစီဒုစရိုက်တွေကို ကျူးလွန်တဲ့အခါ အဓိက အကြောင်းရင်းအနေနဲ့ ပါဝင်ပါတယ်။ ဒါကြောင့် ဒီဗျာပါဒဒေါသစိတ်နဲ့သာ ပုထုဇဉ်သတ္တဝါတွေ သေကြယင် ငရဲကျဖို့ များပါတယ်တဲ့။

## ဗျာပါဒကြောင့် ငရဲကျတဲ့ သုပ္ပဗုဒ္ဓ ဝတ္ထု

မြတ်စွာဘုရားရဲ့ ဦးရီးတော်လည်းဖြစ်၊ ယောက္ခမလည်း ဖြစ်တဲ့ ဒေဝဒဟပြည့်ရှင် ဘုရင်သုပ္ပဗုဒ္ဓမင်းဟာ မြတ်စွာဘုရား အပေါ် မကျေနိုင်မချမ်းနိုင် ဖြစ်နေခဲ့တယ်။ "ငါ့တူတော် မောင်ဟာ ငါ့သမီးကို ကလေးတယောက်နဲ့ စွန့်ပစ်ထားခဲ့တယ်။ ငါ့သားတော် ဒေဝဒတ်မင်းသားကိုလည်း သူပဲ ရဟန်းပြုခိုင်း တယ်။ နောက်ပြီး သူကပဲ ငါ့သားတော်ကို ရန်သူအရာမှာ ထားတယ်"ဆိုတဲ့ ဒေါသစိတ်နဲ့ မြတ်စွာဘုရားကို အကျိုးမဲ့ ဖြစ်စေဖို့ ကြံစည်အားထုတ်နေဟန် တူပါတယ်။

တနေ့မှာတော့ မြတ်စွာဘုရားဆွမ်းစားကြွမယ့်လမ်းမှာသူက အခြွေအရံတွေနဲ့အတူ ကြိုတင်နေရာယူထားပြီး အရက်သောက်ပွဲ ဆင်နွှဲနေတယ်။ မြတ်စွာဘုရား ဆွမ်းခံတော်အောင် လမ်းပိတ် ထားဖို့ ရည်ရွယ်ချက်နဲ့ တမင်နေခြင်းပါပဲ။

အဲ....မြတ်စွာဘုရားဟာ နောက်ပါ သံဃာတော်များနဲ့ မကြာမီ အဲဒီနေရာ ရောက်လာပါတယ်။ ဘုရားရှင်အတွက် လမ်းဖယ်ပေးဖို့ နောက်ပါရဟန်းတော်များက သုပ္ပဗုဒ္ဓဘုရင်ကို ပြောကြပါတယ်။ အဲဒီအခါ သူက "တူတော်မောင် ရဟန်း ဂေါတမဟာ ငါ့အောက် အသက်ငယ်တယ်။ ငါက လမ်းမဖယ် ပေးနိုင်ဘူး။ သူသွားချင်ယင် ဘေးကရှောင်သွား" လို့ပြော လွှတ်လိုက်ပါတယ်။ ဒါနဲ့ မြတ်စွာဘုရားနှင့်တကွ သံဃာတော် တွေဟာ အဲဒီနေရာမှ ပြန်လှည့်လာကြရတယ်တဲ့။

မြတ်စွာဘုရား ပြန်လှည့်သွားတော့ ဘာပြောတယ်ဆိုတာ သိရအောင် စုံစမ်းဖို့ သူလျှိုတယောက်ကို သုပ္ပဗုဒ္ဓက တိတ်



မြတ်စွာဘုရားအား ပြစ်မှားမိသည့် အကုသိုလ်ကံကြောင့် သုပ္ပဗုဒ္ဓမင်း မြေမျိုခံရပုံ။

---

တဆိတ် နောက်ယောင်ခံ လွှတ်လိုက်ပါတယ်။ လမ်းခရီးမှာ မြတ်စွာဘုရား ပြုံးတော်မူလို့ ညီတော်အာနန္ဒာက မေးလျှောက်တဲ့အခါ ‘‘ငါဘုရားကို ဆွမ်းငတ်အောင် လမ်းပိတ်တဲ့အကုသိုလ်ကံကြောင့် သုပ္ပဗုဒ္ဓဟာ နောင် ခုနစ်ရက် အကြာမှာ သူ့ရဲ့နန်းပြာသာဒ် လှေကားရင်း၌ မြေမျိုခံရလိမ့်မယ်’’လို့ မြတ်စွာဘုရားက ဗျာဒိတ်ကြားတော်မူပါတယ်။

အဲဒီလိုမြတ်စွာဘုရားက မိန့်ကြားတဲ့စကားကို သူလျှိုထံမှ သုပ္ပဗုဒ္ဓမင်း သိတဲ့အခါ ‘‘မြတ်စွာဘုရားရဲ့စကား မှားအောင်

လုပ်မယ်၊ မြတ်စွာဘုရားကို မုသာဝါဒဖြင့် စွပ်စွဲပြီး အရှက်ခွဲပစ်မယ်'' ဆိုတဲ့ဗျာပါဒဒေါသစိတ်နဲ့ အကြံအဖန်လုပ်ပါတယ်။ (၇) ရက်စာ ရိက္ခာ အပြည့်အစုံယူပြီး ဘုံခုနစ်ဆင့်ပြာသာဒ်ရဲ့ အထက်ဆုံးအထပ်သို့ တက်နေပါတယ်။ အဆင့်တိုင်းရဲ့ တံခါးတွေကို အလုံပိတ်ပြီး တံခါးဝတိုင်းမှာလည်း အစောင့်ချထားပါတယ်။ ရည်ရွယ်ချက်ကတော့ မတော်တဆ လှေကားမှ သူဆင်းမိယင် တားဖို့ပါပဲ။

ဒါပေမယ့် မြတ်စွာဘုရားရဲ့စကားတော်ဟာ လွဲမှားရိုးမရှိပါဘူး။ ခုနစ်ရက်မြောက်တဲ့နေ့မှာ သုပ္ပဗုဒ္ဓမင်းရဲ့ မင်္ဂလာမြင်းတော်ဟာ လန့်ပြီး ဟိုကန် ဒီကန် မငြိမ်မသက် ဖြစ်နေပါတယ်။ အဲဒီမြင်း လန့်တဲ့အခါမျိုးမှာ သုပ္ပဗုဒ္ဓမင်းကို မြင်လိုက်ရယင် ဒီမြင်းဟာ အလိုလို ငြိမ်သွားလေ့ ရှိပါတယ်တဲ့။ ဒါကြောင့် မြင်းတော်ကို မျက်နှာပြဖို့ တံခါးနားသို့ သုပ္ပဗုဒ္ဓအလာမှာ တံခါးဟာ သူ့အလိုအလျောက် ပွင့်သွားပါတယ်။ တံခါးဝမှာ တားဖို့အစောင့်ချထားတဲ့ လက်ဝေ့သမားတွေကလည်း မတားမိပဲ သူ့ကို အောက်သို့ အဆင့်ဆင့် တွန်းချမိကြပါတယ်။

ဒီလိုနဲ့ သုပ္ပဗုဒ္ဓမင်းဟာ ဘုံခုနစ်ဆင့်ပြာသာဒ်ရဲ့ အထက်ဆုံးထပ်မှ လိမ့်ကျလာကာ အောက်ဆုံးထပ်လှေကားရင်းမှာ မြေမျိုခံရပြီး ငရဲကျသွားရတယ်တဲ့။ အဲဒီ သုပ္ပဗုဒ္ဓမင်း ငရဲကျရတာဟာ မြတ်စွာဘုရားကို ပျက်စီးစေလိုတဲ့ အကျိုးမဲ့ ဖြစ်စေလိုတဲ့ ဗျာပါဒ ဒေါသကြောင့်ပါပဲ။

✿

## ၁၀။ အယူမှားက မကောင်းကျိုးရ

ကဲ....မိစ္ဆာဒိဋ္ဌိအကြောင်း ဆက်ကြဦးစို့။

မိစ္ဆာဒိဋ္ဌိ သမာဒါနာ သတ္တာ ဂစ္ဆန္တိ ဒုဂ္ဂတိံ။ (ဓမ္မပဒ)

မိစ္ဆာဒိဋ္ဌိသမာဒါနာ၊ မှားသောအယူ ရှိကုန်သော။ သတ္တာ၊ သတ္တဝါ မှန်သမျှတို့သည်။ ဒုဂ္ဂတိံ၊ မကောင်းသော ဒုဂ္ဂတိသို့။ ဂစ္ဆန္တိ၊ သွားကြရကုန်၏။ ဝါ.... မှားယွင်းအယူ မိစ္ဆာစွဲတော့ အပါယ်ဘုံထဲ ရောက်တတ်ပါပေသတည်း။

[သာဓု....သာဓု....သာဓု။]

### စကားပြေ အဓိပ္ပါယ်

ဒီနေရာမှာ (၁)ကုသိုလ်ကံ အကုသိုလ်ကံဆိုတဲ့အကြောင်းကို ပယ်တဲ့အယူ၊ (၂) ကုသိုလ်ကံ အကုသိုလ်ကံရဲ့ အကျိုးကိုပယ်တဲ့ အယူနဲ့ (၃) အကြောင်းအကျိုး နှစ်မျိုးလုံးကို ပယ်တဲ့အယူဟာ မိစ္ဆာဒိဋ္ဌိဒုစရိုက်ဖြစ်ပါတယ်။ ဒီအယူကို မစွန့်ပဲ စွဲမြဲစွာ ဆုပ်ကိုင်ပြီးသေကြတဲ့ သူတွေဟာ အပါယ်လေးပါးသို့ လားရောက်ကြရတယ်တဲ့။

မြတ်စွာဘုရားလက်ထက်က သူတို့ကိုယ်သူတို့ ဘုရားလို့သမုတ်ပြီး မြတ်စွာဘုရားနဲ့ အပြိုင် ဘုရားလုပ်နေကြတဲ့ ပူရဏကဿပ စတဲ့ တိတ္ထိဆရာကြီးတွေဟာ သူတို့ရဲ့ မှားယွင်းတဲ့အယူကို စွဲကိုင်ယင်း သေကြရတဲ့အခါ ငရဲကျကုန်တာ များပါတယ်။

## တိရစ္ဆာန်ဆိုတာ

အပါယ်လေးပါး ရှိတဲ့အထဲက ငရဲအကြောင်းတော့ တော်တော်စုံစုံ ဟောခဲ့ပြီးပါပြီ။ အခု ကျန်တဲ့ သုံးပါးအကြောင်း နည်းနည်းဆက်ပြောမယ်။

တိရစ္ဆာန်ဆိုတာ "တိရစ္ဆာန" ဆိုတဲ့ ပါဠိက ဆင်းသက်လာတဲ့ ပါဠိပျက်စကားပဲ။ လူများ၊ နတ်များလို မတ်မတ်မသွားပဲ အလျားလိုက် သွားတတ်တဲ့ သတ္တဝါလို့ ဆိုလိုတယ်။ ဘုံသီးခြား မရှိပါ။ သူတို့ စုဝေးနေထိုင်ရာ အရပ်ကိုပင် တိရစ္ဆာန်ဘုံလို့ ခေါ်ခြင်း ဖြစ်ပါတယ်။ တိရစ္ဆာန်တွေရဲ့ ဆင်းရဲဒုက္ခအကြောင်းကတော့ အားလုံးသိမြင်နေကြလို့ အထူးပြောစရာ မလိုတော့ပါဘူး။

## ပြိတ္တာဆိုတာ

ပြိတ္တာဆိုတာ "ပေတ" ဆိုတဲ့ ပါဠိက ဆင်းသက်လာတဲ့ ပါဠိပျက်စကားပါပဲ။ ချမ်းသာမှ ဝေးရာသို့ရောက်နေရတဲ့ သတ္တဝါလို့ ဆိုလိုပါတယ်။ ဒီပြိတ္တာတွေဟာ အစာရေစာ အလွန်ငတ်ပြတ်ကြပါတယ်။ တချို့မှာ လူတွေ စွန့်ထားတဲ့ ထမင်းကျန်၊ ဟင်းကျန်၊ နှပ်၊ တံတွေး၊ သလိပ်၊ မစင် စသည်တို့ကို စားသောက်ကြရပါတယ်။ ဘုံသီးခြား မရှိပါ။ သူတို့နေရာ မြစ်

ချောင်း တောတောင် သုသာန်စတဲ့ အရပ်ကိုပင် ပြိတ္တာဘုံလို့ ခေါ်ခြင်း ဖြစ်ပါတယ်။

## အသူရကာယ်ဆိုတာ

အသူရကာယ်ကတော့ "အသုရကာယ"ဆိုတဲ့ ပါဠိက ဆင်းသက်လာတဲ့ ပါဠိပျက်စကားပါပဲ။ အစိုးရမှု၊ မြူးတူးပျော်ပါးမှု စသည်တို့ဖြင့် နတ်များလို မတောက်ပနိုင်တဲ့ သတ္တဝါလို့ အဓိပ္ပါယ်ရတယ်။ အသူရာသုံးမျိုးလောက် ရှိတဲ့အထဲက အပါယ်လေးပါးထဲက ပါတာကတော့ ကာလကဉ္စိက အသူရာခေါ် ပြိတ္တာအသူရာ ဖြစ်ပါတယ်။ သူတို့လည်း အလွန်ငတ်ပြတ်ကြပါတယ်။ တချို့အသူရာများမှာ ဘုရားနှစ်ဆူသုံးဆူ ပွင့်လောက်အောင် ကြာတာတောင် တကြိမ်မျှ အစာမစားရဘူးတဲ့။ သူတို့အတွက်လည်း ဘုံသီးခြား မရှိပါဘူး။ သူတို့ရဲ့ နေရာအရပ်ကိုပဲ အသူရကာယ်ဘုံလို့ ခေါ်ခြင်းဖြစ်ပါတယ်။

## မိစ္ဆာအယူကြောင့် အပါယ်မကျအောင် ဝိပဿနာက ကယ်တင်ခဲ့ပုံ ဝတ္ထု

အဲဒီ အပါယ်လေးဘုံဟာ မိစ္ဆာအယူ စွဲမြဲစွာ ယူသူတို့ သေယင် ရောက်ရတဲ့ အရပ်ပါပဲတဲ့။


အပါယ်ကျစေနိုင်တဲ့ မိစ္ဆာအယူကို ယူခဲ့ပေမယ့် ဝိပဿနာ တရားအလုပ် အားထုတ်လို့ အရိယာဖြစ်သွားယင်တော့ အဲဒီ မိစ္ဆာအယူလဲ ပြုတ်သွားမယ်၊ အပါယ်ဘေးကလည်း လုံးဝ ကင်းဝေး လွတ်မြောက်သွားမယ်တဲ့။

ရှင်သာရိပုတ္တရာရဲ့ မယ်တော် ရူပသာရိ ပုဏ္ဏေးမကြီးဟာ အမျိုးအနွယ်က စပြီး သိဥ္စည်းတိတ္ထိဆရာကြီးတွေကို စွဲစွဲမြဲမြဲ ကိုးကွယ်လာခဲ့တာပါပဲ။ ရှင်သာရိပုတ္တရာ အပါအဝင် သားတော် ၄-ဦးနဲ့ သမီးတော် ၃-ဦးလုံး ရဟန္တာ ဖြစ်ကုန်တာတောင် မယ်တော်ကြီးဟာ မိစ္ဆာအယူကို မစွန့်သေးပါဘူး။ သားတော် သမီးတော်တွေကိုတောင် ဘာသာ ပြောင်းသွားရကောင်းလားဆိုပြီး စိတ်ကွက်နေပုံ ပေါ်ပါတယ်။

သားတော်ကြီးဖြစ်တဲ့ ရှင်သာရိပုတ္တရာဟာ မြတ်စွာဘုရားရဲ့ လက်ျာရံ အဂ္ဂသာဝကကြီးအဖြစ်နဲ့ ၄၄-နှစ်လုံးလုံး အနယ်နယ် အရပ်ရပ်လှည့်ပြီး သာသနာ့တာဝန် ထမ်းဆောင်နေတဲ့အထိလည်း မယ်တော်ကြီးဟာ မိစ္ဆာအယူ စွဲယူတုန်းပဲ ရှိပါသေးတယ်။

နောက်ဆုံး ဖွားရာတိုက်ခန်းမှာ ရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီး ပရိနိဗ္ဗာန်ပြုမယ့်ညဘက်ကျမှ ရှင်သာရိပုတ္တရာ သေွးအံ နေတဲ့ကြားထဲက နားနားပြီး ဟောကြားတဲ့တရားကို နာကြားယင်း နှလုံးသွင်း ရှုမှတ်သွားလို့ သောတာပန်ဖြစ်သွားတော့မှပဲ မိစ္ဆာအယူ ပြုတ်သွားပါတယ်။ တကယ်လို့သာ ဒီပုဏ္ဏေးမကြီးဟာ မိစ္ဆာအယူနဲ့သာ သေမယ်ဆိုယင် အပါယ်ကျဖို့ သေချာပါတယ်။ အခုတော့ သားတော်ရဲ့တရားကို နာရပြီး သောတာပန်ဖြစ်သွားတော့ အပါယ်ဘေးက လွတ်မြောက် သွားတော့တာပေါ့။

ဒါကြောင့် မနောဒုစရိုက်တွေ မကျူးလွန်မိအောင် တားရမယ်။ တားတဲ့အခါ သီလ သက်သက်လောက်နဲ့တော့ မရဘူး။



မိစ္ဆာအယူကို ယူခဲ့မိသော မယ်တော် ရူပသာရီပုဏ္ဏေးမကြီးအား ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးက ပရိနိဗ္ဗာန် ပြုခါနီး သွေးအံ့နေတော်မူလျက်နှင့်ပင် အကျွတ်တရားရရန် တရားတော်များကို ဟောကြားတော်မူခဲ့ပုံ။

---

သီလကို အခြေခံပြီး၊ သမထကို ဖြစ်စေ၊ ဝိပဿနာကို ဖြစ်စေ၊ မပြတ် နှလုံးသွင်း အားထုတ်မှ မကျူးလွန်ရသေးတဲ့ မနောဒုစရိုက်ကို တားနိုင်ပါလိမ့်မယ်။ မနောဒုစရိုက်ကြောင့် အပါယ်မကျနိုင်အောင်တော့ အရိယာဖြစ်အောင် အားထုတ်မှ ဖြစ်နိုင်ပါတယ်။ ဒါကြောင့် ဝိပဿနာတရားကို အရိယာဖြစ်တဲ့အထိ အားထုတ်ပါလို့ ဒုစရိုက်စခန်းသိမ်းအနေနဲ့ ထပ်မံတိုက်တွန်းလိုက်ပါတယ်။

## လွတ်ချင် ထပ်ရှု သိမ်မွေ့ဟု ငြိမ်းမှုရောက်ရပုံ

ဝိပဿနာ ရှုမှတ်တဲ့အခါ တရိပ်ရိပ်နဲ့ ပျောက်နေတဲ့ အာရုံနဲ့ မှတ်စိတ်ကို ငြီးငွေ့ဖွယ်ထင်တဲ့အထိ အသိဉာဏ်တိုးတက်လာပုံကို တော့ ဟောခဲ့ပြီးပါပြီ။ အခု ရှေ့သို့ အသိဉာဏ်တိုးတက်လာပုံကို ဆက်ဟောမယ်။

မှတ်တိုင်းမှတ်တိုင်း တရိပ်ရိပ်နဲ့ ပျောက်နေတဲ့ အာရုံနဲ့မှတ် စိတ်ကို ငြီးငွေ့ဖန်များလာတော့ အဲဒီ အာရုံနဲ့ မှတ်စိတ်ဆိုတဲ့ ရုပ်နာမ်မှ လွတ်မြောက်ချင်တဲ့ အသိဉာဏ်ဖြစ်ပေါ်လာလိမ့်မယ်။ ရုပ်နာမ်ဆင်းရဲ ချုပ်ငြိမ်းရာ၊ ရုပ်နာမ်ဆင်းရဲမှ လွတ်မြောက်ရာ နိဗ္ဗာန်ကို ရောက်ချင်လာလိမ့်မယ်တဲ့။

ဒီလို တပျက်ထဲပျက်နေတဲ့ ရုပ်နာမ်မှ လွတ်မြောက်ချင်လာ တော့ ခါတိုင်းထက် ဝီရိယတိုးပြီး ရှုမှတ်လာတတ်တယ်။ အဲဒီ အခါ နာမှု၊ ကျင်မှု၊ ကိုက်မှု စတဲ့ မခံသာတဲ့ ဒုက္ခဝေဒနာသဘော တွေ ပြန်ပေါ်လာတတ်တယ်။ မှတ်စိတ်ကလည်း အာရုံမှ ရုန်း ထွက်နေသလိုလို အာရုံနဲ့မှတ်စိတ် မကိုက်သလိုလို ဖြစ်လာတတ် တယ်တဲ့။ ဒီတော့ ထိုင်မှတ်ရကောင်းနိုးနိုး၊ ထမှတ်ရကောင်းနိုးနိုး နဲ့ ဣရိယာပုထ်မခိုင်မြဲတဲ့ သဘောတွေလဲ ဖြစ်လာတတ်တယ်တဲ့။

ဒါပေမယ့် စိတ်မပျက်ပဲ ဇွဲကောင်းကောင်းနဲ့ မှတ်သွားယင် မကြာမီ အမှတ်ကောင်းပြီး၊ အသိဉာဏ် တိုးတက်လာပါလိမ့် မယ်။ ဒီလို အသိဉာဏ်တဆင့်တက်လာယင် မှတ်ရတာ ပေါ့ပါး လာမယ်။ သွက်သွက်လက်လက်နဲ့ အထူးကောင်းလာမယ်။ မှတ် စရာ အာရုံကို ရှာကြံမနေရတော့ဘူး။ ရှေ့တမှတ် ဆုံးသွားယင်

နောက်တခုမှတ်စရာက အလိုလိုပေါ်လာမယ်။ အဲဒီ ပေါ်လာသမျှကိုလဲ မှတ်မိအောင် အထူးကြောင့်ကြ မစိုက်ရတော့ဘူး။ သူ့အလိုလို မှတ်မိသွားနေသလိုလို ဖြစ်နေလိမ့်မယ်တဲ့။

အဲဒါဟာ ပေါ်လာသမျှအာရုံကလေးတွေကိုကောင်းတယ်, ဆိုးတယ် မဆုံးဖြတ် မစွဲလမ်းပဲ သိရုံကလေး သိသိသွားတဲ့အညီအမျှ လျစ်လျူရှုနေတဲ့ အသိဉာဏ်ပါပဲတဲ့။ ဒီအသိဉာဏ် ရင့်သန်လာယင် လောကရေးနဲ့ပတ်သက်တဲ့ ကြောက်ခြင်း၊ နှစ်သက်ခြင်းတွေ၊ တရားနဲ့ ပတ်သက်တဲ့ ကြောက်ခြင်း၊ နှစ်သက်ခြင်းတွေဟာ ကင်းလာမယ်။ ချမ်းသာမှု၊ ဆင်းရဲမှု မှန်သမျှတွေကိုလဲ အညီအမျှ ရှုလာနိုင်မယ်။ မှတ်စရာအတွက်လဲ ကြောင့်ကြစိုက်စရာမလိုတော့ဘူး၊ မှတ်စရာ အာရုံကလည်း အလိုက်သင့်မှတ်လို့ အမှတ်ရ လွယ်လာလိမ့်မယ်တဲ့။

ဒါတင်မကဘူး၊ ဒီဉာဏ်ဖြစ်လာယင် မှတ်သိမှုဟာ တစဉ်တတန်းကြီး ကြာကြာတည်လာမယ်။ အာရုံရော မှတ်သိစိတ်ပါ ကြာလေ ကြာလေ ပိုပြီးသိမ်မွေ့လာမယ်။ တခြားအာရုံဆီလည်း စိတ်ပျံ့လွင့်မသွားတော့ဘူး။

ဒီဉာဏ်အထိ ရောက်လာတဲ့ ယောဂီပုဂ္ဂိုလ်ဟာ အရိယာဖြစ်နိုင်တဲ့ ပါရမီလဲ ရှိမယ်၊ ရှေ့ဆက်ပြီးတော့လဲ မရပ်မနား ကြိုးစားအားထုတ်သွားမယ်ဆိုယင် ဣန္ဒြေညီညွတ်လာတာနဲ့ တပြိုင်နက်ရုပ်နာမ်တို့ ချုပ်ငြိမ်းရာ နိဗ္ဗာန်ကို မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် သိမြင်ဆိုက်ရောက် မျက်မှောက်ပြုသွားမယ်တဲ့။ သောတာပန်ဖြစ်သွားမယ်လို့ ဆိုလိုပါတယ်။

သောတာပန် ဖြစ်သွားယင် မကျူးလွန်ရသေးတဲ့ ဒုစရိုက်တွေကိုလဲ မကျူးလွန်တော့ဘူး။ ကျူးလွန်ခဲ့တဲ့ အကုသိုလ် ဒုစရိုက်တွေကြောင့်လဲ အပါယ်လေးပါးသို့ မလားရောက်နိုင်တော့ဘူးတဲ့။

ကဲ....ဟောခဲ့ပြီးတဲ့ မနောဒုစရိုက်အကြောင်း နိဂုံးချုပ်တဲ့ အနေနဲ့ တရားဆောင်ပုဒ်လေးတွေ ဆိုကြဦးစို့။

## မနောဒုစရိုက်နှင့် ဝိပဿနာကဗျာ

သူ့ဥစ္စာလိုချင် အဘိဇ္ဈာပွါးတော့၊
ပြိတ္တာဘုံသား ဖြစ်တတ်တယ်။

ပျက်စီးစေချင် ဗျာပါဒထားတော့၊
ငရဲဘုံသား ဖြစ်တတ်တယ်။

မှားယွင်းအယူ မိစ္ဆာစွဲလဲ၊
အပါယ်ဘုံပဲ ရောက်တတ်တယ်။

လေးပါးအပါယ် တကယ်ကြောက်ယင်၊
မင်္ဂဖိုလ်ရအောင် အားထုတ်ကွယ်။

မင်္ဂဖိုလ်ရောက်အောင် ဘယ်တရားကို၊
ကြိုးစားအားထုတ် ကျင့်ရမယ်။

ဝိပဿနာခေါ် မြတ်တရားကို၊
ကြိုးစားကျင့်မှ ရောက်ပါမယ်။

သိတတ်တာဟာ နာမ်သဘောကွဲ့၊
မသိတဲ့သဘော ရုပ်ဖြစ်တယ်။

ဖြစ်ပျက်ရုပ်နာမ် သိအောင်မှတ်တော့၊
ဝိပဿနာ ဖြစ်ပါတယ်။

ဝိပဿနာ အလုပ်စခန်းမှာ၊
မဟာစည်နည်းလမ်း လိုက်သင့်တယ်။

ဖောင်းပိန်ကိုသာ အခြေပြုလို့၊
ထင်ရှားရုပ်နာမ် ရှုခိုင်းတယ်။

စာသံပေသံ မပါငြားလဲ၊
ဉာဏ်စဉ်တိုးပွား မဂ်ဆိုက်မယ်။

မဂ်ဖိုလ်ဆိုက်အောင် ရှုမှတ်ပွားတော့၊
အပါယ်တံခါး ပိတ်ပါတယ်။

မှတ်ကွယ်....မှတ်ကွယ်။

## နိဂုံးဆန္ဒမှန်

ကဲ....ဒုစရိုက်ရဲ့အဓိပ္ပါယ်၊ ဒုစရိုက်ကျူးလွန်ယင် ဖြစ်နိုင်တဲ့ အပြစ်၊ ဒုစရိုက်မကျူးလွန်မိအောင် တားနည်းနဲ့ ကျူးလွန်မိုက်မှားမိတဲ့ ဒုစရိုက်ကြောင့် အပါယ်မကျအောင် ဝိပဿနာ တရားအလုပ် အားထုတ်ပုံ အားထုတ်နည်းတွေကို စွမ်းနိုင်သလောက် ဟောခဲ့ပြီးပါပြီ။

ဤ ဒုစရိုက်အပြစ်ဘေးကင်းလွတ်ရေးဝိပဿနာ တရားတော်ကို ရိုသေစွာ နာကြားကြကုန်သော သူတော်ကောင်းအပေါင်းတို့သည် ဝဋ်ဆင်းရဲမှ လွတ်မြောက်ဖို့ရန် ရည်သန်တောင့်တ၍ ဒါနပြုနိုင်ကြပါစေ၊ သီလစောင့်နိုင်ကြပါစေ၊ ဘာဝနာအလုပ် အားထုတ်နိုင်ကြပါစေ၊ အားထုတ်နိုင်ကြ၍ နိဗ္ဗာန်ကို သိမြင်ဆိုက်ရောက် မျက်မှောက် ပြုနိုင်ကြပါစေလို့ ပတ္ထနာပြုတဲ့ နိဂုံးဂါထာရွတ်ပြီး တရားပွဲ အဆုံးသတ်ကြစို့။

ဒါနံ ဒဒါထ သဒ္ဓါယ၊ သီလံ ရက္ခထ သဗ္ဗဒါ။

ဘာဝနာဘိရတာ ဟောထ၊ ပပ္ပေါထ အမတံ ဝရံ။

သာဓဝေါ၊ တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့။ တုမှေ၊ သင် တရားနာပရိသတ်အပေါင်း သူတော်ကောင်း

တို့သည်။ သဒ္ဒါယ၊ ရတနာသုံးတန် ကံ,ကံ၏အကျိုးကို ယုံကြည်သော သဒ္ဒါတရားဖြင့်။ ဒါနံ၊ ဝဠ်ဆင်းရဲအပေါင်းတို့မှ လွတ်မြောက်ဖို့ရန် ရည်သန်တောင့်တ ပြုလုပ်ရတဲ့ မြတ်ဒါနကို။ ဒဒါထ၊ တတ်စွမ်းသမျှ ပေးလှူနိုင်ကြပါစေ ကုန်သတည်း။ သီလံ၊ ကိုယ်နှင့်နှုတ်ကို ထိန်းချုပ်ပြုရ ငါးပါး ရှစ်ပါး စသည်ပြားသော မြတ်သီလကို။ သဗ္ဗဒါ၊ နေ့ရောညဉ့်ပါ အခါခပ်သိမ်း။ ရက္ခထ၊ စောင့်ရှောက်နိုင်ကြပါစေ ကုန်သတည်း။ ဘာဝနာဘိရတာ၊ သမထ ဝိပဿနာ ဘာဝနာအလုပ်ဟူသရှဉ်၌ ပျော်မွေ့သောစိတ် ရှိကြကုန်သည်။ ဟောထ၊ စင်စစ်မသွေ ဖြစ်နိုင်ကြပါစေကုန်သတည်း။ အမတံ ဝရံ၊ သေခြင်းကင်းရာ အမှန် မြတ်သော နိဗ္ဗာန်သို့။ သီဃံ၊ ဘဝမကြာ ဆောလျင်စွာ။ ပပ္ပေါထ၊ ရောက်နိုင်ကြပါစေကုန်သတည်း။ ပပ္ပေါထ၊ မြင်တိုင်း, ကြားတိုင်း,နံတိုင်း,စားတိုင်း,ထိတိုင်း,တွေးတိုင်း, ကွေးတိုင်း, ဆန့်တိုင်း, သွားတိုင်း, ရပ်တိုင်း, ထိုင်တိုင်း, အိပ်တိုင်း, ဖောင်းတိုင်း, ပိန်တိုင်း၌ တကယ်ထင်ရှားရှိနေတဲ့ ရုပ်နာမ်စမွသဘာဝတရားတို့ကို မပြတ် ရှုမှတ် ပွားမျှားကြခြင်းဖြင့် ဝိပဿနာဉာဏ်စဉ် အဆင့်ဆင့်တက်ပြီးလျှင် မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် သိမြင်ဆိုက်ရောက် မျက်မှောက်ပြုနိုင်ကြပါစေ ကုန်သတည်း။

အရှင်သုန္ဒရ
[၁၄-၁၀-၇၇]

သာသနာတော်သက္ကရာဇ် ၂၅၂၁-ခု နှစ်။
ကောဇာသက္ကရာဇ် ၁၃၃၉-ခု၊ သီတင်းကျွတ်လဆန်း(၂)ရက်၊
သောကြာနေ့ တရားစာမူ ရေးပြီးသည်။

[နောက်ဆက်တွဲ]

# ကလေးပညာပေး ဓမ္မကဗျာများ


စိစဉ်ရေးသားသူ

ပြွန်တန်ဆာ အရှင်သုန္ဒရ {ဘီအေ}

အမျိုးသား ပထမကျော်၊ အစိုးရ ဓမ္မာစရိယ

ပြွန်တန်ဆာကျောင်း

အလယ်တောရကျောင်းတိုက်

ဘောင်ဒရီလမ်း၊ ရန်ကုန်မြို့။

# တိုက်တွန်းကဗျာ မှတ်စရာ

တိုက်တွန်းကဗျာ ရေးကာစပ်လို့၊ မောင်မယ်ဖတ်ဖို့ ဖော်ပြမယ်။

၁။ ဘုရားဂုဏ်တော် နှိုင်းဆိုမရမို့၊
ယုံကြည်စိတ်ချ ရှိခိုးကွယ်။

၂။ တရားဂုဏ်တော် နှိုင်းဆိုမရမို့၊
ယုံကြည်စိတ်ချ ပူဇော်ကွယ်။

၃။ သံဃာ့ဂုဏ်တော် နှိုင်းဆိုမရမို့၊
ယုံကြည်စိတ်ချ ကိုးကွယ်ကွယ်။

၄။ မိဘတို့ဂုဏ် နှိုင်းဆိုမရမို့၊
ကြည်ဖြူရွှင်ပျ လုပ်ကျွေးကွယ်။

၅။ ဆရာမြတ်ဂုဏ် နှိုင်းဆိုမရမို့၊
ရိုသေပျဝပ် ဆည်းကပ်ကွယ်။

၆။ သီလငါးဖြာ အကျင့်မြတ်ကို၊
နေ့စဉ်မပြတ် မြဲပါကွယ်။

၇။ ခေတ်မီပညာ အရပ်ရပ်ကို၊
သိအောင် တတ်အောင် သင်ယူကွယ်။

၈။ ဘုရားဟောဖော် မြတ်တရားကို၊
အချိန်အားတော့ နာယူကွယ်။

၉။ ကိုယ့်ထက်အရွယ် ကြီးသူများကို၊
ရိုသေလေးစား ဆက်ဆံကွယ်။

၁၀။ ကိုယ်နဲ့သက်ရွယ် တူသူများကို၊
ခင်မင်လေးစား ဆက်ဆံကွယ်။

၁၁။ ကိုယ့်အောက်အရွယ် ငယ်သူများကို၊
ကြင်နာသနား ဆက်ဆံကွယ်။

၁၂။ မိဖဆရာ ဆုံးမစကားကို၊
အစဉ်လေးစား လိုက်နာကွယ်။

တိုက်တွန်းကဗျာ ဆယ့်နှစ်ခုကို၊ အလေးအနက်ပြု စ,မှတ်ကွယ်။ မှတ်ကွယ်....မှတ်ကွယ်။

**ယုတ်မြတ်နှစ်ဖြာ ကွဲရတာ**

**[စူဠကမ္မဝိဘင်္ဂသုတ် မှီငြမ်းပြုကဗျာ]**

ယုတ်မြတ်နှစ်ဖြာ ကွဲတာများဟာ၊
ကံတရားကြောင့် ဖြစ်ပါတယ်။

ကွဲပြားပုံကို သေချာမှတ်ဖို့၊
ကဗျာစပ်လို့ ဖော်ပြမယ် (ဆိုစို့ကွယ်)။

၁-က။ အသက်သတ်သူ သေယင်မလွဲပ၊
အပါယ်ငရဲ ကျလိမ့်မယ်။

လူဖြစ်ပြန်သော် ကံဟုန်နဲ့လို့၊
အသက်တမ်းလဲ တိုတတ်တယ်။

၁-ခ။ မသတ်ဖြတ်သူ သေယင်မှတ်တော့၊
နတ်ပြည်ခြောက်ထပ် ရောက်ရမယ်။
လူဖြစ်ပြန်သော် ကုသိုလ်စွမ်းကြောင့်၊
အသက်တမ်းလဲ ရှည်နိုင်တယ်။

၂-က။ ညှဉ်းဆဲတတ်သူ သေယင်မလွဲပ၊
အပါယ်ငရဲ ကျလိမ့်မယ်။
လူဖြစ်ပြန်သော် ရောဂါစွဲလို့၊
ဆေးကုသော်လဲ ပျောက်ခဲတယ်။

၂-ခ။ မညှဉ်းဆဲသူ သေယင်မှတ်တော့၊
နတ်ပြည်ခြောက်ထပ် ရောက်ရမယ်။
လူဖြစ်ပြန်သော် ရောဂါနဲလို့၊
ယာယီနာပဲ ဖြစ်တတ်တယ်။

၃-က။ ဒေါသကြီးသူ သေယင်မလွဲပ၊
အပါယ်ငရဲ ကျလိမ့်မယ်။
လူဖြစ်ပြန်သော် စိတ်ဆင်းရဲလို့၊
ရုပ်အဆင်းလဲ ဆိုးတတ်တယ်။

၃-ခ။ ဒေါသနဲသူ သေယင်မှတ်တော့၊
နတ်ပြည်ခြောက်ထပ် ရောက်ရမယ်။
လူဖြစ်ပြန်သော် ရုပ်ရည်သန့်လို့၊
လူချောလူခန့် ဖြစ်နိုင်တယ်။

၄-က။ မနာလိုသူ သေယင်မလွဲပ၊
အပါယ်ငရဲ ကျလိမ့်မယ်။
လူဖြစ်ပြန်သော် ဩဇာနဲ့လို၊
ဘုန်းရှိန်ဝါလဲ မှိတတ်တယ်။

၄-ခ။ နာလိုတတ်သူ သေယင်မှတ်တော့၊
နတ်ပြည်ခြောက်ထပ် ရောက်ရမယ်။
လူဖြစ်ပြန်သော် ဩဇာကြီးလို့၊
တန်ခိုးဘုန်းမီး တောက်နိုင်တယ်။

၅-က။ မလှူတန်းသူ သေယင်မလွဲပ၊
အပါယ်ငရဲ ကျလိမ့်မယ်။
လူဖြစ်ပြန်သော် ဥစ္စာနဲ့လို၊
ဆင်းရဲတွင်းလဲ နက်တတ်တယ်။

၅-ခ။ လှူတန်းတဲ့သူ သေယင်မှတ်တော့၊
နတ်ပြည်ခြောက်ထပ် ရောက်ရမယ်။
လူဖြစ်ပြန်သော် ဥစ္စာများလို့၊
ခြွေရံမရှား ဖြစ်နိုင်တယ်။

၆-က။ ကြီးမြတ်သူကို မရိုမသေပြုတော့၊
အပါယ်ရောက်မှု ဖြစ်ကြောင်းကွယ်။
လူဖြစ်ပြန်သော် အမျိုးညံ့လို့၊
လူသူမခံ့ ဖြစ်တတ်တယ်။

၆-ခ။ ကြီးမြတ်သူကို ရိုသေတတ်တော့၊
နတ်ပြည်ခြောက်ထပ် ရောက်ရမယ်။
လူဖြစ်ပြန်သော် ရှေးကံမြတ်ကြောင့်၊
အမျိုးဇာတ်လဲ မြတ်နိုင်တယ်။

၇-က။ ပညာရှိကို မဆည်းကပ်တော့၊
အပါယ်လေးရပ် ရောက်လိမ့်မယ်။
လူဖြစ်ပြန်သော် ပညာမရလို့၊
လူနုံ့လူအ ဖြစ်တတ်တယ်။

၇-ခ။ ပညာရှိကို မှီဝဲကပ်တော့၊
နတ်ပြည်ခြောက်ထပ် ရောက်ရမယ်။
လူဖြစ်ပြန်သော် ပညာတတ်လို့၊
ရှင်လူ ဆည်းကပ် ခံရတယ်။
'သုဘမည်တွင် ပုဏ္ဏားမေးလို့၊
ဘုရားပေးတဲ့ အဖြေကွယ်။''

မှတ်ကွယ်....မှတ်ကွယ်....။

## ဒုစရိုက်ရှစ်ပါး အပြစ်များ

ဒုစရိုက်အပြစ်ကို သေချာမှတ်ဖို့၊
ကဗျာစပ်လို့ ဆိုစို့ကွယ်။

၁။ [ပါဏာတိပါတ]
ညှဥ်းပန်းသတ်သူ သေယင်မလွဲပ၊
အပါယ်ငရဲ ကျလိမ့်မယ်။
လူဖြစ်ပြန်သော် ရောဂါစွဲလို့၊
အသက်တမ်းလဲ တိုတတ်တယ်။

၂။ [အဒိန္နာဒါန]
ခိုးပြခိုးသူ သေယင်မလွဲပ၊
အပါယ်ငရဲ ကျလိမ့်မယ်။
လူဖြစ်ပြန်သော် ကြာလေမွဲလို့၊
ရှိပစ္စည်းလဲ ပျက်တတ်တယ်။

၃။ [ကာမေသုမိစ္ဆာစာရ]
သူ့သားမယားကို ကျူးလွန်တဲ့တော့၊
အပါယ်ငရဲ ကျလိမ့်မယ်။
လူဖြစ်ပြန်သော် ရန်သူပွားလို့၊
နှပုန်းများလဲ ဖြစ်တတ်တယ်။

၄။ [မုသာဝါဒ]
လိမ်ညာပြောသူ သေယင်မလွဲပ၊

အပါယ်ငရဲ ကျလိမ့်မယ်။
လူဖြစ်ပြန်သော် အထင်လွဲလို့၊
အစွပ်စွဲလဲ ခံရတယ်။

၅။ [ပိသုဏာဝါစာ]
ကုန်းတိုက်တတ်သူ သေယင်မလွဲပ၊
အပါယ်ငရဲ ကျလိမ့်မယ်။
လူဖြစ်ပြန်သော် မိတ်ဆွေရှားလို့၊
ချစ်သူများနဲ့ ကွဲတတ်တယ်။

၆။ [ဖရုသဝါစာ]
ဆဲဆိုတတ်သူ သေယင်မလွဲပ၊
အပါယ်ငရဲ ကျလိမ့်မယ်။
လူဖြစ်ပြန်သော် ရှင်လူများက၊
အသံကြားနဲ့ မုန်းတတ်တယ်။

၇။ [သမ္ဖပ္ပလာပ]
အဖျင်းပြောသူ သေယင်မလွဲပ၊
အပါယ်ငရဲ ကျလိမ့်မယ်။
လူဖြစ်ပြန်သော် ယုံသူနဲလို့၊
ပြစ်တင်မောင်းမဲ ခံရတယ်။

၈။ [သုရာမေရယ]
အရက်သောက်သူ သေယင်မလွဲပ၊
အပါယ်ငရဲ ကျလိမ့်မယ်။

လူဖြစ်ပြန်သော် စိတ်ပေါ့သွမ်းလို့၊
အရူးအနှမ်း ဖြစ်တတ်တယ်။
[အင်္ဂုတ္တိုရ်လာ မြတ်တရားကို၊
တို့သူငယ်များ မှတ်ကြကွယ်။]
မှတ်ကွယ်....မှတ်ကွယ်....။

**ရှင်းလင်းချက်—**

သုရာမေရယကို ကာမေသုမိစ္ဆာစာရ၌ သွင်းယူပြီး၊ ကွင်းတွင်းရှိ နိဂုံးစာကြောင်းကို ဖြုတ်၍ မနောဒုစရိုက် သုံးပါးကို ထည့်လိုက်လျှင် ဒုစရိုက်ဆယ်ပါး ဖြစ်ပါသည်။

### မနောဒုစရိုက်အပြစ်

၈။ [အဘိဇ္ဈာ]

သူ့ဥစ္စာလိုချင် အဘိဇ္ဈာပွားတော့၊
ပြိတ္တာဘုံသား ဖြစ်တတ်တယ်။

၉။ [ဗျာပါဒ]

ပျက်စီးစေချင် ဗျာပါဒထားတော့၊
ငရဲဘုံသား ဖြစ်တတ်တယ်။

၁၀။ [မိစ္ဆာဒိဋ္ဌိ]

မှားယွင်းအယူ မိစ္ဆာစွဲလဲ၊
အပါယ်ဘုံပဲ ရောက်တတ်တယ်။
ဒုစရိုက်ကို ရှောင်ကြဉ်ပြုမှ၊
အပါယ်ရောက်မှု ကင်းနိုင်မယ်။
မှတ်ကွယ်....မှတ်ကွယ်....။

## ချစ်ခြင်းသုံးမျိုး

ချစ်ခြင်းသုံးဖြာ သေချာမှတ်ဖို့၊
ကဗျာစပ်လို့ ဆိုစို့ကွယ်။

၁။ ဖို-မ နှစ်ဖြာ ပြန်လှန်ချစ်က၊
တဏှာအစစ် ဖြစ်ပါတယ် (တဏှာပေမ)။

၂။ မိ-ဖ-ညီ-မောင် ဆွေညာချစ်က၊
လောဘအစစ်ဖြစ်ပါတယ်။ (ဂေဟသိတပေမ)။

၃။ သတ္တာအကျိုးကို လိုလားချစ်မှု၊
မေတ္တာအစစ် ဖြစ်ပါတယ် (မေတ္တာပေမ)။
ငါးရာနှစ်ဆယ် ရှစ်သွယ်စကား၊
မေတ္တာပွားနည်း ဖြစ်ပါတယ်။
မှတ်ကွယ်....မှတ်ကွယ်။

## သိမ်းကျုံးမေတ္တာပွားနည်း

သိမ်းကျုံးမေတ္တာ ပွားပုံနည်းကို၊
အကျဉ်းချုပ်ပြီး ဆိုစို့လေ။

၁။ ခပ်သိမ်းသတ္တာ မပင်ပန်းဖို့၊
ကိုယ်ချမ်းသာခြင်း ရှိပါစေ။

၂။ ခပ်သိမ်းသတ္တာ ရွှင်ကြည်ပြုံးဖို့၊
ဘေးရန်အားလုံး ငြိမ်းပါစေ။

၃။ ခပ်သိမ်းသတ္တာ ကြည်ရွှင်လန်းဖို့၊
စိတ်ချမ်းသာခြင်း ရှိပါစေ။
သက်ရှိအကုန် အာရုံပြုလို့၊
မေတ္တာပွားမှု ပြုကြလေ၊
ပြုလေ....ပြုလေ။

**မေတ္တာအကျိုး ၁၁-မျိုး**

မေတ္တာစိတ်ကို မပြတ်ပွားတော့၊
အကျိုး ၁၁-ပါး ရနိုင်တယ်။

၁-၂-အိပ်နိုးချမ်းသာ၊ ၃-အကောင်းမြင်မက်လို့၊
၄-၅-နတ် လူနှစ်သက် ချစ်ခင်တယ်။

၆-အဆိပ်၊ မီးနော် ဓားလက်နက်ကြောင့်
ခန္ဓာမပျက်၊ ၇-နတ်စောင့်တယ်။

၈-စိတ်ဓာတ် တည်ကြည်၊ ၉-မျက်နှာလန်းလို့၊
၁၀-မတွေဝေတမ်း သေရတယ်။

၁၁-ထို့ထက်အလွန် ဗြဟ္မာပြည်လားရဲ့၊
မေတ္တာပွားတဲ့ အကျိုးကွယ်။ ပွားကွယ်....ပွားကွယ်။

(သီဆိုရာ၌ ဂဏန်းများ ဖြုတ်ထားပါ။)

## မီးသုံးပါး

မီးမျိုးသုံးဖြာ သေချာမှတ်ဖို့၊
ကဗျာစပ်လို့ ဆိုစို့ကွယ်။

၁။ မိဖနှစ်ဖြာ ဆရာသမားကို၊
မီးတပါးလို့ ခေါ်ရတယ်။

၂။ ဇနီးဖြစ်ယင် လင်ယောကျ်ားကို၊
မီးတပါးလို့ မှတ်ရတယ်။

၃။ ရဟန်းသံဃာ အလှူခံများကို၊
မီးတပါးလို့ ခေါ်ရတဲ့ယ်။
မရိုသေသူ ငရဲရောက်လို့၊
မီးလျှံမီးတောက် လောင်လိမ့်မယ်။
ထို့ကြောင့်ပဲကွယ် မီးသုံးပါးကို၊
ရိုသေလေးစား ပြုကြကွယ်။
ပြုကွယ်....ပြုကွယ်။

## သားသမီး သုံးမျိုး

"ဣတိဝုတ်မှာ ဟောကာထားတဲ့၊
သားသမီးသုံးစား ဖော်ပြမယ်။"

၁။ သီလသမာဓိ ပညာအားဖြင့်၊
မိဖများထက် မြတ်သူကွယ်။ (အတိဇာတ)

၂။ သီလသမာဓိ ပညာအားဖြင့်၊
မိဖများနှဲ့ တူသူကွယ်။ (အနုဇာတ)

၃။ သီလသမာဓိ ပညာအားဖြင့်၊
မိဖများအောက် ယုတ်သူကွယ်။ (အဝဇာတ)
မြတ်သူ့တူသူ သားနှစ်စားကို၊
ပညာရှိများ လိုလားတယ်။
သားယုတ်ဆိုယင် မျိုးဂုဏ်ပျက်လို့၊
ဘယ်သူနှစ်သက် နိုင်ပါ့မယ်။
သားယုတ်အနေ အမှန်လွတ်အောင်၊
ဆိုင်ရာကျင့်ဝတ် ကျင့်ကြကွယ်။
ကျင့်ကွယ်....ကျင့်ကွယ်။

**သားသမီးကျင့်ရာ ဝတ်ငါးဖြာ**

သားသမီးကျင့်ရာ ငါးဖြာဝတ်ကို၊
အကုန်မလွတ် ကျင့်ရမယ်။

၁။ ကျေးဇူးကြီးသူ မိဖများကို၊
ပြန်လည်လေးစား လုပ်ကျွေးကွယ်။

၂။ မိဖပြုဖွယ်ကိစ္စများကို၊
မိဖကိုယ်စား ဆောင်ရွက်ကွယ်။

၃။ မိဖအမွေ ကျန်သမျှကို၊
ညီညီမျှမျှ ခံယူကွယ်။

၄။ မိဖသေသော် အလှူပြုလို့၊
မျှဝေသာဓု ခေါ်စေကွယ်။

၅။ မိဖမျိုးနွယ် စဉ်လာမပျက်အောင်၊
လိုလားနှစ်သက် စောင့်ရှောက်ကွယ်။

ကျင့်ဝတ်ငါးဖြာ အဲဒါပဲကွဲ့၊
အသည်းစွဲအောင် မှတ်ကြကွယ်။
မှတ်ကွယ်....မှတ်ကွယ်။

## "ခိုနားစရာ အေးရိပ်သာ"

ခိုနားစရာ ရိပ်သာများကို၊
သေချာခွဲခြား ဖော်ပြမယ်။
၁။ ပူအိုက်ချိန်မှာ သစ်ပင်ရိပ်က၊
ခိုနားအိပ်ဖို့ ကောင်းပါတယ်။
၂။ အုပ်ထိန်းခံချိန် မိဖရိပ်နဲ့၊
ဆွေညာရိပ်လဲ အေးလှတယ်။
၃။ ပညာရှာချိန် ဆရာ့ရိပ်က၊
သာလွန်ငြိမ်ဆိတ် အေးမြတယ်။
၄။ ဥစ္စာရှာချိန် မင်းစိုးရိပ်က၊
သာလွန်ငြိမ်ဆိတ် ပိုအေးတယ်။
၅။ တရားရှာချိန် ဘုရားရိပ်က၊
အားလုံးရိပ်ထက် အေးဆုံးကွယ်။
ဘယ်ချိန်ဘယ်ခါ ဘယ်အရိပ်မှာ၊
ခိုနားအိပ်သင့် ရွေးရမယ်၊
ရွေးကွယ်....ရွေးကွယ်။

## ဆရာရိုက်တာ ခွင့်လွှတ်ပါ

၁။ အိုးလုပ်သူဟာ အိုးကိုရိုက်လဲ၊
ခွဲဖို့ရိုက်ခြင်း မဟုတ်ပါ။

၂။ တပည့်မိုက်ကို ဆရာရိုက်လဲ၊
မုန်းလို့ရိုက်ခြင်း မဟုတ်ပါ။

၃။ လိမ္မာစေလို ရိုက်တာများကို၊
ခွင့်လွှတ်စိတ်ထား မွေးကြပါ။

**စည်းစိမ်ပျက်ရာ ကြောင်းခြောက်ဖြာ**

စည်းစိမ်ပျက်ရာ ခြောက်ဖြာအကြောင်းကို၊
မောင်မယ်အပေါင်း မှတ်သင့်တယ်။

၁။ သောက်စားကြူးယင် စည်းစိမ်ပျက်ဖို့၊
အကြောင်းတချက် ဖြစ်ပါတယ်။

၂။ အခါမဲ့လည်ယင် စည်းစိမ်ပျက်ဖို့၊
အကြောင်းတချက် ဖြစ်ပါတယ်။

၃။ ပျော်ပွဲကြူးယင် စည်းစိမ်ပျက်ဖို့၊
အကြောင်းတချက် ဖြစ်ပါတယ်။

၄။ လောင်းကစားကြူးယင် စည်းစိမ်ပျက်ဖို့၊
အကြောင်းတချက် ဖြစ်ပါတယ်။

၅။ အပေါင်းအသင်းမှားယင် စည်းစိမ်ပျက်ဖို့၊
အကြောင်းတချက် ဖြစ်ပါတယ်။

၆။ ပျင်းရိလွန်းယင် စည်းစိမ်ပျက်ဖို့၊
အကြောင်းတချက် ဖြစ်ပါတယ်။
သိင်္ဂါလခေါ် သတို့သားကို၊

မြတ်ဘုရားက ဟောခဲ့တယ်။
မှတ်ကွယ်....မှတ်ကွယ်။

**သွားလာတဲ့အခါ ကျင့်ဆောင်ရာ**

ဒုက္ခရောက်သူ လမ်းမှာတွေ့ယင်၊
တတ်အားသရွေ့ ကူညီကွယ်။
အသက်ကြီးသူ ရင်ဆိုင်တွေ့တော့၊
ငုံ့ရှောင်ကွေ့လို့ လမ်းဖယ်ကွယ်။
ရဟန်းသံဃာ လမ်းမှာတွေ့လဲ၊
အရိပ်ရှောင်ကွေ့ ရိုသေကွယ်။
မိဖဆရာနွား ဖြတ်သန်းသွားတော့၊
ခေါင်းငုံ့ခါးညွတ် သွားပါကွယ်။
ဘုရားကျောင်းကန် ဝင်ရောက်သွားယင်၊
စီးထားဖိနပ် ချွတ်ကြကွယ်။
ထီးပါပိတ်ယင် ပိုလို့ကောင်းပေါ့၊
ရိုသေပြုကြောင်း တမျိုးကွယ်။
မိဖရိုးရာ စဉ်လာကောင်းကို၊
မောင်မယ်အပေါင်း ဆက်ထိန်းကွယ်။
ထိန်းကွယ်....ထိန်းကွယ်။

**ပဥ္စာနန္တရိယ ကံကြီးငါးပါး**

ကံကြီးငါးဖြာ သေချာမှတ်ဖို့၊
ကဗျာစပ်လို့ ဆိုစို့လေ။

၁-၂-၃-မိဖ၊ ရဟန္တာ မညှာသတ်လို့၊
၄-ရှင်မြတ်ကိုတဲ့ သွေးယိုစေ။
၅-ခွဲလေသံဃာ ငါးဖြာမှတ်ကွဲ့၊
ငရဲရပ်တဲ့ ပို့တတ်ပေ။
မှတ်လေ....မှတ်လေ။

## မြတ်ဘုရား

မြတ်ဘုရားဆိုတာ သေချာမှတ်ဖို့၊
ကဗျာစပ်လို့ ဆိုကြမယ်။

၁။ ကိလေသာတွေ အကုန်သတ်လို့၊
အရဟတ္တမဂ် ခေါ်ပါတယ်။

၂။ သိစရာတွေ အကုန်သိက၊
သဗ္ဗညုတ ဉာဏ်ဖြစ်တယ်။
နှစ်ပါးဉာဏ်တော် ပိုင်ဆိုင်ထားတော့၊
"မြတ်ဘုရား"ဟု ခေါ်ကြတယ်။
မှတ်ကွယ်....မှတ်ကွယ်။

## ဘုရားဂုဏ်တော် ၉-ပါး

ဘုရားဂုဏ်တော် သေချာမှတ်ဖို့၊
ကဗျာစပ်လို့ ဆိုကြမယ်။

၁။ ဗြဟ္မာနတ်လူ ပူဇော်အပ်တဲ့၊
ဂုဏ်တော်မြတ်နဲ့ ပြည့်စုံတယ်။ (အရဟံ)

၂။ တရားအလုံးစုံ ကိုယ်တိုင်သိလို့၊
ဆရာမရှိသူ ဖြစ်ပါတယ်။ (သမ္မာသမ္ဗုဒ္ဓေါ)

၃။ သုံး,ရှစ်,ဝိဇ္ဇာ စရဏာများ၊
ဆယ့်ငါးပါးနဲ့ ပြည့်စုံတယ်။
(ဝိဇ္ဇာစရဏသမ္ပန္နော)

၄။ ကောင်းတဲ့စကားကို မိန့်ဆိုတတ်လို့၊
နိဗ္ဗာန်မြတ်သို့ ကြွသွားတယ်။ (သုဂတော)

၅။ သတ္တ,သင်္ခါ,ဩကာသတဲ့၊
လောကသုံးပါး ခွဲသိတယ်။ (လောကဝိဒူ)

၆။ မယဉ်ကျေးသူ ယဉ်အောင်ပြုတဲ့၊
ဆုံးမမှု၌ သာလွန်တယ်။
(အနုတ္တရော ပုရိသ ဒမ္မသာရထိ)

၇။ လူနတ်ဗြဟ္မာ သတ္တဝါများရဲ့၊
ဆရာတပါး ဖြစ်ပါတယ်။
(သတ္ထာ ဒေဝမနုဿာနံ)

၈။ လေးပါးသစ္စာ ခွဲခြားသိတဲ့၊
ဉာဏ်မြင်ရှိသူ ဖြစ်ပါတယ်။ (ဗုဒ္ဓေါ)

၉။ ဘုန်းတော်ခြောက်စုံ ဂုဏ်တော်မြတ်နဲ့၊
အကုန်မလပ် ပြည့်စုံတယ်။ (ဘဂဝါ)
ကိုးပါးဂုဏ်တော် အဲဒါပဲကွဲ့၊
အသည်းစွဲအောင် မှတ်ကြကွယ်။
မှတ်ကွယ်....မှတ်ကွယ်။

## ဘုရားဝါဒ ဝိဘဇ္ဇ

ဘုရားအယူ သေချာမှတ်ဖို့၊
ကဗျာစပ်လို့ ဆိုစို့ကွယ်။

၁။ ဖြစ်ပျက်ရုပ်နာမ် သင်္ခါရဟာ၊
ဒုက္ခသစ္စာ ဖြစ်ပါတယ်။

၂။ ရုပ်နာမ်ကိုပင် ခင်မင်မှုက၊
သမုဒယသစ္စာ ဖြစ်ပါတယ်။

၃။ နှစ်ဖြာရုပ်နာမ် ဖြစ်ပျက်သုဉ်းလို့၊
ချုပ်ဆုံးရာက နိရောဓကွယ်။

၄။ ချုပ်ဆုံးရာကို ဝင်ရောက်သွားတဲ့၊
ဉာဏ်မြင်တရားက မဂ်ဖြစ်တယ်။

လေးပါးသစ္စာ ခွဲကာပြလို့၊
'ဝိဘဇ္ဇ'ဝါဒ ခေါ်ပါတယ်။

ဘုရားအယူ အဲဒါပဲကွဲ့၊
အသည်းစွဲအောင် မှတ်ကြကွယ်။
မှတ်ကွယ်....မှတ်ကွယ်။

## တရားဂုဏ်တော် ၆-ပါး

တရားဂုဏ်တော် သေချာမှတ်ဖို့၊
ကဗျာစပ်လို့ ဆိုစို့ကွယ်။

၁။ ဘုရားကောင်းစွာ ဟောညွှန်အပ်လို့၊
အမှန်မြတ်တဲ့ ဂုဏ်ရှိတယ်။ (သွာက္ခာတော)

၂။ ကိုယ်တိုင်ကျင့်ယင် ကိုယ်သိရလို့၊
သန္ဒိဋ္ဌိက ဂုဏ်ရှိတယ်။ [သန္ဒိဋ္ဌိကော]

၃။ ချက်ချင်းအမြန် အကျိုးရလို့၊
အာကာလိက ဂုဏ်ရှိတယ်။ [အကာလိကော]

၄။ လာပါကျင့်ပါ ဖိတ်ခေါ်အပ်လို့၊
အမွန်မြတ်တဲ့ ဂုဏ်ရှိတယ်။ [ဧဟိပဿိကော]

၅။ ကိုယ်နဲ့စိတ်မှာ မြဲဆောင်အပ်လို့၊
အမွန်မြတ်တဲ့ ဂုဏ်ရှိတယ်။ [ဩပနေယျိကော]

၆။ အရိယာဆို ကိုယ်စီသိလို့၊
ခံစားအပ်သည့် ဂုဏ်ရှိတယ်။
[ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ]

ခြောက်ပါးဂုဏ်တော် အဲဒါပဲကွဲ့၊
အသည်းစွဲအောင် မှတ်ကြကွယ်။
မှတ်ကွယ်....မှတ်ကွယ်။

### သံဃာ့ဂုဏ်တော် ကိုးပါး

သံဃာ့ဂုဏ်တော် သေချာမှတ်ဖို့၊
ကဗျာစပ်လို့ ဖော်ပြမယ်။

၁။ ကောင်းမွန်မှန်စွာ အကျင့်မြတ်ကို၊
ကျင့်ကြံတတ်တဲ့ ဂုဏ်ရှိတယ်။
[သုပ္ပဋိပန္နော]

၂။ ဖြောင့်မတ်မှန်စွာ အကျင့်မြတ်ကို၊
ကျင့်ကြံတတ်တဲ့ ဂုဏ်ရှိတယ်။

[ဥဇုပ္ပဋိပန္နော]

၃။ နိဗ္ဗာန်ရောက်ရန် အကျင့်မြတ်ကို၊
ကျင့်ကြံတတ်တဲ့ ဂုဏ်ရှိတယ်။

[ဉာယပ္ပဋိပန္နော]

၄။ ရိုသေထိုက်အောင် အကျင့်မြတ်ကို၊
ကျင့်ကြံတတ်တဲ့ ဂုဏ်ရှိတယ်။

[သာမိစိပ္ပဋိပန္နော]

၅။ အဝေးကယူလာပစ္စည်းများကို၊
ခံယူစားအပ် ဂုဏ်ရှိတယ်။

[အာဟုနေယျော]

၆။ ဧည့်သည်ဖို့နော် ထားတာများကို၊
ခံယူစားအပ် ဂုဏ်ရှိတယ်။

[ပါဟုနေယျော]

၇။ နောင်အကျိုးကို မျှော်ကာပြုတဲ့၊
ကောင်းမှုခံထိုက် ဂုဏ်ရှိတယ်။

[ဒက္ခိဏေယျော]

၈။ လက်အုပ်ချီကာ ရှိခိုးအပ်ဖို့၊
ကျင့်ကြံတတ်တဲ့ ဂုဏ်ရှိတယ်။

[အဉ္ဇလိကရဏီယော]

၉။ ကောင်းမှုစိုက်ရာ မြေယာကောင်းလို့၊
နှိုင်းယှဉ်တူကြောင်း ဂုဏ်ရှိတယ်။

[အနုတ္တရံ ပုညက္ခေတ္တံ လောကဿ]

၉-ပါးဂုဏ်တော် အဲဒါပဲကွဲ့၊
အသည်းစွဲအောင် မှတ်ကြကွယ်၊
မှတ်ကွယ်....မှတ်ကွယ်။

## ဒါန

ကိုယ့်ပစ္စည်းကို ပေးစွန့်ကြတော့၊
ဒါနလို့ပဲ ခေါ်ရတယ်။

ကံအကျိုးကို ယုံကြည်ပြုမှ၊
အကျိုးပေးမှု ဖြစ်နိုင်တယ်။

လူနတ်ချမ်းသာ တိုက်ရိုက်ရလို့၊
နိဗ္ဗာန်ကျအောင် ထောက်ပံ့တယ်။

## သုံးပါး သရဏဂုံ

၁။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
၂။ ဓမ္မံ သရဏံ ဂစ္ဆာမိ။
၃။ သံဃံ သရဏံ ဂစ္ဆာမိ။

ဆည်းကပ်စရာ ရတနာများမှာ၊
သုံးမျိုး သုံးစား ဖြစ်ပါတယ်။

၁။ ဘုရားဂုဏ်တော် စိတ်မှာစွဲလို့၊
အစဉ်အမြဲ ဆည်းကပ်မယ်။

၂။ တရားဂုဏ်တော် စိတ်မှာစွဲလို့၊
အစဉ်အမြဲ ဆည်းကပ်မယ်။

၃။ သံဃာ့ဂုဏ်တော် စိတ်မှာစွဲလို့၊
အစဉ်အမြဲ ဆည်းကပ်မယ်။
ဤသုံးပါးကို ဆည်းကပ်မြဲတော့၊
နတ်ပြည်မလွဲ ရောက်နိုင်တယ်။

**ငါးပါးသီလ မြဲသင့်လှ**

ကိုယ်နဲ့နှုတ်ကို ထိန်းချုပ်ပြုတော့၊
သီလစောင့်မှု ခေါ်နိုင်တယ်။
သီလငါးဖြာ အကျင့်မြတ်ကို၊
မောင်မယ်မှတ်ဖို့ ဖော်ပြမယ်။

၁။ သူ့အသက်ကို သတ်ဖြတ်ခြင်းမှ၊
အမြဲကင်းအောင် ရှောင်ကြဉ်မယ်။

၂။ သူ့ဥစ္စာကို ခိုးယူခြင်းမှ၊
အမြဲကင်းအောင် ရှောင်ကြဉ်မယ်။

၃။ သူ့သားမယားကို ကျူးလွန်ခြင်းမှ၊
အမြဲကင်းအောင် ရှောင်ကြဉ်မယ်။

၄။ လိမ်ညာစကားကို ပြောဆိုခြင်းမှ၊
အမြဲကင်းအောင် ရှောင်ကြဉ်မယ်။

၅။ အရက်သေစာ သောက်စားခြင်းမှ၊
အမြဲကင်းအောင် ရှောင်ကြဉ်မယ်။
သီလငါးဖြာ အစဉ်မြဲတော့၊
အပါယ်ငရဲ ရောက်ဘူး....ရောက်ဘူးကွယ်။

## ဇနီးမောင်နှံပြန်ဆုံရန်

ဇနီးမောင်နှံ တူစုံနှဲလို့၊
ဘဝတိုင်းပဲ တွဲဖို့ကွယ်။
သမဇီဝိ သုတ်တရားကို၊
မြတ်ဘုရားက ဟောခဲ့တယ်။

၁။ သဒ္ဓါတူကာ
၂။ သီလမျှလို့
၃။ စွန့်ကြဲစာဂ ညီရတယ်၊
၄။ ဉာဏ်ပညာပါ တူညီကြမှ၊
ဖြစ်ရာဘဝ တွဲရမယ်။

မိဖဟောင်းတော် နကုလများက၊
လျှောက်ထားကြလို့ ဟောပြတယ်။
မှတ်ကွယ်....မှတ်ကွယ်။

## ကမ္မဋ္ဌာန်းနှစ်ဖြာ ကျင့်ဖွယ်ရာ

၁။ သမထ
စိတ်တည်ငြိမ်အောင် အားထုတ်မှုကို၊
သမထဟု ခေါ်ပါတယ်။
စျာန်ရအောင်ပင် သမထပွားတော့၊
ဗြဟ္မာများလဲ ဖြစ်ရမယ်။
အယုတ်ဆုံးနေ့် လူနတ်ဖြစ်လို့၊
အမှန်အစစ် ပွားသင့်တယ်။

၂။ ဝိပဿနာ

အာရုံသိတာ နာမ်ပါပဲကွဲ့၊
မသိတဲ့သဘော ရုပ်ခေါ်တယ်။
ဖြစ်ပျက်ရုပ်နာမ် သိအောင်မှတ်တော့၊
ဝိပဿနာ ဖြစ်ပါတယ်။
မဂ်ဖိုလ်ဆိုက်အောင် ရှုမှတ်ပွားတော့၊
နိဗ္ဗာန်မမှား ရောက်ရမယ်။
အယုတ်ဆုံးနော် လူနတ်ဖြစ်လို့၊
အမှန်အစစ် ပွားသင့်တယ်။
ကမ္မဋ္ဌာန်းဆိုင်ရာ ဤနှစ်ပါးကို၊
ကွဲကွဲပြားပြား မှတ်ကြကွယ်။
မှတ်ကွယ်....မှတ်ကွယ်။

✿

# သတိပြုရန်

မြတ်ဗုဒ္ဓ၏ မှန်မြတ်သော အဆုံးအမတရားတော်များကို မိမိတို့၏ သား၊သမီးငယ်၊မြေးငယ်လေးများအား ငယ်ရွယ်နုနယ်စဉ် အချိန်မှစ၍ သင်ကြား ပြသပေးခြင်းဖြင့် လူတော်လူကောင်းကလေးများ၊လူယဉ်ကျေးလေးများ ဖြစ်လာအောင် ပြုစု ပျိုးထောင်ကြလော့၊ မိဖဝတ္တရား ကျေပွန်ကြလော့။

"သားသမီးကို၊ မကြီးခင်က၊ မဆုံးမသော်၊ မိဖတလည်၊ ရန်သူမည်၏။"

[ရှင်မဟာရဋ္ဌသာရ]